SYNERGY
Publications



# ထင်ရှားသူတို့၏ ဘဝပုံပြင်

နိုင်းနိုင်းစနေ

စာအုပ်အမှတ် (၆၃)

စာအုပ်များ ရေစို ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအတိုင်း
ပေးလျော်ရမည်။

စာကြည့်တိုက်ကော်မတီ
ပညာတန်ဆောင်စာကြည့်တိုက်

Synergy Publications

အမှတ်(၂၃)၊ ပထမထပ်၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၂၅၄၀၀၆၀၄၉ ၀၉ - ၅၀၃၃၉၄၁

Synergy Publications
အမှတ် (၂၃)၊ (ပ) လွှာ၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၀၀၆၀၄၉၊ ၀၉-၅၀၃၃၉၄၁

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၁၃ နိုဝင်ဘာ) |
| မျက်နှာဖုံး | Design - Zay Yar Win Htet |
| ကွန်ပျူတာစာစီ | Synergy |
| ထုတ်ဝေသူ | Synergy Publications (00512)<br>အမှတ် (၂၃)၊ (ပ) လွှာ၊ ရေကျော်လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အဖုံး/အတွင်းပုံနှိပ် | ဒေါ်နွဲ့နွဲ့ရီ (မြ ၀၃၈၇၀)<br>ရွှေရောင်လင်းပုံနှိပ်တိုက်၊ အမှတ် (၄၂၃)၊<br>အောက်ပုဇွန်တောင်လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်။ |
| စာအုပ်ချုပ် | တင်ထူး |
| တန်ဖိုး | ၃၀၀၀ |

နိုင်းနိုင်းစနေ
ထင်ရှားသူတို့၏ဘဝပုံပြင် / နိုင်းနိုင်းစနေ။ - ရန်ကုန်၊
Synergy Publications 2013
၂၁၀ - စာ၊ ၁၂ စင်တီမီတာ၊ ၁၈.၃ စင်တီမီတာ။
(၁) ထင်ရှားသူတို့၏ဘဝပုံပြင်

# နိုင်းနိုင်းစနေ

# ထင်ရှားသူတို့၏ဘဝပုံပြင်

ရှေးယခင်ကနေ ယနေ့ထိတိုင် အောင်မြင်သူတော်တော်များများဟာ စိတ်အားဟာရ၊ စိတ်ခွန်အားပုံပြင်တွေကနေ အသိပညာ၊ ဉာဏ်အမြင်တွေ ရရှိပြီး သူတို့ရဲ့ အစွမ်းအစ၊ စွမ်းရည်တွေကို ပိုထုတ်ဖော်ခဲ့ကြတယ်။ ပိုထက်သန်စေခဲ့ကြတယ်။ ဒီစာအုပ်မှာ နယ်ပယ်အသီးသီးက အောင်မြင်မှုရခဲ့သူတွေ၊ လူတွေအပေါ် ဩဇာလွှမ်းမိုးခဲ့သူတွေ၊ လူတွေရဲ့ အကျိုးကို သက်ရောက်စေခဲ့သူတွေရဲ့ ဘဝအကြောင်းကို ပုံပြင်အဖြစ် ရေးဖွဲ့ထားပါတယ်။ သူတို့ ကြီးပြင်းရာတစ်လျှောက်မှာ တွေ့ကြုံဖြစ်ပျက်ခဲ့တဲ့ ပုံပြင်တွေကတစ်ဆင့် ကျွန်မတို့ ရှုန်းကန်လှုပ်ရှားနေရတဲ့ လူ့ဘဝခရီးလမ်းမှာ လိုအပ်တဲ့ အသိဉာဏ်၊ ခွန်အားအဖြစ် ပြောင်းလဲနိုင်ဖို့ မျှော်လင့်ပါတယ်။ ပုံပြင်တစ်ပုဒ်တိုင်းဟာ အောင်မြင်မှုတံခါးဆီသွားတဲ့ လမ်းခင်းကျောက်လေးတွေပါ။ ရှေ့ဆက်လှမ်းဖို့ ကျွန်မတို့အတွက် လမ်းခင်းပေးထားပါတယ်။

လေးစားစွာဖြင့်

နိုင်းနိုင်းစနေ

# မာတိကာ


၁။ သောမတ်စ်အယ်လ်ဗာအက်ဒီဆင် ၈
Thomas Alva Edison

၂။ ရိုက်ညီနောင် ၁၄
Wright Brothers

၃။ အေဘရာဟမ်လင်ကွန်း ၂၀
Abraham Lincoln

၄။ လူဝီပတ်စ်တာ ၂၆
Louis Pasteur

၅။ ဟမ်ဖရီဒေးဗီး ၃၀
Humphry Davy

၆။ ဟဲလင်အဒမ်ကဲလား ၃၈
Helen Adams Keller

၇။ ရိုနယ်ရီဂန် ၄၄
Ronald Reagan

၈။ ရောဘတ်မန်ဒဲလ် ၄၉
Robert Mundell

၉။ ဂျော့ချ်ဝါရှင်တန် ၅၃
George Washington

၁၀။ လုဒ်ဝစ်ဗန်ဘီသိုဗင် ၅၈
Ludwig Van Beethoven

၁၁။ အလက်ဇန္ဒားဒူးမက်စ် ၆၄
Alexandre Dumas

၁၂။ ကိုင်ဖူးလီ ၆၉
Kai-Fu Lee

၁၃။ စတီဖင်ဝီလီယံဟော့ကင် ၇၃
Stephen William Hawking

၁၄) အိုက်ဇက်နယူတန် ၈၀
Isaac Newton

၁၅) အဲလ်ဖရက်နိုဘယ် ၈၆
Alfred Nobel

၁၆) ဩဂုတ်စတီရိုဒင် ၉၀
Auguste Rodin

၁၇) ဟန်းစ်ခရစ်ယန်အန်ဒါဆင် ၉၄
Hans Christian Andersen

၁၈) အားနက်စ်ဟဲမင်းဝေး ၉၈
Ernest Hemingway

၁၉) ကိုကိုချာနယ် ၁၀၄
Coco Chanel

၂၀) မုဟာမက်အလီ ၁၀၉
Muhammad Ali

၂၀) ခရစ္စတိုဖာကိုလံဘတ်စ် ၁၀၄
Christopher Columbus

၂၂) ဟင်နရီဖော့ခ် ၁၀၈
Henry Fok

၂၃) အလက်ဇန္ဒားဖလဲမင်း ၁၂၃
Alexander Fleming

၂၄) ရစ်ချတ်ဂျိုရှုယာရေနိုး ၁၂၈
Richard Joshua Reynolds

၂၅) နီကိုလေးအော့(စ်)ထရော့(ဗ်)စကီး ၁၃၃
Nikolai Ostrovsky

၂၆) လီဗိုင်းစထရော့(စ်) ၁၃၈
Levi Strauss

၂၇) ကင်းစီဂျီလက်(တ်) ၁၄၃
King C. Gillette

၂၈) ကိုနိုဆုကဲမက်ဆုရှိတာ ၁၅၀
Konosuke Matsushita

၂၉) ပေါလ်ဗွီဂယ်(လ်)ဗင် ၁၅၆
Paul V. Galvin

၃၀) အာဆာဂရစ်(ဂ်)ကန်ဒလာ ၁၆၃
Asa Griggs Candler

၃၁) ချန်ဂျူယန် ၁၆၉
Chung Ju-yung

၃၂) ဝေါ်လ်တာအီလီယာဒစ္စနေ ၁၇၅
Walter Elias Disney

၃၃) အကီယိုမိုရီတာ ၁၈၀
Akio Morita

၃၄) ရန်ရန်ရှော ၁၈၆
Run Run Shaw

၃၅) ဂျိုးဇက်ပူလစ်ဇာ ၁၉၀
Joseph Pulitzer

၃၆) ဂျက်(ခ်)ဝဲ(လ်ချ်) ၁၉၇
Jack Welch

၃၇) ဆမ်ဝေါ်လ်တန် ၂၀၂
Sam Walton

၃၈) ယိုရှီဒါတာဒါအို ၂၀၇
Yoshida Tadao

၃၉) ရေမွန်ကရော့ ၂၁၂
Raymond Kroc

# ထင်ရှားသူတို့၏ ဘဝပုံပြင်

## အခန်း (၁)

လူတိုင်းလူတိုင်းမှာ ကိုယ်ပိုင်စိတ်ကူးအိပ်မက်တွေ၊ ခံယူချက်တွေ ရှိကြတယ်။ တချို့သူထက် ပိုထူးချွန်ထက်မြက်သူ၊ အဆိုတော်၊ အားကစားသမား၊ ဆရာဝန်၊ အင်ဂျင်နီယာတွေ ဖြစ်လိုကြတယ်။ ဒါဟာ အစကောင်းတစ်ခုပါ။ စိတ်ကူးရဲ့၊ ရည်မှန်းချက်ထားရဲသူတွေက တစ်ဝက်အောင်မြင်နေပြီးသူတွေပါ။ ရှေးလူကြီးတွေက ပြောတယ်၊ "ရင်ဘတ်ထဲမှာ စိတ်ကူးအိပ်မက်မရှိ၊ ရည်မှန်းချက်မရှိသူတွေက ရှင်လျက်နဲ့ သေနေကြတာ" တဲ့။ ရည်မှန်းချက်မရှိ၊ ဦးတည်ရာမဲ့နေရင် ရှေ့တိုးဖို့အင်အားလည်း ရှိမှာမဟုတ်ပါဘူး။ မရေရာတဲ့ လူ့ဘဝလမ်းမှာ ယောင်လည်လည်ဖြစ်နေမှာပဲ။ ဘဝက အဓိပ္ပာယ်မဲ့နေမှာပဲ။ စိတ်ကူးအိပ်မက်ရှိတယ်၊ ရည်မှန်းချက်ရှိတယ်ဆိုရင် အဲဒီရည်မှန်းချက် ဦးတည်ချက်အတွက် နေ့တိုင်း ကြိုးစားပြီး အကောင်အထည်ဖော်တယ်၊ ကြိုးစားပြီး သင်ယူတယ်၊ ဖြည်းဖြည်းချင်း အတွေ့အကြုံတွေကို အတိုးချပြီး ကိုယ့်ကိုယ်ကိုယ် ဖြည့်ဆည်းတယ်ဆိုရင် တစ်နေ့နေ့မှာ အောင်မြင်မှုအလင်းရောင်က သင့်ကိုယ်ပေါ်မှာ လင်းလက်တောက်ပမှာ ဖြစ်ပါတယ်။

# သောမတ်စ်အယ်လ်ဗာအက်ဒီဆင်

*Thomas Alva Edison*

*(February 11, 1847 – October 18, 1931)*

### *အောင်မြင်ခြင်းက စိတ်ကူးအိပ်မက်ကနေ စတင်တယ်*

အက်ဒီဆင် တီထွင်ဖန်တီးခဲ့တဲ့အရာတွေ သိပ်များလွန်းပါတယ်။ သူတီထွင်ခဲ့တဲ့ အရာတွေထဲမှာ လျှပ်စစ်မီး၊ တယ်လီဖုန်း၊ ရုပ်ရှင်၊ ဓာတ်စက်၊ မီးအားပေးစက်၊ ဘက်ထရီအိုး၊ လက်နှိပ်စက်၊ သံလိုက်ကျောက်ခွဲခြားစက်၊ ဗိအားတိုင်းကိရိယာ စတာတွေပါတယ်။ ပထမဆုံး ငွေစက္ကူရေတွက်စက်အဖြစ် သူတီထွင်ခဲ့တဲ့ ၁၈၆၉ ခုနှစ်ကနေ ၁၉၁၀ ပြည့်နှစ်ကာလအတွင်းမှာ သူတီထွင်ခဲ့တဲ့ ပစ္စည်းအမျိုးအရေအတွက်ပေါင်း ၂၀၀၀ ခန့် ရှိခဲ့ပြီး ပစ္စည်း ၁၃၂၈ ခု မှတ်ပုံတင်မူပိုင်ခွင့်ရခဲ့တယ်။ အဲဒီကာလအတောအတွင်းမှာပဲ ၁၀ရက်ကျော် တစ်ကြိမ် တီထွင်မှုသစ်တစ်ခု သူလုပ်ခဲ့တယ်။

### မွေးဖွားကြီးပြင်းပုံ

၁၈၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ မနက်ဝေလီဝေလင်းအချိန်တစ်ခုမှာ အမေရိကန်နိုင်ငံမြောက်ပိုင်းမှာရှိတဲ့ နာမည်ကြီးရေကန် (၅) ကန် အနက် Erie ရေကန်ဘေးမှာရှိတဲ့ အိုဟိုင်အို (Ohio) ပြည်နယ်၊ မီလန် (Milan) မြို့မှာ ကောင်လေးတစ်ယောက် မွေးဖွားခဲ့တယ်။ ကောင်လေးဟာ မွေးဖွားလာတာနဲ့ ဦးခေါင်းကြီးပြီး ခန္ဓာကိုယ် သေးငယ်နေခဲ့တယ်။ သားသမီးတွေ

ထဲမှာ ခုနစ်ယောက်မြောက်ဖြစ်တဲ့ ဒီသားလေး အသက်ရှင်ပါ့မလားလို့ သစ်အရောင်းအဝယ်လုပ်တဲ့ ဖခင်က စိုးရိမ်ခဲ့တယ်။ ဒီသားလေးက နောက်ပိုင်းမှာ လျှပ်စစ်မီးကို တီထွင်ခဲ့သူ သောမတ်စ်အက်ဒီဆင်ပဲ ဖြစ်ပါတယ်။

၁၉၃၁ ခုနှစ် ဩဂုတ်လမှာ အက်ဒီဆင်ဟာ စိတ်ရော ကိုယ်ပါ နွမ်းလျမောပန်းခဲ့တယ်။ ဆရာဝန်ရဲ့ဆေးစစ်ချက်မှာ သူ ရောဂါအပြင်းအထန် ရနေကြောင်း တွေ့ရှိခဲ့ပါတယ်။ အောက်တိုဘာလ ၁၈ ရက်နေ့ အသက်(၈၄)နှစ်မှာ အက်ဒီဆင် သေဆုံးသွားခဲ့ပါတယ်။ အောက်တိုဘာလ ၂၁ ရက်နေ့မှာ အမေရိကန်တစ်နိုင်ငံလုံး မီးငြိမ်းပြီး အက်ဒီဆင်အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် ပြုလုပ်ခဲ့တယ်။

အက်ဒီဆင်ဟာ အဲဒီခေတ်ကာလရဲ့ အမြင့်မြတ်ဆုံးသူလို့ လူတွေ ပြောခဲ့ကြတယ်။ သိပ္ပံပညာရှင် အိုင်းစတိုင်းကတောင် သူ့ကို "တီထွင်ဖန်ဆင်းရှင်တစ်ဦး"၊ "ထုတ်လုပ်တီထွင်နိုင်တဲ့ ပါရမီရှင်တစ်ဦး" လို့ တင်စားခဲ့တယ်။ သူ့ကို အမြင့်မြတ်ဆုံးသူစာရင်းထဲ ထည့်သွင်းချိန် အက်ဒီဆင်ဟာ မနေတတ် မထိုင်တတ် ဖြစ်ခဲ့တယ်။

သူ့ရဲ့ တီထွင်ဖန်ဆင်းမှုအကြောင်း ပြောတဲ့အခါ အက်ဒီဆင်က "ကျွန်တော့်ရဲ့ ဘဝဒဿနက အလုပ်အကိုင်ပါ။ သဘာဝရဲ့လျှို့ဝှက်ဆန်းကြယ်မှုတွေကို ကျွန်တော်ဖော်ထုတ်ပြီး လူသားတွေအတွက် ကောင်းကျိုးဖန်တီးမယ်။ ဒါဟာ တိုတောင်းတဲ့ ကျွန်တော်တို့ရဲ့ လူ့ဘဝကို ဖြတ်သန်းတဲ့ အကောင်းဆုံးနည်းပါပဲ" လို့ ပြောခဲ့တယ်။ ဒါဟာ အက်ဒီဆင်ရဲ့ အတွေးအခေါ် ဖြစ်သလို သူ့ကိုအောင်မြင်စေတဲ့ လှုံ့ဆော်အား၊ အရင်းအမြစ်လည်း ဖြစ်တယ်။

အက်ဒီဆင်ဟာ (၃)လသာ ကျောင်းနေခဲ့ဖူးသူပါ။ ဆရာမက သူ့ကို "လူနုံ၊ လူအ" လို့ ဆိုခဲ့တယ်။ သူ့ဆွေမျိုးသားချင်းကလည်း သူ့ကို ဒီလိုပဲ ခေါ်ခဲ့

တယ်။ ဒါပေမဲ့ သူ့မိခင်က အဲဒါကို မယုံခဲ့ဘူး။ သူကိုယ်တိုင် အက်ဒီဆင်ကို စာတွေ သင်ပေးခဲ့တယ်။ စာတွေဖတ်ဖို့ လမ်းညွှန်ခဲ့တယ်။ အက်ဒီဆင်ဟာ အသက် (၁၂) နှစ်မတိုင်ခင် ဖတ်ရခက်တဲ့ စာအုပ်တော်တော်များများကို ဖတ်ပြီး နေခဲ့ပြီဖြစ်တယ်။ သူ့ဖခင်က သူကိုယ်တိုင် အက်ဒီဆင်ကို နယူတန်နိယာမတွေ သင်ပေးခဲ့တယ်။ မိသားစုရဲ့သင်ကြားရေးနဲ့ သက်ရောက်မှုကြောင့် အက်ဒီဆင်ဟာ ငယ်စဉ်ကတည်းက ဝီရိယရှိတဲ့စိတ်ဓာတ်နဲ့ စိတ်ကူးအိပ်မက်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်တဲ့ စိတ်ဓာတ်မျိုး မွေးမြူနိုင်ခဲ့တယ်။

သိပ္ပံပညာကို အက်ဒီဆင် အရမ်းနှစ်သက်ခဲ့တယ်။ သူဟာ ငယ်စဉ်ကတည်းက သူတို့အိမ်ရဲ့ မြေအောက်ထပ်မှာ လက်တွေ့စမ်းသပ်ရာမှာ အသုံးပြုတဲ့ ဖန်ပုလင်းတွေကို အစုရာကျော်စုဆောင်းခဲ့ပြီး လက်တွေ့စမ်းသပ်ခန်း အသေးစားတစ်ခု လုပ်ခဲ့တယ်။ ချွေတာစုဆောင်းထားတဲ့ ငွေကြေးတွေကို ဓာတုပစ္စည်း၊ ဓာတုကိရိယာတွေ သူ ဝယ်ယူခဲ့တယ်။ ဒါပေမဲ့ ဒီငွေကြေးတွေက သူ့စမ်းသပ်မှုအတွက် မလုံလောက်မှန်း သိတဲ့အခါ အက်ဒီဆင်ဟာ မီးရထားပေါ်မှာ သတင်းစာ လိုက်ရောင်းခဲ့တယ်။ သူဟာ မနက်ကနေ ညအချိန်အထိ ရထားပေါ်မှာ သတင်းစာ လိုက်ရောင်းခဲ့တယ်။ ညဥ့်နက်သန်းခေါင်အထိ စမ်းသပ်မှုတွေ ပြုလုပ်ခဲ့တယ်။

အဲဒီနောက် သူဟာ ရထားပေါ်မှာ လူတွေအသုံးမပြုတဲ့ ဆေးလိပ်သောက်ခန်းတစ်ခန်းရှိတာကို သတိထားခဲ့မိလို့ အိမ်က သူ့စမ်းသပ်ကိရိယာတွေကို ရထားပေါ်အထိ သယ်ဆောင်လာပြီး စမ်းသပ်မှုတွေ ပြုလုပ်ခဲ့တယ်။ အဲဒီအခန်းမှာထားထားတဲ့ ပုံနှိပ်စက်ကို သူ အသုံးပြုတတ်ခဲ့သလို ကြေးနန်းနံပါတ်တွေနဲ့ အဲဒီဒေသက သတင်းအချက်အလက်တွေကိုပါ မှတ်သားနိုင်ခဲ့ပြီး သတင်းစာစောင်အဖြစ် ထုတ်ဝေနိုင်ခဲ့တယ်။ အဲဒီသတင်းစာကို လူ

အများကြိုက်နစ်သက်ခဲ့ကြတယ်။ အဲဒီအချိန်မှာ အက်ဒီဆင်က (၁၂) နှစ်သား အရွယ်ပဲ ရှိခဲ့သေးတယ်။

တစ်နေ့မှာ ရထားလူးလို့ ခရီးဆောင်အိတ်တွေ ပြုတ်ကျလာပြီး သူစမ်းသပ်ရာမှာ အသုံးပြုတဲ့ ဖော့စ်ဖောရပ်ထည့်ထားတဲ့ ဖန်ပြွန်ကို တိုက်မိသွားခဲ့တယ်။ ဖော့စ်ဖောရပ်တွေ ကြမ်းပြင်ပေါ်ကျပြီး မီးထလောင်ခဲ့တော့တယ်။ မီးကို အချိန်မီ ငြိမ်းသတ်နိုင်ခဲ့ပေမယ့် ရထားတာဝန်ခံအရာရှိရဲ့လက်ဝါးစောင်းဒဏ်ကို သူ ခံခဲ့ရတယ်။ အဲဒီရိုက်ချက်နဲ့ပဲ သူ နားကန်းခဲ့ရတယ်။ ရထားပေါ်မှာရှိတဲ့ သူ့စမ်းသပ်ကိရိယာတွေလည်း လွှင့်ပစ်ခံခဲ့ရတယ်။

အခက်အခဲနဲ့ ပြဿနာတွေက အက်ဒီဆင်ရဲ့စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်မယ်ဆိုတဲ့စိတ်နဲ့ သိပ္ပံစမ်းသပ်မှုတွေ ပြုလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို အလဲမထိုးနိုင်ခဲ့ပါဘူး။ အက်ဒီဆင်ဟာ ကိုယ့်ရဲ့နေအိမ်မှာပဲ စမ်းသပ်ခန်းတစ်ခု ပြုလုပ်ခဲ့တယ်။ စမ်းသပ်ချိန်အတောအတွင်းမှာ ဓာတ်လိုက်တာ၊ အဝတ်အစား မီးလောင်ခံရတာတွေကို သူ အမြဲကြုံတွေ့ခဲ့ရတယ်။ တစ်ကြိမ်မှာ သူ့မျက်နှာတစ်ခုလုံးနိုက်ထရိတ်ဓာတ်ဆားအလောင်ခံခဲ့ရပေမယ့် သူ နည်းနည်းမှ စိတ်ဓာတ်မကျခဲ့ဘူး။

အက်ဒီဆင်ရဲ့ကြိုးစားခဲ့သမျှအရာတွေက နောက်ပိုင်းမှာ သူပြုလုပ်တဲ့တီထွင်ဖန်တီးမှုအပေါ် များစွာအထောက်အကူဖြစ်စေခဲ့ပါတယ်။ တခြားတီထွင်သူတွေလိုပါပဲ။ အက်ဒီဆင်လျှောက်ခဲ့တဲ့လမ်းက မညီညာ၊ မဖြောင့်ဖြူးခဲ့ပါဘူး။ ညပိုင်းအလုပ်တွေ သူလုပ်ခဲ့သလို စာအုပ်ဆိုင်နဲ့ စာကြည့်တိုက်တွေမှာ သူ့အချိန်တွေ ကုန်ဆုံးခဲ့ရတယ်။ အကြိမ်ကြိမ် အလုပ်လက်မဲ့ဖြစ်ခဲ့ရလို့ နောက်ဆုံးမှာတော့ နယူးယောက်မြို့မှာရှိတဲ့ သူငယ်ချင်းဆီ ချဉ်းကပ်ခဲ့ရတယ်။

အက်ဒီဆင်ဟာ နယူးယောက်မြို့ကို ခက်ခက်ခဲခဲရောက်လာခဲ့တယ်။ အဲဒီအချိန်က သူ့ဆီမှာ ပိုက်ဆံတစ်ပြားမှတောင် မရှိတော့ပါဘူး။ ဆာလောင်ငတ်မွတ်နေတဲ့ အက်ဒီဆင်ဟာ အဝတ်အစားစုတ်ပြတ်ပြတ်နဲ့ ကိုယ်ရောင်တွေ မှိန်နေခဲ့လို့ လူတွေရှောင်ဖယ်တာကို ခံခဲ့ရတယ်။ နောက်တော့ အလုပ်ရုံတစ်ခုမှာ သူ ခိုကပ်နေခွင့်ရခဲ့တယ်။ သူနေတဲ့အလုပ်ရုံမှာ စကားပြောစက်တစ်လုံး ပျက်ခဲ့လို့ သူ ပြင်ပေးခဲ့တယ်။ သူ့ရဲ့အလုပ်အပေါ် အာရုံစိုက်မှု၊ အသေးစိတ်မှုတွေကြောင့် စက်ရုံမှာ အလုပ်ရခဲ့တယ်။ သိပ်မကြာပါဘူး။ ဒီလို စကားပြောစက် စက်ရုံအသေးစားတစ်ခုကို သူကိုယ်တိုင် တည်ထောင်ပြီး သိပ္ပံပညာ စမ်းသပ်မှု လမ်းကြောင်းပေါ်ကို တစ်လှမ်းချင်းတက်လှမ်းခဲ့တော့တယ်။

၁၉၂၄ ခုနှစ် မေလမှာ အမေရိကန်ရဲ့ အမြင့်မြတ်ဆုံးသူကို မဲပေးပြီး ရွေးချယ်ခဲ့ကြတယ်။ အဲဒီမှာ အက်ဒီဆင်ဟာ မဲအများဆုံးသူအဖြစ် ရွေးချယ်ခံခဲ့ရပြီး တိုင်းပြည်ရဲ့ အမြင့်ဆုံးဆုဖြစ်တဲ့ ကွန်ဂရက်လွှတ်တော်ရွှေတံဆိပ်ဆုကို ချီးမြှင့်ခံခဲ့ရတယ်။ အဲဒီအချိန်မှာ အက်ဒီဆင်ဟာ အသက် (၇၇) နှစ်ရှိပြီဆိုပေမယ့် အလုပ်လုပ်နေဆဲဖြစ်တယ်၊ သူဟာ ပင်စင်ယူဖို့လည်း စိတ်မကူးခဲ့ပါဘူး။ သူ့ရဲ့ခံယူချက်က "လူတွေ ဘာလိုအပ်သလဲ ငါစုံစမ်းတယ်။ ပြီးရင် လူတွေလိုအပ်တဲ့အရာကို ကြိုးစားပြီး ငါတီထွင်တယ်" ဆိုတာဖြစ်တယ်။

အောင်မြင်ခြင်းက စိတ်ကူးအိပ်မက်တစ်ခုကနေ စတင်တယ်။ အဲဒီ စိတ်ကူးအိပ်မက်ဖြစ်မြောက်အောင် အကောင်အထည်ဖော်နိုင်ဖို့ ပထဦးဆုံး သင် ဘာလိုချင်သလဲဆိုတာကို သိရတယ်။ ရည်မှန်းချက်ပန်းတိုင်ကို စိတ်ထဲမှာ တေးမှတ်ပြီး စိတ်မျက်စိနဲ့ သင်လိုချင်တဲ့အရာကို ရုပ်လုံးဖော်ရတယ်၊ သင့်စိတ်ထဲမှာ လိုချင်တဲ့အရာ ရုပ်လုံးပေါ်ပြီဆိုရင် သင့်စိတ်ကူးအိပ်မက်ကို ဖြစ်မြောက်အောင် အာရုံစိုက်ပြီး စတင်အကောင်အထည်ဖော်နိုင်ပါပြီ။

အောင်မြင်ချင်ရင် တခြားသူထက် ပိုပေးဆပ်ရပါတယ်။ အောင်မြင်တဲ့ ပန်းပွင့်ကို ချွေးစက်နဲ့ သွန်းလောင်းရပါတယ်။ အောင်မြင်သူတိုင်းဟာ ငယ်ရွယ်စဉ်ကနေ အိုမင်းချိန်အထိ ပိုးချည်ကောင်တွေလို ဝီရိယရှိရှိ အလုပ်လုပ်ကြတယ်။ အကန့်အသတ်ရှိတဲ့ အသက်အရွယ်ကို အကန့်အသတ်မဲ့ ဆွဲဆန့်ခဲ့ကြတယ်။

လောကကြီးမှာ အပင်ပန်းမခံဘဲ ရတဲ့အရာဆိုတာ မရှိပါဘူး။ တစ်ခုကို ပေးဆပ်မှ တစ်ခုကို ပြန်ရတာချည်းပါပဲ။ သင့်စိတ်ထဲမှာ စိတ်ကူးအိပ်မက်ရှိရင် အဲဒီအိပ်မက်ကို နှိုးထလိုက်ပါ။ မိမိကိုယ်ကိုယုံကြည်စိတ်နဲ့ ရည်ရွယ်ချက်ပြီးမြောက်အောင် အကောင်အထည်ဖော်ပါ။ ဘယ်လိုအခက်အခဲ၊ ဘယ်လိုပြဿနာကမှ သင့်စိတ်ကူးအိပ်မက်ကို မယိုင်လဲပါစေနဲ့။ လူတွေစိတ်ကူးတဲ့အရာ၊ လူတွေယုံကြည်တဲ့အရာတွေက မဖြစ်မနေ အကောင်အထည်ဖော်နိုင်ကြပါတယ်။

* * *

# ရိုက်ညီနောင်
*Wright Brothers*
*Wilbur Wright (April 16, 1867 – May 30, 1912)*
*Orville Wright (August 19, 1871 – January 30, 1948)*

## *ရည်မှန်းချက်ပန်းတိုင်က အောင်မြင်ခြင်းဆီသွားတဲ့လှေကားအဖြစ်တယ်*

၁၉၀၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့က အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ် ကစ်တီဟော့ (Kitty Hawk) မြို့ရဲ့ကောင်းကင်မှာ ကမ္ဘာ့ပထမဦးဆုံး လူစီးစွမ်းအင် လေယာဉ်တစ်စင်း ပျံသန်းနိုင်ခဲ့တယ်၊ အဲဒီလေယာဉ်ကို Flyer I လို့အမည်ပေးခဲ့တယ်။ လေယာဉ်ကို တီထွင်ခဲ့သူက အမေရိကန်နိုင်ငံသား ဝီလ်ဘာရိုက် (Wilbur Wright) (April 16, 1867 – May 30, 1912) နဲ့ အိုဗီလ်ရိုက် (Orville Wright) (August 19, 1871 – January 30, 1948) ညီအစ်ကိုဖြစ်တယ်။ Wright ညီအစ်ကို တီထွင်ခဲ့တဲ့ ပထမဆုံး စွမ်းအင်သုံးလေယာဉ်ဟာ လူသားတို့ရဲ့ ပျံသန်းခေတ်ကို ကန့်လန့်ကာဆွဲဖွင့်ပေးခဲ့တာပဲ ဖြစ်တယ်။

### မွေးဖွားကြီးပြင်းပုံ

ငှက်တစ်ကောင်လို ပျံသန်းချင်ခဲ့ကြတာဟာ ရှေးနှစ်ပေါင်းများစွာကတည်းက လူသားတို့ရဲ့ စိတ်ကူးအိပ်မက် ဖြစ်ခဲ့တယ်။ ဒီလိုစိတ်ကူးကို အကောင်အထည်ဖော်ဖို့ လူတွေ အမျိုးမျိုးကြိုးစားခဲ့ကြတယ်။ ဖွဲ၊ လှံ၊ လ၊ ဝီရိယတွေ စိုက်ထုတ်ခဲ့တယ်။ တချို့က အသက်ကိုတောင် စတေးခဲ့ကြတယ်။

၁၈၇၇ ခုနှစ် ဆောင်းရာသီမှာ အမေရိကန် Dayton မြို့တစ်ခုလုံး နှင်းတွေဖုံးလွှမ်းခဲ့တယ်။ မြို့ပြင်က တောင်ကုန်း၊ တောင်တန်းတွေပေါ်မှာ နှင်းတွေ ဖွေးဖွေးလှုပ်ခဲ့တယ်၊ ကလေးငယ်တစ်သိုက်က နှင်းထုထူ ဖုံးထားတဲ့ တောင်ကုန်းထက်ပေါ် ရောက်လာကြပြီး ကိုယ်တိုင်ထွင်ထားတဲ့ လျှောလှော တွေနဲ့ တောင်ကုန်းထိပ်ကနေ လျှောဆင်းခဲ့ကြတယ်၊ ပျော်ရွှင်ရယ်မောသံ တွေ တောင်ကုန်း၊ တောင်တန်း အထပ်ထပ်ဆီ ပဲ့တင်ထပ်ခဲ့တယ်။

ပျော်ရွှင်စွာ ဆော့ကစားနေတဲ့ ကလေးတစ်သိုက်ရဲ့ အနီးအနားမှာ ကောင်လေးနှစ်ယောက် တိတ်တဆိတ် ရပ်ကြည့်နေခဲ့ကြတယ်၊ ကလေးထဲ က အကြီးတစ်ယောက်က "အင်း ... ငါတို့မှာလည်း လျှောတစ်ခုလောက်ရှိရင် အရမ်းကောင်းမှာပဲ"လို့ဆိုတော့ နောက်တစ်ယောက်က "ငါတို့အဖေ အိမ်မှာ အမြဲမရှိတတ်တာက ခက်တယ်"လို့ နှုတ်ခမ်းစူပြီး ပြန်ပြောတယ်၊ တစ်ဆက် တည်းမှာပဲ သူက "အစ်ကို ငါတို့ကိုယ်တိုင် လျှောတစ်ခုလုပ်ကြရအောင်လေ" လို့ဆိုတော့ အစ်ကိုလို့ အခေါ်ခံရသူက ဝမ်းသာအားရစွာနဲ့ "ဟုတ်သားပဲ၊ ငါတို့ကိုယ်တိုင် လုပ်လို့ရတယ်၊ လာ ... အိုဗီလ် ငါတို့ပြန်ရအောင်" ပြောပြော ဆိုဆို ကလေးနှစ်ယောက်ဟာ တောင်အောက်ဘက်က နေအိမ်ရှိရာဘက်ကို ဦးတည်ပြေးသွားခဲ့တယ်။

သူတို့နှစ်ယောက်က ရိုက်ညီအစ်ကိုပါ။ အကြီးတစ်ယောက်က ဝီလ်ဗာဖြစ်ပြီး အငယ်တစ်ယောက်က အိုဗီလ်ဖြစ်ပါတယ်၊ အဲဒီအချိန်ကစပြီး သူတို့ရဲ့ငယ်ရွယ်တဲ့ စိတ်ဝိညာဉ်ထဲမှာ နောင်တစ်ချိန်မှာ အမြင့်ကိုပျံသန်း နိုင်မယ့်အရာတစ်ခု တီထွင်မယ်ဆိုတဲ့စိတ်ကူး ကိန်းအောင်းနေခဲ့တယ်၊ အဲဒီ စိတ်ကူးဟာ သူတို့ဘဝနောက် ထက်ကြပ်မခွာ လိုက်နေခဲ့တော့တယ်၊

၁၉၀၀ ပြည့်နှစ် နိုဝင်ဘာလမှာ ရိုက်ညီအစ်ကိုဟာ သူတို့ရဲ့ပထမဆုံးသော စက်မဲ့လေယာဉ်ကို တီထွင်ခဲ့တယ်။ အဲဒီစက်မဲ့လေယာဉ်ဟာ ပျံသန်းနိုင်ပေမယ့် ၁ မီတာအမြင့်ကို မရောက်နိုင်ခဲ့ဘူး။ ဒုတိယနှစ်မှာ သူတို့ညီအစ်ကိုနှစ်ယောက်ဟာ ပထမ တီထွင်ခဲ့တဲ့ လေယာဉ်ကို အခြေခံပြီး ပိုကောင်းတဲ့ ပြင်ဆင်မှုတွေလုပ်ပြီး နောက်စက်မဲ့လေယာဉ်တစ်စင်းကို တီထွင်ခဲ့ပြန်တယ်။ အဲဒီလေယာဉ်ကို စမ်းသပ်ပျံသန်းကြည့်တော့ အမြင့်မီတာ ၁၈၀ အထိ ပျံသန်းနိုင်တာကိုတွေ့ခဲ့တယ်။ ဒီအတွက် ညီအစ်ကိုနှစ်ဦး အလွန်ဝမ်းသာမိပေမယ့် စိတ်ကျေနပ်မှု မရှိခဲ့သေးဘူး။ တကယ်လို့ လေအားမသုံးဘဲ ပျံသန်းနိုင်တဲ့ စက်တစ်မျိုး တီထွင်နိုင်ရင် အလွန်ကောင်းမှာပဲလို့ သူတို့ စဉ်းစားခဲ့ကြတယ်။

အကြိမ်ကြိမ်တိုးတက်ပြုပြင်ပြီး နောက်တစ်နှစ်မှာ စက်မဲ့လေယာဉ်တစ်စင်းကို သူတို့ တီထွင်လိုက်ကြပြန်တယ်။ အကြိမ်ကြိမ် စမ်းသပ်ကြည့်ပြီးနောက်ဆုံးမှာ အင်ဂျင်စက်တစ်လုံးကို အဲဒီစက်မဲ့လေယာဉ်မှာ သူတို့ တပ်ဆင်လိုက်ကြတယ်။ လေယာဉ်ကို ပန်ကာတပ်ပေးလိုက်တာဖြစ်ပြီး ပန်ကာအကူနဲ့လေယာဉ်ကို ပျံသန်းဖို့ဖြစ်တယ်။

၁၉၀၃ ခုနှစ် စက်တင်ဘာလမှာ ရိုက်ညီအစ်ကိုတီထွင်တဲ့ စက်တပ်လေယာဉ်တစ်စင်းဟာ စမ်းသပ်ပျံသန်းဖို့ Kitty Hawk ပင်လယ်ဘေး ရောက်လာခဲ့ကြတယ်။ စမ်းသပ်ပျံသန်းရာမှာ မအောင်မြင်ခဲ့ပေမယ့် အတွေ့အကြုံတော်တော်များများကို သူတို့ရခဲ့ပါတယ်။ ရက်အတန်ကြာမှာ သူတို့အကြိမ်ကြိမ်စမ်းသပ်ပျံသန်းခဲ့ပါသေးတယ်။ အင်ဂျင်ချွတ်ယွင်းလိုက်၊ ပန်ကာ မလည်လိုက်၊ မောင်းနှင်တဲ့နည်းပညာ မမှန်လိုက်ဖြစ်ခဲ့တယ်။

ဒါပေမဲ့ သူတို့ ဖွဲ့မလျော့ခဲ့ကြဘဲ စမ်းသပ်ပျံသန်းမှုတွေ အကြိမ်ကြိမ် ပြုလုပ်ခဲ့တယ်။ ဒီအချိန်မှာ လန်လီ (Lain-Le) လို့ခေါ်တဲ့ တီထွင်သူ

တစ်ဦးက လေယာဉ်စမ်းသပ် ပျံသန်းစဉ်မှာ ပင်လယ်ထဲ ပျက်ကျခဲ့တဲ့သတင်းကို သူတို့ညီအစ်ကို ရလိုက်တယ်။ သတင်းကို သူတို့စုံစမ်းရင်း လန်လီရဲ့ဆုံးရှုံးခြင်းထဲကနေ သူတို့ သင်ခန်းစာယူခဲ့ကြတယ်။ သူတို့ တီထွင်တဲ့လေယာဉ်ကို ပိုကောင်းအောင် ကြိုးစားပြင်ဆင်ခဲ့ကြတယ်။

၁၉၀၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့မှာ ကောင်းကင်ဟာ ကြည်လင်မြ ကြည်လင်နေခဲ့တယ်။ လေယာဉ်စမ်းသပ် ပျံသန်းတဲ့ ကွင်းဘေးမှာလာရောက်ကြည့်ရှုသူတွေ ပြည့်နက်နေခဲ့တယ်။ ကြည့်ရှုသူအများက ရိုက်ညီအစ်ကိုတို့ရဲ့စမ်းသပ်ပျံသန်းမှုကို စိတ်ဝင်တစားရှိခဲ့ကြတယ်။ မနက် ၁၀ နာရီဝန်းကျင်လောက်မှာ ညီဖြစ်သူ အိုဗီလ် (Orville) က လေယာဉ်ကို စမ်းသပ်မောင်းနှင်ခဲ့တယ်။ လက်ခုပ်သြဘာသံတွေကြားမှာ သူမောင်းတဲ့ လေယာဉ်ဟာ သိန်းငှက်တစ်ကောင်လို အတောင်နှစ်ဖက်ကို စွင့်ကားပြီး ကောင်းကင်ပေါ် လွတ်လွတ်လပ်လပ် ဝဲပျံနေခဲ့တယ်။ ကြည့်ရှုသူတွေက အိုဗီလ်ရဲ့နာမည်ကို ဟစ်အော်ပြီး အားပေးခဲ့ကြတယ်။ လူအများရဲ့စိတ်ကူးအိပ်မက်တွေကို နောက်ဆုံးမှာ ရိုက်ညီနောင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ လေယာဉ်ဟာ ၇၆ မီတာ အမြင့်ကနေ ၁ နာရီ ၁၄ မိနစ်ကြာအောင် ပျံသန်းနိုင်ခဲ့တဲ့အပြင် သတ္တိရှိတဲ့ ခရီးသည်တစ်ဦးကိုပါ တင်ဆောင်ပျံသန်းခဲ့တယ်။ မြေပြင်ပေါ်အောင်မြင်စွာ ခြေချချိန် လူအများရဲ့ကောင်းချီးသြဘာသံကို သူတို့ ရခဲ့ကြတယ်။

၁၉၀၈ ခုနှစ်မှာ အစိုးရရဲ့ထောက်ပံ့ကူညီမှုနဲ့ ရိုက်ညီနောင်ဟာ လေကြောင်းကုမ္ပဏီတစ်ခု ထူထောင်ခဲ့တယ်။ တစ်ပြိုင်နက်တည်းမှာပဲ လေယာဉ်အမောင်းသင်တန်းကိုပါ ဖွင့်လှစ်ခဲ့တယ်။ အဲဒီနောက်ပိုင်း လေယာဉ်

ဟာ လူသားတို့ နောက်ထပ် ဆန်းသစ်တီထွင်လိုက်တဲ့ သယ်ယူပို့ဆောင်ရေး ယာဥ်တစ်မျိုးဖြစ်ခဲ့တယ်။

ရည်မှန်းချက်ဆိုတာ လင်းလက်နေတဲ့ မီးအိမ်တစ်လုံးပါ။ သင့်ဘဝကို အလင်းရောင်ပေးပါတယ်။

ရည်မှန်းချက်ဆိုတာ ဆိုင်းဘုတ်တစ်ခုပါ။ လမ်းပျောက်တဲ့အခါ သင့်ကို ဦးတည်ရာညွှန်းပါတယ်။

ရည်မှန်းချက်ဆိုတာ သံလိုက်အိမ်မြှောင်တစ်လုံးပါ။ သင့်ဘဝလမ်းခရီးကို လမ်းညွှန်ပြသပေးပါတယ်။

ရည်မှန်းချက်ဆိုတာ မီးတုတ်တစ်ခုပါ။ စိတ်ကူး အိပ်မက်တွေကောင်းကင်အမြင့်ပေါ် ပျံသန်းနိုင်ဖို့ လူတိုင်းရဲ့ ဖြစ်နိုင်၊ လုပ်နိုင်စွမ်းကို လောင်ကျွမ်းစေပေးပါတယ်။

ပြင်သစ်စာရေးဆရာ ရိုမိန်းရိုလန် (Romain Rolland) က "လူ့ဘဝမှာ ကြောက်စရာအကောင်းဆုံးရန်သူဆိုတာ ကြည်လင်ပြတ်သားတဲ့ ရည်မှန်းချက်မရှိခြင်းဘဲ" လို့ ဆိုခဲ့ပါတယ်။

လူတစ်ယောက်အတွက် ရည်မှန်းချက်ကြီးတစ်ခု အရင်ဖာည်ထားလို့ ရပါတယ်။ ပြီးမှ အဲဒီရည်မှန်းချက်ကြီးကို ရည်မှန်းချက်လေးတွေအဖြစ် ခွဲလိုက်ပြီးတော့ လတ်တလောရှိနေတဲ့ ရည်မှန်းချက်ကို အရင်ဆုံး ကြိုးစားအကောင်အထည်ဖော်နိုင်ပါတယ်။ ဒီလိုရည်မှန်းချက်လေးတွေက အချိန်တိုတိုအတွင်းမှာပြီးမြောက်အကောင်အထည်ပေါ်အောင်မြင်နိုင်တာမို့တိုးတက်ဖြစ်ထွန်းမှုကို သင် ချက်ချင်းတွေ့မြင်ခံစားနိုင်ပါတယ်။ ရည်မှန်းချက်လေးတွေကို တစ်ခုချင်းစီ အောင်မြင်အောင် ပြုလုပ်ပြီးရင် နဂိုက ထားခဲ့တဲ့ ရည်မှန်းချက်ကြီးဆီရောက်ဖို့ မခဲယဥ်းတော့ပါဘူး။

လူ့ဘဝဟာ တောင်တက်နေတာနဲ့တူပါတယ်။ တောင်တက်ချိန်မှာ တောင်ထိပ်ကို အရောက်တက်မယ်ဆိုတဲ့ ပြင်းပြတဲ့ဆန္ဒတစ်ခု သင့်ဆီမှာ အရင်ရှိရပါတယ်။ တကယ်လို့ တောင်ခါးပန်းအထိလောက်ပဲ သင် ကျေနပ်နေရင် တောင်ထိပ်ဆီ သင် ဘယ်တော့မှ ရောက်နိုင်မှာမဟုတ်ပါဘူး။ တောင်ထိပ်ကိုပဲ ငေးမောကြည့်မယ်၊ ဒါမှမဟုတ် တောင်ထိပ်ကိုရောက်သွားပြီလို့ စိတ်ကူးယဥ်နေရင်လည်း တောင်ထိပ်ဆီ သင် ဘယ်တော့မှ ရောက်နိုင်မှာ မဟုတ်ပါဘူး။ အင်နဲ့အားနဲ့ ကြိုးစားတက်မှသာ တောင်ထိပ်ဆီ သင် ရောက်နိုင်မှာပါ။ တောင်ထိပ်ကိုပဲကြည့်ပြီး မရေမရာနဲ့ တက်နေရင်လည်း တောင်ထိပ်ဆီ သင် မရောက်နိုင်ပါဘူး။ တောင်ထိပ်က သင့်ရဲ့ပန်းတိုင်ပါ။ တောင်ထိပ်ဟာ တစ်ခါတလေ ကြည်လင်ပြတ်သားနေမယ်၊ တစ်ခါတလေမှာ မြူနှိုးမြူဆိုင်တွေနဲ့ မှုန်ဝါးချင် မှုန်ဝါးနေမယ်။ ကြည်လင်နေစေ၊ မှုန်ဝါးနေပါစေ တောင်ထိပ်အထိ တက်မယ်ဆိုတဲ့ ဖွဲ့ကို သင် မလျှော့ခဲ့ရင် နောက်ဆုံးမှာ တောင်ထိပ်ဆီ သင် ကေန်မလွဲ ရောက်နိုင်ပါတယ်။

"အောင်မြင်သူတို့ရဲ့လမ်းမှာ စီးကျနေတာတွေဟာ ချွေးမဟုတ်ဘူး။ သွေးတွေ၊ သူတို့ရဲ့နှာမည်ကို မင်နဲ့ရေးတာမဟုတ်ဘူး။ အသက်နဲ့ရေးတာ" တဲ့။ ဟုတ်ပါတယ် . . . အောင်မြင်သူတို့ဟာ ခယောင်းတောလမ်း အသွယ်သွယ်ကို ကျော်ဖြတ်ပြီးမှ တောက်ပတဲ့ အထွတ်အထိပ်ကို ရောက်တာပါ။ လူတွေက သူတို့ရဲ့အောင်မြင်တောက်ပြောင်မှုကိုသာ မြင်ပြီး သူတို့ ဖြတ်သန်းခဲ့တဲ့ ခယောင်းလမ်းကို မမြင်တတ်ခဲ့ကြပါဘူး။

လူတို့ရဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်အောက်မှာ ကံကြမ္မာတွေ အညံ့ခံကြရတယ်။ သင့်မှာ ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်ရှိပြီး ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိပြီဆိုရင် အဘက်ဘက်ကနေ အင်အားတွေ၊ ခွန်အား

တွေက ရှန်းထလာပြီး အကောင်အထည်ဖြစ်မြောက်တဲ့လမ်းဆီ သင့်ကို တွန်းပို့တော့တယ်။ ဘယ်လောက်ပဲ ဆိုးရွားတဲ့ပတ်ဝန်းကျင်မှာ သင် ရောက်နေရောက်နေ သင့်ကို အလဲမဖြိုနိုင်တော့ပါဘူး။ ရည်မှန်းချက်ချပြီးတော့ အဲဒီရည်မှန်းချက်အတွက် ကြိုးစားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်၊ စိန်ခေါ်မှုက သင့်ကို အောင်မြင်တဲ့လမ်းဆီ တစ်လှမ်းချင်း တွန်းပို့ပေးနေခဲ့ပါပြီ။

* * *

# အေဘရာဟမ်လင်ကွန်း

*Abraham Lincoln*

*(February 12, 1809 – April 15, 1865)*

## *စိတ်ကူးအိပ်မက်ကို မဆုတ်မနစ် ဖွဲ့ရှိရှိ အကောင်အထည် ဖော်မယ်*

အေဘရာဟမ်လင်ကွန်း (Abraham Lincoln) က အမေရိကန်နိုင်ငံရဲ့ ၁၆ ဦးမြောက်သမ္မတဖြစ်သလို ကမ္ဘာ့သမိုင်းမှာလည်း အကြီးကျယ် အမြင့်မြတ်ဆုံးသော သူတွေထဲက တစ်ဦးဖြစ်ခဲ့တယ်။ သူဟာ ကျွန်စနစ်ကို ဖျက်သိမ်းခဲ့တဲ့ အမေရိကန်သမိုင်းမှာ အမြင့်မြတ်ဆုံး သမ္မတဖြစ်တယ်။

## မွေးဖွားကြီးပြင်းပုံ

၁၈၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ လင်ကွန်းကို Kentucky ပြည်နယ်မှာ မွေးဖွားခဲ့တယ်။ သူ့ရဲ့မိဘနှစ်ပါးစလုံးဟာ ပညာမသင်ခဲ့ဖူးတဲ့ လယ်သမားတွေဖြစ်တယ်။ သူ (၉) နှစ်သားအရွယ်မှာ မိခင်ဖြစ်သူ ကွယ်လွန်ခဲ့တယ်။ လင်ကွန်းက ၁၈ လလောက်ပဲ နည်းလမ်းမကျတဲ့ အတန်းပညာကို သင်ယူခဲ့ဖူးတယ်။ ဒါပေမဲ့ သူ့မိထွေးက လင်ကွန်းကို ကိုယ့်သားအရင်းလို ဂရုစိုက်စောင့်ရှောက်ခဲ့တယ်။ ကိုယ်တိုင်သင်ယူလေ့လာမှုနဲ့ ၁၈၃၆ ခုနှစ်မှာ သူ ရှေ့နေဖြစ်ခဲ့တယ်။ ဒီမိထွေးမရှိရင် ဒီကနေ့ လင်ကွန်းဆိုတာ ဖြစ်လာမှာ မဟုတ်ဘူးလို့ လင်ကွန်း ပြောခဲ့ဖူးပါတယ်။

အဆုံးစွန်အထိ ဖွဲ့ရှိရှိတောင့်ခံနိုင်သူကို ပြပါဆိုရင် လင်ကွန်းကို ပြရပါမယ်။ သူဟာ ဘယ်တော့မှ လက်လျှော့အရှုံးမပေးခဲ့သူ၊ ဆင်းရဲသား

မိသားစုက ပေါက်ဖွားလာခဲ့ပြီး တစ်သက်လုံး ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရသူ၊ (၈) ကြိမ်ရွေးကောက်ပွဲဝင်ရွေးခဲ့ပေမယ့် (၈) ကြိမ်လုံးရှုံးနိမ့်ခဲ့သူဖြစ်တယ်။ လက်လျှော့အရှုံးပေးလို့ရပေမယ့် သူ အရှုံးမပေးခဲ့ဘူး။ သူ့ရဲ့အရှုံးမပေးတဲ့ စိတ်ဓာတ်ကပဲ သူ့ကို အမေရိကန်သမိုင်းမှာ အမြင့်မြတ်ဆုံး သမ္မတတွေထဲက တစ်ဦးဖြစ်စေခဲ့တာ ဖြစ်ပါတယ်။

၁၈၃၂ ခုနှစ်မှာ လင်ကွန်း အလုပ်လက်မဲ့ဖြစ်ခဲ့တယ်။ ဒီအတွက် သူ စိတ်ထိခိုက်ခဲ့တယ်။ ဒါပေမဲ့ နိုင်ငံရေးသမားတစ်ဦး လုပ်မယ်၊ လွှတ်တော်အမတ်တစ်ဦးလုပ်မယ်လို့ သူ စိတ်ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ ကံမကောင်းချင်တော့ သူ အရွေးမခံခဲ့ရဘူး။ တစ်နှစ်အတွင်းမှာ (၂) ကြိမ်တိုင်တိုင် အရှုံးနဲ့ ရင်ဆိုင်ခဲ့ရလို့ သူ့ရဲ့နာကျင်မှုက နှိုင်းပြစရာ မရှိခဲ့ဘူး။

အဲဒီနောက် ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို သူ လုပ်ကိုင်ခဲ့တယ်။ ဒါပေမဲ့ တစ်နှစ်တောင် မခံပါဘူး၊ အဲဒီလုပ်ငန်း ပျက်သွားခဲ့တယ်။ အဲဒီနောက်ပိုင်း ၁၇ နှစ်လုံးလုံး လုပ်ငန်းမှာ တင်ကျန်ခဲ့တဲ့ အကြွေးတွေကို ဆပ်ဖို့ သူ လုံးပန်းခဲ့ရတယ်။

တစ်ဆက်တည်းမှာပဲ တိုင်းလွှတ်တော်အမတ်ဝင်ရွေးဖို့ နောက်တစ်ကြိမ် သူ ဆုံးဖြတ်လိုက်ပြန်တယ်။ ဒီတစ်ကြိမ်မှာ သူ အောင်မြင်ခဲ့ပါတယ်။ သူ့စိတ်ထဲမှာ မျှော်လင့်ချက်အလင်းတန်းတစ်ခုကို သူ တွေ့လိုက်ပြီး ဘဝ လှည့်ပြောင်းမယ့် အခွင့်အရေးတစ်ခုရပြီလို့ သူ ထင်ခဲ့တယ်။

၁၈၃၅ ခုနှစ်မှာ သူ စေ့စပ်ခဲ့တယ်။ မင်္ဂလာမဆောင်ခင် လအနည်းငယ်အလိုမှာ သတို့သမီးလောင်းက မတော်တဆ ကွယ်လွန်သွားခဲ့တယ်။ ဒါဟာ သူ့ရဲ့ စိတ်ဓာတ်နဲ့နှလုံးသားကို အထိခိုက်စေဆုံးဖြစ်တယ်။ အိပ်ရာပေါ်

ကနေ မထနိုင်တဲ့အထိ သူ ခံစားခဲ့ရတယ်။ ၁၈၃၆ ခုနှစ်မှာ သူ စိတ်ကျရောဂါ စွဲကပ်ခဲ့တယ်။

၁၈၃၈ ခုနှစ်မှာ ကိုယ့်ကျန်းမာရေး ကောင်းမွန်လာပြီလို့ ထင်တဲ့ လင်ကွန်းဟာ တိုင်းလွှတ်တော်အမတ် ဝင်အရွေးခံဖို့ ဆုံးဖြတ်ခဲ့ပြန်တယ်။ မအောင်မြင်ခဲ့ပြန်ဘူး။ ၁၈၄၃ ခုနှစ်မှာ အမေရိကန် ကွန်ဂရက်လွှတ်တော် အမတ် ဝင်ရွေးခံဖို့ သူ ကြိုးစားပြန်တယ်။ မအောင်မြင်ခဲ့ပြန်ပါဘူး။

လင်ကွန်းဟာ အကြိမ်ကြိမ် ကြိုးစားစမ်းသပ်ခဲ့သည့်တိုင် အံ့ရှုံးတွေနဲ့ပဲ ရင်ဆိုင်ခဲ့ရတယ်။ လုပ်ငန်းပျက်ခဲ့တယ်၊ သတို့သမီးလောင်း သေတယ်၊ ရွေးကောက်ပွဲ ရှုံးတယ်။ ဒီလိုဆင်းရဲဒုက္ခ အခက်အခဲတွေ ကြုံခဲ့ရလည်း သူ အလျှော့ပေးဖို့ မတွေးခဲ့ဘူး။

လင်ကွန်းဟာ ထက်မြက်သူတစ်ဦးပါ။ ဇွဲ၊ သတ္တိရှိတဲ့ သူဟာ လက်လွှတ်ဖို့ မစဉ်းစားခဲ့ဘူး။ ၁၈၄၆ ခုနှစ်မှာ ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် သူ ဝင်အရွေးခံပြန်တယ်၊ ဒီတစ်ကြိမ်မှာ သူ အောင်မြင်ခဲ့ပါတယ်။

တာဝန်ထမ်းဆောင်တဲ့ကာလ ၂ နှစ်ဆိုတဲ့အချိန်က အလျင်အမြန် ကုန်ဆုံးသွားတော့ ဆက်အရွေးခံဖို့ သူ ဆုံးဖြတ်လိုက်တယ်။ အမတ်ခန့်အပ် ခံရစဉ်အတွင်း သူ ထူးထူးချွန်ချွန် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့လို့ နောက် တစ်ကြိမ် ထပ်အရွေးခံရမယ်လို့ သူ ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ သူ အရွေး မခံခဲ့ရပါဘူး။ အရွေးမခံရတဲ့အပြင် အကြွေးတွေပါ တင်ကျန်ခဲ့တယ်။ အဲဒီ ပြည်နယ်မှာပဲ နယ်မြေအုပ်ချုပ်သူအဖြစ် ခန့်အပ်ဖို့ သူ တင်ပြတောင်းဆိုခဲ့ ပေမယ့် ပြည်နယ်အစိုးရက "ဒီပြည်နယ်ရဲ့ အုပ်ချုပ်သူလုပ်ချင်ရင် ထူးခြားတဲ့ အရည်အသွေး၊ ဉာဏ်ပညာ ရှိရမယ်။ သင့်ရဲ့တင်ပြချက် မပြည့်စုံဘူး" ဆိုပြီး ပယ်ချခဲ့တယ်။

ဒီလိုအချိန်မျိုးမှာ "ငါ ရှုံးနိမ့်ပြန်ပြီ"လို့ လင်ကွန်း မတွေးခဲ့ဘူး။ သူ အရှုံးမပေးခဲ့ဘူး။ ၁၈၅၄ ခုနှစ်မှာ လွှတ်တော်အမတ်အဖြစ် သူ ဝင်ရွေးခံခဲ့ပေမယ့် ရှုံးနိမ့်ပြန်တယ်။ ၂ နှစ်နေပြီးနောက် အမေရိကန်ဒုတိယသမ္မတအဖြစ် သူ ဝင်ရွေးခံခဲ့ပေမယ့် ပြိုင်ဘက်ရဲ့အလဲထိုးတာကို ခံလိုက်ရတယ်။ ၂ နှစ်နေပြီးနောက် လွှတ်တော်အမတ် ဝင်ရွေးခံပြန်တယ်၊ ရှုံးပြန်တယ်။

လင်ကွန်းဟာ ၁၁ ကြိမ် ကြိုးစားခဲ့ပေမယ့် ၂ ကြိမ်သာ အောင်မြင်မှု ရခဲ့တယ်။ ဒါတောင် ဆင်းရဲဒုက္ခရေမှာ သူ လက်မမြှောက်ခဲ့ဘူး။ ဒူးမထောက်ခဲ့ဘူး၊ ထွက်မပြေးခဲ့ဘူး။ ဖွဲ့ရှိရှိနဲ့ သူ ကြံ့ကြံ့ခံခဲ့တယ်၊ ကြိုးပမ်းခဲ့တယ်။ လက်လွှတ်လိုက်ဖို့ သူ မတွေးခဲ့သလို လက်လည်း မလွှတ်ခဲ့ဘူး။ ကိုယ်တောင်းဆိုတဲ့ အရာကို သူ လက်မလွှတ်ခဲ့လို့၊ ကိုယ့်ဘဝကိုပဲ သူ စိုးမိုးခြယ်လှယ်ခဲ့လို့ နောက်ဆုံးမှာ သူ အောင်မြင်ခဲ့ပါတယ်။

၁၈၆၀ ပြည့်နှစ်မှာ အမေရိကန်သမ္မတအဖြစ် လင်ကွန်းအရွေးချယ်ခံခဲ့ရပါတယ်။ ဖွဲ့၊ သတ္တိနဲ့ ကြံ့ခိုင်ခြင်းက လင်ကွန်းကို ပံ့သွင်းပေးခဲ့တယ်။ ဘယ်အရာမဆို ကြံ့ခိုင်မှုရှိရင် အောင်မြင်မှုရစမြဲပါ။ လူတစ်ယောက်အတွက် ဒုက္ခတစ်ခုကို ဖြေရှင်းဖို့က သိပ်မခက်ခဲလှပါဘူး။ ခက်ခဲတာက ဖွဲ့ရှိရှိနဲ့ ကြံ့ကြံ့ခံပြီး အောင်မြင်တဲ့အထိ ဖြေရှင်းနိုင်မနိုင်ဆိုတာပါပဲ။

ဘဝရဲ့ဆုလာဘ်က ခရီးအဆုံးမှာ ရှိတာပါ၊ ခရီးအစအနီးအနားမှာ ရှိတာမဟုတ်ပါဘူး။ ခြေလှမ်းဘယ်လောက်လှမ်းမှ စိတ်ကူးကို အကောင်အထည်ဖော်နိုင်မှန်း မသိပါဘူး။ ခြေလှမ်းအလှမ်း ၁၀၀၀ ရောက်သည့်တိုင် အရှုံးနဲ့ရင်ဆိုင်နိုင်သလို အောင်မြင်ခြင်းကလည်း လမ်းချိုးတစ်နေရာမှာ ပုန်းနေတတ်ပါတယ်။ ရှေ့ခြေတစ်လှမ်း တိုးကြည့်ပါ၊ မဖြစ်သေးရင် နောက်တစ်လှမ်းပြန်တိုးပါ။ တကယ်တော့ ရှေ့ကိုတစ်လှမ်းချင်းတိုးဖို့ရာ မခက်ခဲပါဘူး။

လူတိုင်းမှာ အရောင်စုံတောက်ပတဲ့ ကိုယ်ပိုင်စိတ်ကူးအိပ်မက်တွေ ရှိကြတယ်။ စိတ်ကူးအိပ်မက်ကို သင် အကောင်အထည်ဖော်ချိန်မှာ အခက်အခဲနဲ့ သင် ကြုံတွေ့နိုင်သလို ဆုံးရှုံးမှုတွေနဲ့လည်း ရင်ဆိုင်နိုင်တယ်။ ဒီလိုအချိန်မျိုးမှာ အားမငယ်ပါနဲ့၊ လက်မလျှော့ပါနဲ့၊ အိပ်မက်လမ်းဟာ ခက်ခဲကောင်း ခက်ခဲမယ်၊ ဒီစိန်ခေါ်မှုတွေကို သင့်ရဲ့ဖွဲ့၊ လုံ့လနဲ့သတ္တိကို စမ်းသပ်တဲ့ စမ်းသပ်ချက်လို့ သဘောထားပါ။ ဒီစိန်ခေါ်မှုတွေက သင် ကြီးပြင်းရင့်သန်ဖို့ ကူညီတဲ့ လိုအပ်တဲ့အရာ ဖြစ်တယ်။

ကိုယ့်ကိုယ်ကိုယ် ကြံ့ကြံ့ခံရှေ့ဆက်ဖို့ အားပေးပါ။ ကျရှုံးခြင်းနဲ့ တစ်ခါကြုံတိုင်း အောင်မြင်ခြင်းနဲ့ တစ်လှမ်းနီးလာလို့ပါပဲ။ ဒီတစ်ခေါက်မှာ ကျရှုံးတာဟာ နောက်တစ်ခေါက်မှာ အောင်မြင်ဖို့ပါ။ ဒီတစ်ခေါက်မှာ မျက်မှောင်ကြုတ်တာဟာ နောက်တစ်ခေါက်မှာ ပြုံးရယ်ဖို့ပါ။ ဒီကနေ့ရဲ့ ကံမကောင်းခြင်းက မနက်ဖြန်မှာ ကံကောင်းခြင်းတွေရှိကြောင်း နိမိတ်ပြတာ ဖြစ်တယ်။ အတားအဆီးဆိုတာ အောင်မြင်ခြင်းဆီသွားတဲ့ လမ်းတိုင်းမှာ ရှိပါတယ်။ ဒီအကွေ့လေးကို ကျော်လွှားနိုင်ရင် သင် အောင်မြင်ပါပြီ။

* * *

# လူဝီပတ်စ်တာ

*Louis Pasteur*

*(December 27, 1822 – September 28, 1895)*

*အောင်မြင်ခြင်းရဲ့ရင်းမြစ်က ဇွဲ၊ လုံ့လရှိတာပဲဖြစ်တယ်*

လူဝီပတ်စ်တာ (Louis Pasteur) ဟာ ပြင်သစ်သတ္တဗေဒပညာရှင်၊ ဓာတုပညာရှင်ဖြစ်တယ်။ ယနေ့ခေတ် သတ္တဗေဒပညာရဲ့ ဖခင်ဖြစ်တယ်။ သတ္တဗေဒပညာကို အုတ်မြစ်ချခဲ့သူဖြစ်တယ်။ သတ္တဗေဒနယ်ပယ်ကို လမ်းဖွင့်ပေးခဲ့တဲ့ သိပ္ပံပညာရှင်ကြီးတစ်ဦး ဖြစ်တယ်။

## မွေးဖွားကြီးပြင်းပုံ

"ရည်မှန်းချက်ကို ဖြစ်မြောက်စေခဲ့တဲ့ ကျွန်တော့်ရဲ့လျှို့ဝှက်ချက်ကို ပြောရရင် ကျွန်တော်ရဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့်ပါပဲ"

လူဝီပတ်စ်တာရဲ့ ဒီစကားတစ်ခွန်းက သူ့ဘဝတစ်ခုလုံးကိုအကောင်းဆုံးဖြစ်စေခဲ့တာဖြစ်တယ်။ သူ့ရဲ့ ဒီလိုကြံ့ကြံ့ခံစိတ်ဓာတ်က သူ့ကို သိပ္ပံပညာရပ်မှာ အကျိုးဖြစ်ထွန်းတဲ့ အသီးအပွင့်တွေ ဝေဝေဆာဆာ ဖူးပွင့်စေခဲ့တယ်။

ပတ်စ်တာကို ၁၈၂၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့မှာ ပြင်သစ်နိုင်ငံ Dole မြို့ရှိ သာမန်အလုပ်သမားမိသားစုက မွေးဖွားခဲ့တယ်။ သူ့ရဲ့ဘိုးဘေး ဆွေစဉ်မျိုးဆက်တွေအားလုံး လယ်သမားတွေ ဖြစ်ကြတယ်။ သူ့ဖခင်က အတန်းပညာ မတတ်ခဲ့ဖူးတဲ့ စစ်သားတစ်ဦးဖြစ်ပြီး နောက်ပိုင်းမှာ ဖိနပ်စက်ရုံက အလုပ်သမားဖြစ်ခဲ့တယ်။ သူ့မိခင်က အတန်းပညာ မတတ်ခဲ့ဖူးပေမယ့်

အလုပ်ကြိုးစားပြီး စဉ်းစားတွေးတောဉာဏ်ရှိတဲ့ အမျိုးသမီး ဖြစ်တယ်။ မိဘတွေဟာ ငယ်စဉ်က အနေဆင်းရဲလို့ ကိုယ်တိုင် ပညာမသင်ခဲ့ရတဲ့အတွက် ကိုယ့်သားသမီးတွေကိုတော့ ပညာတွေသင်စေမယ်၊ အကျိုးရှိတဲ့ လူတစ်ဦး ဖြစ်စေမယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။

သူတို့က စားဝတ်နေရေးကို ချွေတာစုဆောင်းပြီး ပတ်စ်တာကို အလယ်တန်းအထိ ပညာသင်ယူစေခဲ့တယ်။ မိဘနှစ်ပါးရဲ့ ပျိုးထောင်မှုနဲ့ ဩွန်သင်ဆုံးမမှုအောက်မှာ ပတ်စ်တာဟာ ပညာကို ကြိုးစားပမ်းစားသင်ယူခဲ့သလို အလုပ်ကိုလည်း ဖွဲ့ရှိရှိလုပ်ဆောင်ခဲ့တယ်။ မူလတန်းမှာ သူ့အမှတ်၊ အဆင့်တွေ မကောင်းခဲ့ပေမယ့် အဖိုးမဖြတ်နိုင်တဲ့ အရည်အချင်းတွေ ပေါ်ထွန်းခဲ့တယ်။ အဲဒီအရည်အချင်းတွေက ဘာသင်သင်၊ ဘာလုပ်လုပ် ဖွဲ့၊ လုံ့လနဲ့ ဝီရိယရှိတယ်၊ သည်းခံစိတ်ရှိတယ်၊ မဆုတ်မနစ် ကြိုးစားတာပဲဖြစ်တယ်။

အဘိဓာန်ထဲမှာ အရေးအကြီးဆုံး စကားလုံး ၃ လုံးက "ဆန္ဒ"၊ "အလုပ်အကိုင်" နဲ့ "အောင်မြင်မှု" ဖြစ်တယ်လို့ လူငယ်ဘဝတည်းက ပတ်စ်တာ ထင်မှတ်ခဲ့တယ်။ ဒီကျောက်တုံး ၃ တုံးကို အခြေခံပြီး အောင်မြင်တဲ့ မှတ်တိုင်တစ်တိုင် စိုက်ထူဖို့ သူ ရည်ရွယ်ခဲ့တယ်၊ သူ့ရဲ့နှမတွေအတွက် သူ ရေးပေးတဲ့စာထဲမှာ "စိတ်ဆန္ဒဆိုတာ အရေးပါတဲ့ အရာတစ်ခုပါ။ လုပ်ဆောင်မှုနဲ့ အလုပ်အကိုင်က ဆန္ဒနောက် ထက်ကြပ်မခွာ လိုက်နေလို့ပါပဲ။ အလုပ်အကိုင်က အောင်မြင်ခြင်းနဲ့ ဆက်စပ်နေပါတယ်။ ဒီအရာ ၃ ခုဖြစ်တဲ့ ဆန္ဒ၊ အလုပ်အကိုင်နဲ့ အောင်မြင်မှုက လူ့ဘဝကို စိတ်ကူးယဉ်သက်သက်မဖြစ်စေပါဘူး" လို့ ဆိုထားတယ်။

နောက်တော့ ပြင်သစ်ဓာတုဗေဒပညာရှင် ဂျင်းဘက်ဗ်တစ်စ်အန်ဒရီ ဒူးမားစ် (Jean Baptiste Andre Dumas) ရဲ့ပဟာပြောချက်တွေက ပတ်စ်တာ

ကို သိပ္ပံသုတေသနလုပ်ဖို့ လှုံ့ဆော်ခဲ့တယ်။ ၁၈၄၃ ခုနှစ်မှာ ပတ်စ်တာဟာ အဆင့် ၄ အဖြစ် ထူးခြားတဲ့အမှတ်နဲ့ ပဲရစ်မြို့က အဆင့်မြင့်ပညာရေးကောလိပ်မှာ ဓာတုဗေဒပညာကို ဆည်းပူးသင်ယူခွင့်ရခဲ့တယ်။

ကျောင်းနေစဉ်အတွင်းမှာ ပတ်စ်တာဟာ အလုပ်ဖတ်ဖက်နဲ့ ကျောင်းတက်ခဲ့တယ်ဆိုပေမယ့် သူ့ရဲ့ကြိုးစားမှုကြောင့် ဘာသာရပ်အားလုံးကို ထူးထူးချွန်ချွန် သင်ယူနိုင်ခဲ့တယ်။ အထူးသဖြင့် သူ့ရဲ့လေ့လာစမ်းသပ်နိုင်စွမ်းက တစ်မူထူးခြားခဲ့တယ်၊ ထင်းထင်းလင်းလင်း ရှိခဲ့တယ်။

ကျောင်းပြီးလို့ သိပ်မကြာခင်မှာပဲ ပတ်စ်တာဟာ Tartaric Acid ပုံဆောင်ခဲကို ထူးခြားတဲ့ လေ့လာဆန်းစစ်မှုနဲ့ ဆန်းစစ်ပြီး နဂိုသတ်မှတ်ထားတဲ့ Tartaric Acid ရဲ့ ဓာတုရှင်းလင်းချက်ကို သတ္တိရှိရှိဖြတ်ချပစ်ခဲ့ပြီး အသွင်တူ၊ တည်ဆောက်ပုံမတူတဲ့ Tartaric Acid ရဲ့ ရလဒ်ကို ထုတ်ဖော်နိုင်ခဲ့တယ်၊ အဲဒီနောက် Laevulic Acid ကိုလည်း စမ်းသပ်နိုင်ခဲ့တယ်။ ပတ်စ်တာရဲ့ အောင်မြင်မှုက ပြင်သစ်သိပ္ပံပညာရှင်တို့ရဲ့ အထူးဂရုစိုက်ခြင်းကို ခံခဲ့ရတယ်။ အဲဒီလိုနဲ့ ပတ်စ်တာဟာ Strasbourg တက္ကသိုလ်မှာ ဓာတုဗေဒပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။

၁၈၅၆ ခုနှစ် နွေရာသီမှာ ပတ်စ်တာရဲ့နည်းနဲ့ Lille မြို့က အရက်ချက်စက်ရုံတွေကို ကယ်တင်နိုင်ခဲ့တယ်။ အဲဒီနည်းကို "ပတ်စ်တာပိုးသတ်နည်း" လို့ ခေါ်ဆိုခဲ့ကြတယ်။ ဒီနည်းကို ယနေ့ထက်တိုင် ဆေးပညာလောက၊ အရက်ချက်လုပ်ငန်းတွေမှာ တွင်တွင်ကျယ်ကျယ် သုံးစွဲနေဆဲဖြစ်တယ်။ အဲဒီနောက် ပတ်စ်တာက သူ့ရဲ့ မျိုးစစ်တဲ့နည်းနဲ့ အန္တရာယ်နှုတ်ခမ်းဝဆီ ရောက်နေတဲ့ ပြင်သစ်ပိုးမွေးမြူရေးလုပ်ငန်းကိုလည်း ကယ်တင်နိုင်ခဲ့တယ်။

ဒီလိုကြီးမားတဲ့ အောင်မြင်မှုရဲ့ နောက်ကွယ်မှာ ပတ်စ်တာ ပေးဆပ်ခဲ့တဲ့ ကြိုးစားအားထုတ်မှု၊ ဆင်းရဲပင်ပန်းမှုတွေ ရှိခဲ့ပါတယ်။ တစ်ဖက်က သူ့ကြိုးပမ်းမှုတွေ အောင်မြင်နေချိန်မှာ တစ်ဖက်က လောကဓံရဲ့ ထိုးနှက်တိုက်ခိုက်မှုကို သူ ရင်ဆိုင်ခဲ့ရတယ်။

၁၈၆၅ ခုနှစ်မှာ သူချစ်တဲ့ သူ့ဖခင် သေဆုံးသွားခဲ့တယ်။ တစ်နှစ်အကြာမှာ သူချစ်တဲ့ သူ့သမီး သေဆုံးသွားခဲ့တယ်။ သားကလည်း စစ်မြေပြင်မှာ ဆင်းရဲဒုက္ခအတိနဲ့ ရင်ဆိုင်နေရတယ်။ အဲဒီအပြင် သူဟာ မဟုတ်မမှန်သတင်းတွေ ပြောဆိုတာ ခံခဲ့ရတယ်။ ဒါပေမဲ့ အလုပ်ကိုပဲ သူ အာရုံစိုက်ခဲ့တယ်။ တစ်နေ့ကို ၁၈ နာရီကြာ သူ အလုပ်လုပ်ခဲ့တယ်။ "အလုပ်ကမှ အဆုံးမရှိ နာကျင်ခြင်းတွေကို မေ့ပျောက်စေနိုင်တယ်"လို့ သူ ပြောခဲ့တယ်။

၁၈၆၈ ခုနှစ် အောက်တိုဘာလမှာ ရုတ်တရက် သူ့ဦးနှောက်သွေးယိုခဲ့လို့ ကိုယ်တစ်ခြမ်း မလှုပ်နိုင်ခဲ့ဘူး။ မကျန်းမာတာတောင် အလုပ်လုပ်ဖို့ကို သူ မမေ့ခဲ့ဘူး။ ရောဂါအနည်းငယ် သက်သာလာပြီဆိုတာနဲ့ သူ အလုပ်ပြန်လုပ်ခဲ့တယ်။

နှစ်အတော်တန်အကြာမှာ ပတ်စ်တာက ကျောင်းသားလူငယ်တွေကို အောင်မြင်မှုအကြောင်း မျှဝေတဲ့အခါမှာ "ကျွန်တော့်ရည်မှန်းချက်ကို ဖြစ်မြောက်စေတဲ့ လျှို့ဝှက်ချက်ကို ပြောရရင် အဲဒီလျှို့ဝှက်ချက်က ကျွန်တော်ရဲ့ဇွဲ လုံ့လ ဝီရိယစိတ်ပါပဲ" လို့ ပြောခဲ့တယ်။

အင်္ဂလန်သိပ္ပံပညာရှင် သောမတ်စဟတ်ဇ်လေ (Thomas Huxley) က ပတ်စ်တာရဲ့အောင်မြင်မှုကို ဒီလို တန်ဖိုးဖြတ်ခဲ့တယ်။

"၁၈၇၁ ခုနှစ် ပြင်သစ်က ဂျာမနီကိုပေးတဲ့ စစ်လျော်ကြေးငွေက

ဖရုန့်ငွေ ငါးသိန်းဖြစ်တယ်။ ပတ်စ်တာတစ်ယောက်တည်းရဲ့တီထွင်မှုနဲ့ ဒီငွေကြေးကို အလျော်ပေးနိုင်ခဲ့ပါပြီ”

စိတ်ကူးအိပ်မက်ဆိုတာ လူတစ်ယောက်ရဲ့ကိုးကွယ်ယုံကြည်မှုပါ။ လူတစ်ယောက်ရဲ့လှုံ့ဆော်အားပါ။ လူ့ဘဝလမ်းက အရာရာ ချောမွေ့ဖို့နေမှာ မဟုတ်ပါဘူး။ အနည်းနဲ့အများ ဆူးပြောင့်ခလုတ်တွေနဲ့ ကြုံတွေ့မှာပါပဲ၊ လောကမှာ သန်မာသူနဲ့ ပျော့ညံ့သူဆိုပြီး ကွဲပြားသွားတာဟာ သန်မာသူက ဘဝရဲ့ စိန်ခေါ်မှုတွေကို တောင့်ခံပြီး “ငါ ဘယ်တော့မှ အရှုံးမပေးဘူး” လို့ ဟစ်ကြွေးလို့ ဖြစ်တယ်၊ ပျော့ညံ့သူကတော့ “ထားလိုက်ပါ၊ ကံတရားပဲ၊ ဒီဒဏ်တွေ ငါမခံနိုင်ဘူး” လို့ ဆိုပါတယ်၊

ဘယ်တော့မှ အရှုံးမပေးတာဟာ ယုံကြည်မှုတစ်ခုပါ။ တင်းခံတဲ့ တောင်းဆိုမှုတစ်ခုပါ။ မိမိကိုယ်ကို ယုံကြည်မှုလည်း ဖြစ်ပါတယ်၊ ကျန်းမာသူတစ်ဦးက “ငါ့မှာ ကျန်းမာတဲ့ ခန္ဓာကိုယ်ရှိတယ်၊ ပျော်ရွှင်ခြင်းရှိတယ်” လို့ ပြောနိုင်သလို မသန်စွမ်းသူတစ်ဦးကလည်း “ငါ နှလုံးခုန်နေသေးသရွေ့ ငါ့ဘဝကို ငါ လက်မလွှတ်ဘူး” လို့ ဂုဏ်ယူစွာ ပြောနိုင်ပါတယ်။ လက်လွှတ်မယ်၊ အရှုံးပေးမယ်လို့ သင် စဉ်းစားတဲ့အခါ နေမင်းတစ်ပတ်လှည့်လာပြီ၊ ငါ့ဆီရောက်ဖို့ သိပ်မဝေးတော့ဘူးလို့ တွေးလိုက်ကြည့်ပါ။ ဒီအချိန်မှာ လက်လွှတ်ရင် အောင်မြင်မှုဆီ သင် ဘယ်တော့မှ အရောက်လှမ်းနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဇွဲရှိရှိ တင်းခံဖို့ ကိုယ့်ကိုယ်ကိုယ် အားပေးပါ။

* * *

# ဟမ်းဖရီးဒါဗီး

*Humphry Davy*

*(17 December 1778 – 29 May 1829)*

*ရင်ထဲက စိတ်ကူးအိပ်မက်ကို လက်တွေ့ ကျကျ လုပ်ဆောင်ပါ*

ဟမ်းဖရီးဒါဗီး (Humphry Davy) ဟာ စိတ်ပြင်းပြသူ၊ အပြောအဟော ထက်သန်သူ၊ စမ်းသပ်လေ့လာမှု ကျွမ်းကျင်သူ ဖြစ်တယ်။ ငယ်ရွယ်စဉ်ကတည်းက ထူးခြားဆန်းကြယ်မှုတွေကို မကြာခဏ တီထွင်ဆန်းသစ်ခဲ့တာကြောင့် လူအများအသိအမှတ်ပြုခံခဲ့ရတဲ့ ဓာတုပညာရှင်လည်းဖြစ်တယ်။ သူဟာ လက်တွေ့လုပ်ဆောင်ချက်နဲ့ သိပ္ပံပညာရပ်ကို ပိုအဓိပ္ပာယ်လေးနက်စေခဲ့တယ်။ သိပ္ပံပညာရပ်ကို မြှင့်တင်ပြီး လူတွေအတွက် အကျိုးရှိတဲ့ အလုပ်တွေကို လုပ်ဆောင်ခဲ့တယ်။

## မွေးဖွားကြီးပြင်းပုံ

၁၇၇၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့မှာ ဟမ်းဖရီးဒါဗီးကို အင်္ဂလန်နိုင်ငံ ပင်ဇန့်စ် (Penzance) မြို့အနီးက ရွာတစ်ရွာမှာ မွေးဖွားခဲ့တယ်။ ဖခင်က ပန်းပုဆရာတစ်ဦး ဖြစ်တယ်။ ဒါဗီး ကျောင်းနေစဉ်က ဆိုးသွမ်းပြီး ကစားမက်သူ ဖြစ်တယ်။ သူ့အင်္ကျီအိတ်ကပ်နှစ်ဖက်ထဲက တစ်ဖက်မှာ ငါးမျှားကိရိယာတွေနဲ့ ပြည့်နေတတ်ပြီး ကျန်တစ်ဖက်မှာ အိမ်နဲ့မနီးမဝေးမှာရှိတဲ့ သတ္တုတွင်းက ကောက်ယူခဲ့တဲ့ သတ္တုရိုင်းတွေနဲ့ ပြည့်နေတတ်တယ်။

မူလတန်းပြီးချိန်မှာ ဖခင်က သူ့ကို ပင်ဇန့်စ်မြို့မှာရှိတဲ့ အဘိုးအဘွား အိမ်ပို့ပြီး မြို့မှာပဲ ကျောင်းတက်စေခဲ့တယ်။ မြို့မှာနေရင်း ဆန်းသစ်တဲ့အရာ တစ်ခုက သူ့ကို အရမ်းဆွဲဆောင်ခဲ့တယ်။ အဲဒီအရာက ဆရာဝန်တွေ ဆေးစပ်ချိန်မှာ အရာဝတ္ထုတွေ ဓာတ်ပြုပြီး ထူးဆန်းတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတာပဲ ဖြစ်တယ်။

အဲဒီနောက်မှာ ဒါဗီးဟာ အိမ်ကို ပြန်ရောက်တိုင်း ထပ်ခိုးအပေါ်မှာ ပုန်းအောင်းပြီး ဖန်ခွက်၊ ပန်းကန်စတဲ့ အသုံးအဆောင်တွေနဲ့ ဆရာဝန်တွေလို စမ်းသပ်မှုတွေ စလုပ်တော့တယ်၊ စမ်းသပ်နေတုန်း ပြဿနာတွေ တက်ခဲ့လို့လည်း အဘိုးရဲ့ အဆူအဆဲကို မကြာခဏ ခံခဲ့ရတယ်။ ဒါပေမဲ့ ဒါတွေဟာ ဓာတုဗေဒကို စိတ်ဝင်စားမိတဲ့ သူ့စိတ်ဝင်စားမှုကို မလျော့ပါးစေခဲ့ပါဘူး။ ဒါ့အပြင် သိပ္ပံပညာရှင်တစ်ဦးဖြစ်ချင်တဲ့ သူ့ရဲ့ စိတ်ကူးအိပ်မက်ကိုပါ မွေးဖွားပေးခဲ့ပါတယ်။

၁၇၉၄ ခုနှစ်မှာ ဒါဗီးရဲ့ဖခင် ကွယ်လွန်သွားခဲ့လို့ အိမ်ရဲ့ စားဝတ်နေရေး ပိုကျပ်တည်းခဲ့တယ်။ စားဝတ်နေရေးကို ဖြေရှင်းဖို့ သားအကြီးဆုံးဖြစ်တဲ့ ဒါဗီးကို ဘော်လတ်စ် (Borlase) လို့ အမည်ရတဲ့ ဆရာဝန်တစ်ဦးဆီ လွှတ်ပြီး တောက်တိုမည်ရအလုပ်တွေ လုပ်စေခဲ့တယ်။ ဒီအလုပ်က ဒါဗီးအတွက် အံဝင်ခွင်ကျဖြစ်ခဲ့တယ်။

တစ်ဖက်က ဆရာဝန်ကို ကူရင်း၊ လူနာတွေကို ပြုစုရင်း တစ်ဖက်ကလည်း ဆေးစပ်တဲ့အလုပ်ကို သူ နေ့တိုင်း လုပ်ခဲ့ရတယ်။ ဓာတုပစ္စည်းကိရိယာတွေကို တကယ့်လက်တွေ့ သူ ကိုင်တွယ်စမ်းသပ်ခွင့်ရခဲ့တယ်။ ဒီလိုအချိန်မျိုးမှာမှ ကိုယ့်ရဲ့ ဗဟုသုတတွေ မလုံလောက်သေးကြောင်း သူ သိပြီး ကြိုးစားသင်ယူခဲ့တယ်၊ အချိန်ရတာနဲ့ အန်တွိုင်နီလာဗွိုင်စီးယား (Antoine

Lavoisier) ရဲ့ "ဓာတုမိတ်ဆက်စာအုပ်" တွေကို သူ ရှာဖတ်ခဲ့တယ်။ စာအုပ်ကောင်းတွေကို သူ မရရအောင်ငှားပြီး ဆာလောင်ငတ်မွတ်တဲ့ ပုံစံနဲ့ စာတွေကို သူ ဖတ်ခဲ့တယ်။ ပညာရှိသူတွေထံ သူ ချဉ်းကပ်ခဲ့တယ်။ (၄) နှစ်သားလောက်တိုမယ်ရအဆင့်ကနေ သူ့ရဲ့ အသိဉာဏ်တွေ၊ ဗဟုသုတတွေ တိုးသထက် တိုးလာခဲ့တယ်။ စိတ်ကူးအိပ်မက်အတွက် ဘယ်လိုပတ်ဝန်းကျင်မှာပဲ ရှင်သန်ရ၊ ရှင်သန်ရ သူ ကြိုးစားခဲ့တယ်။ အသိပညာတွေကို စုဆောင်းခဲ့တယ်။ သူ့ရဲ့ စိတ်ကူးအိပ်မက်က သူ့ရဲ့ကြိုးစားမှုအောက်မှာ တဖြည်းဖြည်း အကောင်အထည်ပေါ်စ ပြုလာခဲ့တယ်။

၁၇၉၈ ခုနှစ်မှာ မိတ်ဆွေတစ်ဦးရဲ့ မိတ်ဆက်ပေးမှုနဲ့ ဘရစ္စတော် (Bristol) မြို့ကို သူ ရောက်လာခဲ့တယ်။ ဒေါက်တာသောမတ်စ်ဘက်ဒိုးစ် (Dr. Thomas Beddoes) ဖွင့်ထားတဲ့အငွေ့ကုထုံးသုတေသန စမ်းသပ်ခန်းမှာ သူအလုပ်လုပ်ခဲ့တယ်။ ဒေါက်တာဘက်ဒိုးစ်ဆီကနေ သူ သင်ယူချင်တဲ့ ဆေးပညာ၊ လက်တွေ့စမ်းသပ်မှုတွေ သင်ယူတဲ့ အခွင့်အရေးရခဲ့တာကြောင့် ဒါဗီး အပျော်ကြီး ပျော်ခဲ့ပါတယ်။

အလုပ်အတူတွဲလုပ်ပြီး သိပ်မကြာခင်မှာ ဒါဗီးရဲ့ကြိုးစားအားထုတ်မှု၊ ကျွမ်းကျင်မှုကို ဒေါက်တာသောမတ်စ်ဘက်ဒိုးစ် တွေ့လာခဲ့တယ်။ ဒါဗီးဟာ ရှေ့ဆက်အလားအလာရှိသူတစ်ဦးဖြစ်တာကြောင့် သူ့ကို ကျောင်းဆက်တက်ပြီးဆေးပညာသင်ယူဖို့ ကုန်ကျငွေစရိတ်ကိုလည်း ထောက်ပံ့မယ့်အကြောင်း ဒေါက်တာသောမတ်စ်ဘက်ဒိုးစ်က အကြံပေးခဲ့တယ်။

ဒီလိုအချိန်မျိုးမှာ ဓာတုဗေဒအပေါ်မှာပဲ ဒါဗီးရဲ့ စိတ်ဝင်စားမှုက ပိုမိုနက်ရှိုင်းလာခဲ့တယ်။ ဒါကြောင့် ဓာတုဗေဒကိုပဲ တစိုက်မတ်မတ် သုတေသန

ပြဖို့ ဆုံးဖြတ်လိုက်တယ်။ ဒေါက်တာသောမတ်စ်ဘက်ဒိုးစ်ရဲ့အကြံပေးချက်ကို သူ အားနာစွာနဲ့ ငြင်းပယ်ခဲ့ပါတယ်။

၁၇၉၉ ခုနှစ်ပြေလာမှာ Nitrous oxide (Laughing Gas)ကိုတွေ့ရှိခဲ့လို့ ဒါဗီးရဲ့နာမည်ကို လူသိများလာခဲ့တယ်။ တချို့က ဒါကို အဆိပ်ရှိတဲ့အငွေ့လို့ ထင်ကြတယ်။ ဒေါက်တာသောမတ်စ်ဘက်ဒိုးစ်က ဒီအငွေ့နဲ့ သွေက်ချာပါဒရောဂါကို ကုသနိုင်တယ်လို့ ဆိုခဲ့တယ်။ သေချာတဲ့ အဖြေတစ်ခုကို မရခဲ့သေးတာကြောင့် ဒါဗီးဟာ ဒီအငွေ့နဲ့ သူကိုယ်တိုင် စမ်းသပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီလိုအပြုအမူက အလွန်အန္တရာယ်များကြောင်း မိတ်ဆွေတွေက တားမြစ်ခဲ့ပေမယ့် အရာမရောက်ခဲ့ဘူး။ စူးစမ်းရဲတဲ့သတ္တိက ဒါဗီးကို ချက်ချင်း စမ်းသပ်မှုတွေ ပြုလုပ်စေခဲ့တယ်။

ကိုယ်တိုင်စမ်းသပ်တဲ့ အတွေ့အကြုံနဲ့ ဒီဓာတ်ငွေ့ဟာ လိုအပ်သည်ထက် ပိုမရှူမိဖို့လိုကြောင်း သူ သိလိုက်တယ်။ အငွေ့ပမာဏ အနည်းငယ်နဲ့ ခွဲစိတ်ကုသမှုမှာ ထုံဆေးအဖြစ်လည်း သုံးနိုင်ကြောင်း သူ သိလိုက်တယ်။ ဒါဗီးရဲ့နာမည်ဟာ ဒီ Laughing Gas နဲ့ ပိုကျော်ကြားလာခဲ့တော့တယ်။ လူအများက သူ့ကို သူ့ထက်ငါ အလျင်စလို လာရောက်မိတ်ဆက်ခဲ့ကြတယ်။ အဲဒီအချိန်တုန်းက ဒါဗီးရဲ့အသက်ဟာ (၂၂) နှစ်အရွယ် ဖြစ်တယ်။

၁၈၀၁ ခုနှစ် နှစ်ဦးပိုင်းမှာ မိတ်ဆွေတချို့ရဲ့အကြံပြုထောက်ခံမှုနဲ့ Royal Association of Popular Science မှာ သူ အလုပ်ရခဲ့တယ်။ သိပ္ပံပညာရှင် ဘင်ဂျမင်သွမ်ဆင် (Benjamin Thompson) က ဒါဗီးရဲ့အရည်အချင်းကိုသိပြီး အရွယ်လည်းရှိသေးတာကြောင့် ဒါဗီးကို ဓာတုဗေဒလက်ထောက်ဆရာအဖြစ် ခန့်အပ်ခဲ့တဲ့အပြင် စမ်းသပ်ခန်းကိုလည်း ကွပ်ကဲစေခဲ့တယ်။

သိပ်မကြာခင်မှာပဲ ဒါဗီးရဲ့ပြည့်ဝတဲ့ အရည်အချင်း၊ အသိပညာတို့ကြောင့် ဘင်ဂျမင်သွမ်ဆင်ရဲ့ အလေးပေးခြင်းကို ခံရပြီး ၆ ပတ်အကြာမှာ တွဲဖက်ပါမောက္ခ ဖြစ်လာခဲ့တယ်။ ဒုတိယနှစ်မှာ ပါမောက္ခဖြစ်ခဲ့ပြီး ဒုတိယအကြိမ် ခန့်အပ်ခြင်းခံရတဲ့ ဓာတုဗေဒပါမောက္ခ ဖြစ်ခဲ့တယ်။

ဒါဗီးရဲ့ အသိဉာဏ်ပညာ၊ သင်ပြမှုတို့ကြောင့် သူ့ အတန်းမှာ သင်ယူသူတွေနဲ့ အမြဲပြည့်ကျပ်ခဲ့တယ်။ သင်ယူသူတွေရဲ့ စိတ်အားထက်သန်မှုတွေက ဒါဗီးကို များစွာအားဖြစ်စေခဲ့ပြီး ဓာတုဗေဒသုတေသနလုပ်ငန်းကို သူပိုအားသွန်ခွန်စိုက် လေ့လာစမ်းသပ်ခဲ့ပါတယ်။

ဒါဗီးဟာ မနက်စောစောထပြီး မနက်စာမစားမီ ၂ နာရီခန့်ကြာ စာဖတ်ခြင်း၊ စာရေးခြင်းကို ပြုလုပ်ပါတယ်။ အဲဒီနောက် မနက် ၁၀ နာရီကနေ ညနေ ၄ နာရီ စမ်းသပ်ခန်းမှာ လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ပြီး ညအချိန်မှာ ဟောပြောပို့ချတာ၊ ဒါမှမဟုတ် တခြားလှုပ်ရှားမှုတွေမှာ ပါဝင်တာမျိုးနဲ့ ဘဝကို ဖြတ်သန်းခဲ့ပါတယ်။

အောင်မြင်မှုနဲ့ ကျော်ကြားမှုက ကြိုးစားနေသူတစ်ယောက်ဆီကို တဖြည်းဖြည်း ချဉ်းကပ်ခဲ့ပါတယ်။ ၁၂ နှစ်တာကာလအတွင်းမှာ ဒါဗီးဟာ လျှပ်စစ်ဓာတု (Electrochemical)၊ အက်စစ်ရဲ့ ဟိုက်ထရိုဂျင်ဖွဲ့စည်းပုံ၊ အိုင်အိုဒင်းကို ရှာဖွေတွေ့ရှိခြင်း၊ သတ္တုတွင်းသုံး ဘေးကင်းမီးအိမ်ကို တီထွင်ခြင်း၊ လျှပ်ကူးမီးခွက် (Arc Lamp) ကို တီထွင်ခြင်း စတဲ့ တီထွင်ဖန်တီးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၁၈၀၃ ခုနှစ်မှာ The Royal Society အဖွဲ့ဝင်အဖြစ် သတ်မှတ်ခံရပြီး ၁၈၀၇ ခုနှစ်မှာ The Royal Society ရဲ့ အတွင်းရေးမှူး ဖြစ်ခဲ့တယ်။ ၁၈၂၀ ခုနှစ်မှာ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရတယ်။ ၁၈၂၆ ခုနှစ်မှာ

နာမကျန်းဖြစ်ပြီး ၁၈၂၉ ခုနှစ်အသက် (၅၁) နှစ်အရွယ်မှာ ဆွီဇလန်နိုင်ငံ Geneva မှာ ကွယ်လွန်ခဲ့ပါတယ်၊

အောင်မြင်မှုအတွက် လက်တွေ့လုပ်ဆောင်ဖို့လည်း လိုအပ်ပါတယ်။

ဝီလ်ဆင် (Wilson) က ပြောတယ် "စိတ်ကူးအိပ်မက်က ကျွန်တော်တို့ကို ကြီးကျယ်မြင့်မြတ်စေတယ်။ အောင်မြင်သူတိုင်းဟာ စိတ်ကူးအိပ်မက်ရှင်တွေ ဖြစ်ကြတယ်၊ ဆောင်းတွင်း မီးဖိုဘေးမှာ၊ မိုးတွင်း မိုးလေတွေကြားမှာ အနာဂတ်ကို စိတ်ကူးပုံဖော်ကြတယ်။ တချို့က စိတ်ကူးအိပ်မက်ကို ဝေးလွင့်ပျောက်ဆုံးစေတယ်။ တချို့က စိတ်ကူးအိပ်မက်ကို ပြုစုပျိုးထောင်တယ်၊ ဂရုစိုက်တယ်၊ အခက်အခဲ အတားအဆီးကိုကျော်ဖြတ်ပြီး မျှော်လင့်ခြင်းအလင်းကို ဆွဲငင်ယူတယ်။ မျှော်လင့်ခြင်းအလင်းက ကိုယ့်စိတ်ကူးအိပ်မက်တွေ တကယ်ဖြစ်မယ်လို့ ယုံကြည်သူတွေရဲ့ ရှေ့မှောက်ကို မဖြစ်မနေ အရောက်လာပါတယ်" လို့ ပြောခဲ့တယ်၊

အောင်မြင်မှုကို ဆွတ်ခူးချင်ရင် အာရုံစူးစိုက်ပြီး ဘာဖြစ်ဖြစ် တောင့်ခံမယ်ဆိုတဲ့ စိတ်ဓာတ်ကို အရင်မွေးမြူသင့်တယ်၊ ကိုယ်လုပ်မယ့် အလုပ်ကို အာရုံစိုက်မှ အောင်မြင်မှုဆီ သင် ခြေလှမ်းနိုင်မှာဖြစ်တယ်၊ အာရုံစိုက်မှ ရှေ့ဆက်မယ့်သတ္တိကို ဖြစ်စေတယ်၊ အာရုံစိုက်မှ အခက်အခဲရှေ့မှာ သင်ဟာ သူရဲကောင်းတစ်ဦးလို မားမားမတ်မတ် ရပ်တည်နိုင်မှာ ဖြစ်တယ်၊

လူတိုင်းမှာ စိတ်ကူးအိပ်မက်တွေ ရှိကြတယ်၊ ရည်မှန်းချက်တွေ ရှိကြတယ်၊ ဒါပေမဲ့ အဲဒီစိတ်ကူးအိပ်မက်တွေကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ အဓိကဖြစ်တယ်။ ဒါဗင်ချီက နေ့တိုင်းကြက်ဥပုံဆွဲတာဟာ လျှောက်ဆွဲခဲ့တာ မဟုတ်ဘူး၊ ကျရှုံးချိန်မှာတောင် သူဟာ လက်တွေ့ကျကျ အာရုံစူးစိုက်ပြီး ပန်းချီဆွဲကျင့်ခဲ့တယ်၊ အဖော်မဲ့ အထီးကျန်တာကို

အနိုင်ကျင့်ခံခဲ့တယ်။ စောင့်စုံစမ်းခဲ့တယ်။ အပင်ပန်းခံပြီး ကိုယ့်ရဲ့မပြည့်ဝမှုတွေကို ဖြည့်ဆည်းလေ့ကျင့်ခဲ့တယ်။ နောက်ဆုံးမှာ ထင်ရှားကျော်ကြားတဲ့ ပန်းချီဆရာတစ်ဦး ဖြစ်ခဲ့တယ်။ စိတ်ကူးအိပ်မက်သာရှိပြီး လက်တွေ့လုပ်ဆောင်မှု မရှိခဲ့ရင် အဲဒီစိတ်ကူးအိပ်မက်ဟာ တစ်ရေးနိုးရင် ပျောက်တဲ့အိပ်မက်ပဲ ဖြစ်ပါတယ်။

* * *

# ဟဲလင်အဒမ်စ်ကဲလား

*Helen Adams Keller*

*(June 27, 1880 – June 1, 1968)*

## *နိုင်ခြေတဲ့ဖွဲ့နဲ့ စိတ်ဓာတ်အိပ်မက်ကို ရေးဆွဲမယ်*

ဟဲလင်အဒမ်စ်ကဲလား (Helen Adams Keller) ဟာ အလင်းမမြင်၊ အသံမကြားတဲ့ အမှောင်လောကမှာသာ စမ်းတဝါးဝါး ရှင်သန်ခဲ့ရသူ ဖြစ်တယ်။ ဒါပေမဲ့ သူ့ရဲ့ မဆုတ်မနစ် ဇွဲ၊ လုံ့လနဲ့ အရှုံးမပေးတဲ့ စိတ်ဓာတ်က ထူးဆန်းအံ့ဩဖွယ်ရာတွေကို ဖန်ဆင်းပေးခဲ့ပါတယ်။

## မွေးဖွားကြီးပြင်းပုံ

၁၉၆၈ ခုနှစ် ဇွန်လ ၁ ရက်နေ့ ညနေမှာ ဟဲလင်အဒမ်စ်ကဲလားဟာ အိပ်စက်ရင်းနဲ့ ကွယ်လွန်သွားခဲ့တယ်။ သူကွယ်လွန်ချိန် အသက် (၈၇) နှစ် ဖြစ်ပါတယ်။ ကဲလားဟာ မွေးဖွားပြီး (၁၉) လသားအရွယ်ကတည်းက မျက်မမြင်၊ ဆွံ့အ၊ နားမကြားသူ ဖြစ်ခဲ့တယ်။ ဒါတောင် သူ့တစ်သက်ကို ထူးခြားဆန်းကြယ်မှုအပြည့်နဲ့ ဖြတ်သန်းခဲ့ပါတယ်။

ဟဲလင်အဒမ်စ်ကဲလားကို ၁၈၈၀ ပြည့်နှစ် အမေရိကန်နိုင်ငံ အယ်လ်ဘားမား (Alabama) ပြည်နယ်မြောက်ပိုင်းက တပ်စ်ကမ်ဘီးယား (Tuscumbia) ဆိုတဲ့မြို့မှာ မွေးဖွားခဲ့တယ်။ သူ တစ်နှစ်ခွဲသားအရွယ်မှာ အပြင်းဖျားနာခဲ့လို့ မျက်မမြင်၊ နားမကြားသူ ဖြစ်ခဲ့ရတယ်၊ တစ်ဆက်တည်းမှာပဲ စကားပြောနိုင်တဲ့ စွမ်းရည်လည်း ဆုံးရှုံးခဲ့တယ်။ အဲဒီလို အမှောင်ဘဝ အထီးကျန်ကမ္ဘာထဲမှာ

ဖြတ်သန်းရင်း စာဖတ်၊ စကားပြောတဲ့အလုပ်ကို သူ သင်ယူတတ်မြောက်ခဲ့တယ်။ အဲဒီနောက် ထူးကဲတဲ့အဆင့်နဲ့ ရက်ဒ်ကလစ်(ဖ်)ကောလိပ် (Radcliffe College) ကနေ ဘွဲ့ရခဲ့တယ်။ သူဟာ စာပေကျမ်းဂန် နှံ့စပ်သူဖြစ်တဲ့အပြင် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ လက်တင်၊ ဂရိ စတဲ့ ဘာသာစကား ၅ မျိုးတတ်တဲ့ နာမည်ကြီး စာရေးဆရာ၊ ပညာရေးပညာရှင် ဖြစ်ခဲ့တယ်။ အမေရိကန်နိုင်ငံနဲ့ ကမ္ဘာအရပ်ရပ်ကို သူ လှည့်လည်ပြီး မျက်မမြင်ကျောင်းတွေအတွက် ရန်ပုံငွေရှာခဲ့တယ်။ သူ့တစ်ဘဝလုံးကိုလည်း မျက်မမြင်သူတွေအတွက် လူမှုဖူလုံရေး အထောက်အပံ့နဲ့ ပညာရေးမှာ ပေးဆပ်ခဲ့တယ်။ နိုင်ငံတကာကပြည်သူလူထုရဲ့အားပေးထောက်ခံမှုကိုသူရခဲ့သလိုနိုင်ငံတော်တော်များများက ဆုပေးချီးမြှင့်ခြင်းကိုလည်း ခံခဲ့ရတယ်။

ဆွံ့အ၊ နားမကြားသူတစ်ယောက်အတွက် အမှောင်လောကကို ဖယ်ရှားပြီး အလင်းဆီရောက်နိုင်ဖို့ အရေးကြီးဆုံးအချက်က စာတတ်ဖို့ပဲဖြစ်တယ်။ စာတတ်ရာကနေ စာဖတ်တတ်ဖို့အထိ သာမန်လူထက် အင်အားပိုစိုက်ထုတ်ရမယ်ဆိုတာကို ကဲလား သိခဲ့တယ်။ သူဟာ လက်ညှိုးကို အသုံးပြုပြီး ဆရာမအန်နီဆာလီဗန် (Anne Sullivan) ရဲ့နှုတ်ခမ်းကို ထိပြီး လည်ချောင်းရဲ့တုန်ခါမှု၊ နှုတ်ခမ်းရဲ့လှုပ်ရှားမှုနဲ့ မျက်နှာအမူအရာကို သင်ယူခဲ့တယ်။ ဒါပေမဲ့ ဒါတွေဟာ အတိအကျ မဖြစ်ခဲ့ပါဘူး။ စကားလုံးတစ်ခု၊ ဒါမှမဟုတ် စကားတစ်ခွန်းကို ကောင်းစွာအသံထွက်နိုင်ဖို့ ကဲလား အကြိမ်ကြိမ် လေ့ကျင့်ခဲ့တယ်။ အရှုံးရှေ့မှာ သူ ဒူးမထောက်ခဲ့ပါဘူး။

ကျောင်းစနေတဲ့ (၇) နှစ်အရွယ်ကနေ Radcliffe College မှာ ကျောင်းပြီးတဲ့အထိ ၁၄ နှစ်အတွင်း ကဲလားဟာ ဆွေမျိုးသားချင်း၊ မိတ်ဆွေ အပေါင်းအသင်းနဲ့ ကျောင်းနေဖက်သူတွေဆီ စာတွေ အမြဲရေးပို့ခဲ့တယ်။ ရေးတဲ့စာတွေထဲမှာ သူ ကြားရတဲ့အရာတွေ၊ ဒါမှမဟုတ် သူ့ခံစားချက်တွေ၊

ဒါမှမဟုတ် သူနားထောင်ရတဲ့ ပုံပြင်တွေကို စိတ်ဝင်တစား ရေးသားထား ပါတယ်။

သူ့ ကောလိပ်တက်စက ပြဋ္ဌာန်းစာအုပ် တော်တော်များများမှာ မျက်မမြင်စာအုပ် မရှိခဲ့ပါဘူး။ တစ်ယောက်ယောက်က စာအုပ်ပါ အကြောင်း အရာကို သူ့လက်ပေါ် ချရေးပေးခဲ့ရပါတယ်။ ဒါကြောင့် ပညာသင်ယူဖို့ တခြား ကျောင်းသားတွေထက် သူ အချိန်တွေ ပိုပေးခဲ့ရတယ်။ တခြားကျောင်းသား တွေ ကျောင်းဝင်းပြင်ပမှာ ကစားပျော်ပါးနေချိန် သူက စာသင်ခန်းထဲမှာပဲ စာတွေကို ကြိုးစားသင်ယူနေခဲ့ရပါတယ်။

အမှောင်ထဲကနေ ကဲလား လျှောက်လှမ်းထွက်ပြီး ပညာရေးမှာ ထူးချွန်ထက်မြက်သူ ဖြစ်ခဲ့တာက သူကိုယ်တိုင် ကြိုးစားမှုအပြင် ဆရာမ ဆာလီဗန်ရဲ့ သင်ပြမှုကြောင့်လည်း ပါပါတယ်။ ကဲလားက "ကျွန်မတို့အိမ်ကို ဆရာမ ဆာလီဗန် ရောက်လာတဲ့နေ့ဟာ ကျွန်မတစ်သက်တာရဲ့ အရေးပါ ဆုံးနေ့တစ်နေ့ပါပဲ။ သူ့ကြောင့် ကျွန်မရဲ့ စိတ်ဓာတ်ခွန်အားတွေ တိုးမြင့်ခဲ့ပါ တယ်"လို့ ပြောခဲ့ပါတယ်။ ဆရာမဆာလီဗန်က ကဲလားကို စာတတ်အောင် သင်ပေးခဲ့တယ်၊ အရာဝတ္ထုတိုင်းရဲ့ အမည်ကို သိစေခဲ့တယ်၊ ပြီးတော့ "မေတ္တာတရား" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကိုလည်း သိအောင် သင်ပေး ခဲ့ပါတယ်။

ကဲလားဟာ ငယ်ငယ်က အပြင်းအထန်ဖျားနာပြီးနောက် မှုန်တေတေ၊ ရှိုင်းစိုင်းစိုင်းနေတတ်သူ ဖြစ်တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ပညာတတ် ယဉ်ကျေးသူတစ်ဦး ဖြစ်လာခဲ့တယ်။ ဒီလို ထူးခြားဆန်းကြယ်မှုထဲမှာ သူ့ကို သင်ပြတဲ့ ဆရာမရဲ့ အားထုတ်မှု၊ ပေးဆပ်မှုတွေလည်း ပါပါတယ်။ ဆရာမ ဆာလီဗန်ဟာ ကဲလားကို ဘာပဲသင်ပေး၊ သင်ပေးကောင်းတဲ့ပုံပြင်နဲ့ဥပမာပေး

သင်ကြားသလို ကဗျာတစ်ပုဒ်နဲ့လည်း ရှင်းပြတတ်တယ်။ သူက အတွေ့အကြုံ ပြည့်ဝတဲ့ ဆရာမတစ်ဦးဖြစ်တာကြောင့် ကဲလားကို အခန်းထဲ ပိတ်လှောင် ထားတာမျိုး၊ ကြက်တူရွေး နှုတ်တိုက်ရွတ်သလိုမျိုး မသင်ပေးခဲ့ပါဘူး။

ကဲလားဟာ နိုင်မြိတဲ့ဖွဲ့နဲ့ ကိုယ့်ရဲ့ခန္ဓာကိုယ်ချို့ယွင်းမှု၊ စိတ်ဓာတ် ချို့ယွင်းမှုကို အန်တုခဲ့တယ်။ မြင်းစီး၊ နှင်းလျှောလျှောစီး၊ စစ်တုရင်ထိုးတာတွေ သင်ယူပြီး ဘဝကို ကျေကျေနပ်နပ် ဖြတ်သန်းခဲ့တယ်။ ပြဇာတ်တွေကို သူ ခံစားခဲ့တယ်။ ရှေးဟောင်းပြတိုက်တွေ လှည့်လည်ကြည့်ရှုရတာကိုလည်း သူ နှစ်သက်ခဲ့တယ်။ အဲဒီထဲကနေ သင်ယူနိုင်တာတွေကို သူ သင်ယူခဲ့တယ်။ ကဲလားဟာ အသက် (၂၁) နှစ်အရွယ်မှာ ဆရာမနဲ့ ပူးပေါင်းပြီး သူ့ရဲ့ပထမဆုံး စာအုပ်ဖြစ်တဲ့ "The Story of My Life" စာအုပ်ကို ထုတ်ဝေခဲ့တယ်။ နှစ်ပေါင်း ၆၀ ကျော်အတွင်းမှာ စာအုပ်ပေါင်း ၁၄ အုပ်ကို သူ ရေးသားထုတ်ဝေ နိုင်ခဲ့တယ်။

ကဲလားဟာ ဘဝရဲ့စိန်ခေါ်မှုကို ရင်ဆိုင်ခဲ့ရတယ်။ ချစ်ခြင်းမေတ္တာနဲ့ လောကကြီးကို သူ ပွေ့ဖက်ခဲ့တယ်။ လူတကာ အံ့ဩရလောက်တဲ့ စိတ်ဓာတ် ခွန်အားနဲ့ အခက်အခဲတွေကို သူ တွန်းလှန်နိုင်ခဲ့တယ်။ အမှောင်ထဲကနေ လူ့ဘဝရဲ့အလင်းကို သူ ရှာဖွေတွေ့ရှိခဲ့တယ်။ အဲဒီနောက် ကြင်နာတဲ့ လက် အစုံကို ကမ္ဘာတစ်ခွင်ဆီ သူ ဆန့်ထုတ်ခဲ့ပါတယ်။

စိတ်ကူးအိပ်မက် မရှိသူက ဘဝဟာ ဆင်းရဲပင်ပန်းလွန်းတယ်၊ လျှောက်လှမ်းစရာ လမ်းမရှိဘူးလို့ ထင်တတ်ကြတယ်။ စိတ်ကူးအိပ်မက် ရှိသူက ကမ္ဘာကုန်ကျယ်သရွေ့ စိတ်ကူးအိပ်မက်ကို ဖြန့်ကျက်တယ်။ နည်း လမ်းတချို့ လမ်းကြောင်းတချို့နဲ့ ကိုယ့်ကြိုးစားအားထုတ်မှုကို အရင်းစိုက်ပြီး အကောင်အထည်ဖော်တယ်။ စိတ်ကူးအိပ်မက်ရဲ့အလေးနက်ဆုံးအဓိပ္ပာယ်

က လူတွေကို ဦးတည်ရာတစ်ခု ရှိစေတယ်၊ ပစ်မှတ်တစ်ခု ရှိစေတယ်။ ဘဝလမ်းကြောင်းပေါ်မှာ လူတွေကို မရေမရာ ဝေဝေဝါးဝါး မဖြစ်စေဘူး။ စိတ်ကူးအိပ်မက်က လူကို ကြီးကျယ်မြင့်မြတ်စေတယ်၊ လူတွေ ကြီးကျယ်မြင့်မြတ်ရခြင်းကလည်း စိတ်ကူးအိပ်မက်ကို လက်တွေ့ကျကျ မဖြစ်မနေ အကောင်အထည်ဖော်လို့ပဲ ဖြစ်တယ်။

* * *

# ထင်ရှားသူတို့၏ဘဝပုံပြင်

## အခန်း (၂)

လူတွေက တခြားသူကြောင့် အလဲထိုးအဖြိုခံရတာ မဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်ကြောင့် လဲပြိုရတာပါ။ အောင်မြင်မှုကို လိုချင်ရင် ကိုယ်ဟာ အသုံးကျသူတစ်ယောက်၊ လုပ်နိုင်သူတစ်ယောက်ဆိုတာကို ယုံကြည်ရတယ်။ မိမိကိုယ်ကို ယုံကြည်ခြင်းက စိတ်ဓာတ်အင်အားကို ဖြစ်စေတယ်။ ဘယ်အရာကိုမဆို ရင်ဆိုင်ရဲတယ်။ တကယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိရင် ကြောက်ရွံ့ထိတ်လန့်ပြီး ရှေ့တိုးဖို့ အင်အားလည်း ရှိမှာမဟုတ်ဘူး။ အဲဒီလို တွန့်ဆုတ်နေတဲ့ ကိုယ့်ပုံစံကို မြင်ယောင်ကြည့်ပါ။ ကိုယ့်ကိုယ်ကိုယ် လက်လျှော့၊ စွန့်လွှတ်နေသူတစ်ဦးက ကိုယ့်ဘဝကို ဘယ်လို ထိန်းကျောင်းမလဲ၊ အောင်မြင်မှုကို ဘယ်လိုဆွတ်ခူးယူမလဲ။

## ရှိနယ်ရီဂန်
*Ronald Reagan*
*(February 6, 1911 – June 5, 2004)*

*မိမိကိုယ်ကို ယုံကြည်မှုကို စွဲစွဲမြဲမြဲ လက်ကိုင်ထားပါ*

ရှိနယ်ရီဂန် (Ronald Reagan) က အမေရိကန်နိုင်ငံရဲ့ ၄၀ နဲ့ ၄၁ ဦးမြောက် သမ္မတဖြစ်တယ်။ သမ္မတသမိုင်းမှာ အသက်ကြီးမှ သမ္မတ ဖြစ်သူဖြစ်ခဲ့ပြီး သူဟာ သရုပ်ဆောင်ဘဝကနေ သမ္မတဖြစ်လာခဲ့တဲ့ တစ်ဦး တည်းသော သမ္မတဖြစ်တယ်။

### မွေးဖွားကြီးပြင်းပုံ

အမေရိကန်နိုင်ငံရဲ့ ၄၀ ယောက်မြောက် သမ္မတရီဂန်ဟာ ကိုယ့် ကိုယ်ကို ယုံကြည်မှုပြည့်ဝသူ ဖြစ်တယ်၊ သမ္မတမဖြစ်ခင်မှာ သူဟာ နာမည် သိပ်မကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်တယ်။ ဒါပေမဲ့ သူ့ရဲ့ရည်မှန်း ချက်က သမ္မတတစ်ဦးဖြစ်ဖို့ဖြစ်ပြီး လုပ်နိုင်မယ်လို့လည်း သူကိုယ်သူ ယုံကြည် ခဲ့သူ ဖြစ်တယ်၊ သာမန်သရုပ်ဆောင်တစ်ဦး ဖြစ်သော်ငြားလည်း ရီဂန်ဟာ သမ္မတလုပ်ဖို့ ရည်ရွယ်ခဲ့ပါတယ်။

ရီဂန်ဟာ အသက် (၂၂) နှစ်ကနေ အသက် (၅၄) နှစ်အထိ တီဗွီမှာ အားကစားသတင်းကြေညာသူ လုပ်ရာကနေ ဟောလီဝုဒ်မှာ ရုပ်ရှင် သရုပ်ဆောင်လုပ်ခဲ့တယ်၊ နိုင်ငံရေးနယ်ပယ်မှာ သူဟာ အစိမ်းသက်သက်ပါ။ သူဟာ လူလတ်ပိုင်း၊ လူကြီးပိုင်းအရွယ်တွေမှာ အနုပညာလောကမှာပဲ

ကျင်လည်နေခဲ့ရလို့ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ဘာအတွေ့အကြုံမှုလည်း မရှိခဲ့ပါဘူး။ တကယ်လို့ အနုပညာနယ်ပယ်ကနေ နိုင်ငံရေးနယ်ပယ်ကို သူ ပြောင်းမယ်ဆိုခဲ့ရင်တောင် ဒါဟာ အဟန့်အတားကြီးတစ်ခု ဖြစ်စေပါတယ်။ ဒါပေမဲ့ ရှိရင်းစွဲ တည်မြဲရေးဝါဒ (Conservatism) နဲ့ ရီပတ်ပလစ်ကန်ပါတီ (Republican Party) ဝင် တချို့က သူ့ကို ကယ်လီဖိုးနီးယားပြည်နယ်အစိုးရ ဝင်ရွေးဖို့ တိုက်တွန်းတဲ့အခါ ရီဂန်က ဒါအခွင့်ကောင်းအခါကောင်း ရောက် လာပြီလို့ တွေးတောပြီး အနုပညာနယ်ပယ်ကို စွန့်ခွာခဲ့ပါတယ်။

ရီဂန်ဟာ ဆင်းရဲသားမိသားစုက မွေးဖွားခဲ့သူ ဖြစ်တယ်။ နှစ်တော် တော်ကြာ ကြိုးပမ်းရုန်းကန်ပြီးမှ သမ္မတဖြစ်လာခဲ့သူ ဖြစ်တယ်။ သူဟာ လူလတ်ပိုင်းအရွယ်မှာ အသက်ကယ်သမားအဖြစ် ၇ နှစ်ကြာ လုပ်ခဲ့ဖူးပြီး လူ့ အသက်ပေါင်း ၇၇ ဦးကို ကယ်တင်ခဲ့တယ်လို့ ဆိုပါတယ်။

၁၉၃၂ ခုနှစ်မှာ ယူရက်ကာကောလိပ် (Eureka College) ကနေ စီးပွားရေးဘာသာရပ်နဲ့ သူ ကျောင်းပြီးခဲ့တယ်။ ကျောင်းမှာ ကျောင်းသားအဖွဲ့ ဥက္ကဋ္ဌအဖြစ် လုပ်ခဲ့ဖူးတဲ့ သူ့မှာ ခေါင်းဆောင်အရည်အချင်းရှိကြောင်း သိသာ စေခဲ့ပါတယ်။

၁၉၃၀ ပြည့်နှစ် အမေရိကန်နိုင်ငံမှာ စီးပွားရေးကပ်ဆိုက်ခဲ့လို့ ရီဂန် ဟာ သူရထားတဲ့ဘွဲ့နဲ့ အလုပ်ရှာမရ ဖြစ်ခဲ့တယ်။ ဒါကြောင့် အသံလွှင့်နဲ့ သရုပ် ဆောင်အလုပ်ကို သူ ရွေးခဲ့တာဖြစ်တယ်။ သူ့ရဲ့ ပထမဆုံးရုပ်ရှင်ကားက ၁၉၃၇ ခုနှစ်မှာ ရိုက်ကူးခဲ့တာ ဖြစ်တယ်။ ၁၉၆၅ ခုနှစ်အထိ အနုပညာနယ်ပယ် မှာပဲ သူ ကျင်လည်ခဲ့တယ်။

ရုပ်ရှင်သရုပ်ဆောင်ဖြစ်သည့်တိုင် ရီဂန်ဟာ နာမည်ကြီးသရုပ်ဆောင် တစ်ဦး မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့ ဟောလိဝုဒ်မှာ သရုပ်ဆောင်တစ်ဦးအဖြစ် သူ ရပ်တည်ခဲ့တုန်းက သရုပ်ဆောင်အသင်းရဲ့ ဥက္ကဋ္ဌအဖြစ် သူ ရွေးချယ်ခံခဲ့ရ

တယ်၊ အဲဒီကာမှတစ်ဆင့် အနုပညာလောကမှ သရုပ်ဆောင်သမားကနေ နိုင်ငံရေးသမား ဖြစ်လာခဲ့သူဖြစ်တယ်။

၁၉၄၉ ခုနှစ်မှာ ရီဂန်ဟာ သရုပ်ဆောင် ဂျိန်းဝိုင်မန် (Jane Wyman)နဲ့ ကွာရှင်းခဲ့ပြီး ၁၉၅၂ ခုနှစ်မှာ နန်စီဒေဗီ (Nancy Davis) နဲ့ လက်ထပ်ခဲ့တယ်၊ ဒါကြောင့်ရီဂန်ဟာ အမေရိကန်သမ္မတသမိုင်းမှာ အိမ်ထောင်ကွဲဖူးတဲ့ ပထမဆုံးသော သမ္မတဖြစ်ခဲ့တယ်။

၁၉၆၆ ခုနှစ်မှာ ကယ်လီဖိုးနီးယားပြည်နယ် အစိုးရအဖြစ် ဝင်ရွေးဖို့ ရီဂန် ဆုံးဖြတ်လိုက်ချိန်မှာ လူအများ အံ့ဩခဲ့ကြတယ်။ ဒီမိုကရက်တစ်ပါတီ (Democratic Party) ဝင် လက်ရှိပြည်နယ်အစိုးရကို သူ အနိုင်ရလိုက်ချိန် တစ်နိုင်ငံလုံးက လူတွေ အံ့ဩမှင်တက်မိကုန်ကြတယ်၊ ဒါဟာ သူ့အတွက် အိမ်ဖြူတော်ဆီသွားရာလမ်းရဲ့ အစဖြစ်တယ်။

၁၉၈၀ ပြည့်နှစ်မှာ တစ်ကြိမ် အရှုံးနိမ့်ခံရပြီးသည့်နောက် ရီဂန်ဟာ ရီပတ်ပလစ်ကန်ပါတီကနေ သမ္မတအဖြစ် ရွေးချယ်ဖို့ နာလန်ပြန်ထခဲ့တယ်၊ လက်ရှိသမ္မတ ဂျိမ်းစ်ကာတာ (James Carter) ကို သူ အနိုင်ရခဲ့တယ်။ အဲဒီမှ တစ်ဆင့် ရီပတ်ပလစ်ကန်ပါတီဝင်တွေအတွက် လွှတ်တော်မှာ နေရာအများ အပြားရအောင် လုပ်ဆောင်ပေးခဲ့တယ်။ အဲဒီနောက် အခွန်လျှော့ပေါ့ရေး၊ စစ်တပ်အသုံးစရိတ် တိုးမြှင့်ရေး၊ လမ်းများဖောက်လုပ်ခင်းကျင်းရေးတွေ ပြုလုပ်ခဲ့တယ်။ သူ့ရဲ့လျှော့ရေး၊ တိုးရေးတွေကို Reaganomics (ရီဂန်စီးပွားရေး) ရဲ့အချက်အချာလို့ သတ်မှတ်ခဲ့ကြတယ်။

၁၉၈၁ ခုနှစ်မှာ ရီဂန်လုပ်ကြံခံခဲ့ရပြီး ဒဏ်ရာအပြင်းအထန်ရခဲ့ပေမယ့် ကံကောင်းထောက်မစွာ အသက်ရှင်ခဲ့တယ်။ ၁၉၈၄ ခုနှစ်မှာ အမေရိကန် စီးပွားရေးဟာ နှစ် ၃၀ အတွင်းမှာ အကြီးမားဆုံး ယုတ်လျော့ကျဆင်းမှုနဲ့ ကြုံ

ခဲ့တယ်။ စီးပွားရေးကပ်ဆိုက်ချိန်၊ နိုင်ငံရေးဝဲဂယက်တွေ ထကြွချိန်မှာ ရီဂန်ဟာ ကံကောင်းစွာနဲ့ သမ္မတအဖြစ် ဒုတိယအကြိမ် ရွေးချယ်ခံခဲ့ရပြန်တယ်။

အများပြည်သူရဲ့ ချစ်ခင်ကြင်နာမှုကို ရီဂန် ရခဲ့တာဟာ သူ့ရဲ့ မိမိကိုယ်ကိုယုံကြည်မှု၊ အကောင်းမြင်စိတ်ဓာတ်နဲ့ ရဲစွမ်းသတ္တိရှိခြင်းတို့ကြောင့် ဖြစ်တယ်။ ရီဂန်ဟာ ၁၉၉၄ ခုနှစ်မှာ မှတ်ဉာဏ်ချို့ယွင်းရောဂါ(Alzheimer's Disease) စွဲကပ်နေပြီလို့ သိလိုက်တဲ့နောက် အမေရိကန်ပြည်သူတွေအတွက် အိတ်ဖွင့်စာတစ်စောင် ရေးခဲ့တယ်။ စာထဲမှာ သူ့ကျန်းမာရေးစစ်ချက်နဲ့အတူ "ဘဝရဲ့ဆည်းဆာချိန်ကို ကျွန်တော် စလျှောက်လှမ်းနေပါပြီ" လို့ ရေးထားပါတယ်။ ဒါဟာ ရီဂန်ရဲ့ဂန္ထဝင်မြောက်စကား ဖြစ်ခဲ့တယ်။ မကျန်းမာ နာကျင်နေချိန်မှာတောင် သူဟာ ယုံကြည်မှုမပျက်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ သတ္တိရှိရှိ ရင်ဆိုင်ခဲ့ပြီး အသက် (၉၃) နှစ် ၂၀၀၄ ခုနှစ် ဇွန်လမှာ သူ ကွယ်လွန်သွားခဲ့ပါတယ်။

အောင်မြင်လိုတဲ့ဆန္ဒက အရာရာကို ပိုင်ဆိုင်စေပါတယ်။ သိန်းငှက်တွေဟာ အတောင်ပံဖြန့်ပြီး ကောင်းကင်ထက်မှာ သူတို့ရဲ့ ကြံ့ခိုင်တဲ့ယုံကြည်မှုတွေနဲ့ ဝဲပျံခဲ့တယ်။ နိုင်ငံတော်သီချင်းက ပြိုင်ပွဲဝင်အားကစားသမားတွေကို ယုံကြည်မှုအင်အားတွေ ထည့်ပေးတယ်။ အောင်ပန်းတွေကို ဆွတ်ခူးစေတယ်။ လုပ်ငန်းရှင်တွေ အောင်မြင်ရတာက သူတို့က သူတို့ရဲ့ထုတ်ကုန်ဟာ အကောင်းဆုံးဆိုတာကို ယုံကြည်ထားလို့ဖြစ်တယ်။ အဆိုတော်တွေ အောင်မြင်ရတာက သူတို့အသံဟာ အကောင်းဆုံးလို့ သူတို့ကိုယ်သူတို့ ယုံကြည်လို့ဖြစ်တယ်။ လယ်သမားတွေဟာ မိမိကိုယ်ကို ယုံကြည်မှုနဲ့ သီးနှံအထွက်တိုးဖို့ မျှော်လင့်ခဲ့တယ်။ သိပ္ပံပညာရှင်တွေဟာ မိမိကိုယ်ကို ယုံကြည်မှုနဲ့ ဆက်သွယ်ရေးဖြိုဟ်တုတွေကို ကမ္ဘာပတ်စေခဲ့တယ်။

မိမိကိုယ်ကို ယုံကြည်မှုဆိုတာ လူတွေအောင်မြင်ဖို့အတွက် ရှေ့ဆောင်လမ်းပြ ဖြစ်တယ်။ ကိုယ့်အင်အားကို ပြည့်ဖြိုးစေတယ်။ မိမိကိုယ်ကို ယုံကြည်မှုရှိရင် ဖြတ်ကျော်မရနိုင်တဲ့ ချောက်ကမ်းပါးဆိုတာ မရှိတော့ဘူး။ ကျော်လွှားလို့မရနိုင်တဲ့ ပြဿနာအခက်အခဲဆိုတာ မရှိတော့ဘူး။ မိမိကိုယ်ကို ယုံကြည်မှုက ကလောင်တစ်ချောင်းနဲ့ တူတယ်၊ ကိုယ့်ဘဝအောင်မြင်မှုကို စာမျက်နှာတစ်ရွက်ပြီးတစ်ရွက် ရေးနိုင်တယ်၊

မိမိကိုယ်ကို ယုံကြည်မှုက အလင်းတန်းနဲ့ တူတယ်၊ ရှေ့ဆက်မယ့် ဦးတည်ရာကို လမ်းညွှန်ပေးတယ်။

မိမိကိုယ်ကို ယုံကြည်မှုက ထယ်တစ်စုနဲ့ တူတယ်၊ ကိုယ့်အတွက် လှပတဲ့ လယ်ယာမြေတောကို ထွန်ယက်ပေးတယ်။

မိမိကိုယ်ကို ယုံကြည်မှုက မီးနဲ့တူတယ်၊ ကိုယ့်ရင်ထဲက မျှော်လင့်ချက်ကို လောင်ကျွမ်းလင်းလက်စေတယ်၊

ကိုယ့်စိတ်ထဲက သံသယအရိပ်တွေကို ဖယ်ရှားပစ်ပြီး မိမိကိုယ်ကို ယုံကြည်လိုက်စမ်းပါ။ မိမိကိုယ်ကိုယုံကြည်မှုက သင့်ကို အောင်မြင်စေမယ့် မျှော်လင့်ချက်ဖြစ်တယ်။

* * *

# ရောဘတ်မန်ဒဲလ်

*Robert Mundell*

*(October 24, 1932)*

## *မိမိကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ ကိုယ့်လမ်းကိုယ်လျှောက်*

ဘဏ်ချေးငွေနဲ့ ကျောင်းတက်ခဲ့ရသူ၊ ကမ္ဘာ့ဘဏ္ဍာရေးဖွဲ့စည်းပုံကို အကျိုးသက်ရောက်စေခဲ့သူ၊ စီးပွားရေးနိမိတ်ဖတ်သူ၊ ယူရိုငွေရဲ့ဖခင်လို့ တင်စားခံခဲ့ရသူ၊ သူက ရောဘတ်မန်ဒဲလ် (Rbert Mundell) ပဲ ဖြစ်ပါတယ်။

### မွေးဖွားကြီးပြင်းပုံ

ရွှေဝါရောင်ဆံပင်၊ မျက်ဝန်းပြာပြာ၊ ထူထဲတဲ့ မေးနှစ်ထပ်ရှိသူက ၁၉၉၉ ခုနှစ်က စီးပွားရေးနိုဘယ်လ်ဆုရခဲ့တဲ့ ရောဘတ်မန်ဒဲလ်ပဲ ဖြစ်ပါတယ်။

ယူရိုငွေမွေးဖွားလာပုံက ရောဘတ်မန်ဒဲလ်ရဲ့စိတ်ကူးက စတာဖြစ်တယ်။ တကယ်လို့ ကမ္ဘာကကောင်း တညီတညွတ်တည်း သတ်မှတ်ထားတဲ့ ဈေးကွက်တစ်ခုရှိရင် နေရာဒေသတစ်ခုမှာ တူညီတဲ့ ငွေကြေးတစ်မျိုးတည်းကိုပဲ သုံးသင့်တယ်လို့ သူ တွေးခဲ့မိတယ်။ နိုင်ငံတစ်နိုင်ငံ ငွေကြေးတစ်မျိုးစီ သုံးတာမျိုးမဟုတ်ဘဲ မတူတဲ့ငွေလဲနှုန်းတွေနဲ့လည်း လဲစရာမလိုအောင် လုပ်ဆောင်နိုင်ဖို့ သူ စဉ်းစားခဲ့မိတယ်။ စစချင်းမှာ သူ့ရဲ့ ဒီရဲဝံ့တဲ့ စိတ်ကူးကို မဖြစ်နိုင်တဲ့ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်လို့ မန်ဒဲလ်ကို လူတွေ ဝေဖန်ပြစ်တင်ခဲ့ကြတယ်။ သူ့ရဲ့အတွေး ထူးခြားနေလို့ လူတွေက သူ့ကို ရူးနေပြီလို့လည်း ပြောခဲ့ကြတယ်။

လူတွေရဲ့အပြောကို မန်ဒဲလ် စိတ်ထဲမထားခဲ့ပါဘူး။ သူ့ရဲ့အတွေး စိတ်ကူးက အဲဒီခေတ်မှာ တစ်မူထူးခြားတာ မှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမိုင်းမှာ ငွေကြေးကို နိုင်ငံတစ်နိုင်ငံ၊ ဒါမှမဟုတ် လူမျိုးတစ်မျိုးရဲ့ကိုယ်စားပြု လို့ သတ်မှတ်ထားခဲ့လို့ ဖြစ်တယ်။ ဒါပေမဲ့ မန်ဒဲလ်ရဲ့အတွေးက စီးပွားရေး ရှုထောင့်ကနေ တွေးတဲ့အတွေးဖြစ်တယ်။ တကယ်လို့တစ်ကမ္ဘာလုံးငွေကြေး တစ်မျိုးတည်းကိုပဲ တညီတညွတ်တည်းသုံးကြရင် ငွေကြေးလှည့်ပတ်မှုတွေ ပိုကောင်းမွန်လာနိုင်မယ်လို့ သူက တွေးထင်တာဖြစ်တယ်။

မန်ဒဲလ်ရဲ့ထူးခြားတဲ့အတွေးက ကြာလေ သတင်းမွှေးလေ ဖြစ်လာ ခဲ့တယ်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းကစပြီး သူ့ကို နိုဘယ်လ်ဆုရှင်အဖြစ် အကြိမ်ကြိမ်စန့်မှန်းခံခဲ့ရတယ်။ ၁၉၉၉ ခုနှစ်ရောက်မှသူတကယ်ရွေးချယ်ခံခဲ့ရပါ တယ်။ ဆုလက်ခံရယူချိန်မှာနယူးယောက်သတင်းစာ ခေါင်းကြီးပိုင်းသတင်းမှာ သူ့ကို "ကနေဒါဖွားထူးဆန်းသောစီးပွားရေးပညာရှင်" ဆိုပြီး ဖော်ပြခဲ့ပါတယ်။

မန်ဒဲလ်ရဲ့ "ထူးဆန်းမှု" နဲ့ ပတ်သက်ပြီး ပြောစမှတ်ဖြစ်စရာ ပုံပြင် ၃ ပုဒ်ရှိခဲ့တယ်။ ပထမတစ်ပုဒ်က သူဟာ အရင်က အမေရိကန် Econometrics ပညာရှင်အဖြစ် အရွေးခံရခဲ့ဖူးတယ်။ ဒါပေမဲ့ အကြောင်းကြားစာကို မဖောက် ဖတ်ခဲ့လို့ (သူဟာ စာဖောက်ဖတ်ရပျင်းသူ ဖြစ်တယ်) ဒီအကြောင်းကို သူ လုံးဝမသိခဲ့ဘူး။ ဒုတိယတစ်ပုဒ်က သူ့ကိုအမေရိကန်စီးပွားရေးအသင်းအဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့တယ်။ ဒါပေမဲ့ ရာထူးအပ်နှင်းတဲ့ အခမ်းအနားပွဲကို သူ မေ့ပြီး မတက်ရောက်ခဲ့လို့ သူ့ရဲ့ဟောပြောမှုကို စောင့်နားထောင်နေတဲ့ လူတွေနဲ့သာ အခမ်းအနား ကျင်းပခဲ့ရတယ်။ တတိယတစ်ပုဒ်က ချီကာဂို တက္ကသိုလ်ရဲ့ "နိုင်ငံစီးပွားရေးသတင်းစာ" မှာ သူဟာ တည်းဖြတ်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ ဒါပေမဲ့ စာမူတွေကို ဖတ်ရမှာပျင်းပြီး စာတွေ

ပြန်ရမှာပျင်းလို့ ဒီနာမည်ကြီးတက္ကသိုလ်သတင်းစာလည်း နောက်ဆုံးမှာ ဖျက်သိမ်းခြင်း ခံခဲ့ရတယ်။

မန်ဒဲလ်ရဲ့နှစ်သက်မှုကလည်း များလွန်းပါတယ်။ သူဟာ တင်းနစ်ကစားတာ၊ မြင်းစီးတာကို ကြိုက်သလို သီချင်းဂီတကိုလည်း နှံ့မင်သူဖြစ်တယ်။ ချက်ထိုးရတာ ဝါသနာပါသလို ပိုကာဆွဲရတာကိုလည်း နှစ်သက်သူဖြစ်တယ်၊ သူဟာ နိုဘယ်လ်ဆုနှင်းသဘင်မှာ သီချင်းသီဆိုခဲ့တဲ့ တစ်ဦးတည်းသော နိုဘယ်လ်ဆုရှင်လည်း ဖြစ်တယ်။ နိုဘယ်လ်ဆုအပ်နှင်းပွဲ အခမ်းအနားတုန်းက နိုဘယ်လ်ဆုရှင် ၅ ဦးရှိခဲ့တယ်၊ လူတိုင်း ၂ မိနစ်မှ ၃ မိနစ်အထိ အမှာစကားပြောကြားရမှာဖြစ်တယ်။ ဧည့်ပရိသတ် ၁၅၀၀ ကျော်ကလည်း ဝတ်စားဆင်ယင်မှု သေသေသပ်သပ်နဲ့ အခမ်းအနားကို တက်ရောက်ခဲ့ကြတယ်။ အားလုံးက တည်ကြည်လေးနက်နေလို့ မန်ဒဲလ်က လူတွေဟာ ဘာကြောင့်ပေါ့ပေါ့ပါးပါး ဖြစ်မနေကြသလဲလို့ တွေးပြီး ပရိသတ်အများရှေ့မှာ "ငါ ချစ်ခဲ့ဖူးတယ်၊ ငါ ရယ်ခဲ့ဖူးတယ်၊ ငါ ငိုခဲ့ဖူးတယ်၊ ငါ ဆုံးရှုံးတဲ့အရသာကို ခံစားခဲ့ရဖူးတယ်၊ မျက်ရည်တွေ ငါ့မျက်စိကို မှုန်ဝါးသွားစေတဲ့အခါ ငါ ရယ်ချင်မိပြန်တယ်၊ လူအများရဲ့အကြည့်မှာ ငါ့ရဲ့အောင်မြင်မှုက သိသာထင်ရှားတယ်၊ ဒါတောင် ငါက ရက်ရွံ့ရွံ့နဲ့ သီဆိုချင်တယ်၊ မဟုတ်ဘူး ငါဟာ ဘာမှမဟုတ်ဘူး၊ ငါဟာ ငါ့လမ်းကို လျှောက်နေသူတစ်ယောက်သာ" လို့ အော်ဆိုခဲ့တယ်။

ရောဘတ်မန်ဒဲလ်က စိတ်ကူးဉာဏ်ရှိသူဖြစ်သလို သူ့စိတ်ကူးအတိုင်း ဖွဲ့ရှိရှိနဲ့ ကြိုးစားလုပ်ဆောင်ခဲ့သူ ဖြစ်တယ်။ ကိုယ့်စိတ်ကူးကို အကောင်အထည်ဖော်ခဲ့သူ ဖြစ်တယ်၊ အင်တာဗျူးမေးခွန်းတိုင်းမှာ စကားတစ်ခွန်းကို သူ အထပ်ထပ်ပြောလေ့ရှိတယ်၊ အဲဒီ သူပြောတဲ့ "ကိုယ့်လမ်းကိုယ်လျှောက်"

ဆိုတဲ့စကားက လူအများကိုလည်း မှတ်မိစွဲမြဲစေခဲ့တဲ့ စကားတစ်ခွန်း ဖြစ်ခဲ့တယ်။

လူတိုင်းမှာ မိမိနဲ့သက်ဆိုင်တဲ့ လမ်းတစ်လမ်းတော့ ရှိကြတယ်၊ အဲဒီလမ်းကို ကိုယ်တိုင်ရှာဖွေယူမှ ရတယ်။ တကယ်လို့ အဆင်ပြေအောင်ဆိုပြီး တခြားသူ လျှောက်ထားတဲ့လမ်း၊ တခြားသူနောက် လိုက်လျှောက်ရင် လူတွေဆီက သစ်ပင်ခုတ်သင်တဲ့ မျောက်လိုပဲ … လူတွေရဲ့နောက်ကနေရင်း သစ်ကိုင်းကြားမှာ အမြီးညှပ်နေခဲ့လို့ နောက်ဆုံးမှာ လူတွေရဲ့ဖမ်းဆီးတာကို ခံလိုက်ရတယ်၊

အီတလီကဗျာဆရာ ဒန်တီအလစ်ဟီရီ (Dante Alighieri) က ဒီလိုပြောဖူးတယ်၊ "ကိုယ့်လမ်းကိုယ်လျှောက်ပါ၊လူတွေပြောချင်ရာပြောပါစေ" တဲ့။ သင့်လမ်းကို သင် ရှာတွေ့သွားတဲ့အခါ အဲဒီလမ်းဟာ ချောမွေ့ချင်မှ ချောမွေ့မယ်၊ ဆူးပြောင့်၊ ခလုတ်တံသင်းတွေနဲ့လည်း ပြည့်နက်နိုင်တယ်၊ ဒီလမ်းကို သင် ဖြတ်ကျော်ဖို့လုပ်တဲ့အခါ သင့်ဘေးက သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေက သင့်ကို ဒီလမ်းမဖြတ်ဖို့၊ လက်လွှတ်လိုက်ဖို့ တားရင်တားကြမယ်။ ဒါမှမဟုတ် ဖြတ်ကျော်ပါလို့ အားပေးရင်လည်း ပေးကြမယ်၊ သင့်အပေါ် မကောင်းတဲ့လူက သင့်ကို လှောင်ပြောင်မယ်၊ တိုက်ခိုက်မယ်၊ ပြောကြဆိုကြမယ်။ ဒီလိုအဖြစ်မျိုးနဲ့ ကြုံလာတဲ့အခါ မိမိကိုယ်ကို ယုံကြည်မှုကို သင် ပိုဆုပ်ကိုင်ထားရပါမယ်၊ တခြားသူရဲ့စကားတွေကြောင့် ကိုယ့်နဂိုမူလရည်ရွယ်ချက်ကို မပျက်ပြားစေပါနဲ့၊ ဒီလမ်းဟာ သင် ရွေးချယ်တဲ့လမ်းလို့ သင့်ကိုယ်သင် ယုံကြည်ရင် မတွန့်မဆုတ်နဲ့ ရဲရဲသာလျှောက်ပါ။ နောက်ဆုံးမှာ သင်နဲ့ သက်ဆိုင်တဲ့လမ်းကို သင် အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်ပါလိမ့်မယ်၊

* * *

# ဂျော့ချ်ဝါရှင်တန်

*George Washington*

*(February 22, 1732 – December 14, 1799)*

## *တတယ်သန်စွမ်းသူ ဖြစ်အောင်လုပ်*

ဂျော့ချ်ဝါရှင်တန် (George Washington) ဟာ အမေရိကန်နိုင်ငံရဲ့ ပထမဦးဆုံးသော သမ္မတဖြစ်တယ်။ သူဟာ အမေရိကန် လွတ်လပ်ရေး တိုက်ပွဲမှာ ကြည်းတပ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အမေရိကန် လွတ်လပ်ရေးအတွက် ပါဝင်ခဲ့သူဖြစ်တယ်။ အမေရိကန်လွတ်လပ်ရေးအတွက်၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက်၊ အခြေခံဥပဒေ တည်ဆောက်ရေး အတွက်၊ ပြည်ထောင်စုအစိုးရ တောင့်တင်းခိုင်မာရေးအတွက် တစ်တပ် တစ်အားပါဝင်ခဲ့သူဖြစ်တယ်။ ဒါကြောင့် အမေရိကန်ပြည်သူက သူ့ကို တလေး တစားနဲ့ "ပြည်ထောင်စုဖခင်" လို့ တင်စားခဲ့ကြတယ်။

### မွေးဖွားကြီးပြင်းပုံ

(၁၀) နှစ်အရွယ် ဂျော့ချ်ဝါရှင်တန်ဟာ ရွယ်တူကလေးတွေထက် အရပ်နိမ့်သူတစ်ဦးဖြစ်တယ်။ ခန္ဓာကိုယ်သေးငယ်ပြီး နောက်တောက်တောက် ရှိတဲ့အတွက် တခြားကလေးတွေရဲ့ အနိုင်ကျင့်တာကို သူ အမြဲခံခဲ့ရတယ်။ သူ တစ်ပါးကို စနောက်တတ်တဲ့ သူ့အကျင့်ဆိုးကို မိခင်ဖြစ်သူကလည်း သိထားပါ တယ်။ တစ်ခါက ကျောင်းမှာ အနိုင်ကျင့်ခံရတဲ့ ဝါရှင်တန်ဟာ အိမ်ရောက်

တော့ မိခင်ကို တိုင်ပါတယ်။ မိခင်က သူ့ကို "ဘယ်သူမှ ချွေးသေတစ်ကောင်ကို ကန်ချင်မှာမဟုတ်ဘူး" လို့ပဲ ပြောခဲ့တယ်။

ဝါရှင်တန်ရဲ့ ဘိုးဘေးတွေက အင်္ဂလိပ်လူမျိုးဖြစ်တယ်။ အင်္ဂလန် ပထမချားစ်ဘုရင် (King Charles I) ကို ပုန်ကန်ခဲ့တဲ့အတွက် ၁၆၅၅ ခုနှစ်မှာ အမေရိကန်နိုင်ငံ ဗာဂျီးနီးယား (Virginia) ကို ပြောင်းရွှေ့ခဲ့တာ ဖြစ်တယ်။ ဗာဂျီးနီးယားမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်ခဲ့တယ်။ ဝါရှင်တန်ရဲ့ ဖခင် အော်ဂတ်စတင်း ဝါရှင်တန် (Augustine Washington) က ဗာဂျီးနီးယားပြည်နယ် ဝက်စ်မိုးလန်း (Westmoreland) အရပ်မှာ မြေပိုင်ရှင်ကြီး ဖြစ်တယ်။ ၁၇၃၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ ဝါရှင်တန်ကို ဝက်စ်မိုးလန်းမှာ မွေးဖွားခဲ့တာ ဖြစ်တယ်။ သူ့ရဲ့ ငယ်ဘဝကို လူပတဲ့ ဝက်စ်မိုးလန်းမှာပဲ ဖြတ်သန်းခဲ့တယ်။ နောက်တော့ ဖခင်ရဲ့သံသတ္တုလုပ်ငန်းတွေကြောင့် ဖခင်နဲ့အတူ နေရာအနှံ့ သူ လှည့်ပတ်ပြောင်းရွှေ့ခဲ့ရတယ်။

ဝါရှင်တန်ရဲ့မိခင် မေရီက ဖခင်ဝါရှင်တန်ရဲ့ ဒုတိယဇနီး ဖြစ်တယ်။ သားသမီး ၅ ယောက်ရှိတဲ့အနက် ဝါရှင်တန်က အကြီးဆုံးသားဖြစ်တယ်။ ဖခင်ဝါရှင်တန်ရဲ့ ပထမဇနီးမှာ သားသမီး ၄ ယောက်ရှိတယ်။ သူတို့အားလုံး မိသားစုကြီးတစ်စုအဖြစ် အတူနေခဲ့ကြတယ်။ ဝါရှင်တန်ဟာ ဗာဂျီးနီးယားရဲ့ လူ့ကြီးလူကောင်းတစ်ဦးဖြစ်ဖို့ ငယ်ငယ်လေးတည်းက မြင်းစီးသင်တယ်။ အမဲလိုက်သင်တယ်။ ရဲရင့်သန်စွမ်းတဲ့ စိတ်ဓာတ်ရှိအောင် ပြုစုပျိုးထောင်ခဲ့တယ်။

ဝါရှင်တန်ရဲ့ ဒီလိုစိတ်ဓာတ်ကို မိခင်က သဘောကျတယ်။ အဘက်ဘက်က အောင်မြင်သူဖြစ်ချင်ရင် ကြံ့ခိုင်သန်စွမ်းမှုနဲ့ ဖွံ့ဖြိုးသတ္တိရှိရတယ်ဆိုတာကို မိခင်က သိတယ်။ နောက်ပိုင်းမှာ ဝါရှင်တန်က မိခင်ပြောခဲ့တဲ့ "ဘယ်သူကမှ ချွေးသေတစ်ကောင်ကို ကန်ချင်မှာမဟုတ်ဘူး" ဆိုတဲ့ စကားကို ပြန်ပြောင်း

ပြောရာမှာ ဒီစကားရဲ့အနက်အဓိပ္ပာယ်က "တကယ်လို့ လူတစ်ယောက်မှာ အသိပညာမရှိဘူး၊ တိုက်ခိုက်ရဲတဲ့အရည်အချင်း မရှိဘူးဆိုရင် အဲဒီလူကို ဘယ်သူမှအဖက်လုပ်ချင်မှာမဟုတ်ဘူး" လို့ဆိုခဲ့တယ်။ တကယ့်သန်စွမ်းသူ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ သဘောတရားကို နှစ်တော်တော်ကြာမှာ ဝါရှင်တန် သဘောပေါက် နားလည်ခဲ့တယ်။

ငယ်ရွယ်စဉ်က ဝါရှင်တန်ရဲ့စိတ်ဝင်စားမှုက သင်္ချာဘာသာရပ်မှာ ဖြစ်တယ်။ ငယ်ငယ်လေးကတည်းက သူဟာ စာရင်းမှတ်တာ၊ ငွေကြေးတစ်ပြား တစ်ချပ် ကွာဟမှုမရှိအောင် တွက်ချက်မှတ်သားတဲ့ အကျင့်ရှိခဲ့တယ်။ သူ (၁၆) နှစ်အရွယ်မှာ မြေတိုင်းရုံးမှာ အလုပ်ဝင်လုပ်ခဲ့တယ်။ လယ်ယာမြေ တိုင်းတာမှုမှာ အမှားအယွင်း လုံးဝမရှိအောင် သူ လုပ်ဆောင်ခဲ့တယ်။ မိခင်က ဝါရှင်တန်ရဲ့တိကျမှု၊ စည်းစနစ်ကြီးမှုအတွက် ဝမ်းသာခဲ့တယ်၊ အလုပ်အကိုင် ကြီး လုပ်ဆောင်မယ့်သူလို့လည်း သူ့ကို ချီးကျူးထောပနာ ပြုခဲ့တယ်။

၁၇၅၃ ခုနှစ်မှာ ဗာဂျီးနီးယားပြည်နယ်ဟာ ပြင်သစ်တို့ရဲ့တိုက်ခိုက် မှုကို ခံခဲ့ရတယ်။ စစ်ဖြစ်တော့ ဝါရှင်တန် စစ်တပ်ထဲဝင်ခဲ့တယ်။ သူ (၂၂) နှစ် အရွယ်မှာ ကြည်းတပ်ရဲ့ဗိုလ်မှူးကြီးဖြစ်လာခဲ့ပြီး စစ်အတွင်းမှာ ဗာဂျီးနီးယား စစ်တပ်တစ်ခုလုံးကို ဦးဆောင်ကွပ်ကဲသူ ဖြစ်ခဲ့တယ်။

စစ်တပ်ကို ဝါရှင်တန် ကွပ်ကဲအုပ်ချုပ်ခဲ့ချိန်မှာ မိခင်က သားအတွက် ပျော်လင့်ချက်မမဲ့ဘဲ စိတ်မပျက်ခဲ့သလို သားရဲ့အောင်မြင်မှုအတွက်လည်း ဝုဏ်ယူဝင့်ကြွားတာ မရှိခဲ့ဘူး။ တစ်နေ့မှာ ဝါရှင်တန် စစ်ပွဲနိုင်ခဲ့ကြောင်းကို မိတ်ဆွေတချို့က မိခင်ဆီ သတင်းပို့တယ်။ မိခင်က "မိတ်ဆွေများ . . . ကျွန်မ သားကို မချီးကျူး၊ ဝမ်းမသာကြပါနဲ့၊ ကျွန်မရဲ့စကားကို သူ မှတ်သားထား နိုင်ဖို့ပဲ ကျွန်မ မျော်လင့်ပါတယ်၊ သူဟာ အမေရိကန်နိုင်ငံရဲ့သာမန်ပြည်သူ

တစ်ဦးဆိုတာ မမေ့ဖို့ ပြောပေးပါ။ ဘုရားသခင်က သူ့ကို တခြားသူထက် ပိုကံကောင်းအောင် လုပ်လိုက်တာလေးတစ်ခုပါပဲ” လို့ ဆိုခဲ့တယ်။

၁၇၅၈ ခုနှစ်မှာ ဝါရှင်တန်တစ်ယောက် စစ်တပ်ကနေ အနားယူခဲ့တယ်၊ ဗားဂျီးနီးယား လွှတ်တော်အမတ်အဖြစ် သုံးကြိမ်တိုင်တိုင် ဝင်ပြိုင်ပြီး နောက် အရွေးခံခဲ့ရတယ်။ မိတ်ဆွေတချို့က ဝါရှင်တန်ရဲ့မိခင်ကို ဝါရှင်တန် ဒီလိုသတ္တိရှိတဲ့ ခေါင်းဆောင်ဖြစ်လာအောင် ဘယ်လိုပြုစုပျိုးထောင်ခဲ့သလဲ မေးခဲ့တယ်။ မိခင်က “သန့်စွမ်းသူတစ်ယောက် ဖြစ်အောင်လုပ်လို့ပဲ သူ့ကို ကျွန်မ သင်ပေးခဲ့တယ်” လို့ ပြောခဲ့တယ်။

အမေရိကန် လွတ်လပ်ရေးစပြီဆိုတဲ့ သတင်းကိုကြားတော့ အင်္ဂလိပ် စစ်တပ်က အမေရိကန်မြောက်ပိုင်းကို ဝင်ရောက်ခဲ့ပြန်တယ်။ အမေရိကန် လွတ်လပ်ရေးတိုက်ပွဲ စတင်ခဲ့ပြန်တယ်၊ စစ်ပွဲအတွင်း ဝါရှင်တန်ရဲ့ အရေးကြီးတဲ့ ဦးဆောင်ညွှန်ကြားမှုကို လူအများ လက်ခံခဲ့ကြတယ်။ မှားယွင်းတဲ့ ညွှန်ကြားမှုမျိုးကို သူ လုပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီအမှားထဲကနေ သူ သင်ခန်းစာယူခဲ့ပြီး စစ်တပ်ကို အင်အားပိုကြီးအောင် သူ လုပ်ဆောင်ခဲ့ပါတယ်။ ဝါရှင်တန်ရဲ့ ပေးဆပ်မှု၊ မတူထူးခြားတဲ့ စစ်နည်းဗျူဟာ၊ ဖွဲ့စည်းမှုစွမ်းအား၊ ခိုင်မာတဲ့ ဦးဆောင်ညွှန်ကြားမှု အံ့ရည်အချင်းနဲ့ ၈ နှစ်တိုင်တိုင် အမေရိကန် စစ်တပ်ကို ဦးဆောင်ပြီး လွတ်လပ်ရေးတိုက်ပွဲ ဝင်ခဲ့တယ်။ နောက်ဆုံးမှာ အောင်မြင်မှုကို သူတို့ ဆွတ်ခူးနိုင်ခဲ့ပါတယ်။

၁၇၈၃ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှာ အင်္ဂလိပ်နဲ့အမေရိကန် တို့ ပဲရစ်သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြပြီး အမေရိကန် လွတ်လပ်ရေးရပြီ ဖြစ်ကြောင်း အင်္ဂလိပ်တို့ အသိအမှတ်ပြုခဲ့ကြတယ်။ အဲဒီအချိန်မှာ ဝါရှင်တန်က ဗိုလ်မှူးကြီးရာထူးက နုတ်ထွက်ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ အသက်မွေးဖို့ သူ

ဒေသကို ပြန်ခဲ့တယ်။ အဲဒီနှစ် ခရစ္စမတ်မတိုင်ခင်ညမှာပဲ Mount Vernon ဆီသို့ ပြန်ရောက်ခဲ့ပါတယ်။

မိမိကိုယ်ကို ယုံကြည်တဲ့ စွမ်းရည်က ဝါရှင်တန်ကို ရှေ့သို့မပြတ်တွန်းပို့ခဲ့တယ်။ အမှားထဲကနေ သင်ခန်းစာတွေယူပြီး အောင်မြင်မှုဆီ လှမ်းခဲ့တယ်။ သူ့ရဲ့အောင်မြင်မှုက သူ့ရဲ့သန်စွမ်းမှုနဲ့ ယုံကြည်မှုကြောင့်ဖြစ်တယ်။

ဒီကမ္ဘာမြေပေါ် မွေးဖွားလာသူတိုင်းဟာ အသုံးကျသူတွေ ဖြစ်တယ်။ ဇာကြမ္မာက သင့်ကို ဘယ်လိုပဲ အကြိမ်ကြိမ် လှည့်စားဖြားယောင်းပါစေ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရင်၊ တိုးတက်လိုစိတ်၊ အကောင်းမြင်စိတ် မွေးနိုင်ရင် အောင်မြင်ခြင်းက မနေးမမြန် သင့်လက်ထဲရောက်လာမှာ ဖြစ်တယ်။ ဒါပေမဲ့ မိမိကိုယ်ကိုယုံကြည်မှုကလည်း အကန့်အသတ်ရှိတယ်။ ယုံကြည်လွန်းရင်လည်း မာန်တက်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်ဝင်တတ်တယ်။ သူတစ်ပါးကို အထင်သေးစိတ် ဝင်တတ်တယ်။ ဒီလိုဆိုရင် ရှုံးနိမ့်ခြင်းဘက်ကိုပဲ သင် ဦးတည်နေလိမ့်မယ်။

လူ့ဘဝမှာ အခက်အခဲမျိုးစုံကို မကြာခဏ ကြုံရတတ်တယ်။ လက်တွေ့ဖြစ်ပျက်နေတာကို သတ္တိရှိရှိ ရင်ဆိုင်ရဲမယ်၊ မရှောင်ပြေး မပုန်းခိုဘူး၊ တွေးရဲလုပ်ရဲ ရင်ဆိုင်ရဲသူက သန်စွမ်းသူဖြစ်တယ်။ မိမိကိုယ်ကို ယုံကြည်မှုနဲ့ သန်စွမ်းမှုပေါင်းစပ်တဲ့ အင်အားဟာ အောင်မြင်မှုကို အဝေးမပြေးစေနိုင်ပါဘူး။

* * *

# လုဒ်ဝစ်ဗန်ဘီသိုဗင်

*Ludwig Van Beethoven*

*(17 December 1770 – 26 March 1827)*

## အရှုံးမပေးတဲ့စိတ်ဓာတ်

လုဒ်ဝစ်ဗန်ဘီသိုဗင် (Ludwig Van Beethoven) ဟာ ကမ္ဘာ့ဂီတသမိုင်းမှာ ကြီးကြယ်မြင့်မြတ်တဲ့ ဂီတပညာရှင်တစ်ဦး ဖြစ်တယ်၊ သူ့ရဲ့ဖန်တီးမှုတွေက သူ့ရဲ့ကြီးမြတ်တဲ့စရိုက်လက္ခဏာကို ဖော်ဆောင်ခဲ့ပါတယ်။ ဘီသိုဗင်ရဲ့ဂီတတွေဟာ အဲဒီခေတ်အချိန်အခါက ပြည်သူလူထုရဲ့နာကျင်မှု၊ ပျော်ရွှင်မှု၊ ရုန်းကန်လှုပ်ရှားမှုနဲ့ အောင်မြင်မှုကို ထင်ဟပ်ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ဂီတက လူတွေကို အားပေးမှု၊ ဖေးမမှုတွေ ပေးနိုင်ခဲ့တယ်၊ ဒီကနေ့အချိန်အထိ သူ့ဂီတက လူတွေကို ချစ်ခင်နှစ်သက်မှုနဲ့ လှုံ့ဆော်မှုကို ပေးနိုင်တုန်းဖြစ်တယ်။

### မွေးဖွားကြီးပြင်းပုံ

ဘီသိုဗင် ငယ်စဉ်ကတည်းက သူ့ရဲ့ဂီတပါရမီကို ထုတ်ဖော်နေခဲ့ပြီဖြစ်တယ်။ မွေးရာပါ ပါရမီမှာ ကြိုးစားရုန်းကန်မှုတွေ ထပ်ပေါင်းခဲ့လို့ သူ့ရဲ့အဆင့်က မြင့်သထက်မြင့်ခဲ့တယ်၊ သူ့ဆရာကတောင် သူ့ကို အံ့ဩခဲ့ရတယ်။ ဘီသိုဗင်ဟာ (၁၂) နှစ်အရွယ်ကတည်းက နန်းတော်တွင်းမှာ စန္ဒရားနဲ့အော်ဂင်ဆရာအဖြစ် ခန့်အပ်ခံခဲ့ရလို့ အိမ်ရဲ့စားဝတ်နေရေးတာဝန်ကို ပခုံးထမ်းခဲ့တယ်။ ကြီးလေးတဲ့ မိသားစုတာဝန်ကြောင့် ဘီသိုဗင်ဟာ

ပိုကြိုးစားပြီး သင်ယူခဲ့တယ်။ အလုပ်လုပ်ခဲ့တယ်။ ညဥ့်နက်သန်းခေါင်အထိ နွမ်းလျတဲ့ခန္ဓာကိုယ်နဲ့ အမြဲအိမ်ပြန်ခဲ့ရတယ်။ အရွယ်နဲ့ မလိုက်အောင် ဝန်တွေ ထမ်းပိုးခဲ့ရတယ်။

နန်းတော်တွင်းမှာ ဘီသိုဘင် အလေးထားခံရပေမယ့် သူ မတင်းတိမ်ခဲ့ဘူး။ ၁၇၈၇ ခုနှစ်မှာ ဘီသိုဘင်ဟာ ဗီယင်နာ (Vienna) မြို့သွားပြီး မိုဇတ် (Mozart) ဆီမှာ တပည့်သွားခံခဲ့တယ်။ ဒါပေမဲ့ ကံမကောင်းစွာနဲ့ သူ့ မိခင် နာမကျန်းဖြစ်လို့ အိမ်ပြန်ခဲ့ရတယ်။ သိပ်မကြာပါဘူး။ သူ့မိခင် ကွယ်လွန်သွားခဲ့တယ်။

ဒါဟာ ဘီသိုဘင်ကို အရမ်းတုန်လှုပ်စေခဲ့တယ်။ မိသားစု ဆုံးရှုံးရတဲ့ဝေဒနာနဲ့ ရည်မှန်းချက်ဖြစ်မြောက်ဖို့အတာက်ဘက်က ဖိအားတွေကြောင့် ဘဝရဲ့ ခါးသီးမှုတွေကို ဘီသိုဘင် ခံစားခဲ့ရတယ်။ ဒါပေမဲ့ ဘီသိုဘင်ဟာ အသက်ငယ်ငယ်နဲ့ ခါးသီးတဲ့ ဘဝတံခါးကို သတ္တိရှိရှိ တွန်းဖွင့်ပြီး ရှေ့ကို ကြံ့ကြံ့ခံ ဆက်လှမ်းခဲ့တယ်။

ဘီသိုဘင်ရဲ့ ကြိုးစားမှုကြောင့် အောင်မြင်မှုနဲ့ နာမည်ကောင်းကို ရခဲ့တယ်။ သူ့ကို တဖြည်းဖြည်း လူသိများလာခဲ့တယ်။ အဲဒီအချိန်မှာပဲ သူ့ဘဝ ကံဆိုးမိုးမှောင်ကျခဲ့တယ်။ နားထိုင်းတဲ့ဝေဒနာကို သူ ခံစားခဲ့ရတယ်။

ဂီတသံကို မကြားနိုင်တော့တဲ့ ဂီတပညာရှင်တစ်ဦး၊ အသံတိတ် လောကမှာ ဂီတတွေကို ဖန်ဆင်းမယ့် သူတစ်ဦး၊ ကိုယ့်စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်မယ့် သူတစ်ဦးဟာ တကယ့်လက်တွေ့ဘဝကို ဘယ်လို ရင်ဆိုင်တော့မလဲ၊ တွေးတောင်မတွေးတတ်ခဲ့ပါဘူး။ ဒါဟာ ရက်စက်တဲ့ ထိုးနက်ချက်ပါ။ သူ နားမကြားတာကို လူတွေမသိအောင် ဘီသိုဘင်က လူတွေကို တဖြည်းဖြည်း ခွာခဲ့တယ်။ ဒါဟာ သူ့ကိုယ်သူ ပိုအထီးကျန်ဆန်စေခဲ့ပါတယ်။

၁၈၀၂ ခုနှစ်မှာ ဘီသိုဗင်ဟာ ဗီယင်နာမြို့နဲ့ ခရီးတစ်နာရီခန့်ဝေးတဲ့ ဟီလီဂျင်စတတ် (Heiligenstadt) ဆိုတဲ့ ရွာလေးတစ်ရွာမှာ သွားရောက်နေထိုင်ပြီး ဂီတသံစဉ်တွေကို သီကုံးရေးစပ်ခဲ့တယ်။ အဲဒီရွာလေးမှာပဲ သံစုံတီးဝိုင်းတေးသွားအမှတ် (၂) (Symphony No. 2) ကို သူ သီကုံးခဲ့တယ်။ သူ့ရဲ့ နားမကြားတဲ့ ဝေဒနာက တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာခဲ့တယ်။ သူ့ရဲ့ နာကျင်မှု၊ ကံမကောင်းမှုတို့ကို ဟီလီဂျင်စတတ် သေတမ်းစာဆိုပြီး သူ ရေးသားခဲ့တယ်။

နောက်ပိုင်းမှာ ဘီသိုဗင်ဟာ ဂျာမနီက ဒဿနိကဗေဒပညာရှင် အီမန်နျူဝယ်ကန့် (Immanuel Kant) ရဲ့ ဒဿနိကအမြင်ဖြစ်တဲ့ "ကိုယ့်ရဲ့ ကံမကောင်းခြင်းတွေကို မေ့ပစ်ဖို့ အကောင်းဆုံးနည်းက အလုပ်တွေကို မရပ်မနား ကြိုးစားလုပ်ဆောင်တာပဲ ဖြစ်တယ်" ဆိုတာနဲ့ မိမိကိုယ်ကို ယုံကြည်မှုကို ပြန်တည်ဆောက်နိုင်ခဲ့တယ်။ ဘဝကို ရင်ဆိုင်ဖို့ သူဟာ ကြံ့ခိုင်သန်မာသူတစ်ဦး ဖြစ်ခဲ့ပြန်တယ်။ အလုပ်တွေကို ကြိုးစားလုပ်ဆောင်ရင်း ကိုယ့်ရဲ့ကံမကောင်းခြင်းတွေကို သူ မေ့ဖျောက်ခဲ့ပြီး ဂီတတွေကို အများအပြား ဖန်တီးနိုင်ခဲ့တယ်။

ဗီယင်နာမြို့ဆီ သူ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်လာခဲ့တယ်။ ၁၈၀၃ ခုနှစ်မှာ အင်အားကြီးမားတဲ့ "သူရဲကောင်း" သံစုံတီးဝိုင်းတေးသွားအမှတ် (၃) ဆိုတဲ့ ဂီတကို သူ ရေးစပ်သီကုံးနိုင်ခဲ့တယ်။ ဒီဂီတကို နပိုလီယံအတွက် သူ ရည်စူးဆက်သချင်ခဲ့ပေမယ့် နပိုလီယံ နန်းတက်ခဲ့လို့ နပိုလီယံရဲ့နာမည်ကို ဖျက်ပြီး ဒီဂီတကို "သူရဲကောင်း" လို့အမည်ပေးခဲ့တာဖြစ်တယ်။ "သူရဲကောင်း" ဆိုတဲ့ ဂီတသံစဉ်မှာ ဂီတဖန်တီးသူရဲ့ဘဝကံကြမ္မာကိုတွန်းလှန်တဲ့ သူရဲကောင်းစိတ်ဓာတ် အပြည့်ရှိနေခဲ့ပြီ မဟုတ်ပါလား။

မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိတဲ့ ဘီသိုဗင်ရဲ့ စိတ်ထဲမှာ မီးတောင်အလား တက်ကြွမှုတွေ၊ အဆုံးမရှိတဲ့ ချစ်ခြင်းမေတ္တာသံယောဇဉ်တွေ၊ နူးညံ့သိမ်မွေ့တဲ့၊ တစ်မူထူးတဲ့၊ သဟဇာတဖြစ်တဲ့၊ အင်အားရှိတဲ့၊ လှပတဲ့ အရာအားလုံးဟာ သူဖန်တီးတဲ့ ဂီတသံစဉ်ထဲ တသွင်သွင်စီးဝင်ခဲ့တယ်။

၁၈၀၄ ခုနှစ်မှ ၁၈၁၄ ခုနှစ်အထိ ခန္ဓာကိုယ်ရဲ့နာကျင်မှုဝေဒနာကို သူ ပြင်းပြင်းထန်ထန် ခံစားခဲ့ရတယ်။ ဒါပေမဲ့ ဒီ ၁၀ နှစ်ကာလအတွင်း သမိုင်းမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ဂီတသံစဉ်တွေကို သူ ဖန်တီးနိုင်ခဲ့ပါတယ်။ လူသားတို့ရဲ့ ဂီတသမိုင်းမှာ အရောင်လက်တဲ့ ဂီတရတနာကို သူ ရေးသားနိုင်ခဲ့တယ်။

ဗီယင်နာက နာမည်ကြီး ရှေးဟောင်းဂီတဖန်တီးရှင် ၃ ဦးရဲ့ ဘဝနဲ့ ခေတ်အခြေအနေက နီးစပ်တယ်ဆိုပေမယ့် ဘီသိုဗင်ရဲ့ တွေးတောမှုက ဟေးဒင် (Haydn) နဲ့ မိုဇတ် (Mozart) တို့နဲ့ မတူဘဲ တစ်မူထူးခြားခဲ့တယ်။

ဂီတဖန်တီးရှင် ဟေးဒင်ရဲ့ ဘဝတစ်သက်က ဝေဖန်ကဲ့ရဲ့မှုတွေနဲ့ ပြည့်ခဲ့တယ်။ ဒါတွေကို သူ ရုံဖန်ရံခါ ဒေါသဖြစ်ခဲ့ပေမယ့် မတုံ့ပြန်ခဲ့ဘူး။ ဂီတအနုပညာအပေါ်မှာပဲ သူ ကြိုးစားရုန်းကန်ခဲ့တယ်။

မိုဇတ်ရဲ့ ဆင်းရဲဒုက္ခနဲ့ ဝေဖန်ပြစ်တင်ခံရမှုဟာလည်း ဟေးဒင်ထက် မလျော့ခဲ့ပါဘူး။ ဒါပေမဲ့ မိုဇတ်က ဆင်းရဲပေမယ့် ကဲ့ရဲ့လှောင်ပြောင်တာကိုတော့ မခံဘဲ ပြန်ပြီး ခုခံတော်လှန်ရဲခဲ့တယ်။ သူ့ရဲ့ ဂီတသံစဉ်မှာ နပျိုကြည်လင်ခြင်း၊ တက်ကြွပျော်မြူးခြင်းတွေ ပါခဲ့ပေမယ့် သံစဉ်ထဲကနေ သူ့ရဲ့ နာကျင်ကြေကွဲမှု၊ ထိခိုက်မှုတွေကို ခံစားနိုင်ပါတယ်။ ဘီသိုဗင်တစ်ယောက်တည်းပဲ ဘဝကံကြမ္မာကို ခုခံနေရပေမယ့်၊ ပဒေသရာဇ်စနစ်ကို ဒေါသတကြီး တွန်းလှန်နေရပေမယ့် သူ့ဂီတထဲမှာ လူတွေကို လွတ်လပ်မှု၊ ပျော်ရွှင်မှုနဲ့ အင်အားတွေ ပေးခဲ့နိုင်တယ်။

ဘီသိုဘင်ဟာ ဂီတဖန်တီးမှုနဲ့ သူ့ဘဝတစ်သက်တာကို အဆုံး သတ်ခဲ့တယ်။ နောက်ဆုံးတစ်ကြိမ် လူပုံအလယ်မျက်နှာပြပြီးနောက် သူဟာ အသည်းရောဂါဝေဒနာနဲ့ နေ့ရက်တွေကို ပင်ပင်ပန်းပန်း ဖြတ်ကျော်ခဲ့ရတယ်။ လူ့ဘဝကို မခွဲခွာခင်အထိ သူ့ရဲ့စိတ်က တည်ငြိမ်အေးချမ်းခဲ့တယ်။ ဒီလို အချိန်မျိုးဟာ သူဟာ ပါးလွှာဖြူစင်တဲ့ အမြင့်ပေါ်ရောက်နေတဲ့အတိုင်း လက်ရှိ ခံစားနေတာတွေကို ပစ်ပယ်ပြီး ဂီတတူရိယာလေးမျိုးနဲ့ တီးခတ်တဲ့ (String Quartet) ဂီတသံစဉ် ၅ ပုဒ်ကို ရေးဖွဲ့နိုင်ခဲ့တယ်။ ဒါဟာ လူသားတွေအတွက် ဘီသိုဘင် နောက်ဆုံးရေးစပ်သီကုံးခဲ့တဲ့ ဂီတသံစဉ် ဖြစ်တယ်။

ဘီသိုဘင်ဟာ စိတ်ဓာတ်နဲ့ နာကျင်ကြေကွဲမှုတွေကို တွန်းလှန် ချေဖျက်နိုင်ကြောင်း၊ ဖွဲ၊ သတ္တိရှိခြင်းက အောင်မြင်မှုဆီအရောက် လှမ်းနိုင် ကြောင်း၊ သေမင်းကို အနိုင်ယူပြီး ငြိမ်းချမ်းမှုကို ရယူနိုင်ကြောင်း သက်သေပြ ခဲ့ပါတယ်။

ရုရှားနာမည်ကြီး ရူပဗေဒပညာရှင် နီကိုလေဗစ်ချ်လီဘီဒက်(ဗ်) (Nikolaevich Lebedev) က "တည်ငြိမ်တဲ့ ရေပြင်ထက်ကနေ ကြိုးပမ်း အားထုတ်တဲ့ ရေလုပ်သား မပေါ်လာနိုင်ဘူး။ သက်သောင့်သက်သာရှိတဲ့ ပတ်ဝန်းကျင်ကနေ ခေတ်ရဲ့ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ ထွက်ပေါ် လာမှာမဟုတ်ဘူး" လို့ ဆိုခဲ့တယ်။

ဆင်းရဲဒုက္ခတွေက လူကို ယိုင်လဲအောင် ခြောက်လှန့်တတ်တယ်။ လူတွေကို သက်ပြင်းချစေတယ်။ တွန့်ဆုတ်စေတယ်။ စိတ်ဓာတ်ကို ကျဆင်း စေတယ်။ ဒါပေမဲ့ စိတ်ဓာတ်ကိုလည်း နိုးကြားထကြွစေနိုင်တယ်၊ အင်အား ကိုလည်း တိုးပွားစေနိုင်တယ်၊ စိတ်စွမ်းအားကို ဖြစ်စေနိုင်တယ်။ ဒါကတော့

ဆင်းရဲဒုက္ခအပေါ် သင် ဘယ်လိုပြုမူသလဲဆိုတာနဲ့ ဆိုင်ပါလိမ့်မယ်။ ဆင်းရဲဒုက္ခ၊ အခက်အခဲနဲ့ ကြုံတွေ့ရတဲ့အခါ မကြောက်ရွံ့ဘဲ ရဲရဲရင်ဆိုင်ဝံ့သူက အောင်နိုင်မှုကို ရမှာဖြစ်တယ်။

* * *

# အလက်ဇန္ဒါးဒူးမက်စ်

*Alexandre Dumas*

*(24 July 1802 – 5 December 1870)*

*မိမိကိုယ်ကို ယုံကြည်မှုရှိရမယ်၊ ဆင်းရဲဒုက္ခရှေ့ ခေါင်းမငုံ့နဲ့*

အလက်ဇန္ဒါးဒူးမက်စ် (Alexandre Dumas) ဟာ ၁၉ ရာစု ပြင်သစ်နိုင်ငံရဲ့ အပြုံဆောင် စိတ်ကူးယဉ်စာပေ စာရေးဆရာဖြစ်တယ်၊ ကိုယ်တိုင်လေ့လာသင်ယူမှုနဲ့ စာပေပေါင်းအတွဲ ၃၀၀ ကျော်ကို ရေးသားခဲ့တယ်။ သူဟာ လူမည်းသွေးစပ်သူဖြစ်တာကြောင့် လူမျိုးရေး ခွဲခြားဆက်ဆံမှုတွေ ခံခဲ့ရတယ်။

## မွေးဖွားကြီးပြင်းပုံ

၁၈၀၂ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှာ "စာပေလောကရဲ့ မီးရှူးတန်ဆောင်" လို့ ပြင်သစ်နိုင်ငံသားတွေ တင်စားခံခဲ့ရတဲ့ ဒူးမက်စ်ကို ပဲရစ်မြို့ရဲ့ အရှေ့မြောက်အရပ် ကီလိုမီတာ ၁၀၀ ခန့်ဝေးတဲ့ Villers-Cotterêts မြို့လေးမှာ မွေးဖွားခဲ့တယ်။

ဒူးမက်စ်ရဲ့ အဘိုးက တကျာရာဂကြီးမားတဲ့ ဆွေကြီးမျိုးကြီးထဲက ဖြစ်တယ်။ ဒူးမက်စ်ရဲ့ အဘိုးဟာ သူတို့နေအိမ်မှာ လူမည်းအစေခံတွေ အများအပြားရှိတဲ့အထဲက မာရီစက်ဆက်ဒူးမက်စ် (Marie-Cessette Duma) လို့ခေါ်တဲ့ လူမည်းအမျိုးသမီးတစ်ဦးနဲ့ ကလေးတစ်ယောက် မွေးဖွားခဲ့တယ်၊ အဲဒီကလေးက ဒူးမက်စ်ရဲ့ဖခင် သောမတ်စ်အလက်ဇန္ဒါ (Thomas-Alexandre) ပဲ ဖြစ်တယ်။

သောမတ်စ် (Thomas) ဟာ အရွယ်ရောက်တာနဲ့ နပိုလီယံရဲ့ စစ်တပ်ထဲ ပါဝင်အမှုထမ်းချင်ခဲ့ပေမယ့် အဘိုးဖြစ်သူက သူ့မိသားစုနာမည်နဲ့ စာရင်းပေးသွင်းဖို့ ခွင့်မပြုခဲ့ပါဘူး။ မျိုးရိုးဂုဏ်နဲ့ မာန်မာနနဲ့နေတဲ့သူဟာ လူမည်းသွေးစပ်နေတဲ့ သားတစ်ယောက် စစ်တပ်ထဲဝင်ဖို့ ကိုယ့်မိသားစုနာမည်ကို သုံးနှုန်းတာဟာ ရှက်စရာလို့ ထင်ခဲ့တယ်၊ ဒါကြောင့် သောမတ်စ်က သူ့မိခင်ရဲ့ မိသားစုနာမည် ဒူးမက်စ်ကို ယူပြီးတော့ နပိုလီယံရဲ့စစ်တပ်ထဲ ဝင်ခဲ့တယ်။ သောမတ်စ်ရဲ့ ရဲစွမ်းသတ္တိရှိမှု၊ တိုက်ရည်ခိုက်ရည်ကောင်းမှုကြောင့် ၇ နှစ်အတွင်းမှာ ဗိုလ်ချုပ်ကြီးရာထူးကို ရခဲ့တယ်။

ဖခင်သောမတ်စ် သေဆုံးချိန်မှာ ဒူးမက်စ် အသက် (၃) နှစ်ခွဲပဲ ရှိသေးတယ်။ အဘိုးကလည်း စီးပွားပျက်တာကြောင့် ဒူးမက်စ်တို့ တစ်မိသားစုလုံး ဆင်းရဲဒုက္ခဝေခဲ့တယ်။

ဝါတာလူး (Waterloo) စစ်ပွဲမှာ နပိုလီယံ စစ်ရှုံးချိန်က ဒူးမက်စ်ဟာ အသက် (၁၃) နှစ်ရှိပြီဖြစ်တယ်။ မိခင်က စီးပွားရေးပြန်လည်ထူထောင်ချင်တာကြောင့် ဒူးမက်စ်ကို ရွေးချယ်မှုတစ်ခု ပြုလုပ်စေခဲ့တယ်။ အဘိုးရဲ့ကြီးကျယ်မြင့်မြတ်တဲ့ မိသားစုနာမည် ပေလက်ထရီ (Pailleterie) ကို သုံးမလား၊ ဒါမှမဟုတ် မိခင်ရဲ့ လူမည်းမိသားစုနာမည် ဒူးမက်စ်ကို သုံးမလားဆိုပြီး ရွေးချယ်နိုင်ခဲ့တယ်၊ အထက်တန်းကျကျနဲ့ အောက်တန်းကျကျဖြစ်နေတဲ့ ဒီမိသားစုနာမည်နှစ်ခုထဲမှာ ဘယ်တစ်ခုက သူ့ကံကြမ္မာကို သက်ရောက်မှု ရှိစေမလဲဆိုတာကိုလည်း ငယ်ရွယ်တဲ့ ဒူးမက်စ်က နားလည်ခဲ့ပါတယ်၊ ဒါပေမဲ့ မိခင်ကို "အလက်ဇန္ဒါဒူးမက်စ်ဆိုတဲ့ မိသားစုနာမည်ကို သား ထိန်းသိမ်းမယ်" လို့ ရဲရဲဝံ့ဝံ့နဲ့ သူပြန်ဖြေခဲ့တယ်။

ဒူးမက်စ်က မိမိကိုယ်တိုင်ရဲ့ စွမ်းအားကို ယုံကြည်ခဲ့တယ်၊ လူမည်း မိသားစုနာမည်ကို ရွေးခဲ့လည်း သူ အောင်မြင်နိုင်တယ်ဆိုတာကို ရင်ထဲ နက်နက်ရှိုင်းရှိုင်း ယုံကြည်ခဲ့တယ်။

အသက် ၂၀ ပြည့်တဲ့နှစ်မှာ ဒူးမက်စ်ဟာ ပဲရစ်မြို့ကိုသွားဖို့ ပြင်ဆင် ခဲ့တယ်၊ ဒါပေမဲ့ ငွေကြေးမလုံလောက်တဲ့အတွက် မဖြစ်မြောက်ခဲ့ဘူး၊ တစ်ည နေမှာ ဒူးမက်စ်ဟာ ဟိုတယ်တစ်ခုမှာ လူတွေနဲ့ အလောင်းအစားတစ်ခု လုပ်ရင်းက အနိုင်ရပြီး ငွေအမြောက်အမြား ရခဲ့တယ်။ အဲဒီနေ့ညမှာပဲ မိခင်ကို သူ နှုတ်ဆက်ပြီး ပဲရစ်မြို့ဆီ ချီတက်ခဲ့ပါတယ်၊

ပဲရစ်ရောက်တော့ ကံကောင်းစွာနဲ့ ဖခင်ရဲ့ မိတ်ဆွေဟောင်း ဗိုလ်ချုပ်ကြီးတစ်ဦးနဲ့ သူ ဆုံခဲ့တယ်။ ဗိုလ်ချုပ်ကြီးရဲ့ ထောက်ခံပေးမှုကြောင့် Orléans မှူးမတ်အိမ်တော်ရာမှာ သူ အလုပ်ရခဲ့တယ်၊ စားဝတ်နေရေး နေသားကျချိန် မိခင်ကို ပဲရစ်မြို့ဆီ သူ ခေါ်ခဲ့တယ်။ သူ့ဘဝ ပိုကောင်းမွန် တိုးတက်အောင် ဒူးမတ်စ်ဟာ အားလပ်ချိန်တွေမှာ ပြဇာတ်ရေးပြီး အပိုဝင်ငွေ ရှာခဲ့တယ်။

တစ်နေ့မှာ ပြဇာတ်ရုံဆီ သူ ရောက်လာပြီး အလှပြင်ခန်းမှာ ထိုင်နေ တဲ့အဲဒီခေတ်အချိန်အခါက နာမည်ကြီးတဲ့ အလွမ်းအဆွေးပြဇာတ်မင်းသားဆီ သူ သွားပြီး "မင်းသားခင်ဗျာ၊ ကျွန်တော်ပြဇာတ်စာရေးဆရာတစ်ဦး ဖြစ်ချင်ပါ တယ်၊ ကံကောင်းခြင်းတွေ ရောက်လာအောင် မင်းသားရဲ့လက်နဲ့ ကျွန်တော့် နဖူးကို ထိပေးနိုင်မလား" လို့ ပြောလိုက်တယ်။ မင်းသားက ဒူးမက်စ်ရဲ့ ခေါင်း ကိုကိုင်ပြီး "ရှိတ်စပီးယားနဲ့ ဖရက်ဒရစ်ရှီလာ (Friedrich Schiller) တို့ရဲ့ အမည်ကိုခံပြီး ကဗျာဆရာဖြစ်တဲ့ မင်းကို မင်္ဂလာပြုပေးမယ်" လို့ ပြောခဲ့တယ်၊ မင်းသားရဲ့ သဘောရိုးပြောတဲ့ ဟာသဆန်ဆန်စကားကို ဒူးမက်စ် စိတ်မရ

ခဲ့တဲ့ လက်ဖဝါးကို သူ့ရင်ဝမှာထားပြီး လေးစားစွာနဲ့ "ကျွန်တော် လုပ်နိုင်ပါတယ်လို့ မင်းသားနဲ့ တစ်လောကလုံးက လူတွေကို ကျွန်တော် သက်သေထားပြီး ပြောပါတယ်" လို့ ပြောခဲ့တယ်။

သူ့ရဲ့စကားက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့လေသံဆိုပေမယ့် အဲဒီစကားထဲမှာ သူ့ရင်ထဲက လာတဲ့ မိမိကိုယ်ကို ယုံကြည်မှု၊ အရှုံးမပေးတဲ့ စိတ်ဓာတ်ကို တွေ့မြင်ရပါတယ်။ ဒီလိုစိတ်ဓာတ်မျိုး သူ့ဆီမှာ ရှိပြီဆိုမှတော့ ဘာအခက်အခဲတွေက သူ့ခြေလှမ်းကို ရပ်တန့်နိုင်တော့မလဲ။

ဒူးမက်စ်ဟာ ၃ နှစ်အချိန်သုံးပြီး ပြဇာတ်တွေ အမြောက်အမြား ရေးခဲ့ပေမယ့် ဘယ်ပြဇာတ်ကမှ သူရေးတဲ့ဇာတ်ကို မသုံးခဲ့ဘူး။ ၁၉၂၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ညမှ ဖရန့်စ်ပြဇာတ်ရုံက သူ့ဆီ စာတိုလေးတစ်စောင် ပို့လာခဲ့တယ်။ စာထဲမှာ "မစ္စတာ အလက်ဇန္ဒါဒူးမက်စ်ခင်ဗျား . . . သင့်ရဲ့ "Henry III" ဆိုတဲ့ ပြဇာတ်ကို ဒီညမှာ ကပြဖျော်ဖြေပါမယ်" လို့ ရေးထားတယ်။ စာကိုဖတ်ပြီးတာနဲ့ ဒူးမက်စ်ဟာ ပျာယီးပျာယာ အဝတ်အစားတွေ ကောက်လဲတော့တယ်၊ သူ့ဆီမှာ အတွင်းကော်လာပါတဲ့ အဝတ်အစားမရှိတာကို သတိထားမိတော့ ကတ်ထူစက္ကူတစ်ခုကို ကော်လာပုံစံ အမြန်ညှပ်ပြီး ဝတ်ဆင်ကာ ပြဇာတ်ရုံဆီ သူ အပြေးသွားခဲ့ပါတယ်။

ပြဇာတ်ရုံရောက်ခဲ့ပေမယ့် စင်အနီးအနား သူ သွားခွင့်မရခဲ့ပါဘူး။ ထိုင်ခုံနှစ်ခုကြားမှာတောင် ပွဲကြည့်ပရိသတ်တွေနဲ့ ပြည့်ကျပ်နေခဲ့သို့ ဖြစ်တယ်။ ပြဇာတ်ကပြဖျော်ဖြေပြီးမှ ပြဇာတ်ရေးသူကို စင်မြင့်ပေါ်တက် မိတ်ဆက်ပေးခဲ့ပါတယ်၊ အဲဒီအချိန်ကျမှ ဒူးမက်စ်တစ်ယောက် စင်ပေါ်ကို တက်ခွင့်ရခဲ့တယ်။ ပရိသတ်ဆီက ဇာတ်ရုံတစ်ခုလုံး ပေါက်ကွဲမတတ် ဟိန်းညံတဲ့

ကောက်ခုပ်သံတွေကို သူ ရခဲ့တယ်။ အဲဒီဇာတ်သဘင်းစာမှာ သူ့ကို ဒီလို ဖော်ညွှန်းခဲ့ပါတယ်။

"ဖာတ်စင်ပေါ်မှာ ဒူးမက်စ်ရဲ့ခေါင်းက မော့နေတာပဲ။ ရှပ်ဝေွးနေတဲ့ သူ့ဆံပင်တွေဟာ မိုးပေါ်က ကြယ်တွေကိုတောင် ထိတော့မယ့်အတိုင်းပဲ"

စတ္တုဖော်လာ ဝတ်ဆင်ထားတဲ့ ဒီလူမည်းသွေးစပ်သူတစ်ဦးဟာ ပဲရစ်မြို့ရဲ့ပြဇာတ်စင်တွေပေါ်မှာ နေ့ချင်း၊ ညချင်း ထင်ပေါ်ကျော်ကြားလာခဲ့ပါတော့တယ်။

လူ့ဘဝလမ်းပေါ်မှာ ဆင်းရဲဒုက္ခ၊ အခက်အခဲတွေက ပြည့်နှက်နေမှာပဲ။ လူတွေဟာ ဆင်းရဲဒုက္ခနဲ့ အမြေပါင်းအံဖော် လုပ်ရတယ်။ ဆင်းရဲဒုက္ခ အခက်အခဲနဲ့ကြုံချိန် မတွန့်ဆုတ်၊ လက်မလျှော့သူကသာ အောင်မြင်မှုကို ရမှာဖြစ်တယ်။ အခက်အခဲနဲ့ ရင်ဆိုင်တွေ့ချိန် ဒီချောက်ကမ်းပါးကို ငါ ဖြတ်ကျော်နိုင်တယ်ဆိုတဲ့ မိမိကိုယ်ကို ယုံကြည်မှုကို လက်ဝယ်ဗိုင်ဆိုင်ထားရမယ်။ သတ္တိရှိရှိ ရှေ့တိုးရဲသူကသာ ဘဝတံကြမ္မာရဲ့ အရှင်သခင်ဖြစ်တယ်။

* * *

# ကိုင်ဖူးလီ

*Kai-Fu Lee*

*(December 3, 1961)*

*မိမိကိုယ်ကို ယုံကြည်မှုဆိုတာ လုပ်နိုင်စွမ်းကို အကြီးချဲ့တဲ့ မှန်ဘီလူးဖြစ်တယ်*

ကိုင်ဖူးလီ (Kai-Fu Lee) ကို ထိုင်ဝမ်ကျွန်းမှာ မွေးဖွားခဲ့ပါတယ်။ သူဟာ ပန်းသီးကုမ္ပဏီမှာ အလုပ်လုပ်ခဲ့တယ်။ ၁၉၉၈ ခုနှစ်မှာ မိုက်ခရိုဆော့ဖ် ကုမ္ပဏီနဲ့ ပူးပေါင်းပြီး တရုတ်ပြည် မိုက်ခရိုဆော့ဖ်သုတေသနအဖွဲ့ကို တည်ထောင်ခဲ့တယ်။ ၂၀၀၅ ခုနှစ် ဇူလိုင်လမှာ Google ကုမ္ပဏီရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တရုတ်ပြည်ကုမ္ပဏီခွဲမှာ ဒုဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့တယ်။

## မွေးဖွားကြီးပြင်းပုံ

လူအများက ပညာရေးမှာ၊ အလုပ်အကိုင်မှာ အခက်အခဲ တစ်စုံတစ်ရာ ရင်ဆိုင်ရတာနဲ့ လုပ်နိုင်စွမ်း မရှိလို့၊ အရည်အချင်း မပြည့်လို့ဆိုပြီး ကိုယ့်ကိုယ်ကိုယ်အပြစ်ပုံချတတ်ကြတယ်လို့ကိုင်ဖူးလီက ထင်တယ်။ တကယ်တော့ ဒီလို မကြာခဏ စိတ်ပျက်အားလျော့တတ်သူမှာလည်း ကြီးမားတဲ့၊ သာမန်လူ တွေးထင်တာထက်တောင် ပိုတဲ့ လုပ်နိုင်စွမ်းတွေ ကိန်းအောင်းနေတတ်ပါတယ်။ ဒီလိုလုပ်နိုင်စွမ်းတွေ သူတို့ကိုယ်ထဲမှာ ကိန်းအောင်းနေမှန်း သူတို့မသိတာ၊ ဒါမှမဟုတ် သိလျက်နဲ့ ဘယ်လိုဖော်ထုတ်ရမယ်ဆိုတာကို သူတို့ မသိသေးတာလေးပါပဲ။

မိုက်ခရိုဆော့ဖ်ကုမ္ပဏီမှာ ကိုင်ဖူးလီ အလုပ်စဝင်ချိန်မှာ လုပ်ဖော်ကိုင်ဖက်တွေနဲ့ သူ ပြောဆိုဆက်ဆံရ အဆင်ပြေခဲ့ပေမယ့် ဘီလ်ဂိတ်နဲ့ စကားပြောရတဲ့အခါမှာ စကားပြောမှားမှာကို သူစိုးကြောက်ပြီးဘာမှမပြောရဲ ဖြစ်ခဲ့တယ်။

တစ်နေ့မှာ ကုမ္ပဏီမှာ အဖွဲ့ပြန်ဖွဲ့တော့ ဘီလ်ဂိတ်က လူတွေစုဝေးပြီး အစည်းအဝေး လုပ်ခဲ့တယ်။ အစည်းအဝေးမှာ လူတိုင်း ထင်မြင်ချက်တွေ၊ အကြံဉာဏ်တွေပြောဖို့ တောင်းဆိုခဲ့တယ်။ အဲဒီအခါမှာ ကိုင်ဖူးလီက မပြောမနေရ ပြောရမယ့်အတူတူ ရင်ထဲရှိတာတွေပြောမယ်လို့ တွေးပြီး ဝံ့ဝံ့စားစား "ကျွန်တော်တို့ကုမ္ပဏီမှာ ဝန်ထမ်းတွေရဲ့ဉာဏ်ရည်က လူတိုင်းထက်မြင့်ပေမယ့် ကုမ္ပဏီရဲ့အကျိုးဖြစ်ထွန်းမှုက ထိရောက်မှုသိပ်မရှိခဲ့ဘူး။ ကျွန်တော်တို့က တစ်ချိန်လုံး အဖွဲ့တွေ ပြန်ထပ်ထပ်ဖွဲ့နေပြီး ဝန်ထမ်းတွေရဲ့ထင်မြင်ချက်နဲ့ ခံစားချက်ကို ဂရုမစိုက်ခဲ့ဘူး။ တခြားကုမ္ပဏီတွေမှာတော့ ဝန်ထမ်းတွေရဲ့ အသိဉာဏ်က တိုးပွားနေချိန် ကျွန်တော်တို့က အဖွဲ့ပြန်ပြန်ဖွဲ့ပြီး တစ်ဖွဲ့နဲ့ တစ်ဖွဲ့ "တိုက်ခိုက်၊ စစ်ထိုး" နေကြတယ်။ ဒါဟာ ကျွန်တော်တို့ ဝန်ထမ်းရဲ့ ဉာဏ်ရည်ကို နိမ့်ကျစေတဲ့ အကြောင်းရင်းပဲ ဖြစ်တယ်" လို့ ပြောတယ်။

ကိုင်ဖူးလီ ဒီလိုပြောပြီးတဲ့အချိန်မှာ အစည်းအဝေးခန်းမတစ်ခုလုံး တိတ်ဆိတ်သွားပါတယ်။ အစည်းအဝေးပြီးနောက် လုပ်ဖော်ကိုင်ဖက်အများစုက သူ့ကို အီးမေးလ်တွေ ပို့ပြီး "ခင်ဗျားပြောတာ အရမ်းကောင်းတယ်၊ ကျွန်တော်လည်း ခင်ဗျားလို သတ္တိရှိရှိ ပြောရဲချင်တယ်" လို့ ပြောခဲ့ကြတယ်။

နောက်ဆုံးမှာ ဘီလ်ဂိတ်က ကိုင်ဖူးလီရဲ့အကြံဉာဏ်ကို လက်ခံရုံမက အဖွဲ့ပြန်ဖွဲ့မယ့် အစီအစဉ်ကိုလည်း ပြောင်းလိုက်တယ်။ အဲဒီအပြင်

ဒုဥက္ကဋ္ဌနဲ့ အစည်းအဝေးပြုလုပ်ချိန်မှာလည်း ကိုင်ဖူးလီရဲ့ အကြံဉာဏ်ကိုပဲ ကိုးကားပြီး အားလုံးကို ကုမ္ပဏီရဲ့ ယဉ်ကျေးမှု စတင်ပြောင်းလဲဖို့၊ အဖွဲ့သစ် ထပ်ထပ်ဖွဲ့ပြီး "တိုက်ရိုက်"မနေကြဖို့၊ ဒါဟာ ဝန်ထမ်းတွေရဲ့ ဉာဏ်ရည်ကို နှိမ့်ပါးစေကြောင်း ပြောခဲ့တယ်။

အဲဒီနောက်ပိုင်း လူတွေရဲ့ရှေ့မှာ စကားပြောရမှာကို ကိုင်ဖူးလီ မကြောက်ခဲ့တော့ဘူး။ "သင် မစမ်းကြည့်ရင် သင် လုပ်နိုင်မှန်း သင် ဘယ်လို သိမလဲ" ဆိုတဲ့စကားက ဒီကိစ္စမှာ သက်သေပြနေခဲ့ပါတယ်။ မိမိကိုယ်ကို ယုံကြည်မှုဆိုတာ ခံစားမှုတစ်မျိုးလို့ ကိုင်ဖူးလီက ပြောပါတယ်။ ဒါကို စာကျက် သလိုမျိုး အလွတ်ကျက်ပြီး လုပ်ယူလို့မရနိုင်ပါဘူး၊ သင်ယူရင်းနဲ့ပဲ တိုးမြှင့်လို့ ရပါတယ်။ ဒီလို သင်ယူတိုးမြှင့်ဖို့ ကိုယ့်ကိုယ်ကိုယ် "ငါ မဆိုးဘူး၊ ငါ လုပ်နိုင် တယ်၊ ငါ့ကိုယ်ငါ ယုံတယ်" ဆိုတာမျိုးနဲ့ အားပေးရပါတယ်။ ည အိပ်မပျော်ခင် ဒီနေ့ ကိုယ်ဘာဂုဏ်ယူစရာလုပ်ခဲ့သလဲ၊ ကောင်းမှတ်တွေ ရခဲ့သလား။ တခြား သူကို ကူညီခဲ့သလား၊ ကိုယ်မျှော်လင့်ထားတဲ့ အတိုင်းအတာထက် ကျော် လွန်သွားတဲ့အရာ ရှိသလား၊ ကိုယ့်ကို ဘယ်သူ ချီးမွမ်းစကားပြောသွားလဲ စတာတွေကို တွေးကြည့်ပါ။ လူတစ်ဦးတစ်ယောက်တိုင်းမှာ နေ့တိုင်း အောင်မြင်တဲ့အရာတစ်ခု ဒါမှမဟုတ် အောင်မြင်အောင်လုပ်နိုင်လိုက်တာတွေ ရှိပါတယ်။ ဒီလိုနဲ့ ဖွဲ့ရှိရှိ ဆက်လုပ်သွားရင် ဒီ "အောင်မြင်မှုလေး" တွေက ပိုပြီး အဓိပ္ပာယ်ရှိလာတယ်ဆိုတာကို သင် သတိထားမိပါလိမ့်မယ်။

စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ချီးကျူးအားပေးသလို ကိုယ်ပြောတဲ့ စကားတွေမှာလည်း ယုံကြည်မှုတွေရှိရတယ်လို့ ကိုင်ဖူးလီက ပြောပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ်ပြောလိုက်တဲ့ စကားတစ်ခွန်းတိုင်းဟာ ကိုယ့်ရဲ့လုပ် နိုင်စွမ်းကို မသိမသာ အကျိုးသက်ရောက်စေလို့ပဲ ဖြစ်တယ်။

တကယ်လို့ လူတစ်ယောက်ရဲ့စကားတစ်ခွန်းတိုင်းမှာ အဆိုးမြင်တဲ့၊ မျှော်လင့်ချက်မဲ့တဲ့ ခံစားချက်တွေပါနေရင် အဲဒီလူဟာ ကိုယ့်ကိုယ်ကိုယ် ပိုသိမ်ငယ်လာတတ်တယ်၊ အားငယ်လာတတ်ပါတယ်၊ စကားပြောတဲ့အကျင့် ပြောင်းလိုက်တာဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပြည့်အောင်အထောက်အကူပြုပါတယ်။ အခက်အခဲနဲ့ ရင်ဆိုင်တွေ့တဲ့အခါမှာလည်း "ငါ မလုပ်နိုင်ဘူး" ဆိုတဲ့ စကားကို ဦးအောင်မပြောလိုက်ပါနဲ့။

အမေရိကန်သမ္မတ ဖရန်ကလင်ရူးစဗဲ့ (Franklin Roosevelt) ရဲ့ ဇနီး အလီနာရူးစဗဲ့ (Eleanor Roosevelt) က "သင့်ရဲ့သဘောတူညီချက်မရှိဘဲ ဘယ်သူကမှ သင့်ကို သိမ်ငယ်အောင် လုပ်လို့မရပါဘူး" လို့ ပြောခဲ့ပါတယ်။

ကိုယ့်ကိုယ်ကိုယ် သတ္တိရှိရှိ ထုတ်ဖော်ပြောရဲဖို့ ကိုယ်ပြောတဲ့စကား၊ ပြုမူတဲ့ အပြုအမူကနေ မိမိကိုယ်ကို ယုံကြည်စိတ်ကို တိုးမြှင့်နိုင်ပါတယ်။ မိမိကိုယ်ကို ယုံကြည်စိတ်ကို တိုးမြှင့်အောင် အောက်က အချက် (၄) ချက်ကို စမ်းသပ်နိုင်ပါတယ်။

(၁) တခြားသူရဲ့ အမြင်ကို မှန်ကန်စွာ ဆုံးဖြတ်မယ်၊ သူ့အမြင်ကြောင့် ကိုယ်နဂိုရှိပြီးသား အတွေးအမြင်၊ ဆုံးဖြတ်ချက်ကို မပြောင်းလဲစေနဲ့။ သေချာမဆုံးဖြတ်၊ မဆန်းစစ်ဘဲနဲ့ သူ့အမြင်ကိုပဲ လက်ခံတာမျိုးလည်း မဖြစ်ပါစေနဲ့။

(၂) ကိုယ်ပိုင်အတွေးအမြင်နဲ့ ဆုံးဖြတ်ချက်ရှိမယ်။ တခြားသူနဲ့ အတွေးအမြင် ဖလှယ်တဲ့အခါ ကိုယ့်အတွေးအမြင်ကို လျှော့ပေါ့ပစ်လိုက်တာမျိုး မဖြစ်စေရဘူး။

(၃) မိမိကိုယ်ကို ယုံကြည်စိတ်ဆိုတာ ကိုယ်ထုတ်ဖော်လုပ်ဆောင်ချက်ပေါ် မူတည်ပြီး ပိုပြီးတိုးသွားတာဖြစ်တယ်။ ကိုယ့်အင်အား၊ ကိုယ့်လုပ်နိုင်စွမ်း၊ ကိုယ့်အမြင်ကို ထုတ်ဖော်ပြသလုပ်ဆောင်မှ တခြားသူအပေါ် ကိုယ့်ရဲ့အကျိုးသက်ရောက်နိုင်မှုကို တကယ်တွေ့မြင်ရမှာ ဖြစ်တယ်။ အဲဒီအကျိုးသက်ရောက်မှုကနေ လုံလောက်တဲ့ မိမိကိုယ်ကို ယုံကြည်စိတ်ကို ရယူနိုင်ပါတယ်။

(၄) ကိုယ့်အတွေးအမြင်ကို ထုတ်ဖော်ပြသတဲ့အခါ ပြသနည်း၊ ပြသပုံကို သတိထားရပါတယ်။ မိမိကိုယ်ကို ယုံကြည်မှုရှိသူတစ်ယောက်နဲ့ မရှိသူတစ်ယောက်ရဲ့ စကားပြောဆိုပုံတွေက မတူပါဘူး။ ခြားနားပါတယ်။ အမြင်စူးရှသူတွေက ဒီလိုခြားနားချက်ကို တစ်စက္ကန့်၊ နှစ်စက္ကန့်အတွင်းမှာပဲ ခွဲခြားနိုင်ပါတယ်။

သာမန်အားဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိသူ တစ်ယောက်က စကားပြောဆိုချိန်မှာ ဆွဲဆောင်မှုရှိတဲ့ စကားလုံးတွေကို သတိထားပြီး ပိုသုံးတတ်ပါတယ်။ ဥပမာ – ကျွန်တော်၊ ကျွန်တော်ထင်တာ၊ ကျွန်တော်မျှော်လင့်တာ၊ ကျွန်တော်တောင်းဆိုတာ၊ ကျွန်တော်ဆုံးဖြတ်တာ စတဲ့ စကားလုံးတွေနဲ့ စကားပြောရာမှာ အသံကြည်လင် ပြတ်သားရမယ်၊ အားပါရပါတယ်။ အသံအနေအထား၊ အဖြတ်အတောက်နဲ့ ပြောလိုတဲ့ အရေးပါတဲ့ မက်ဆေ့ချ်ကို အသားပေးရပါတယ်။

* * *

# ထင်ရှားသူတို့၏ ဘဝပုံပြင်

## အခန်း(၃)

အခက်အခဲနဲ့ ဆင်းရဲဒုက္ခဆိုတာ လူတွေရဲ့ အဖေါ်အဖော်ပါ။ တချို့က ဆင်းရဲဒုက္ခရှေ့မှာ ဒူးထောက်လဲကျကြတယ်။ တချို့က ဆင်းရဲဒုက္ခကို ဖြတ်ကျော်ကြတယ်၊ အခက်အခဲကို အနိုင်ယူကြတယ်။ ဒီလို ကျော်ဖြတ် အနိုင်ယူနိုင်သူတွေက ဘဝမှာ သန်မာသူတွေ ဖြစ်တယ်။ အဲဒီလိုလူမျိုးက အောင်မြင်မှုရဲ့ အသီးအပွင့်ကို ခံစားရတယ်။ အခက်အခဲ၊ ဆင်းရဲဒုက္ခတွေကို ဘယ်လို ရင်ဆိုင်ဖြေရှင်းမလဲ၊ ရှောင်ပြေးမလား၊ တိတ်တဆိတ်နေမလား . . . အဓိက က သင့်ရဲ့ရွေးချယ်မှုဖြစ်တယ်။ လူ့ဘဝမှာ ဆင်းရဲဒုက္ခပေါင်းစုံ ရောယှက် နေပါတယ်။ တစ်ခါတစ်ခါ ဒီဆင်းရဲဒုက္ခတွေကို ရှောင်လွှဲလို့ မရနိုင်ပါဘူး။ တည့်တည့်ရင်ဆိုင်မှပဲ ရပါတယ်။ ဘဝမှာ ကျရှုံးခြင်းနဲ့ ရင်ဆိုင်တွေ့မှ ပို ကြိုးစားလိုစိတ်၊ ပိုတန်ဖိုးထားစိတ်တွေ ဖြစ်စေပါတယ်။ ဘဝမှာ အခက်အခဲနဲ့ ရင်ဆိုင်တွေ့မှ ရေဆန်လမ်းမှာ လှော်တက်ကို အားနဲ့ ဘယ်လိုလှော်ခတ် ရမယ်၊ ဘယ်လိုပဲ့ကိုင်ရမယ်ဆိုတာကို သိနိုင်မှာ ဖြစ်ပါတယ်။

## စတီဖင်ဝီလီယမ်ဟော့ကင်း

*Stephen William Hawking*

*(8 January 1942)*

### *ထူးခြားဆန်းကြယ်မှုကို ဖန်တီးတဲ့ ဖန်ဆင်းရှင်လုပ်မယ်*

ပါမောက္ခ စတီဖင်ဟော့ကင်း (Stephen Hawking) က ယနေ့ မျက်မှောက်ခေတ် ထူးချွန်ပြောင်မြောက်သူတွေထဲမှာ တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ ထူးချွန်တဲ့ သိပ္ပံပညာရှင်၊ မျက်မှောက်ခေတ် အိုင်းစတိုင်းလို့ တင်စားခံရသူ ဖြစ်တယ်။ သူဟာ ၂၀ ရာစုမှာ ထင်ရှားကျော်ကြားတဲ့ ရူပဗေဒပညာရှင်တစ်ဦး ဖြစ်တယ်။

### မွေးဖွားကြီးပြင်းပုံ

ဟော့ကင်းဆိုတာ ဘယ်သူလဲ၊

သူဟာ ဦးနှောက်ကြီးတစ်လုံး၊ သူဟာ ဒဏ္ဍာရီတစ်ပုဒ်၊ သူဟာ ယနေ့ခေတ်မှာ ထင်ရှားကျော်ကြားတဲ့ ရူပဗေဒ အာယုအာဆဆိုင်ရာ သိပ္ပံပညာရှင် ဖြစ်တယ်။ ဒါမှမဟုတ် သူဟာ ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဘဝကံကြမ္မာကို စိန်ခေါ်ရဲတဲ့ သူရဲကောင်းဖြစ်တယ်။

ဟော့ကင်းက ရှင်သန်ဖို့ အားသီသပြင်းထန်သူတစ်ဦး ဖြစ်တယ်။ သာမန်လူ မခံနိုင်တဲ့ ဆင်းရဲဒုက္ခတွေကို သူ ခံနိုင်ရည်ရှိတယ်။ ရှင်သန်ဖို့ ဆံတစ်မျှင်လေးဖြစ်ဖြစ် သူ လက်မလွှတ်တတ်ခဲ့ဘူး။ သူ့ကို အသက်ရှင်ဖို့ လုံးဝမျှော်လင့်ချက် မရှိတော့ဘူး။ အသက်ရှင်ဖို့ အခြေအနေ မရှိတော့ဘူးလို့

လူတွေထင်ထားခဲ့ပေမယ့် သူ အသက်ရှင်ခဲ့သလို ထူးဆန်းအံ့ဩဖွယ်တွေကို လည်း ဖန်ဆင်းပေးနိုင်ခဲ့ပါတယ်။ လူတချို့က ဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရချိန်၊ သေမင်းနဲ့အနက်တုရချိန် သူတို့ရဲ့အနိုင်မခံ၊ အရှုံးမပေးတဲ့ စိတ်ဓာတ်က ဘေး အန္တရာယ်ကာဖေန ကင်းလွတ်စေနိုင်ခဲ့သလို သေမင်းကိုလည်း အလဲဖြိုနိုင်ခဲ့ပြီး ဆက်လက် အသက်ရှင်သန်နိုင်ခဲ့ပါတယ်။ တစ်ခါတလေမှာ ခန္ဓာကိုယ်မကျန်းမာ သည့်တိုင် စိတ်ဓာတ်ကျန်းမာဖို့က ပိုအရေးကြီးပါတယ်။

အင်္ဂလန်သိပ္ပံပညာရှင် စတီဖင်ဟော့ကင်က ဒီလိုလူမျိုးဖြစ်တယ်။ ဟော့ကင်ကို ၁၉၄၂ ခုနှစ်မှာ မွေးဖွားခဲ့တယ်။ သူဟာ အသက် (၁၇) နှစ်မှာ နာမည်ကြီးအောက်စဖို့ဒ်တက္ကသိုလ်ကို ဝင်ခွင့်ရခဲ့တယ်။ သူ (၂၁) နှစ်အရွယ်မှာ အာရုံကြောကျုံ့အကြောမာရောဂါ စွဲကပ်တဲ့ ရောဂါလက္ခဏာ ဖြစ်ခဲ့တယ်။ ဆရာဝန်ပညာရှင်တွေက သူ့ကို ၂ နှစ်ခွဲလောက်ပဲ အသက်ရှင်နိုင်မယ်လို့ ပြောခဲ့တယ်။

ဒီလို ကြီးမားတဲ့ကံဆိုးမိုးမှောင်ကျခဲ့ရင် လူအများက မျှော်လင့်ချက် မဲ့ကုန်တတ်ကြတယ်။ ဒါပေမဲ့ ဟော့ကင်က အဲဒီလို မဟုတ်ခဲ့ဘူး။ ဒီအချိန် တိုတို ၂ နှစ်ခွဲအတွင်းမှာ သေဖို့စောင့်နေရမယ့်တူတူ အဓိပ္ပာယ်ရှိတဲ့ အလုပ် ကို ငါ ကြိုးစားလုပ်ကိုင်ပြီး ဘဝအတွက် နာမည်ကောင်းတစ်ခု ချန်ထားခဲ့ မယ်လို့ သူ တွေးတယ်။

သူ့ရဲ့ရောဂါက တစ်နေ့တခြား အခြေအနေဆိုးလာခဲ့တယ်။ အကြော တွေ တစ်နေ့တစ်နေ့ ကျုံ့သွားလိုက်တာ လမ်းတောင် ဖြောင့်ဖြောင့်မလျှောက် နိုင်ခဲ့တော့ဘူး။ နောက်ဆုံးမှာ သူ ရပ်တောင်မရပ်နိုင်တော့ဘဲ ဘီးတပ်ကုလား ထိုင်ပေါ် ထိုင်ခဲ့ရတယ်။ သူ့ရဲ့လက်ချောင်းတွေဟာလည်း လှုပ်ရှားဖို့ တုံ့နှေး လာခဲ့တယ်။ လက် ၁၀ ချောင်းမှာ ၂ ချောင်းပဲ လှုပ်နိုင်တော့တယ်။ သူ့ရဲ့အသံ

ထွက် အင်္ဂါအစိတ်အပိုင်းဟာလည်း အကြောတွေ ကျုံ့ခဲ့လို့ စကားမပြော နိုင်ခဲ့တော့ပါဘူး။

ကံဆိုးရာ မိုးမှောင်ကျဆိုသလို သူ အဆုတ်ရောဂါ စွဲကပ်ခဲ့ပြန် တယ်။ ခွဲစိတ်ကုသခဲ့ရလို့ နောက်ပိုင်းမှာ လုံးဝစကားမပြောနိုင်ခဲ့တော့ပါဘူး။ နောက်ပိုင်းမှာ သူ့ရဲ့ ဘီးတပ်ကုလားထိုင်မှာ ကွန်ပျူတာနဲ့ အသံထွက်စက် ပေါင်းစပ်တဲ့ စက်တစ်လုံး တပ်ပေးလိုက်တယ်။ လှုပ်ရှားနိုင်တဲ့ သူ့လက်ညှိုး ၂ ချောင်းနဲ့ သူ ပြောချင်တဲ့စကားကို ကီးဘုတ်ပေါ်မှာ ရွေးပြီး စကားလုံးအဖြစ် ပေါင်းစပ်ပြီးတော့ အသံထွက်စက်ကနေ အသံထွက်တဲ့နည်းနဲ့ သူ စကား ပြောခဲ့ရတယ်။

စကားမပြောနိုင်ပေမယ့် သူ့ရဲ့ တွေးတောမှုက လုံးဝမရပ်တန့်ခဲ့ ပါဘူး။ သူ့လက်ထောက်က စာရွက်စာတမ်းတွေကိုဖြန့်ပြီး စားပွဲပေါ်တင်ပေး ရင် သူက တစ်ရွက်ချင်းဆီ ဖတ်တော့တယ်။ သူ့ခန္ဓာကိုယ်က ဘီးတပ်ကုလား ထိုင်ပေါ်မှာ မလှုပ်နိုင်ပေမယ့် သူ့ဦးနှောက်က စကြဝဠာတစ်ခွင်ရဲ့ပြဿနာ ကို တွေးတောနေခဲ့ပါတယ်။ စကြဝဠာ ဘယ်တုန်းက စသလဲ၊ အချိန်ဆိုတာ အဆုံးရှိသလား၊ "တွင်းနက်ကြီး" ရဲ့ ပေါက်ကွဲမှုတွေကို သူ လေ့လာဆန်းစစ် ခဲ့တယ်။

ခန္ဓာကိုယ်မသန်စွမ်းပေမယ့် သာမန်လူတစ်ဦးလို အသက်ရှင်နိုင်ဖို့ ဟော်ကင် ကြိုးစားခဲ့တယ်။ သူ လုပ်ချင်တာတွေကို ဖြစ်မြောက်အောင် လုပ် ဆောင်ခဲ့တယ်။ သူဟာ တက်တက်ကြွကြွ ရှင်သန်ခဲ့တယ်။ သူ့တစ်ကိုယ်လုံး မလှုပ်ရှားနိုင်တဲ့နောက်ပိုင်း သူဟာ လှုပ်ရှားနိုင်တဲ့ လက် ၂ ချောင်းလေးနဲ့ ဘီးတပ်ကုလားထိုင်ကို မောင်းနှင်ပြီး သူ့ရုံးခန်းရှိရာဆီ တက်တက်ကြွကြွ သွားခဲ့တယ်။ မော်စကိုရဲ့ဟိုတယ်တစ်ခုမှာ အားလုံးကို ကာဖို့ သူ နှိုးဆော်

ခဲ့တယ်၊ သူလည်း သူ့ဘီးတပ်ကုလားထိုင်ကို တစ်ပတ်ပြီးတစ်ပတ် လည်ခဲ့တယ်။ ချားစ်မင်းသားနဲ့ တွေ့ဆုံချိန်မှာ ဟော့ကင်ဟာ သူ့ဘီးတပ်ကုလားထိုင်ကို လည်ပြီး ဝံ့ကြွားခဲ့တယ်။

ကမ္ဘာ့ဆွဲငင်အားလို လူအများကို ဆွဲဆောင်နိုင်တဲ့ ဟော့ကင်ဟာ ကမ္ဘာ့ဆွဲငင်အားဒဏ်ကိုလည်း မကြာခဏ ခံခဲ့ရပါတယ်၊ အဲဒါက ဘီးတပ်ကုလားထိုင်ပေါ် မကြာခဏ လဲကျခြင်းပါပဲ၊ လဲကျတိုင်း သူဟာ ပြန်ပြီး "ထရပ်" နိုင်ခဲ့ပါတယ်။

၁၉၈၅ ခုနှစ်မှာ လေပြွန်ခွဲစိတ်မှုတစ်ခုကို ဟော့ကင် ခံယူခဲ့ပါတယ်၊ အဲဒီကာစ သူ စကားပြောလို့ လုံဝမရခဲ့တော့ပါဘူး၊ အဲဒီလို အခြေအနေမျိုးမှာပဲ သူဟာ သူ့ရဲ့နာမည်ကျော်စာအုပ်ဖြစ်တဲ့ အချိန်၏သမိုင်းအကျဉ်း ("A Brief History of Time") ဆိုတဲ့ စကြဝဠာရဲ့မူရင်းဇာစ်မြစ်ကို လေ့လာစူးစမ်းတဲ့ သိပ္ပံစာအုပ်ကို ရေးသားနိုင်ခဲ့ပါတယ်။

သေမင်းဟာ ဟော့ကင်ရဲ့စိန်ခေါ်မှုအောက်မှာ တစ်လှမ်းချင်း နောက်ဆုတ်သွားခဲ့ပါတယ်။ ဆရာဝန်တွေ သတ်မှတ်ထားတဲ့ ၂ နှစ်ခွဲဆိုတဲ့အချိန် ကုန်ဆုံးသွားခဲ့ပါပြီ၊ နောက်ထပ် အချိန် ၂ နှစ်ခွဲ ကုန်ဆုံးသွားပြန်တယ်၊ အဲဒီလိုနဲ့ အချိန်တွေကုန်ဆုံးရင်း ကုန်ဆုံးချိန် သူဟာ ဒိုင်းစတိုင်းပြီးရင် ရူပဗေဒ ပညာရှင်တွေထဲက အထူးချွန်ဆုံးတစ်ဦး အပါအဝင် ဖြစ်ခဲ့ပါတယ်။ သူ ရေးသားတဲ့ "A Brief History of Time: from the Big Bang to Black Holes" သိပ္ပံစာအုပ်က ကမ္ဘာ့အနှံ့ ပျံ့နှံ့ပြီး စာအုပ်ပေါင်း သိန်း၁၀၀ ကျော် ဖြန့်ချိနိုင်ခဲ့ပါတယ်။

လူအများကို ဟော့ကင်ရဲ့ဆွဲဆောင်နိုင်ခြင်းက သူဟာ ဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေတဲ့ ထူးချွန်တဲ့ သိပ္ပံပညာရှင်တစ်ဦးဖြစ်ရုံမက ဘဝရဲ့

ဆင်းရဲဒုက္ခကို ရင်ဆိုင်ရဲ၊ စိန်ခေါ်ရဲသူလည်း ဖြစ်ခဲ့လို့ဖြစ်တယ်။ သိပ္ပံပညာရပ်ကို သူ မပြတ်လေ့လာဆန်းစစ်ခဲ့သလို လောကခံကို ရင်ဆိုင်အန်တုရဲတဲ့ သူ့ရဲ့ သတ္တိကလည်း သူ့ကိုသိတဲ့ လူသားတိုင်းကို နက်နက်နဲနဲ ဆွဲဆောင်နေခဲ့ပါတယ်။

ထက်မြက်တဲ့ ဓား၊ လှံတွေဟာ မီးပြင်းပြင်းနဲ့ ဖုတ်ပေးရတယ်။ လှပတဲ့ သက်တံက မိုးသက်လေပြင်းကျပြီးမှ ထွက်ပေါ်လာတာ ဖြစ်တယ်။ လူတိုင်း ပျော်ရွှင်ခြင်း၊ ချမ်းမြေ့ခြင်းကို လိုလားကြတယ်။ အန္တရာယ်၊ အခက်အခဲ၊ နာကျင်ကြေကွဲခြင်းတွေကို လူတိုင်း ရှောင်ပုန်းချင်ကြတယ်။ အခက်အခဲနဲ့ ရင်ဆိုင်ကြုံရတိုင်း ကိုယ် ကံမကောင်းပါလားဆိုပြီး ဝမ်းနည်းတတ်ကြတယ်။ တကယ်လို့ ဘဝမှာ ဆင်းရဲဒုက္ခ အခက်အခဲ မရှိခဲ့ရင်၊ ဖိအားမရှိခဲ့ရင် ကိုယ်ပိုင်ဆိုင်ထားတဲ့ ပျော်ရွှင်ကြည်နူးခြင်းတွေကို ကျွန်တော်တို့ ဘယ်တန်ဖိုးထားတတ်တော့မလဲ၊ ဒီအခက်အခဲကနေ ရုန်းထွက်နိုင်ပြီး၊ ဖြတ်ကျော်နိုင်ပြီးနောက် ရလာတဲ့ ပျော်ရွှင်မှု၊ အောင်မြင်မှုကို ကျွန်တော်တို့ ဘယ်ခံစားတတ်တော့မလဲ။

ဆင်းရဲဒုက္ခ အခက်အခဲရှိတဲ့ ဘဝကမှ အရောင်စုံတာ။ ဒါတွေရှိလို့ ဘဝကို ချစ်တယ်၊ ဒါတွေရှိလို့ ကိုယ့်ကို ပျော်ရွှင်မှုပေးတဲ့အရာနဲ့ လူကို တန်ဖိုးထားတတ်တယ်။ ဒါတွေရှိလို့ ကြိုးစားလိုစိတ်၊ အောင်မြင်လိုစိတ်တွေဖြစ်တယ်။ ဒါတွေရှိလို့ အင်အားတွေ တက်ကြွစေတယ်။ အခက်အခဲမရှိ၊ ဆင်းရဲဒုက္ခမရှိတဲ့ ဘဝဟာ မသန့်မစွမ်းတဲ့ ဘဝပါ။

* * *

# အိုက်ဇက်နယူတန်

*Isaac Newton*

*(25 December 1642 – 20 March 1727)*

*အောင်မြင်ဖို့ ဖွဲ့လှုံ့လာလိုတယ်*

မျက်မှောက်ခေတ် သိပ္ပံပညာကို လမ်းဖွင့်ပေးခဲ့သူ နယူတန်ဟာ သိပ္ပံပညာရပ်အတွက် များစွာ ထောက်ပံ့ပေးဆပ်ခဲ့သူ ဖြစ်တယ်။ သူ့ရဲ့ အောင်မြင်မှုသုံးရပ်ဖြစ်တဲ့ "အလင်းကိုစိတ်ဖြာလေ့လာခြင်း"၊ "ကမ္ဘာမြေကြီး၏ ဆွဲငင်အားနိယာမ"၊ "ကယ်ကုလပ်သင်္ချာ"တွေက ယနေ့ခေတ်သိပ္ပံပညာရပ် တိုးတက်ထွန်းကားဖို့ အခြေခံဖြစ်တယ်။

## မွေးဖွားကြီးပြင်းပုံ

သိပ္ပံပညာရပ်မှာ ထူးချွန်ထက်မြက်တဲ့ အောင်မြင်မှုမျိုး နယူတန် ဘာကြောင့် ရခဲ့သလဲ၊ သာမန်လူတစ်ဦးကနေ ထင်ရှားကျော်ကြားတဲ့ သိပ္ပံပညာရှင်ဖြစ်အောင် သူ ဘယ်လိုဖြစ်ခဲ့သလဲ၊ ဒီမေးခွန်းတွေကို ဖြေဖို့ သူ ပင်ပန်းကြီးစွာ ရှာဖွေသင်ယူခဲ့၊ အလုပ်လုပ်ခဲ့တဲ့ ဥပမာတွေနဲ့ ပြသရမယ် ထင်ပါတယ်။

## သူ့ထက်ငါသာရမယ်

နယူတန်လို့ ပြောလိုက်တာနဲ့ လူတွေက နယူတန်ဟာ ငယ်စဉ် ကတည်းက "ပါရမီရှင်"၊ "ထူးခြားတဲ့ကလေး"၊ "သာမန်လူထက် ထူးကဲတဲ့

ဉာဏ်ရှိသူ”လို့ ထင်ကောင်းထင်ကြလိမ့်မယ်။ တကယ်တော့ ကလေးဘဝ နယူတန်ဟာ ခန္ဓာကိုယ်သေးငယ်ပိန်လှီပြီး ဦးနှောက်ထက်မြက်သူ မဟုတ်ခဲ့ပါဘူး။ ကျောင်းနေစဉ်က သူဟာ ကျောင်းစာထဲ စိတ်မဝင်စားခဲ့သလို အတန်းထဲမှာလည်း အမြဲအဆင့်နောက်ကျကျန်သူ ဖြစ်တယ်။ ဒါပေမဲ့ သူ့ရဲ့ဝါသနာက များပြားလွန်းသလို ကစားဖို့ ဦးဆောင်တဲ့နေရာမှာလည်း တခြားကလေးထက် သာလွန်ခဲ့တယ်။

နယူတန်ဟာ စက်ကိရိယာတွေကို တီထွင်ဆန်းသစ်တာ ဝါသနာပါခဲ့တယ်။ ဥပမာ - လေပန်ကာ၊ ရေပန်ကာ၊ နေနာရီ စတဲ့ ကိရိယာတွေ ဖြစ်တယ်။ သူ အသေးစိတ်တီထွင်ခဲ့တဲ့ ရေနာရီတစ်လုံးဟာလည်း အချိန်တိကျခဲ့လို့ လူတွေရဲ့ချီးကျူးတာကို ခံခဲ့ရတယ်။ တစ်ခါတလေမှာ သူ ဆော့ကစားတဲ့နည်းတွေဟာလည်း ထူးခြားဆန်းကြယ်ခဲ့တယ်၊

တစ်နေ့မှာ နယူတန်ဟာ မီးအိမ်တစ်ခုကို လေတံခွန်ရဲ့အမြီးမှာ ချိတ်ဆွဲပြီး ကစားခဲ့တယ်၊ ညရောက်ချိန်မှာ မီးအိမ်ကို ထွန်းညှိပြီး လေတံခွန်နဲ့အတူ အမြင့်သို့ ဝဲပျံစေခဲ့တယ်၊ လေပေါ်ဝဲပျံနေတဲ့ မီးအိမ်ရဲ့အလင်းရောင်ကြောင့် လူတွေက ကြယ်တံခွန်ထင်ပြီး အံ့သြခဲ့ကြတယ်၊ ထူးခြားဆန်းကြယ်မှုတွေ တီထွင်တတ်သလောက် သူဟာ အတန်းပညာမှာ မထူးချွန်ခဲ့လို့ အမြဲအနိုင်ခံခဲ့ရတယ်၊

တစ်ခါက အတန်းအားလပ်ချိန်မှာ ကျောင်းသားအများဆော့ကစားနေခဲ့ကြတယ်။ အဲဒီအချိန်မှာ စာတော်တဲ့ ကျောင်းသားတစ်ယောက်က စာညံ့တဲ့ နယူတန်ကို တစ်ချက်ကန်ပြီး လူတုံးလို့ ဆဲဆိုလိုက်တယ်။ အဲဒီလို အကန်ခံ၊ အဆဲခံရတဲ့ နယူတန်ဟာ စိတ်ထိခိုက်ပြီး ဒေါသထွက်ခဲ့တယ်။ ကျောင်းသားအချင်းချင်း ဘာကြောင့် သူ့လုပ်သမျှကို ငြိမ်ခံရမလဲ၊ သူ့ထက်ငါ

သာရမယ်ဆိုပြီး တွေးလိုက်မိတယ်။ အဲဒီနောက် သူ ဆုံးဖြတ်ချက်ချပြီး ကြိုးစားခဲ့တယ်။ အချိန်တစ်မိနစ်၊ တစ်စက္ကန့်တောင် မလပ်အောင် မနားမနေ ကြိုးစားခဲ့ပါတယ်။

သူ့ရဲ့ကြိုးစားမှုနဲ့ အဆင့်တွေ မြင့်တက်လာခဲ့သလို သူ့ကို အရှက်ရအောင်လုပ်ခဲ့တဲ့ ကျောင်းသားထက် သာလွန်ခဲ့ပါတယ်။

## ခြစည်းရိုးအောက်ကပျော်ရွှင်မှု

သိပ္ပံပညာရှင်တော်တော်များများဟာ ဆင်းရဲတဲ့မိသားစုက ပေါက်ဖွားလာခဲ့သူတွေ ဖြစ်တယ်။ သူတို့ရဲ့အောင်မြင်မှုဆီသွားတဲ့လမ်းဟာ အခက်အခဲ၊ အတားအဆီးမျိုးစုံ၊ ဆင်းရဲဒုက္ခမျိုးစုံနဲ့ ပြည့်နှက်ခဲ့တယ်။ နယူတန်ရဲ့ ငယ်ဘဝကလည်း အဲဒီလိုပဲ ဒုက္ခအခက်အခဲကြားကနေ ဖြတ်ကျော်ခဲ့တာ ဖြစ်တယ်။

နယူတန်ကို ၁၆၄၂ ခုနှစ် အင်္ဂလန်နိုင်ငံက သာမန်လယ်သမားမိသားစုက မွေးဖွားခဲ့တာ ဖြစ်တယ်။ နယူတန်ကို မွေးဖွားပြီး သိပ်မကြာခင်မှာ သူ့ဖခင် ကွယ်လွန်သွားခဲ့တယ်။ သူ့အသက် (၂) နှစ်အရွယ်မှာ မိခင် နောက်အိမ်ထောင်ပြုခဲ့တယ်။ နယူတန် အသက် (၁၄) နှစ်မှာ သူ့ပထွေး ဆုံးသွားခဲ့လို့ မိခင်ဖြစ်သူက နယူတန်ကို ကျောင်းထုတ်ပြီး မွေးရပ်မြေဆီ ပြန်ခဲ့တယ်။ မွေးရပ်မြေမှာ မိခင်နဲ့အတူ သူ လယ်လုပ်ခဲ့တယ်။ မိခင်က သူ့ကို ကိုယ့်အားကိုယ်ကိုးနိုင်အောင်ဆိုပြီး လယ်ယာထွက်ပစ္စည်းတွေ ရောင်းဝယ်တတ်ဖို့ သင်ပေးခဲ့တယ်။

စာကြိုးစားတဲ့ ကာလေးတစ်ယောက်ဟာ သူချစ်တဲ့ ကျောင်းကို မခွာချင်ခဲ့ပါဘူး။ နယူတန်ဟာလည်း ကျောင်းမထွက်ချင်လို့ အကြိမ်ကြိမ် ငိုကြွေး

နိုင်တယ်၊ ဒါပေမဲ့ သူ့မိခင် စိတ်ထားမပြောင်းခဲ့ဘူး၊ နောက်ဆုံးမှာ မိခင်ရဲ့ စိတ်ဆန္ဒအတိုင်း သူ ကုန်သည်လုပ်လိုက်ရတယ်၊ နယူတန်ဟာ မနက်စော စောထပြီး အကူတစ်ယောက်နဲ့အတူ တခြားမြို့ရွာတွေမှာ အရောင်းအဝယ် လုပ်ဖို့ သွားရတယ်၊ ဒီအလုပ်ကို သူ မကြိုက်ခဲ့လို့ သူ့အကူကို အားလုံးလွှဲပြီး သူက တစ်နေရာရာမှာ သွားပြီး စာနိုးဖတ်နေခဲ့တယ်။

အချိန်တဖြည်းဖြည်း ကုန်ဆုံးလာတာနဲ့ ဒီလိုရောင်းဝယ်ဖောက်ကား မှုမှာ နယူတန် ပျင်းရိလာခဲ့တယ်၊ သူ့စိတ်ထဲမှာ ကျောင်းပဲ တက်ချင်နေခဲ့ တယ်၊ နောက်ပိုင်းမှာ တခြားမြို့ရွာဆီ ရောင်းဝယ်ဖို့ သူ မသွားတော့ဘဲ သူ့ အကူကိုပဲ လွှတ်ခဲ့တော့တယ်၊ ဒါကို မိခင်ရိပ်မိမှာစိုးလို့ နေအိမ်ကနေ အကူ နဲ့သူ အတူထွက်ခဲ့ပြီး လမ်းတစ်ဝက်မှာ သူ နေခဲ့တယ်၊ ပြီးတော့ မြက်ခင်းရိုး တစ်ခုအောက်မှာ ထိုင်ပြီး သူ စာတွေဖတ်ခဲ့တယ်၊ ညနေ သူ့အကူ ပြန်လာမှ နေအိမ်ကို အတူပြန်ခဲ့တော့တယ်၊ အဲဒီလို တစ်နေ့ပြီးတစ်နေ့ မြက်ခင်းရိုးအောက် ထိုင်ပြီး စာတွေကို သူ စွဲစွဲမက်မက်ဖတ်ခဲ့တယ်၊ စာဖတ်နေရတဲ့အချိန် သူ့ရဲ့ စိတ်ပျော်ရွှင်မှုက ဘာနဲ့မှ နှိုင်းမရခဲ့ပါဘူး၊ နောက်ပိုင်းမှာ သူ့ဦးလေး (အမေ့ မောင်)က နယူတန်မိခင်ကို နယူတန်ကို ကျောင်းဆက်ထားဖို့ ပြောဆိုနားချ ခဲ့တယ်၊ ဦးလေးရဲ့ကူညီမှုကြောင့် နယူတန် ကျောင်းပြန်တက်ခဲ့ရတယ်၊

(၁၆) နှစ်အရွယ်မှာ နယူတန်ဟာ သင်္ချာပညာရပ်နဲ့ ပတ်သက်ပြီး ဟာသုတ နည်းပါးခဲ့တယ်၊ နည်းနည်းအဆင့်မြင့်တဲ့ သင်္ချာဆိုရင် သူ လုံးဝ နားမလည်ခဲ့ဘူး၊

"အသိပညာဆိုတာ လေ့လာစုဆောင်းရတယ်၊ ထက်မြက်မှုဆိုတာ ရှာဖွေသင်ယူလေ့လာခြင်းပါပဲ"

Synergy Publications

နယူတန်ဟာ ကိုယ့်ကြိုးစားမှုနဲ့ သင်္ချာဘာသာရပ်ရဲ့ အမြင့်ဆုံးထိပ်ကို ရောက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အခြေခံမကောင်းခဲ့တဲ့ သူ့အကြောင်းကို သူသိခဲ့လို့ ရှေ့ဆက်တိုးဖို့ ခက်ခဲခဲ့တယ်၊ ဒါကြောင့် အခြေခံကစပြီး တစ်လှမ်းချင်း သူ သင်ယူခဲ့တယ်။ တစိုက်မတ်မတ် ကြိုးစားခဲ့တယ်။ နောက်ပိုင်းမှာ ကိန်းတန်းနှစ်ခုပါတဲ့ အက္ခရာသင်္ချာကို ဖော်ထုတ်နိုင်ခဲ့တယ်။

"လေပြင်းကြားမှာ လေထုအားကို တွက်ချက်မယ်"

ဒီစကားဟာ နယူတန်အတွက် ရာဇဝင်တွင်ခဲ့တယ်။ နယူတန်ရဲ့ ခန္ဓာကိုယ်အားကို သက်သေပြတဲ့စကားလည်း ဖြစ်တယ်။ တစ်နေ့မှာ လေပြင်းတိုက်ခိုက်ခဲ့တယ်။ လေအင်အားကြီးတဲ့အတွက် လူတွေဟာ မျက်စိတောင် မဖွင့်နိုင်ခဲ့ကြဘူး။ ဒါကို နယူတန်က ဒါဟာ လေထုအားကို တိုင်းတာတွက်ချက်လေ့လာဖို့ အကောင်းဆုံးအချိန်ပဲလို့ တွေးခဲ့တယ်။ ဒီလိုနဲ့ သူဟာ ကိရိယာတွေယူပြီး လေပြင်းကြားမှာ လူးလားခေါက်ပြန် လျှောက်ခဲ့တယ်။ သူဟာ ယိုင်ယိုင်ချည့်ချည့်နဲ့ လေထုအားကို တိုင်းတာတွက်ချက်ခဲ့တယ်။ သဲဖုန်တွေ သူ့မျက်စိထဲ ဝင်ခဲ့တယ်။ လေကြောင့် သူ တွက်ချက်ထားတဲ့စာရွက်တွေ တစ်စစီ ဖြစ်ခဲ့တယ်၊ လေထန်တဲ့ လေအရှိန်ကြောင့် လုပ်နေတာကို သူ မကြာခဏ ရပ်ခဲ့ရတယ်။ ဒါပေမဲ့ သိလိုတဲ့ သူ့ဆန္ဒက မယိုင်နဲ့ခဲ့ပါဘူး။

တစ်ကြိမ်ပြီးတစ်ကြိမ် သူ စမ်းသပ်ခဲ့တယ်၊ နောက်ဆုံးမှာ တိကျတဲ့ ကိန်းတစ်ခုကို သူ ရခဲ့တယ်။ သူဟာ နေ့အိမ်ဆီ ဝမ်းသာအားရ အပြေးပြန်ပြီး သူ့ စမ်းသပ်မှုကို ဆက်လုပ်ခဲ့တယ်။ ဖွဲ လုံ့လရှိသူက အောင်မြင်စမြဲပါ။ အကြိမ်ကြိမ် ကြိုးစားသင်ယူလေ့လာရင်း နယူတန်ဟာ သိပ္ပံပညာရပ်မှာ ထူးထဲတဲ့ အခြေခံ အုတ်မြစ်ကိုချပေးခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ သင်္ချာကိန်းဂဏန်းရဲ့စင်မြင့်ကို သူ ခေါက်နိုင်ခဲ့ပါတယ်။ နယူတန်ဟာ အသက် (၂၂) နှစ်အရွယ်မှာ ခြားနား

ခြင်းနဲ့ သက်ဆိုင်တဲ့ပညာ (Differential) ကို ထုတ်ဖော်ခဲ့တယ်။ (၂၃) နှစ်အရွယ်မှာ ကိန်းပြည့်နဲ့သက်ဆိုင်တဲ့ပညာ (Integral) ကို ဖော်ထုတ်နိုင်ခဲ့ပြီး သိပ္ပံပညာရပ်အတွက် ကြီးမားတဲ့ထောက်ပံ့မှုကို ပေးခဲ့ပါတယ်။

ဘဝထဲက ဆင်းရဲဒုက္ခအခက်အခဲဆိုတာ ကြောက်စရာ မကောင်းပါဘူး။ အခက်အခဲနဲ့ကြုံရိုက် မရှောင်လွှဲနဲ့၊ မပုန်းအောင်းနဲ့၊ မလွှတ်စတမ်း တင်းတင်းကြီးလည်း ဆုပ်ကိုင်မထားပါနဲ့။ ဖြစ်လာပြီဖြစ်တဲ့ အခက်အခဲကို ရင်ဆိုင်လိုက်၊ ဖြေရှင်းလိုက်တာဟာ အကောင်းနည်းပါ။ မဖြေရှင်းဘဲ မလွှတ်တမ်းဆုပ်ကိုင်ထားရင် သူဟာ နွံလိုပဲ ကိုယ့်ကို ဖိပြီးနစ်ဝင်စေတတ်တယ်။ ဘယ်လိုအခက်အခဲနဲ့ ရင်ဆိုင်ရစေ၊ ဒီလိုယုံကြည်မှုတစ်ခုကို ကျွန်တော်တို့ လက်ကိုင်ထားသင့်တယ်။ မိုးသက်လေပြင်း မကျရောက်ခဲ့ရင် လှပတဲ့ သက်တံ ပေါ်လာနိုင်မှာမဟုတ်ဘူး။ ဒီအမှောင်ကို ကျော်လွန်ပြီးရင် အလင်းဆိုတာ ရောက်လာစမြဲပဲ။ ရှေ့ဆက်မယ့်လမ်းက အရာရာ အဆင်ပြေချောမွေ့နေမှာ မဟုတ်ဘူး။ အခက်အခဲ တစ်မျိုးမဟုတ်တစ်မျိုးက စောင့်နေဦးမှာပဲ။ ဒီလိုအချိန်မျိုးမှာ နာကျင်မှုကို အင်အားအဖြစ်ပြောင်းပြီး ကြံ့ခိုင်သန်မာဖို့၊ ရွှင်လန်းလာဖို့ကို ကျွန်တော်တို့ ရွေးချယ်ရပါလိမ့်မယ်။

* * *

# အဲလ်ဖရက်နိုဘယ်

*(Alfred Nobel)*

*(21 October 1833 – 10 December 1896)*

*ဖွဲ့လုံ့လနဲ့ကြံ့ခိုင်သန်မာခြင်းက အခက်အခဲကိုဖွင့်တဲ့ သော့ဖြစ်တယ်*

နိုဘယ်လ်က ဆွီဒင်ဓာတုဗေဒပညာရှင်၊ အင်ဂျင်နီယာ၊ တီထွင်ဆန်းသစ်သူ၊ စစ်လက်နက်ကိရိယာ ထုတ်လုပ်သူ၊ ဒိုင်းနမိုက် တီထွင်သူဖြစ်တယ်။ နိုဘယ်လ်ဆုကို တည်ထောင်ခဲ့သူလည်း ဖြစ်တယ်။

## မွေးဖွားကြီးပြင်းပုံ

၁၈၆၄ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့က တိတ်ဆိတ်ငြိမ်သက်တဲ့ Stockholm ရဲ့ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ ပေါက်ကွဲသံတွေနဲ့ ရုတ်တရက်ဆူညံပွက်လောရိုက်ခဲ့တယ်။ မီးခိုးလိပ်မည်းကြီးတွေက ကောင်းကင်ထက် အလိပ်လိုက် တက်နေခဲ့တယ်။ မီးတောက်မီးညွန့်တွေ ဟုန်းဟုန်းတောက်လောင်ခဲ့တယ်။ ပေါက်ကွဲရာနေရာဆီ လူတွေရောက်လာတဲ့အချိန် အဲဒီနေရာမှာ ရှိနေခဲ့တဲ့ အလုပ်ရုံတစ်ခုက မိနစ်အနည်းငယ်တွင်းမှာပဲ ပြာကျခဲ့ပါပြီ။ စာနာမှုမရှိတဲ့ မီးတောက်တွေက အရာအားလုံးကို ဝါးမျိုသွားခဲ့ပါတယ်။ မီးလောင်ရာနံဘေးမှာ အသက် (၃၀) အရွယ် လူရွယ်တစ်ဦးရပ်နေပါတယ်။ အဲဒီလူရွယ်ဟာ ရုတ်တရက်ကျရောက်လာတဲ့ အန္တရာယ်ကြောင့် ထိတ်လန့်တုန်လှုပ်ပြီး ကြက်သေသေနေခဲ့တယ်။ ဒီပေါက်ကွဲမှုအောက်မှာ အသက်ရှင်ခဲ့

တဲ့ လူရှယ်ကတော့ နောင်တစ်ချိန်မှာ ထင်ရှားကျော်ကြားတဲ့ ဓာတုဗေဒ ပညာရှင်ဖြစ်လာတဲ့ နိုဘယ်လ်ပဲ ဖြစ်တယ်။

နိုဘယ်လ်ဟာ သူကိုယ်တိုင်တီထွင်တဲ့ နိုက်တရိုဂလိုင်စရင်း (Nitroglycerine) ပါဝင်တဲ့ ပေါက်ကွဲပစ္စည်းကြောင့် ပြာပုံဖြစ်သွားတဲ့ အလုပ်ရုံကို ငေးကြောင်ကြည့်နေခဲ့တယ်။ ပေါက်ကွဲသွားတဲ့နေရာကနေ လူတွေ အလောင်းငါးလောင်းကို ရှာတွေ့ခဲ့တယ်။ အဲဒီအလောင်းတွေထဲမှာ တက္ကသိုလ်တက်နေတဲ့ သူ့အချစ်ဆုံးညီငယ် ပါတယ်။ နောက်တစ်ယောက်က သူနဲ့အတူတကွ နှစ်ရှည်လကြာ ပေါင်းသင်းလာခဲ့တဲ့ သူငယ်ချင်းပါတယ်။ အလောင်းတွေဟာ မီးတူးပြီး မကြည့်ရက် မမြင်ရက်အောင် ဖြစ်နေပါတယ်။ သားငယ်သေဆုံးတဲ့ သတင်းကိုကြားတော့ နိုဘယ်လ်ရဲ့မိခင်ဟာ ရင်ကွဲမတတ် ပူဆွေးခဲ့တယ်၊ အရွယ်ရပြီဖြစ်တဲ့ ဖခင်လည်း အဲဒီသတင်းကြောင့် ဦးနှောက်သွေးယိုပြီး ကိုယ်တစ်ခြမ်းသေခဲ့တယ်။

ကြေကွဲစရာအဖြစ်တွေ ဖြစ်ပျက်ခဲ့တဲ့နေရာကို ရဲတွေ ချက်ချင်း ချိတ်ပိတ်လိုက်တယ်။ နိုဘယ်လ်ကိုလည်း အလုပ်ရုံကို ပြန်မဖွင့်ဖို့ တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့တယ်။ လူတွေက နိုဘယ်လ်ကို ထူးဆန်းတဲ့သတ္တဝါ တစ်ကောင်လို ရှောင်ခဲ့ကြတယ်။ ဘယ်သူကမှလည်း ဒီလိုအန္တရာယ်များတဲ့ စမ်းသပ်မှုမျိုး စမ်းသပ်ဖို့ သူ့ကို နေရာမငှားခဲ့ကြတော့ဘူး။ ဒီလိုအခက်အခဲတွေက နိုဘယ်လ်ကို နောက်မဆုတ်စေခဲ့ဘူး၊ စိတ်ဓာတ်ကျအောင် မလုပ်နိုင်ခဲ့ဘူး။

နောက်ရက်အတန်ကြာမှာ မြို့နဲ့ဝေးတဲ့ ကန်တစ်ကန်မှာ လှေကြီး တစ်စင်းပေါ်ထွက်လာခဲ့တယ်။ လှေပေါ်မှာ ဘာတုန်ပစ္စည်းမှ ဖင်မထားဘဲ ကိရိယာတန်ဆာပလာတွေနဲ့ပဲ ပြည့်နေခဲ့တယ်။ လူရွယ်တစ်ယောက်ဟာ

အဲဒီကိရိယာတွေနဲ့ စိတ်ဝင်တစား စမ်းသပ်မှုတွေ ပြုလုပ်နေတယ်။ အဲဒီလူရွယ်က ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်ပြီးနောက် လူတွေရှောင်ဖယ်တာကို ခံရတဲ့ နိုဘယ်လ်ပဲဖြစ်တယ်။

မကြောက်ရွံ့တဲ့ သတ္တိဟာ သေမင်းကိုတောင် နောက်ဆုတ်စေပါတယ်။ လူကို အထိတ်တလန့်ဖြစ်စေတဲ့ စမ်းသပ်မှုတွေက နိုဘယ်လ်ကို လေနဲ့အတူ ရေအောက်မြုပ်ပြီး ငါးစာဖြစ်မသွားစေခဲ့ပါဘူး။ အကြိမ်ကြိမ် စမ်းသပ်မှုတွေပြုလုပ်ပြီး နောက်ဆုံးမှာ စနက်တံကို သူ တီထွင်နိုင်ခဲ့ပါတယ်။ စနက်တံကို တီထွင်နိုင်တာဟာ ကမ္ဘာ့အရေးပါဆုံးအရာတစ်ခုကို ထိုးဖောက်နိုင်ခဲ့တာပဲဖြစ်တယ်။

အချိန်ကာလ ပြောင်းလဲလာတာနဲ့အတူ ဥရောပနိုင်ငံ တော်တော်များများမှာ စက်မှုလုပ်ငန်းတွေ ထွန်းကားစပြုလာပြီး သတ္တုတွင်းတူးဖို့၊ ရထားလမ်းပြင်ဖို့၊ လိုဏ်ခေါင်းတွေတူးဖို့၊ တူးမြောင်းတွေဖောက်ဖို့ ယမ်းတွေ လိုလာခဲ့ကြတယ်။ အဲဒီအချိန်ကျမှ လူတွေဟာ နိုဘယ်လ်ဆီ ချဉ်းကပ်ခဲ့ကြတယ်၊ နိုဘယ်လ်ဟာ သူ့ရဲ့စမ်းသပ်ရုံကို စတော့ဟုမ်း (Stockholm) အနီးအနားပြောင်းရွှေ့လာခဲ့ပြီး နိုက်တရိုဂလိုင်စရင်း (Nitroglycerine) အလုပ်ရုံကို တရားဝင်ဖွင့်လှစ်ခဲ့တယ်၊ တစ်ဆက်တည်းမှာပဲ ဂျာမနီနိုင်ငံမှာ ဟမ်းဘတ် (Hamburg) မြို့မှာလည်း ယမ်းအလုပ်ရုံကို သူ ဖွင့်လှစ်ခဲ့တယ်။

တစ်ခဏအတွင်းမှာပဲ နိုဘယ်လ်ရဲ့ယမ်းတွေဟာ အရောင်းသွက်ပစ္စည်းတစ်ခု ဖြစ်လာခဲ့တယ်။ နိုင်ငံအနှံ့က မှာယူသူတွေကြောင့် နိုဘယ်လ်ဟာ နေ့ချင်းညချင်း ကြီးပွားချမ်းသာခဲ့တယ်၊ အောင်မြင်မှုကို ရခဲ့ပေမယ့် နိုဘယ်လ်ဟာ အခက်အခဲကနေ မလွတ်မြောက်နိုင်ခဲ့သေးဘူး။ သတင်းဆိုးတွေက နေရာအနှံ့ကနေ သူ့ဆီကို လွင့်ပျံလာခဲ့တယ်။ ဆန်ဖရန်စစ္စကိုမှာ ယမ်း

တင်ထားတဲ့ ရထားဟာ လှုပ်ရှားတုန်ခါမှုကြောင့် ပေါက်ကွဲခဲ့တယ်။ ဂျာမနီက နာမည်ကြီး အလုပ်ရုံတစ်ခုမှာ နိုက်တရိုဂလိုင်စရင်းတွေ ပြောင်းရွှေ့ရင်း အချင်းချင်းပွတ်တိုက်လို့ ပေါက်ကွဲခဲ့တယ်။ ဘနားမားမှာ နိုက်တရိုဂလိုင်စရင်း အပြည့် သယ်ဆောင်လာတဲ့သင်္ဘော အတ္တလန္တိတ်သမုဒ္ဒရာမှာ အချင်းချင်း ပွတ်တိုက်မိလို့ ပေါက်ကွဲခဲ့တယ်။ သင်္ဘောတစ်စင်းလုံး သမုဒ္ဒရာထဲ နစ်မြုပ် ခဲ့တယ်။

ဒီလို အမျိုးမျိုးတွေ့ကြုံခဲ့တာတောင် နိုဘယ်လ်ဟာ မတုန်လှုပ်ခဲ့ သေးဘူး။ အမျိုးမျိုး လေ့လာဆန်းစစ်ပြီးနောက် Diatomaceous earth ကို စုပ်ရည်အဖြစ် အသုံးပြုကာ ပိုပြီးဘေးကင်းလုံခြုံတဲ့ ယမ်းကို တီထွင်ခဲ့တယ်။ ဒီလိုပေါက်ကွဲပစ္စည်းကို ဒိုင်းနမိုက်လို့ ခေါ်ဝေါ်ခဲ့တယ်။ နိုဘယ်လ်ဟာ သူ့ တစ်သက်မှာ တီထွင်ဆန်းသစ်မှု အများအပြား လုပ်ခဲ့တယ်။ မှတ်ပုံတင်ရတဲ့ တီထွင်မှုတွေ အခု ၂၅၀ ကျော်ရှိခဲ့တယ်။ အဲဒီထဲမှာ ပေါက်ကွဲပစ္စည်းမှာတင် အမျိုး ၁၂၀ ကျော်ရှိခဲ့တယ်။ အသက်သေဆုံးခါနီးချိန်အထိ နိုဘယ်လ်ဟာ ပေါက်ကွဲပစ္စည်းအသစ်ကို စမ်းသပ်တီထွင်ဖို့ စိတ်ကူးရှိနေခဲ့တယ်။

လူ့ဘဝခရီးလမ်းမှာ အခက်အခဲဆိုတာ ကျွန်တော်တို့ရဲ့ ရှေ့တိုး မယ့်လမ်းကို ပိတ်ဆို့တားဆီးတဲ့ အရာဖြစ်တယ်။ တကယ်လို့ အခက်အခဲက သော့အိမ်တစ်လုံးဆိုရင် ဇွဲ၊ လုံ့လနဲ့ကြံ့ခိုင်ခြင်းက အဲဒီသော့ကိုဖွင့်တဲ့ သော့တံပဲ ဖြစ်ပါတယ်။

* * *

# ဩဂတ်စတီရိုဒင်

*Auguste Rodin*

*(12 November 1840 – 17 November 1917)*

## *အစက်အခဲကြီးလေ သတ္တိတိုးလေ*

ရိုဒင် (Rodin) က ပြင်သစ်နာမည်ကြီး ပန်းပုပညာရှင်ဖြစ်တယ်။ အသက်ဝင်ပြီး အနုပညာမြောက်တဲ့ ပန်းပုတွေကို သူ ထုလုပ်ခဲ့တယ်။ စာအုပ်တွေကိုလည်း သူ ရေးသားခဲ့ပြီး "အနုပညာသီအိုရီ" ဆိုတဲ့စာအုပ်က ထင်ရှားခဲ့တယ်။ သူ့ရဲ့ တီထွင်ဆန်းသစ်မှုတွေက ဥရောပတိုက် မျက်မှောက်ခေတ် ပန်းပုပညာကို များစွာအကျိုးသက်ရောက်မှု ရှိစေခဲ့ပါတယ်။

### မွေးဖွားကြီးပြင်းပုံ

ဥရောပတိုက် ပန်းပုပညာသမိုင်းမှာ ရိုဒင်ရဲ့နေရာက ကဗျာဆရာ ဒန်တီအာလစ်ဂီရီ (Dante Alighieri) ရဲ့ ဥရောပတိုက်မှာ နေရာရတာနဲ့ တူခဲ့တယ်။ ရိုဒင်နဲ့ သူ့ရဲ့တပည့်နှစ်ယောက်ဟာ ဥရောပပန်းပုသမိုင်းမှာ ထောက်တိုင် (၃) တိုင်အဖြစ် နာမည်ကြီး ထင်ရှားခဲ့တယ်။ ဒီလို နာမည်ကြီး ထင်ရှားကျော်ကြားတဲ့ ပန်းပုပညာရှင်ဟာ ငယ်ရွယ်စဉ်က ပဲရစ်အနုပညာ ကျောင်းဝင်ခွင့်မှာ ၃ ကြိမ်တိုင်တိုင် ငြင်းပယ်ခံခဲ့ရသူ ဖြစ်တယ်။ ငြင်းပယ်ရတဲ့ အကြောင်းက "ဒီတစ်သက် အစွမ်းအစရှိမှာ မဟုတ်ဘူး" ဆိုတာ ဖြစ်တယ်။

ရိုဒင်ကို ရေစ်ယာန်ဘာသာကိုးကွယ်တဲ့ ဆင်းရဲသားမိသားစုက မွေးဖွားခဲ့တာ ဖြစ်တယ်။ ဖခင်က ရဲဌာနစာရေးတစ်ဦးဖြစ်ပြီး မိခင်က သာမန်

အိမ်ရှင်မ ဖြစ်တယ်။ ရိုဒင်ဟာ ငယ်ငယ်ကတည်းက အနုပညာရပ်ကို ဝါသနာပါခဲ့ပြီး တခြားဘာသာရပ်တွေမှာတော့ စာညံ့ခဲ့တယ်။ အစ်မဖြစ်သူ မေရီရဲ့ ထောက်ခံအားပေးမှုကြောင့် သူ့အပေါ် စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ ဖခင်ဟာ သူ့ကို ဝင်ခွင့်စာမေးပွဲဖြေစရာမလိုဘဲ တက်ရောက်နိုင်တဲ့ ပဲရစ်အနုပညာနဲ့ လက်မှုသင်တန်းကျောင်းကို ပို့ဖို့ သဘောတူခဲ့တယ်။

အဲဒီအနုပညာသင်ကျောင်းမှာ ကျောင်းသားတွေက ဒီဇိုင်းဆွဲတာ၊ ပန်းချီဆွဲတာကို သင်ယူရတယ်။ အဲဒီကျောင်းမှာပဲ ရိုဒင်ဟာ သူ့တစ်သက်လေးစားရတဲ့ ဆရာလီကော့ဒီဘွိုက်စ်ဘော်ဒရန် (Lecoq de Boisbaudran) နဲ့ တွေ့ဆုံခဲ့တယ်။ လီကော့ဒီက သာမန်ဆရာတစ်ဦးပါ။ ဒါပေမဲ့ စစချင်းကတည်းက ရိုဒင်ကို ကိုယ့်အနုပညာအပေါ် ယုံကြည်သက်ဝင်ဖို့၊ ကျောင်းက သင်ရိုးလမ်းစဉ်အတိုင်း တစ်သမတ်တည်း မလိုက်နာဖို့ သူ အားပေးခဲ့တယ်။

ဒီလိုသင်ပြတဲ့နည်းကပဲ ရိုဒင်ကို သူ့တစ်သက်တာလုံး သက်ရောက်စေခဲ့တယ်ထင်ပါတယ်။ ပညာကို သင်ယူနေစဉ်အတွင်းမှာ လူဗာ (Louvre) ပြတိုက်ဆီ သူ အမြဲသွားပြီး နာမည်ကြီးပန်းချီဆရာတွေရဲ့ ပန်းချီကားတွေကို သွားရောက် လေ့လာခဲ့တယ်။ ရောင်စုံဆီဆေးတွေကို မဝယ်နိုင်လို့ နောက်ပိုင်းမှာ ပန်းပုအတန်းကို သူ ပြောင်းခဲ့ရတယ်။ အဲဒီကစ ပန်းပုတွေကို သူ ကြိုက်နှစ်သက်ခဲ့တယ်။ ဆရာလီကော့ဒီက ရိုဒင်ကို မြင်သစ်က နာမည်ကြီးတိရစ္ဆာန်ပန်းပုဆရာ လူဝီဘာယဲ (Louis Barye) နဲ့ မိတ်ဆက်ပေးပြီး ပညာတွေကို သင်ယူစေခဲ့တယ်။ အဲဒီမှာ အခြေခံကောင်းတွေကို သူ သင်ယူနိုင်ခဲ့တယ်။

၃ နှစ်တာ ပင်ပင်ပန်းပန်း ကြိုးစားသင်ယူခဲ့ပြီးနောက် ရိုဒင်ဟာ ရည်မှန်းချက်အပြည့်နဲ့ ပဲရစ်အနုပညာကျောင်းဝင်ခွင့်စာမေးပွဲ ဖြေဆိုဖို့ သူ ပြင်ဆင်ခဲ့တယ်။ တစ်ဖန် ဆရာလီကော့ဒီက သူ့ကို နာမည်ကြီးပန်းပုပညာရှင်

ဟစ်ပိုလိုက်မိန်းဒရွန် (Hippolyte Maindron) နဲ့ မိတ်ဆက်ပေးခဲ့ပြီး ရိုဒင်ရဲ့ ထောက်ခံသူအဖြစ် ကျောင်းဝင်ခွင့်မှာ လက်မှတ်ရေးထိုးစေခဲ့တယ်။ ပထမ တစ်နှစ်မှာ ရိုဒင် ဝင်ခွင့်မအောင်ခဲ့ပါဘူး။ ဒုတိယနှစ်မှာလည်း မအောင်ခဲ့ ပြန်ဘူး။ တတိယနှစ်ရောက်တော့ ရိုဒင်ရဲ့နာမည်အောက်မှာ "ဒီကျောင်းသားမှာ ဘာအစွမ်းအစမှ မရှိဘူး။ ဆက်ဖြေရင် အချိန်နဲ့ငွေကို ဖြုန်းနေတာပါပဲ" လို့ ရေးထားတဲ့ စာကြောင်းကို တွေ့ခဲ့ရတယ်။ အဲဒီလို ဥရောပတိုက်ရဲ့ထင်ရှား ကျော်ကြားတဲ့ ပန်းပုပညာရှင်ဖြစ်လာမယ့်သူဟာ ပဲရစ်အနုပညာကျောင်းပြင် ဘက်ကို ကန်ထုတ်ခြင်း ခံခဲ့ရတယ်။ ကျောင်းက ရှေးသင်ရိုးညွှန်းတမ်းအတိုင်း မလိုက်နာနိုင်သူဟာ ဘယ်တော့မှ အောင်မြင်သူဖြစ်မှာ မဟုတ်ဘူးလို့ သူတို့ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ ရိုဒင်ရဲ့ဆရာက အဲဒီလိုမထင်ခဲ့ဘူး။ ရိုဒင်ကို အီတလီ ပန်းပုပညာရှင် မိုက်ကယ်လန်ဂလို (Michelangelo) က "အနုပညာကျောင်း တက်ဖို့ လိုတယ်လို့ မင်းထင်လား" လို့ အားပေးခဲ့တယ်။

ရိုဒင်ဟာ ဆရာလီကော့ဒီဆီ တစ်ဖန်ရောက်သွားပြန်တယ်။ ဆရာရဲ့ အားပေးမှုနဲ့ ထောက်ခံမှုအောက်မှာ ရိုဒင်ဟာ တစ်ဖက်က အလုပ်လုပ်ရင်း တစ်ဖက်က ပန်းပုပညာကို ကိုယ်တိုင်ဆည်းပူးခဲ့တယ်။ ကိုယ်ဟန်ပြသူ မငှား နိုင်တဲ့အတွက် လမ်းဘေးက တောင်းရမ်းသူကိုခေါ်ပြီး ကိုယ်ဟန်ပြစေခဲ့တယ်။ သူတောင်းစားရဲ့ အကျည်းတန်ပွန်းပဲ့တဲ့မျက်နှာပေါ်မှာ လူတွေမှာရှိတတ်တဲ့ စိုးရိမ်ကြောင့်ကြမှု၊ ဝမ်းနည်းပူဆွေးမှုတို့ကို ရိုဒင် တွေ့ခဲ့ရတယ်။ တစ်ချိန်တည်း မှာပဲ ဘဝတစ်သက်ကို ဆင်းရဲပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့တဲ့ အထီးကျန် ပန်းပုပညာရှင် မိုက်ကယ်လန်ဂလိုကို သူ သတိရလိုက်မိတယ်။

ရိုဒင်ရဲ့အကြည့်မှာ ဘဝရဲ့လှပမှု၊ အကျည်းတန်မှုနဲ့ အနုပညာထဲက လှပမှု၊ အကျည်းတန်မှုက တခြားစီဖြစ်ခဲ့တယ်။ ပန်းပုတစ်ခုကို သူ ဖန်တီး

ချိန်မှာ သူ့အာရုံကို ပန်းပုရဲ့မျက်နှာပြင်ပေါ်ထားပြီး သူ့ရဲ့အတွေးအနက်ကို တော့ ပန်းပုထဲ သူ ထုဆစ်ခဲ့တယ်။ ပန်းပုအနုပညာကို အင်အားရှိတဲ့ ဘာသာ စကားတစ်ခုဖြစ်အောင် သူ ဖန်ဆင်းခဲ့တယ်။ ဒီလိုအနုပညာအတွေးကို ပန်းပု ပညာရှင် မိုက်ကယ်လန်ဂလိုက နှစ်တော်တော်ကြာ ပင်ပင်ပန်းပန်း ရှာဖွေ ခဲ့တာဖြစ်တယ်။

ရိုဒင်ဟာ ပန်းပုပညာရှင်တစ်ဦးသာမက မြင့်မြတ်တဲ့ ဆရာတစ်ဦး လည်း ဖြစ်တယ်။ သူ့ရဲ့ကျောင်းသားပဲဖြစ်ဖြစ်၊ လက်ထောက်အကူပဲဖြစ်ဖြစ် သူနဲ့ ခဏတာ ပေါင်းသင်းဆက်ဆံခဲ့သူတောင် ရိုဒင်က သူတို့ရဲ့အနုပညာမှာ များစွာအကျိုးကျေးဇူးရှိခဲ့တယ်။ ကျောင်းသားတွေရဲ့အနုပညာအမြင်ကို ရိုဒင် ဘယ်တော့မှ ဘောင်ခတ်မထားဘူး။ အဲဒါကြောင့် ကျောင်းသားတိုင်းဟာ ကိုယ်ပိုင်ဟန်နဲ့ တစ်မူထူးခြားခဲ့တယ်။

ရိုဒင် တစ်သက်မှာ ပန်းချီနဲ့ပန်းပုပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ ဖူးဘူး။ သူ့ရဲ့တီထွင်ဖန်တီးမှုတွေဟာလည်း တကယ်သင်ယူခဲ့ဖူးသူတွေနဲ့ လုံးဝခြားနားခဲ့တယ်၊ ဒါပေမဲ့ သူ့ပါရမီကို သူ ယုံကြည်ခဲ့တယ်။ သူ ခံစားတဲ့ အနုပညာအတိုင်း ရည်မှန်းချက်ရှိရှိ ကြံ့ကြံ့ခံပြီး ကြိုးစားခဲ့လို့ နောက်ဆုံးမှာ ပန်းပုအကျော်အမော် မိုက်ကယ်လန်ဂလိုရဲ့ ခြေရာနောက် အမီလိုက်နိုင်ခဲ့ ပါတယ်။

ရှုံးနိမ့်တာ ကြောက်စရာ မကောင်းပါဘူး။ ကြောက်စရာကောင်း တာက ရှုံးနိမ့်တာကိုရင်ဆိုင်ရဲတဲ့သတ္တိ မရှိတာကိုပါ။ လူ့ဘဝမှာ ရှုံးနိမ့်တာတွေ အကြိမ်ကြိမ် ကြုံရမှာပဲ၊ အဲဒီရှုံးနိမ့်တာကို ကောင်းတဲ့စိတ်နေသဘောထားနဲ့ မဖြေရှင်း၊ ရင်မဆိုင်နိုင်ခဲ့ရင် ရှုံးနိမ့်ခြင်းထဲကနေ ကျွန်တော်တို့ ရုန်းထွက်နိုင်မှာ မဟုတ်ဘူး။ ဒါဟာ ပိုကြီးမားတဲ့ ရှုံးနိမ့်ခြင်းတစ်ခု ထပ်ဖြစ်သွားနိုင်ပါတယ်။

* * *

# ဟန်းစ်ခရစ်ယန်အန်ဒါဆင်
*Hans Christian Andersen*
*(April 2, 1805 – August 4, 1875)*

## *ကြိုးစားမှုနဲ့ "ဒဏ္ဍာရီပုံပြင်" ကိုအသက်သွင်းမယ်*

အန်ဒါဆင် (Andersen) ဟာ ၁၉ ရာစုခေတ်က ဒိန်းမတ်နာမည်ကြီး စာရေးဆရာတစ်ဦး ဖြစ်တယ်။ ကမ္ဘာ့ဒဏ္ဍာရီ ပုံပြင်စာပေတွေကို အသက်သွင်းခဲ့သူဖြစ်တယ်။ အန်ဒါဆင်ဟာ ဆင်းရဲသားမိသားစုကနေ ပေါက်ဖွားခဲ့ပြီး တက္ကသိုလ်ပညာကို သင်ယူခဲ့သူဖြစ်တယ်။ ၁၈၃၅ - ၁၈၇၂ ခုနှစ်က ထုတ်ဝေခဲ့တဲ့ သူ့ပုံပြင်စာအုပ်တွေရဲ့ ရေးသားဟန်က နဂိုအစဉ်အလာရှိခဲ့တဲ့ စာပေပုံစံကို ထိုးဖောက်နိုင်ခဲ့တယ်။ ကြားဖူးနားဝ ရှေးရိုးစဉ်လာပုံပြင်တွေကို သူ့ရဲ့ကြွယ်ဝတဲ့စိတ်ကူးအတွေးတွေ ထပ်လောင်းထည့်ပြီး ထင်ရှားတဲ့ဒဏ္ဍာရီ ပုံပြင်တွေအဖြစ် သူ ရေးသားခဲ့တယ်။

### မွေးဖွားကြီးပြင်းပုံ

အန်ဒါဆင်ကို ဒိန်းမတ်နိုင်ငံ အိုဒင့်စ် (Odense) မြို့မှာ ဖိနပ်ချုပ်တဲ့ ဆင်းရဲသား မိသားစုမှ မွေးဖွားခဲ့တယ်။ သူဟာ နှစ်ဦးပိုင်းမှာ ပရဟိတကျောင်း တစ်ကျောင်းမှာ ပညာသင်ကြားခဲ့ပြီး အလုပ်သင်အဖြစ်လည်း လုပ်ခဲ့ဖူးတယ်။ သူ ငယ်ရွယ်စဉ်က ထမင်းနပ်မှန်အောင် မစားခဲ့ရသလို လူတကာအနိုင်ကျင့်တာကိုလည်း ခံခဲ့ရတယ်။

ဖခင်နဲ့လူတွေပြောကြတဲ့ပါးစပ်ရာဇဝင်နှင့်စာပေတွေကိုနားထောင်

ရင်း ငယ်စဉ်ကတည်းက စာပေကို သူ နှစ်သက်ခဲ့တယ်။ အဲဒီအချိန်တုန်းက သူ့ဘဝနဲ့ လားလားမျှမဆိုင်တဲ့၊ အူကြောင်ကြောင်အတွေးလို့ အထင်ခံခဲ့ရတဲ့ ရည်မှန်းချက်တွေ သူ့ဆီမှာ ရှိခဲ့တယ်။ သူ့ရဲ့ အဲဒီရည်မှန်းချက်တွေက အနုပညာရှင်တစ်ဦးဖြစ်ဖို့၊ ဘဲလေးကာချေသည်တစ်ဦးဖြစ်ဖို့၊ အဆိုရှင်တစ်ဦးဖြစ်ဖို့၊ ဇာတ်စင်ပေါ်မှာ ဖြေဖျော်သူတစ်ဦးဖြစ်ဖို့ "လှပတဲ့"အနုပညာဖန်ဆင်းရှင်ဖြစ်ဖို့ ဖြစ်တယ်။ ဒါကြောင့် သူဟာ သာမန်လူတွေရဲ့အကြည့်မှာ ရယ်စရာကောင်းတဲ့ သတ္တဝါတစ်ကောင်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဒါတွေက သူ့ကို အားမလျှော့စေခဲ့ပါဘူး။

တစ်နေ့မှာ အန်ဒါဆင်ဟာ ကလေးတစ်သိုက်နဲ့အတူ နန်းတော်ထဲဝင်ခွင့်ရပြီး လိုအပ်တာပေးသနားဖို့ မင်းသားနဲ့တွေ့ခွင့်ရခဲ့တယ်။ အန်ဒါဆင်ဟာ ပြဇာတ်အလွတ်ရွတ်ပြ၊ သီချင်းဆိုပြတာနဲ့ ဖျော်ဖြေခဲ့တယ်။ ဖျော်ဖြေမှုအတွက် ဆုချီးမြှင့်ခံရဖို့ကိုလည်း သူ မျှော်လင့်ခဲ့တယ်။

ဖျော်ဖြေပြီးတဲ့နောက်မှာ မင်းသားက အန်ဒါဆင်ကို "လိုအပ်တဲ့ အာအကူအညီမျိုး ပေးရမလဲ" လို့ မေးခဲ့တယ်။ အန်ဒါဆင်က "ကျွန်တော်မျိုး ပြဇာတ်ရေးချင်ပါတယ်။ အဲဒီပြဇာတ်ကို ဘုရင့်ပြဇာတ်ရုံမှာ ကပြချင်ပါတယ်" လို့ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ ပြန်ပြောခဲ့တယ်။

မင်းသားက သူ့ရှေ့မှာ ရပ်နေတဲ့ နှာခေါင်းပွပွ၊ ရီဝေဝေအကြည့်ရှိတဲ့ တုံးတိတုံးအ, ကောင်လေးကို ခြေဆုံး၊ ခေါင်းဆုံး ကြည့်ပြီး "ပြဇာတ်ကို အလွတ်ရွတ်တာနဲ့ ပြဇာတ်ရေးတာ မတူဘူး။ လက်မှုပညာတစ်ခုခုကိုပဲ မင်းသွားသင်ပါ" လို့ ပြောလိုက်တယ်။

စိတ်ကူးအိပ်မက်ကို ရင်ဝယ်ပိုက်ထားတဲ့ အန်ဒါဆင်ဟာ အိမ်ပြန်ရောက်ပြီးနောက် လက်မှုပညာကို သွားမသင်ခဲ့တဲ့အပြင် သူ့ရဲ့စုဘူးကို ရိုက်ခွဲ

ပြီး မိခင်ကို နှုတ်ဆက်ကာ စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်ဖို့ ကိုပင်ဟေဂင် (Copenhagen) မြို့ဆီ ထွက်ခဲ့ပါတယ်။

ကိုပင်ဟေဂင်မြို့မှာ သူ လေလွင့်ခဲ့တယ်၊ သူဌေးသူကြွယ်တွေရဲ့ တံခါးကို သူ သွားခေါက်ခဲ့ပေမယ့် ဘယ်သူမှ သူ့ကို ဂရုမစိုက်ခဲ့ကြဘူး။ ဒါလည်း သူ လက်မလျှော့ခဲ့ပါဘူး။ ကဗျာတွေကို သူရေးစပ်ခဲ့၊ အချစ်ဝတ္ထုတွေ သူ ရေးခဲ့ပေမယ့် ဘယ်သူမှ အလေးမထားခဲ့ဘူး။ သူ ဝမ်းနည်းမိပေမယ့် စာအရေးမပျက်ခဲ့ပါဘူး။

အန်ဒါဆင်ဟာ (၁၄) နှစ်အရွယ်မှာ သူ့အဘွားနဲ့မိခင် စုဆောင်းထားတဲ့ ငွေကြေးတွေကို ယူပြီး သူ့မွေးရပ်မြေ အိုဒင့်စ်ကို စွန့်ခွာခဲ့တယ်။ ဆွေမျိုး အပေါင်းအဖော် တစ်ယောက်မှမရှိတဲ့၊ အဲဒီတုန်းက ယဉ်ကျေးမှုရဲ့ ဌာနေဖြစ်တဲ့ ကိုပင်ဟေဂင်မြို့ဆီ စိတ်ကူးအိပ်မက်ကို ရှာဖော်ဖို့ ထွက်လာခဲ့တယ်။

အဲဒီအချိန်တုန်းက ရာညီငြိမ်မှုမရှိသေးတဲ့ မြို့ပြမှာ အန်ဒါဆင် တစ်ယောက် ဘယ်လိုကံကြမ္မာမျိုးကို ဖြတ်သန်းခဲ့မယ်ဆိုတာ မတွေးတတ် အောင်ပါပဲ၊ ဆာလောင်မှုနဲ့ စိတ်ဓာတ်ကိုထိုးနှက်ခံရတဲ့ ခံစားချက်တွေက သူနဲ့ အမြဲမကွာ ရှိနေခဲ့ပါတယ်။

၈ နှစ်ကြာ ကြိုးစားရုန်းကန်ခဲ့ပြီးမှ အန်ဒါဆင်ဟာ နောက်ဆုံးမှာ ကဗျာပြဇာတ်တစ်ပုဒ်မှာ အရည်အချင်းပြခွင့် ရခဲ့တယ်။ အဲဒီနောက် တော်ဝင် အနုပညာကဇာတ်ရုံကနေ စလာဂျဲလ်စ် (Slagelse) မြို့မှာရှိတဲ့ သဒ္ဒါသင်တန်း ကျောင်းမှာ အခမဲ့စာသင်ကြားဖို့ ပြောင်းရွှေ့ခဲ့ရတယ်။ အဲဒီကျောင်းမှာ သူ ၅ နှစ်ကြာသွားခဲ့တယ်။

အန်ဒါဆင်ဟာ ၁၈၂၈ ခုနှစ်မှာ ကိုပင်ဟေဂင်တက္ကသိုလ်တက်ခွင့် ရခဲ့တယ်။ ဘွဲ့ရပြီးနောက် အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး စာမူခနဲ့ပဲ အသက်ဆက်ခဲ့

ရတယ်။ ၁၉၃၈ ခုနှစ်မှာ စာပေဆုကို ရရှိခဲ့တယ်။ နိုင်ငံတော်ရဲ့ နှစ်စဉ် ထောက်ပံ့ငွေ ၂၀၀ ကို ရရှိခဲ့တယ်။

မဆုတ်မနစ်တဲ့ဇွဲ၊ လုံ့လနဲ့ အခက်အခဲအမျိုးမျိုးကို သူ ရင်ဆိုင်ကျော်ဖြတ်ခဲ့တယ်။ ဒါပေမဲ့ ဆင်းရဲခြင်းနဲ့ ရောဂါဘယက သူ့ခန္ဓာကိုယ်ကို ဒုက္ခပေးခဲ့တယ်။ အသံနဲ့ ရုပ်ရည်ပျက်စီးခဲ့ရလို့ စင်ပေါ်က အနုပညာသမားတစ်ဦး သူ မဖြစ်ခဲ့ပေမယ့် ပြင်းပြတဲ့ဆန္ဒကြောင့် နောက်ဆုံးမှာ သူ့ရည်မှန်းချက် အောင်မြင်ခဲ့ပါတယ်။ သူဟာ ကမ္ဘာပေါ်မှာရှိတဲ့ သိန်းသန်းပေါင်းများစွာသော ကလေးတွေနှစ်သက်တဲ့ ဒဏ္ဍာရီပုံပြင်ရေးဆရာ ဖြစ်ခဲ့ပါတယ်။

သူဖန်တီးတဲ့ ဒဏ္ဍာရီပုံပြင်ထဲက အလှနဲ့ ကဗျာဟာ လူသားတွေ တစ်သက် ခံစားလို့ မကုန်နိုင်တဲ့ စိတ်ဓာတ်ဓနနဲ့ အနုပညာရတနာတွေ ဖြစ်ခဲ့ပါတယ်။ ဒီကနေ့အထိ "ရှင်ဘုရင်ရဲ့ဝတ်ရုံသစ်"၊ "ဘဲရုပ်ဆိုး" စတဲ့ ပုံပြင်တွေက ကမ္ဘာပေါ်မှာ ရှိရှိသမျှ ကလေးသူငယ်တို့ကို ကျန်းကျန်းမာမာ ကြီးပြင်းစေခဲ့ပါတယ်။

ရှုံးနိမ့်သူတွေက အခက်အခဲကို ရှုံးနိမ့်ခြင်းလို့သတ်မှတ်ပြီး အောင်မြင်မှုဆီလှမ်းတဲ့ သူတို့ရဲ့ခြေလှမ်းကို တွန့်ဆုတ်ခဲ့ကြတယ်။ ရပ်တန့်ခဲ့ကြတယ်။ အောင်မြင်သူတွေကတော့ အခက်အခဲကို ရှုံးနိမ့်ခြင်းလို့ မသတ်မှတ်ခဲ့ဘူး။ အခက်အခဲ တစ်ခါကြုံလေ အောင်မြင်ဖို့နီးလေ၊ ရှေ့ကိုရဲရဲတိုးဖို့ သတ္တိပိုရှိလေ ဖြစ်တယ်။

အကြိမ် ၁၀၀ ရှုံးနိမ့်ပါစေ . . . အကြိမ် ၁၀၁ ဆိုတဲ့ အခွင့်အရေးရှိပါသေးတယ်။ ရှုံးနိမ့်ခြင်းဆိုတာ အောင်မြင်ခြင်းရဲ့ခြေစုံပဲ၊ အဲဒီခြေစုံတွေကို နင်းပြီး ဇွဲ၊ လုံ့လအပြည့်နဲ့ ကြိုးစားရင် အောင်မြင်ခြင်းဆီ မလွဲဧကန် ရောက်ပါတယ်။

* * *

# အားနက်စ်ဟဲမင်းဝေး

*Ernest Hemingway*

*(July 21, 1899 – July 2, 1961)*

*ဘယ်တော့မှ အလဲထိုးမခံဘူး*

အားနက်စ်ဟဲမင်းဝေး (Ernest Hemingway) က အမေရိကန် စာရေးဆရာ၊ သတင်းစာဆရာ ဖြစ်တယ်။ စာပေနိုဘယ်လ်ဆုရှင် ဖြစ်ပြီး ထင်ရှားတဲ့ စာအုပ်တွေက "The Old Man and the Sea"၊ "The Sun Also Rises" စတာတွေ ဖြစ်တယ်။

## မွေးဖွားကြီးပြင်းပုံ

၁၈၉၉ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့မှာ ဟဲမင်းဝေးကို အမေရိကန် ပြည်ထောင်စု အီလီနွိုက် (Illinois) ပြည်နယ် ချီကာဂိုဆင်ခြေဖုံးက အုတ်ပတ်(ခ်) (Oak Park) မှာ မွေးဖွားခဲ့တယ်။ သူ့ဖခင်က အမဲလိုက်၊ ငါးမျှားတဲ့ ပြင်ပလှုပ်ရှားမှုတွေကို ဝါသနာထုံသူ ဖြစ်တယ်။ သူ့မိခင်က စာပေကိုနှစ်သက်သူ ဖြစ်တယ်။ မိဘတွေရဲ့ဝါသနာက နောက်ပိုင်းမှာ ဟဲမင်းဝေးရဲ့ဘဝနဲ့ သူ့ရဲ့ တီထွင်ဖန်ဆင်းမှုတွေကို များစွာအကျိုးသက်ရောက်စေခဲ့ပါတယ်။

ပထမကမ္ဘာစစ် ဖြစ်ပွားချိန်မှာ ဟဲမင်းဝေးဟာ ရှေ့တန်းအတွေ့ အကြုံကို ကိုယ်တိုင်ခံစားလိုတဲ့ဆန္ဒနဲ့ အမေရိကန် ကြက်ခြေနီအသင်းထဲ ဝင်ရောက်ခဲ့ပြီး အီတလီစစ်ပွဲမှာ ပါဝင်ခဲ့တယ်။ စစ်ပြီးဆုံးချိန်မှာ အီတလီ အစိုးရက ဟဲမင်းဝေးကို ကြက်ခြေနီစံပြဆု၊ ငွေတံဆိပ်ဆု၊ သူရသတ္တိဆု

နံ့မြှင့်ပြီး ဗိုလ်ကလေးရာထူး ချီးမြှင့်ခဲ့ပါတယ်။ အဲဒီဆုတွေနဲ့အတူ သူ ရခဲ့တာက သူ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက် အခု ၂၃၀ ကျော်နဲ့ မောင်းထုတ်လို့မရနိုင်တဲ့ စစ်ရဲ့အမှတ်သညာတွေပဲ ဖြစ်တယ်။

၁၉၂၉ ခုနှစ်မှာ ဟဲမင်းဝေးရဲ့ "The Sun Also Rises"၊ "A Fare-well to Arms" နဲ့ "Lost Generation" စာအုပ်တွေက အကောင်းဆုံးစာပေဖြစ်ခဲ့တယ်။

၁၉၂၈ ခုနှစ်မှာ ဟဲမင်းဝေးဟာ ပဲရစ်မြို့ကစွန့်ခွာပြီး အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါနဲ့ ကျူးဘား (Cuba) ကျွန်းတို့မှာ သွားရောက်နေထိုင်ပြီး အေးအေးဆေးဆေးတည်ငြိမ်တဲ့ ဘဝနဲ့ လယ်ယာမြေတွေ လုပ်ကိုင်ခဲ့တယ်၊ အမဲလိုက်တယ်၊ ငါးမျှားတယ်၊ နွားရော့ပြိုင်ပွဲတွေ သွားရောက်ကြည့်ရှုခဲ့တယ်၊ ဒါပေမဲ့ သိပ်မကြာခင်မှာ ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့လို့ အေးချမ်းတဲ့ဘဝမှာ သူမနေခဲ့ရတော့ဘူး။ ၁၉၃၇ ခုနှစ်မှ ၁၉၃၈ နှစ်အထိ စစ်မြေပြင်သတင်းထောက်အဖြစ်နဲ့ စပိန်ပြည်တွင်းစစ်ရှေ့တန်းမှာ သူ ရောက်နေခဲ့တယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ သတင်းထောက်အဖြစ် ပါဝင်လှုပ်ရှားရင်း ပဲရစ်လွတ်မြောက်ရေးတိုက်ပွဲမှာ သူ ပါဝင်ခဲ့တယ်။

၁၉၄၀ ခုနှစ် နှစ်ကုန်ပိုင်းမှာဖြစ်ပွားတဲ့ ပစိဖိတ်စစ်ပွဲမှာ ဟဲမင်းဝေးဟာ သူ့ရဲ့အပျော်စီးစက်လှေကို ကင်းလှည့်စက်လှေအဖြစ် ချက်ချင်းအသွင်ပြောင်းပြီး ဂျာမနီရဲ့ ရေငုပ်သင်္ဘောလှုပ်ရှားမှုတွေကို စောင့်ကြည့်ခဲ့တယ်။ ရန်သူကို ချေမှုန်းဖို့ လျှို့ဝှက်သတင်းတွေ ပေးပို့ခဲ့တယ်။ ၁၉၄၄ ခုနှစ်မှာ ဟဲမင်းဝေးဟာ အမေရိကန်စစ်တပ်နဲ့အတူ ဥရောပကို တွေ့ဆုံမေးမြန်းသူအဖြစ်နဲ့ ရောက်သွားခဲ့တယ်။ အဲဒီမှာ ဖလယာဉ်ပျက်ကျပြီး ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့ပေမယ့် ကုသမှုခံယူပြီးနောက် ရန်သူ့နယ်မြေထဲဝင်ရောက်ပြီး

အင်တာဗျူးတွေ လုပ်ခဲ့တယ်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက် ကြေးတံဆိပ်ဆုတစ်ခုကို သူ ရခဲ့ပါတယ်။

၁၉၄၀ ပြည့်နှစ်မှာ ဟဲမင်းဝေးဟာ စပိန်ပြည်တွင်းစစ်အကြောင်းနောက်ခံပြီး ဖက်ဆစ်ဝါဒီကို ဆန့်ကျင်တဲ့ ဝတ္ထုရှည်တစ်ပုဒ်ဖြစ်တဲ့ “For Whom the Bell Tolls” ကို ရေးသားခဲ့တယ်။ ၁၉၅၂ ခုနှစ်မှာ ဟဲမင်းဝေးရေးသားခဲ့တဲ့ “The Old Man and the Sea” ဟာ စာပေနိုဘယ်လ်ဆုရရှိခဲ့တယ်။ စာအုပ်ထဲမှာပါတဲ့ ဇာတ်ဆောင်တံငါသည် စန်တီယာဂို (Santiago) ဟာ ပင်လယ်ပြင်မှာ ငါးဖမ်းခဲ့တာ ၈၄ ရက်လုံးလုံး ငါးတစ်ကောင်မှ မရခဲ့ဘူး။ စစချင်းမှာ မန်နိုလင် (Manolin) လို့ ခေါ်တဲ့ လူရွယ်လေးတစ်ယောက်က သူနဲ့အတူ ငါးဖမ်းထွက်ခဲ့တယ်။ ဒါပေမဲ့ ရက် ၄၀ အတွင်း ငါးတစ်ကောင်မှ မမိခဲ့လို့ လူရွယ်ကို သူ့မိဘတွေက တခြားငါးဖမ်းလှေနဲ့ လိုက်စေခဲ့တယ်။ သူတို့ရဲ့သားကို တံငါအိုနောက်ထည့်လိုက်ရင် ကံကောင်းမှာ မဟုတ်ဘူးလို့ သူတို့ ထင်ခဲ့လို့ ဖြစ်တယ်။

၈၅ ရက်မြောက်နေ့မှာ တံငါအို စန်တီယာဂိုးဟာ မနက်စောစောထပြီး လှေကို အဝေးကြီး လှော်ခတ်ခဲ့တယ်။ အဲဒီမှာ လှေထက်တောင်ကြီးတဲ့ မာလင်ငါးတစ်ကောင်ကို သူ မထင်မှတ်ဘဲ ဖမ်းမိခဲ့တယ်။ တံငါအိုဟာ အဲဒီငါးနဲ့ နှစ်ရက်လောက်လုံးပန်းခဲ့ရပြီး နောက်ဆုံးမှာ ခက်ရင်းခွနဲ့ ထိုးဖမ်းနိုင်ခဲ့တယ်။ ငါးရဲ့သွေးညှီနံ့ကြောင့် ငါးမန်းတွေ တိုက်ခိုက်တာကို တံငါအို ခံခဲ့ရတယ်။ ငါးမန်းတွေရဲ့ရန်ကို သူ ခုခံကာကွယ်ခဲ့တယ်။ ဆိပ်ကမ်းပြန်ရောက်ချိန် အရိုးချည်းပဲကျန်ခဲ့တဲ့ မာလင်ငါးကို ကြည့်ပြီး တံငါအိုဟာ ခြေကုန်လက်ပန်းနဲ့ မြေပြင်ပေါ် ထိုင်ချပစ်ခဲ့တယ်။ တံငါအိုကို လူရွယ် မန်နိုလင် လာကြည့်ခဲ့ပါတယ်။ တံငါအို စန်တီယာဂိုး ရှုံးနိမ့်သွားပြီလို့ မန်နိုလင် မထင်ခဲ့မိဘူး။ အဲဒီ

နေ့ ညနေမှာ စန်တီယာဂိုးဟာ တဲအိမ်လေးမှာ အိပ်ပျော်သွားခဲ့ပြီး ခြင်္သေ့တစ်ကောင်ကို သူ မြင်မက်ခဲ့တယ်။

"လူတစ်ယောက်ဟာ အလဲထိုးခံရဖို့ မွေးဖွားလာခဲ့တာ မဟုတ်ဘူး။ အဲဒီလူကို ပျောက်ပျက်အောင် သင် လုပ်နိုင်တယ်။ ဒါပေမဲ့ အလဲထိုးပစ်လို့တော့ မရဘူး"

ဒါက တံငါအို စန်တီယာဂိုးရဲ့ ဘဝယုံကြည်မှုဖြစ်သလို အဲဒီဝတ္ထုထဲက စာရေးသူ ချပြချင်တဲ့ အတွေးလည်း ဖြစ်တယ်။ ဖျက်ဆီးပစ်လို့ မရနိုင်တဲ့ ကြံ့ခိုင်အား၊ ဖွဲ၊ သတ္တိကို ပြသတာလည်း ဖြစ်တယ်။ လူရွယ်ဟာ တံငါအိုနဲ့ နောက်တစ်ခေါက် ပင်လယ်ထွက်ပြီး တံငါအိုဆီကနေ "စွမ်းရည်"တွေသင်ယူဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါဟာ လူသားတို့ရဲ့ "အနိုင်မခံ အရှုံးမပေး" တဲ့ စိတ်ဓာတ်ကို တစ်မျိုးဆက်ပြီး တစ်မျိုးဆက် လက်ဆင့်ကမ်းခဲ့တဲ့ သင်္ကေတပဲ ဖြစ်တယ်။

တံငါအို စန်တီယာဂိုးက ဟဲမင်းဝေး လေးစားကိုးကွယ်တဲ့ လူမျိုးလူစားဖြစ်တယ်။ ကြံ့ခိုင်သန်မာတယ်၊ သဘောထားကြီးတယ်၊ အကြင်နာတရားရှိတယ်၊ ချစ်ခြင်းမေတ္တာ ပြည့်ဝတယ်။ ဘဝရဲ့စစ်ပွဲမှာ ရှုံးနိမ့်ခဲ့ပေမယ့်၊ ကံကြမ္မာကို ပြောင်းလဲလို့ မရနိုင်ပေမယ့် သူ့စိတ်ဓာတ်တွေ ကြံ့ခိုင်သန်စွမ်းခဲ့တယ်။ "လူသန်"ကြီး တစ်ဦးတယ်။ "လူသန်"က ဟဲမင်းဝေးရဲ့စာအုပ်တွေထဲမှာ မကြာခဏ အဖော်ပြခံရတဲ့ အဓိကအကြောင်းရင်း ဖြစ်တယ်။ သူ့စာအုပ်တွေမှာ မကြာခဏပါဝင်တတ်တဲ့ ဇာတ်လိုက်ဖြစ်တယ်။ ဒီဇာတ်လိုက်တွေဟာ လောကဓံရဲ့ အပြောင်းအလဲ၊ ထိုးနက်ချက်တွေကို အရှုံးမပေးဘဲ သတ္တိရှိရှိနဲ့ ရှေ့ဆက်လှမ်းသူတွေ ဖြစ်တယ်။ သူတို့ဟာ ရှုံးနိမ့်သွားသည့်တိုင် လူ့ဂုဏ်သိက္ခာနဲ့ ရဲစွမ်းသတ္တိကို ထိန်းထားနိုင်ကြသူတွေ ဖြစ်တယ်။ ဟဲမင်းဝေးဟာ စာအုပ်တွေကို သူ့ဟစ်သက် ရေးသားခဲ့တယ်။ ဘယ်လို

အခက်အခဲမျိုးမှာပဲဖြစ်ဖြစ် သူ လက်မလျှော့ခဲ့ဘူး။ သူဟာ အမေရိကန်လူမျိုးတို့ရဲ့ စိတ်ဓာတ်မော်ကွန်းတိုင်ပဲ ဖြစ်တယ်။

ဟဲမင်းဝေးက လူတိုင်းနဲ့ရင်းနှီးတဲ့ စာရေးဆရာ အကျော်အမော်တစ်ဦးဖြစ်တယ်။ သူ့ဘဝတစ်သက်မှာ ကမ္ဘာစစ် (၂) ကြိမ်နဲ့ ကြုံခဲ့ရတယ်။ အခက်အခဲ ဆင်းရဲဒုက္ခပေါင်းစုံကြုံခဲ့ရတယ်။ လူ့ဘဝ ခယောင်းတောလမ်းမှာ ဆူးပြောင့်ခလုတ်တွေ၊ ရွံ့နွံတွေနဲ့ ပြည့်ချင်ပြည့်နေမယ်၊ လှပတဲ့ ရှုခင်းတွေ၊ အစား သဲကန္တာရ၊ ချောက်ကမ်းပါးကြီးတွေ ဖြစ်ရင်လည်းဖြစ်မယ်။ အမှောင်ထုမှာ အကြာကြီး စမ်းတဝါးဝါးဖြစ်ပြီးမှ အလင်းကို ကျွန်တော်တို့ ရှာတွေ့တဲ့အခါလည်း ရှိမယ်။ ကျွန်တော်တို့ ယုံကြည်ထားတဲ့ သစ္စာတရားတွေ ဖုန်အလိပ်လိပ်ပေကပ်ပြီး လွတ်လပ်ခြင်းအတောင်ပံကို ကျွန်တော်တို့ မဖြန့်နိုင်တဲ့အခါလည်း ရှိမယ်၊ ကျွန်တော်တို့ရဲ့ကြီးမားတဲ့စိတ်ဓာတ်ဝိညာဉ်တွေ၊ ရည်ရွယ်ချက်တွေ ဦးတည်ရာပျောက်ပြီး နေရာတစ်ခုတည်းမှာပဲ တဝဲဝဲလည်နေတဲ့အခါလည်း ရှိမယ်၊ ဒီလိုအချိန်မျိုးမှာ သတ္တိရှိရှိနဲ့ "နောက်တစ်ကြိမ် . . . နောက်တစ်ကြိမ်ထပ်ကြိုးစားမယ်" လို့ကိုယ့်ကိုယ်ကိုယ်ဘာဖြစ်လို့ကျွန်တော်တို့ အားမပေးနိုင်ရမှာလဲ။ နောက်တစ်ကြိမ် ထပ်ကြိုးစားရင် အောင်မြင်မှုကမ်းဆီ ကျွန်တော်တို့ အရောက်လှော်ခတ်နိုင်ပါတယ်။

* * *

# ကိုကိုချာနယ်

*Coco Chanel*

*(August 19, 1883 – January 10, 1971)*

## *အသက်ထက်ဆုံးစိန်ခေါ်မယ်*

ကိုကိုချာနယ် (Coco Chanel) က နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာတစ်ဦး ဖြစ်တယ်။ ၂၀ ရာစုမှာ အရေးပါခဲ့တဲ့ ဒီဇိုင်နာဖြစ်ပြီး အမျိုးသမီးဖက်ရှင်တစ်ခေတ်ကို ထူထောင်ခဲ့သူဖြစ်တယ်။ သူဟာ နာမည်ကြီး ချာနယ်နံပါတ်(၅) (Chanel No.5) ရေမွှေးကို စတင်ခဲ့သူလည်း ဖြစ်တယ်။ ဥရောပ၊ အမေရိကန်တို့မှာ ချာနယ်ဝတ်စုံဟာ အမျိုးသမီးတိုင်းရဲ့ နှစ်သက်မှုကို ခံခဲ့သလို သမ္မတကတော်၊ နာမည်ကျော်မင်းသမီးတို့ရဲ့ နှစ်သက်မှုကိုလည်း ခံခဲ့ရတယ်။

## မွေးဖွားကြီးပြင်းပုံ

ဖက်ရှင်လောကလိုက်စားသူတွေဟာ ချာနယ်ဆိုတဲ့နာမည်နဲ့ စိမ်းမယ်လို့ မထင်ပါဘူး။ ချာနယ်ဟာ အဝတ်အစားတံဆိပ်တစ်ခုသာမက ရေမွှေးတစ်ခုရဲ့ တံဆိပ်လည်းဖြစ်သလို ကြီးကျယ်မြင့်မြတ်တဲ့ အမျိုးသမီးတစ်ဦးရဲ့ နာမည်လည်း ဖြစ်တယ်။ ချာနယ်ဟာ ဆင်းရဲတဲ့ မိဘမဲ့ကလေး ဘဝကနေ နာမည်ကျော်ဒီဇိုင်နာတစ်ဦး ဖြစ်လာပြီး ၂၀ ရာစုအစကနေ ကွယ်လွန်သည်အထိ ချာနယ်ဟာ ထူးခြားဆန်းကြယ်မှုတွေကို မပြတ်ဖန်တီးခဲ့တယ်။

၁၈၈၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှာ ပြင်သစ်ရဲ့မြို့ငယ်လေးတစ်မြို့ဖြစ်တဲ့ ဆောမာမှာ ချာနယ်ကို မွေးဖွားခဲ့တယ်။ သူ (၁၂) နှစ်အရွယ်မှာ မိခင်

ကွယ်လွန်ခဲ့လို့ မိဘမဲ့ကျောင်းမှာ သူ့ငယ်ဘဝကို အထီးကျန်စွာ ဖြတ်သန်းခဲ့ရတယ်။ (၁၇) နှစ်အရွယ်မှာ တခြားမြို့ငယ်တစ်မြို့ဆီ သူ ရောက်ခဲ့ပြီး ဘုရားကျောင်းတစ်ကျောင်းမှာ နေခဲ့တယ်။ အဲဒီခေတ်တုန်းက အမျိုးသမီးတွေနေရာမရတဲ့ခေတ်ပါ။ မိသားစုအသိုင်းအဝိုင်း မကောင်းရင် လူ့အဖွဲ့အစည်းမှာ ရှင်သန်ဖို့ဆိုတာ မလွယ်ပါဘူး။ မိဘမဲ့ကျောင်းမှာ သင်ယူခဲ့တဲ့ အချုပ်အလုပ်ပညာဟာ မိန်းကလေးတစ်ယောက်အတွက် ဘယ်လောက်အရေးပါကြောင်း ချာနယ် သိခဲ့ရတယ်။ အချုပ်အလုပ်ပညာနဲ့ သူ့ကိုယ်သူ ရှာဖွေစားသောက်နိုင်ခဲ့တယ်။ ဒီလိုနဲ့ (၁၈) နှစ်ပြည့်တဲ့ နှစ်မှာပဲ ချာနယ်ဟာ ဆိုင်တစ်ဆိုင်မှာ စက်ချုပ်အကူအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။

သိမ်သိမ်ငယ်ငယ် မွေးဖွားလာခဲ့ပြီး အရွယ်မရောက်မီ ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ တွေ့ကြုံခံစားခဲ့ရတဲ့ ဘဝက ချာနယ်ကို အဝတ်အစားချုပ်လုပ်ရာမှာ နက်နဲတဲ့ စိတ်ကူးအတွေးတွေ ရစေခဲ့တယ်၊ သူ့ဘေးပတ်လည်က အရွယ်ရောက် အမျိုးသမီးတွေ ဝတ်ထားတဲ့ ဝတ်စုံတွေကိုကြည့်ပြီး အမျိုးသမီးတွေလိုအပ်တာက ရှုပ်ထွေးဆန်းပြားတဲ့ အပြင်အဆင်တွေ မဟုတ်ဘူး၊ သူတို့လိုအပ်တာက သူတို့ရဲ့နေ့စဉ်ဘဝနဲ့ ကိုက်ညီတဲ့ ပေါ့ပါးချောင်ချိတဲ့ အဝတ်အစားတွေ ဖြစ်တယ်ဆိုတာကို သူ သတိထားမိခဲ့တယ်။

၁၉၁၂ ခုနှစ်မှာ အဘက်ဘက်က ပြင်ဆင်ထားပြီးဖြစ်တဲ့ ချာနယ်ဟာ ပြင်သစ်အထက်တန်းလွှာတွေ အပန်းဖြေတဲ့ Normandy ပင်လယ်ကမ်းခြေဘေးမှာ သူ့ကိုယ်ပိုင် အဝတ်အစားဆိုင်တစ်ဆိုင်ကို ပထမဆုံး ဖွင့်ခဲ့တယ်။ သိပ်မကြာခင်မှာပဲ သူထွင်တဲ့ အားကစားတီရှပ်၊ စပို့ရှပ်၊ စကပ်တို၊ အမျိုးသားဝတ် မိုးကာအကျီတွေဟာ ခေတ်မီသူအမျိုးသမီးတွေ စိတ်ဝင်စားတာကို ခံခဲ့ရတယ်၊ ဒါတင်မက ကုန်ပစ္စည်း ပိုပျံ့နှံ့ဖို့ ချာနယ်ဟာ သူ့အစ်မ

ကို သူကိုယ်တိုင် ဒီဇိုင်းလုပ်ထားတဲ့ ပုံစံသစ်အဝတ်အစားတွေကို ဝတ်စားစေပြီး မြို့ထဲ လူစည်ကားရာအရပ်မှာ အမျိုးသမီးတွေ စိတ်ဝင်စားအောင် ဖွဲ့ဆောင်ခဲ့တယ်။ ဒါဟာ ကနဦးအစက ကြော်ငြာနည်းတစ်မျိုး ဖြစ်တယ်။ ချာနယ်ရဲ့ အလုပ်အကိုင်က အောင်မြင်သထက် အောင်မြင်လာခဲ့ပါတယ်။

၁၉၁၈ ခုနှစ်မှာ ချာနယ်ရဲ့ချစ်သူဟာ မတော်တဆ ကားတိုက်မှုနဲ့ သေဆုံးသွားခဲ့တယ်။ အဲဒီအချိန်က ပထမကမ္ဘာစစ်ဖြစ်ပွားနေပြီမို့ ဖခင်တွေ၊ ညီအစ်ကို သားချင်းတွေဟာ စစ်ဘေးဒဏ်သင့်ပြီး သေဆုံးခဲ့ကြလို့ အမျိုးသမီးတွေသာ ဘဝကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ဖြတ်ကျော်ကြရတဲ့ အချိန်ဖြစ်တယ်။ ချာနယ်ကတော့ ဖွဲ့၊ သတ္တိရှိရှိနဲ့ ထရပ်ပြီး ရည်မှန်းချက်ကြီးကြီးနဲ့ ကိုယ်ပိုင်လုပ်ငန်းကို ထူထောင်ခဲ့ပါတယ်။

၁၉၂၄ ခုနှစ်မှာ နာမည်ကြီး အနက်ရောင်ဂါဝန်လေးကို ဈေးကွက်ထဲ သူ တင်သွင်းနိုင်ခဲ့ပြီး ကမ္ဘာ့အဝတ်အစား တော်လှန်ရေးတစ်ရပ် ဆင်နွှဲနိုင်ခဲ့တယ်။ သူ့လုပ်ငန်းက ပိုပိုကြီးထွားလာခဲ့တော့တယ်။ လုပ်ငန်းတွေ အောင်မြင်လာခဲ့ပေမယ့်ချာနယ်ဟာအဲဒီနေရာမှာတင်ရပ်မနေခဲ့ဘဲ၁၉၂၀ပြည့်နှစ်ကာစပြီး ခေါင်းမှစ၊ ခြေအဆုံးအထိ တွဲဖက်ဝတ်ဆင်နိုင်တဲ့ အရာတွေကို ထုတ်လုပ်ခဲ့ပြန်တယ်။ လက်ဆွဲအိတ်၊ အလှကုန်ပစ္စည်း၊ ရေမွှေးတွေလည်း ပါဝင်ခဲ့တယ်။ ချာနယ်နံပါတ် (၅) ရေမွှေးဟာ ဒီနာမည်ရ ဒီဇိုင်းဆရာ ထုတ်လုပ်ခဲ့တဲ့ ကမ္ဘာ့ရွှေဝင်ရေမွှေး ဖြစ်ခဲ့တယ်။

အဝတ်အစားလောကမှာ ချာနယ်ရဲ့ နေရာဟာ အဲဒီခေတ်အချိန်အခါက ပန်းချီလောကမှာ နာမည်ကြီးတဲ့ ပန်းချီဆရာပီကာဆိုနဲ့ နေရာချင်းတူပါတယ်။ အဝတ်အစားလောကက ဆန်းသစ်ပြီး အပြောင်းအလဲ မြန်ဆန်ပါတယ်။ ဒီကနေ့ ဒါခေတ်စားရင် နောက်နေ့မှာ ဟိုဟာခေတ်စားတာမျိုးမို့

ပြောင်းလဲမှုကို ဆုပ်ကိုင်ထားနိုင်သူရဲ့ဘေးမှာ ပြိုင်ဘက်တွေကလည်း မနည်းခဲ့ပါဘူး။

၁၉၃၀ နှစ်လယ်ပိုင်းမှာ ပြင်သစ်နိုင်ငံရေးအခြေအနေ မတည်ငြိမ်ခဲ့လို့ အလုပ်လက်မဲ့နဲ့ စိတ်မာတ်ကျဆင်းမှု ပြဿနာတွေ ဖြစ်ပွားခဲ့ပါတယ်။ ဆူပူလှုံ့ဆော်သူတွေကြောင့် ပိုမငြိမ်မသက်ဖြစ်ခဲ့ရတယ်။ ၁၉၃၉ ခုနှစ်မှာ ချာနယ်ဟာ သူ့ရဲ့နောက်ဆုံးတစ်ကြိမ် ဖက်ရှင်ရှိုးကို ပြုလုပ်ကျင်းပခဲ့ပြီး ဒီလိုအခြေအနေမျိုးဟာ ဖက်ရှင်ကို လေ့လာလိုက်စားဖို့ မသင့်တော်ကြောင်း သူ ကြေညာခဲ့တယ်။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့ချိန် စစ်အတွင်း အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဥရောပရဲ့ဖက်ရှင်ဟာ နေရာတစ်နေရာရဖို့ ခက်ခဲခဲ့တယ်။ အထူးသဖြင့် ဖက်ရှင်ဒီဇိုင်းတွေကို ဦးဆောင်နိုင်ခဲ့တဲ့ ပဲရစ်မြို့က ဦးဆောင်နိုင်သူတွေကို လူတွေ စတင်သံသယ ရှိခဲ့ကြတယ်။

ချာနယ်လို ဖက်ရှင်ကို ဆန်းသစ်တီထွင်နိုင်ခဲ့သူက ဖက်ရှင်လောကရဲ့စွန့်ပစ်မှုကို ခံခဲ့ရတယ်။ ဒါဟာ လူတွေထင်မှတ်မထားခဲ့တဲ့ အရာဖြစ်တယ်။ ဒီလိုအချိန်မျိုးမှာ ချာနယ်ဟာ ဥစ္စာပစ္စည်း ပေါကြွယ်ဝနေပါပြီ။ ဒါပေမဲ့ သူ့စိတ်ထဲ ဘဝင်မကျခဲ့ဘူး။ အရင်က အလုပ်အကိုင်ကို သူ အောက်မေ့လာပြန်တယ်။ အရင်က အောင်မြင်မှုကို သူ တမ်းတလာပြန်တယ်။ ဒီလိုနဲ့ ဖက်ရှင်လောကထဲ သူ ဝင်ရောက်ခဲ့ပြန်တယ်။ ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ဖက်ရှင်လောကထဲ သူပြန်ဝင်ရောက်လာပြီဖြစ်ကြောင်း ဖက်ရှင်ရှိုးတစ်ခု ကျင်းပပြီး ကြေညာခဲ့တယ်။

ဒီလိုအချိန်မှာ သူ့အသက်က (၇၀) ရှိနေပါပြီ။ ဘာကြောင့် ဖက်ရှင်လောကထဲပြန်ဝင်ဖို့ သူ ဆုံးဖြတ်ခဲ့သလဲ။ အမျိုးသမီးတွေ အဝတ်အစား

သက်သောင့်သက်သာ ဝတ်နိုင်အောင်၊ လိုက်ဖက်တဲ့အဝတ်အစား လွတ်လပ်မှုတွေ ရအောင်လို့ဟု ချာနယ်က ပြောခဲ့ပါတယ်။ သူ့ဖက်ရှင်တွေကို လူတွေ တစ်ဖန် ပြန်လက်ခံခဲ့ပေမယ့် ဖက်ရှင်လောကရဲ့ ကဲ့ရဲ့ လှောင်ပြောင်မှုတွေကို သူ ခံခဲ့ရပါတယ်။ ဖက်ရှင်လောကထဲ သူ ဝင်မလာသင့်တော့ဘူး။ လူတွေရဲ့ မှတ်ဉာဏ်ထဲ၊ သမိုင်းထဲမှာ ကောင်းတဲ့အမြင်နဲ့ပဲ သူ ရှင်သန်နေသင့်တယ်လို့ လူတွေက ဆိုခဲ့ကြတယ်။

ဒီလိုကဲ့ရဲ့ဝေဖန်မှုတွေက တခြားသူကို တွန့်ဆုတ်ကောင်း တွန့်ဆုတ်နိုင်ပေမယ့် အသက်အရွယ်ကြီးပြီဖြစ်တဲ့ ချာနယ်အတွက်တော့ ဒါတွေဟာ အသေးအမွှား ဖြစ်ခဲ့တယ်။ ခေါင်းအေးအေးထားပြီး သတင်းမီဒီယာတွေရဲ့ တိုက်ခိုက်ထိုးနှက်ချက်တွေကို သူ ဘာမှပြန်မပြောခဲ့ဘဲ နောက်တစ်ကြိမ် ကျင်းပမယ့် ဖက်ရှင်ရှိုးအတွက် သူ အလုပ်များခဲ့တယ်။ အလုပ်တွေလုပ်ကိုင်ရင်း ဟိုးယခင်က ခံစားချက်ကို သူ ပြန်ရှာခဲ့တယ်၊ နှစ်သိမ့်မှုယူခဲ့တယ်။ သူ နှစ်သက်တဲ့ အလုပ်ကို မပျင်းမရိ၊ မဆုတ်မနစ် လုပ်ကိုင်ရင်း ၁၉၅၀ ဖက်ရှင် လောကထဲအထိ သူ ဝင်ဆန့်နိုင်ခဲ့တယ်။

အသစ်တစ်ဖန် ပြောင်းလဲပြုပြင်လိုက်တဲ့ သူ့ဖက်ရှင်အသစ်တွေဟာ ဝတ်ရသက်သောင့်သက်သာရှိသလို ကြော့ရှင်းသပ်ရပ်ခဲ့လို့ အမေရိကန် အမျိုးသမီးထုရဲ့နှစ်သက်ခြင်းကို မြန်မြန်ဆန်ဆန် ရခဲ့တယ်။ အမေရိကန် Life Magazine က "အသက် (၇၁) နှစ်ရှိပြီဖြစ်တဲ့ ချာနယ်ရဲ့ဆန်းသစ်ဖန်ဆင်းမှုက ဖက်ရှင်တစ်မျိုး ဖြစ်ရုံတင်မက ဖတ်လှန်ရေးတစ်မျိုးလည်း ဖြစ်တယ်" လို့ ချီးကျူးထောမနာ ပြုခဲ့တယ်။ သူ့ရဲ့ဆန်းသစ်မှုတိုင်းက ရိုးရှင်းသပ်ရပ်တဲ့ပုံစံ ဖြစ်ရုံတင်မက လူတွေရဲ့ နေထိုင်မှုဘဝကိုပါ ပြောင်းလဲနိုင်ခဲ့ပါတယ်။

လူတိုင်းရဲ့ဘဝမှာ ဆင်းရဲဒုက္ခ၊ အခက်အခဲဆိုတာ ရှိစမြဲပဲ။ ဒါတွေဟာ ဘဝမှာ ရှောင်လွှဲလို့မရနိုင်တဲ့ အရာတွေပါ။ ဒါကြောင့် အကောင်းမြင်စိတ်ဓာတ်က ဘဝမှာ တန်ဖိုးရှိတဲ့ စရိုက်လက္ခဏာ ဖြစ်တယ်။ အဲဒီလိုမျိုး စိတ်ဓာတ်က ဆင်းရဲဒုက္ခကြုံချိန်ကျမှ သူ့တန်ဖိုးကို တွေ့ရမှာဖြစ်တယ်။ အဲဒီတန်ဖိုးက မျှော်လင့်ချက်မဲ့ရာကနေ ပြန်ရုန်းထစေတဲ့ ခွန်အားဖြစ်တယ်။ ဒီလိုခွန်အားမျိုးကို ဖွဲ၊ သတ္တိရှိသူတွေဆီမှာပဲ တွေ့နိုင်ပါတယ်။

သာမန်လူတွေက အမြဲတမ်းတော့ အကောင်းမြင်စိတ်ဓာတ်ရှိနိုင်လိမ့်မှာ မဟုတ်ဘူး။ ကိုယ်နဂိုယုံကြည်ထားတဲ့ အရာအပေါ် သံသယဝင်တာမျိုးလည်း ရှိတတ်တယ်။ ဒီလိုသံသယက တစ်ခါတလေမှာ ကိုယ့်ကို ပျက်စီးစေနိုင်တဲ့အင်အား ရှိပါတယ်။ ဘာအခက်အခဲနဲ့ကြုံကြုံ၊ အကောင်းမြင်စိတ်ဓာတ်ကိုထိန်းပြီးကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမပျက်ခဲ့ရင် လူ့ဘဝခရီးလမ်းမှာ သင်ဟာ သန့်မာသူပဲ ဖြစ်ပါတယ်။

* * *

# မူဟာမ်မတ်အလီ

*Muhammad Ali*

*(January 17, 1942)*

## ကြံ့ခိုင်သန်မာမှုတွေနဲ့ သမိုင်းကိုရေးမယ်

၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှာ ခေတ်တစ်ခေတ်ရဲ့လက်ဝှေ့သမား မူဟာမ်မက်အလီ (Muhammad Ali) ကို အမေရိကန် ကင်တပ်ကီ (Kentucky) ပြည်နယ် လူဝစ်ဗီးလ် (Louisville) မြို့မှာ မွေးဖွားခဲ့တယ်။ အများသိကြတဲ့အတိုင်း အလီဟာ ၂၀ ရာစု လက်ဝှေ့လောကရဲ့အကြီးမြတ်ဆုံး လက်ဝှေ့သူရဲကောင်းထဲမှာ တစ်ဦးအပါအဝင် ဖြစ်ခဲ့တယ်။ သူဟာ လက်ဝှေ့လောက၊ အားကစားလောကမှာ ခေတ်တစ်ခေတ်ရဲ့ အသည်းကျော် ဖြစ်ခဲ့တယ်။

### မွေးဖွားကြီးပြင်းပုံ

အဲဒီခေတ်က အမေရိကန်တခြားပြည်နယ်က အခြေအနေအတိုင်း လူမျိုးစုခွဲခြားရေးက ကင်တပ်ကီ ပြည်သူလူထုကြားမှာလည်း ရှိခဲ့တယ်။ အသားရောင်ခွဲခြားရေးကြောင့် လူဖြူစားသောက်တဲ့ စားသောက်ဆိုင်တွေမှာ လူမည်းတွေ ဝင်ခွင့်မရခဲ့ဘူး။ ဒီအတွက် လူအများ ဆန္ဒပြခဲ့ကြပေမယ့် အခြေအနေကို မပြောင်းလဲနိုင်ခဲ့ပါဘူး။

အလီနဲ့ သူ့ညီ ရူးဒေါ့ (Rudolf) က ဒီလိုပတ်ဝန်းကျင်းမှာ ကြီးပြင်းလာခဲ့သူ ဖြစ်တယ်။ အလီဟာ ငယ်ရွယ်စဉ်ကတည်းက သူ့အင်အားနဲ့ အရာ

အားလုံးကို ပြောင်းလဲပစ်မယ်လို့ စိတ်ဆန္ဒရှိခဲ့တယ်။ ဒါကို သူ့မိခင်က စိတ်ထဲ မှတ်မှတ်ထင်ထင်ရှိခဲ့တယ်။ အလီရဲ့မိခင် အိုဒက်ဆာအိုဂရာဒီကလေး (Odessa O'Grady Clay) က "လက်ဝှေ့အားကစားကို သူ စလိုက်စားတဲ့ အချိန်က အိုလံပစ်ပြိုင်ပွဲကနေ သူ ရွှေတံဆိပ်ဆု ယူခဲ့မယ်လို့ ကျွန်မကို အမြဲပြောခဲ့ တယ်။ သူတကယ်လုပ်နိုင်ခဲ့ပါတယ်။ သူ့အသက် (၄) နှစ်အရွယ်တုန်းကလည်း တစ်ချိန်ချိန်မှာ ကမ္ဘာ့ချန်ပီယံဖြစ်အောင် လုပ်မယ်လို့ကျွန်မကို သူပြောခဲ့တယ်။ ဒါလည်း သူ လုပ်နိုင်ခဲ့ပါတယ်" လို့ ပြောပါတယ်။

၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ အသက် (၂၃) နှစ်ရှိပြီ ဖြစ်တဲ့ အလီဟာ ဆန်နီလစ္စတန် (Sonny Liston) နဲ့ ယှဉ်ပြိုင်ခဲ့တယ်။ ဆန်နီက ၉ နှစ်လုံးလုံး ရှုံးပွဲမရှိခဲ့သူပါ။ ယှဉ်ပြိုင်သူပေါင်း အယောက် ၃၀ ထဲက ၂၇ ယောက်ကို အလဲဖြိုနိုင်ခဲ့သူ ဖြစ်တယ်။

ပြိုင်ပွဲစစချင်းမှာ ဆန်နီဟာ နွားရိုင်းတစ်ကောင်လို ထိုးမိထိုးရာ ထိုး ခဲ့တယ်။ သူ့ရဲ့ ထိုးချက်တွေကို အလီက ပေါ့ပေါ့ပါးပါး ရှောင်ခဲ့တယ်။ ပွဲရှိ (Round) တစ်ဝက်ရောက်မှ အလီရဲ့ တန်ပြန်ထိုးချက်တွေ စခဲ့ပါတယ်။ ဒီလို နဲ့ သူတစ်ပြန်၊ ကိုယ်တစ်ပြန် ထိုးနက်ချက်တွေ ဆင်ခဲ့တယ်။ အလီရဲ့ လျင်မြန် သွက်လက်မှု၊ ရဲတင်းပြတ်သားတဲ့ လက်သီးချက်တွေက ဆန်နီရဲ့ ဦးခေါင်းပေါ် အဆက်မပြတ် ကျရောက်ခဲ့တယ်။ ဘယ်ဝိုက်၊ ညာဝိုက်သီးတွေနဲ့ ပွဲရှိ ၇ ရှိ မြောက် ခေါင်းလောင်းသံမြည်တော့ ဆန်နီဟာ ပြိုင်ပွဲစင်မြင့်ထက် တက် မလာခဲ့တော့ပါဘူး။ ချန်ပီယံလက်သီးဘုရင်လို့ ကျော်ကြားခဲ့သူက ပွဲမပြီးခင် မှာပဲ ယှဉ်ပြိုင်ဖို့ကို စွန့်လွှတ်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ အလီဟာ ပထမဆုံးအကြိမ် ကမ္ဘာ့လက်ဝှေ့ဘုရင် ဖြစ်လာခဲ့တော့တယ်။

အလီဟာ နည်းပညာအရမှာသာမက စိတ်ဓာတ်အရမှာပါ အရှုံး
ပေးတဲ့ ယှဉ်ပြိုင်သူ ဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ်က ကမ္ဘာ့လက်ဝှေ့သမိုင်းမှာ
လက်ဝှေ့ချန်ပီယံတွေ အများအပြား ပေါ်ထွန်းခဲ့ချိန် ဖြစ်တယ်။ ပြိုင်ပွဲစင်မြင့်
ပေါ် မတက်ဖြစ်တာ ၄ နှစ်ရှိပြီဖြစ်တဲ့ အလီဟာ ကိုယ်အလေးချိန် ပေါင်
၂၀ ကျော် တက်ခဲ့ပြီး သွက်လက်နှုန်းရော၊ ခံနိုင်ရည်အားပါ ကျဆင်းခဲ့ပြီ ဖြစ်
တယ်။ ဆရာဝန်က အလီကို အားကစားလောကကနေ "အနားယူ" ပေးခဲ့
ပြီ။ ဒါပေမဲ့ အလီက "စိတ်ဓာတ်က ပြိုင်ပွဲဝင်လက်ဝှေ့သမားအတွက်
အဓိကစထောက်တိုင် ဖြစ်တယ်" လို့ ယုံကြည်ခဲ့ပြီး စင်မြင့်ထက် သူ တစ်ဖန်
ပြန်တက်ခဲ့တယ်။

၁၉၇၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှာ အသက် (၃၃) နှစ်ရှိပြီ
ဖြစ်တဲ့အလီဟာ လက်ဝှေ့လောကရဲ့တိုက်စစ်မှူး ဂျိုးဖရေဇီယာ (Joe Frazier)
နဲ့ တတိယအကြိမ်မြောက် (ရှေ့နှစ်ကြိမ်က တစ်ပွဲနိုင်၊ တစ်ပွဲရှုံး) ယှဉ်ပြိုင်ခဲ့
တယ်။ ပွဲချီ ၁၄ ချီရောက်ချိန်မှာ အလီ ခြေကုန်လက်ပန်းကျပြီး မောပန်း
နေခဲ့ပါပြီ။ ငှက်မွှေးလေးတစ်ပင် သူ့ကိုယ်ပေါ်ကျရင်တောင် လဲပြိုသွားနိုင်တဲ့
အခြေအနေမှာ ရှိနေခဲ့ပါတယ်။ ပွဲချီ ၁၅ ချီမှာ ယှဉ်ပြိုင်ဖို့ သူ ခံနိုင်ရည်အား
တောင် မရှိခဲ့တော့ပါဘူး။ ဒါပေမဲ့ အလီ လက်မလျှော့ခဲ့ဘူး၊ သူ ကြံ့ကြံ့ခံ
ခဲ့တယ်။ ပြိုင်ဘက်လည်း သူ့လိုပဲ ခြေကုန်လက်ပန်းကျနေပြီဆိုတာကို သူ
သိတယ်။

ဒီလိုအခြေအနေမျိုးဟာ ထိုးအားကို ယှဉ်ပြိုင်တာ မဟုတ်ဘဲ စိတ်
ဓာတ်အင်အားကို ပြိုင်တာလို့ ပြောရမယ်။ တစ်နည်းပြောရရင် ဇွဲ၊ လုံ့လကို
ပြိုင်နေတာ ဖြစ်တယ်။ နောက်ဆုံးအထိ ဘယ်သူ တစ်မိနစ်တောင့်ခံနိုင်မလဲ။
ဒီလိုအချိန်မှာ စိတ်ဓာတ်၊ ဇွဲ၊ လုံ့လကို အသုံးပြုပြီး ပြိုင်ဘက်ကို အလဲဖြိုနိုင်သူဟာ

အောင်နိုင်သူဖြစ်မယ်ဆိုတာကို အလီ သိထားတယ်။ ဒီလိုနဲ့ တောင့်ခံနိုင်တဲ့ အနေအထားမျိုး၊ ခေါင်းမငုံ့ အရှုံးမပေးတဲ့ပုံစံမျိုးကို သူ ထိန်းထားတယ်။ စူးရှတဲ့အကြည့်နဲ့ ပြိုင်ဘက် ဖရေဇီယာကို သူစိုက်ကြည့်ခဲ့လို့ သူ့မှာ ခံနိုင်ရည်အားရှိသေးတယ်လို့ ဖရေဇီယာ ထင်သွားခဲ့တယ်။ ဒါကို အလီရဲ့ နည်းပြဆရာက သတိထားမိပြီး အလီကို မျက်ရိပ်မျက်ခြေနဲ့ နောက်ဆုံးမိနစ်အထိတောင့်ခံဖို့ အားပေးခဲ့တယ်။ နောက်ဆုံး ဒီပြိုင်ပွဲမှာ အလီ အနိုင်ရခဲ့ပါတယ်။ ဒိုင်လူကြီးက အလီလက်မောင်းကို ကိုင်မြှောက်ပြီး အနိုင်ရကြောင်း ကြေညာချိန် အလီဟာ အရုပ်ကြိုးပြတ်သလို ဒူးထောက်ကျသွားခဲ့ပါတယ်။ ဒါကို ဖရေဇီယာတွေ့တော့ ဝမ်းနည်းနောင်တရခဲ့ပါတယ်။

အလီဟာ လက်ဝှေ့လောကမှာ ရှိခဲ့ချိန်အတွင်း တခြားထူးချွန်တဲ့လက်ဝှေ့သမားတွေနဲ့ ယှဉ်ပြိုင်ခဲ့ဖူးပါတယ်၊ အထူးသဖြင့် ဂျိုးဖရေဇီယာနဲ့ယှဉ်ပြိုင်တဲ့ပွဲက သူ့ရဲ့လက်ဝှေ့သမိုင်းကို ဂန္ထဝင်မြောက်စေခဲ့တယ်။

လက်ဝှေ့လောကကနေ အနားယူပြီးနောက် အလီဟာ ဘာသာရေး၊ ပရဟိတလုပ်ငန်း၊ ကမ္ဘာမြေထိန်းသိမ်းရေးလုပ်ငန်း၊ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို လုပ်ကိုင်ရင်း နိုင်ငံတော်တော်များများရဲ့သမ္မတမှအစ ပြည်သူလူထုဓတွအထိ လူအများရဲ့လေးစားထောက်ခံမှုကို ရယူခဲ့ပါတယ်။

အောင်မြင်ခြင်းဆီသွားတဲ့ လမ်းမှာ လူတွေဟာ ရှုံးနိမ့်ခြင်းတွေအကြိမ်ကြိမ်ကြုံရတယ်။ မရှုံးနိမ့်ဖူးသူဟာ မအောင်မြင်နိုင်ပါဘူး။ တစ်ခါရှုံးနိမ့်တိုင်း သတ္တိရှိသူတစ်ယောက်ကို ပိုသန်မာကြံ့ခိုင်စေပါတယ်။ ရှုံးနိမ့်တဲ့အတွေ့အကြုံမရှိရင် ဘဝဟာ သာမန်ရိုးစင်းနေပါလိမ့်မယ်၊ ရှုံးနိမ့်ခြင်းက လူကိုလှုံ့ဆော်အားပေးတယ်။ ရှုံးနိမ့်တဲ့ အတွေ့အကြုံကို ခံစားဖူးမှ ကိုယ့်တကယ့်အရည်အချင်း၊ ကိုယ့်တကယ့်အင်အားကို သိမှာဖြစ်တယ်။

* * *

# ခရစ္စတိုဖာကိုလမ်ဘတ်စ်

*Christopher Columbus*

*(31 October 1451 – 20 May 1506)*

## *အခက်အခဲတို့ လက်ဦးမှုရယူမယ်*

ခရစ္စတိုဖာကိုလမ်ဘတ်စ် (Christopher Columbus) က စပိန်နိုင်ငံရဲ့နာမည်ကြီး ပင်လယ်ရေကြောင်းကျွမ်းကျင်သူဖြစ်သလို နယ်မြေသစ်စူးစမ်းရှာဖွေသူလည်း ဖြစ်တယ်။ သူဟာ ကမ္ဘာလုံးတယ်ဆိုတဲ့ အဆိုကို ယုံကြည်ပြီး အနောက်ကမ္ဘာခြမ်းဥရောပကနေ ရွက်လွှင့်ရင် အရှေ့ကမ္ဘာခြမ်းဖြစ်တဲ့ အိန္ဒိယနဲ့တရုတ်ကို ရောက်မယ်လို့ ယုံကြည်ထားသူ ဖြစ်တယ်။ စပိန်ဘုရင်ရဲ့ထောက်ခံအားပေးမှုနဲ့ သူဟာ ၄ ကြိမ်တိုင်တိုင် ရွက်လွှင့်ခဲ့တယ်။ ကမ္ဘာလုံးဝန်းတဲ့အဆို မှန်ကန်ကြောင်းကို သက်သေပြခဲ့တယ်။

### မွေးဖွားကြီးပြင်းပုံ

၁၅ ရာစုနှစ်မှာ ကမ္ဘာလုံးဝန်းကြောင်းကို လူတွေ သိထားခဲ့ပေမယ့် ကမ္ဘာ ဘယ်ဖလောက်ကြီးမှန်း၊ ပင်လယ် ဘယ်လောက်ကျယ်မှန်း လူတွေ မသိခဲ့ကြသေးဘူး။ အသက် (၂၅) နှစ်ရှိတဲ့ ကိုလမ်ဘတ်ဟာ ပေါ်တူဂီဆိပ်ကမ်းမှာ ရပ်ပြီး "ဒီအမြောကျယ်တဲ့ ပင်လယ်ကြီးက မာကိုပိုလို ခြေကျင်လျှောက်ခဲ့တဲ့ ကုန်းမြေထက်အနည်းငယ်ကျဉ်းရင် သင်္ဘောတစ်စင်းလုပ်ပြီး ရွှေတွေ၊ ဟင်းခတ်အမွှေးအကြိုင်တွေပေါ်တဲ့ ကမ္ဘာ့အရှေ့အရပ်ကို ငါ သွားမယ်" လို့ တွေးတောခဲ့တယ်။

တိုလဲမီ (Ptolemy) ရဲ့ "ပထဝီဝင်" ကို ဖတ်ခဲ့ပြီးနောက် ဥရောပတိုက်နဲ့ အာရှတိုက်ဟာ မြောက်ကမ္ဘာခြမ်း ထက်ဝက်လောက်ကို သိမ်းပိုက်ထားကြောင်း သူ သိခဲ့ရတယ်။ ပေါ်တူဂီကနေ ထွက်ခွာပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ရင် အိန္ဒိယကိုရောက်နိုင်ကြောင်း ပြီအက်ချ်လီ (Pierre Ajli) ရဲ့ "ကမ္ဘာမြေပုံ" က သူ့ကို ပြောပြခဲ့တယ်။ အိန္ဒိယနဲ့ ဥရောပတိုက်ကို ခြားထားတဲ့ သမုဒ္ဒရာက သိပ်မကျယ်ဘူး။ လေစုန်အတိုင်း ရွက်လွှင့်ရင် ရက်တိုတိုနဲ့ ရောက်နိုင်တယ်လို့ သူ တွေးခဲ့တယ်။

သူ့ရဲ့ အီတာလီမိတ်ဆွေဖြစ်တဲ့ မာကိုပိုလိုက တရုတ်၊ အိန္ဒိယနဲ့ ဂျပန်တွေမှာ ဟင်းခတ်အမွှေးအကြိုင်တွေ နေရာအနှံ့ရှိကြောင်း၊ ရွှေတွေကို အိမ်ဆောက်၊ ပြတင်းပေါက်ဘောင်တွေမှာ ကွပ်ကြောင်း ပြောပြခဲ့တယ်။ "မာကိုပိုလို ခရီးသွား" စာအုပ်ပေါ်မှာ မှတ်ချက်အခု ၂၀၀ ကျော် သူ ရေးခဲ့တယ်။ သမ္မာကျမ်းစာ (Old Testament) စာအုပ်ဟာလည်း သူ့အတွက် ကိုးကားစာအုပ် ဖြစ်ခဲ့တယ်။ စာအုပ်ထဲမှာပါတဲ့ "ရေတွေကို ကမ္ဘာမြေရဲ့ အပိုင်း ၇ မှာ သင် စုထားပြီး ကျန်တဲ့ အပိုင်း ၆ နေရာစလုံး ခြောက်သွေ့ထားသင့်တယ်" ဆိုတဲ့ စကားကို ကိုလမ်ဘတ်က ဥရောပတိုက်၊ အာရှတိုက်၊ အာဖရိကတိုက်က ကမ္ဘာမြေကြီးရဲ့ ၇ ပုံပုံ ၆ ပုံကို နေရာယူထားပြီး ပင်လယ်ပြင်က ၇ ပုံပုံ ၁ ပုံခန့်သာ နေရာယူထားတယ်လို့ ခန့်မှန်းခဲ့တယ်။ မာကိုပိုလို သွားခဲ့တဲ့ခရီးက ခရီးပမ်း၊ အင်အားကုန်ပြီး လူတွေ မနစ်မြို့ခဲ့တဲ့ လမ်းဖြစ်တယ်။ လူတွေ ကြောက်ရွံ့ထိတ်လန့်ခဲ့တဲ့ ရေလမ်းခရီးဖြစ်တယ်။ သင်္ဘောသားတွေပြောတဲ့ ပင်လယ်ပြင်ပေါ်မှာ အလောင်းတွေ မျောပါလာတတ်ကြောင်း၊ အလောင်းတွေက ဥရောပတိုက်သား မဟုတ်သလို အာဖရိကတိုက်သားလည်း မဟုတ်ကြောင်းကို ကိုလမ်ဘတ် ကြားခဲ့ရသေးတယ်။

ဒါတွေအားလုံးက ကိုလမ်ဘတ်ရဲ့အဖေတွေးကိုနှိုးဆွပေးခဲ့တယ်။ ခန့်မှန်းမှုအမျိုးမျိုး၊ တစ်ဆင့်စကား ကောလာဟာလတွေကို သူ့လောက်ယုံကြည်တဲ့သူ ရှားပါးခဲ့တယ်။ ပင်လယ်ဓားပြရန်ကနေ လွတ်လာတာ သိပ်မကြာသေးတဲ့ သူ့မှာ ငွေကြေးတစ်ပြားတစ်ချပ်မှ မရှိခဲ့တော့ဘူး။ ဒါတောင် ပင်လယ်ပြင်ကို ဖြတ်ကျော်ပြီး ရွှေတွေပေါ်များထင်ရှားတဲ့အရပ်ဆီကိုသူ ရွက်လွှင့်ချင်ခဲ့သေးတယ်။

ကိုလမ်ဘတ်ဟာ ပေါ်တူဂီမှာနေပြီး ရွက်လွှင့်ပညာကို ကြိုးစားသင်ယူခဲ့တယ်။ ရေကြောင်းနဲ့ဆိုင်တဲ့ ကိရိယာသစ်တွေနဲ့ အကျွမ်းဝင်အောင် သူ လေ့ကျင့်ခဲ့တယ်။ လက်ရှိ ရေကြောင်းပြမြေပုံ၊ စူးစမ်းလေ့လာတဲ့ ပုံပြင်၊ ခရီးသွားစာအုပ်တွေကို သူ ဖတ်မှတ်ခဲ့တယ်။ ၂၆ နှစ်ပြည့်တဲ့နှစ်မှာ ကိုလမ်ဘတ်ဟာ အိုက်စလန် (Iceland) ကို သွားတဲ့ ရေကြောင်းခရီးမှာ လိုက်ပါခဲ့တယ်။ အဲဒီခရီးကို အောင်အောင်မြင်မြင် ဖြတ်ကျော်ပြီးတဲ့နောက် အရင်တာထက် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းဖို့ သူ ဆန္ဒပိုပြင်းပြခဲ့တယ်။ အခုအချိန်မှာ သူလိုအပ်နေတာက ငွေကြေးနဲ့ အာဏာရှိတဲ့သူ ဖြစ်တယ်။ သူ့တစ်သက်လုံး သဘော်သား၊ ဒါမှမဟုတ် ပင်လယ်ဓားပြလုပ်ရင်လည်း ပင်လယ်ပြင်ကို ဖြတ်ကျော်မယ့် တပ်သားတစ်ဖွဲ့ကို ဖွဲ့နိုင်ဖို့ သူ အင်အားမရှိခဲ့လို့ အာဏာရှိသူ၊ ချမ်းသာသူတို့ရဲ့ အကူအညီကို သူ လိုအပ်နေခဲ့တယ်။

ပေါ်တူဂီတော်ဝင်မိသားစုဆီမှာ သူ့စိတ်ကူးထဲက ရွှေတိုင်းပြည်ကို ရှေးကြီးကြီးနဲ့ ကိုလမ်ဘတ် ရေးခေါ်ခဲ့တယ်။ ခေါ်ရေးက သူ့ကို ရွှေနဲ့ပြုလုပ်ထားတဲ့ မြင်းခတ်ဖနောင့်စီးတဲ့ စစ်သည်တော်အဖြစ် ခန့်အပ်ဖို့၊ သူနဲ့ သူ့အမွေဆက်ခံမယ့်သူရဲ့နာမည်မှာ တော်ဝင်မိသားစုဝင်ဖြစ်မှန်းသိအောင် "Church" တာလုံးထည့်ပေးဖို့၊ ရေကြောင်းစစ်သူကြီးအဖြစ် ခန့်အပ်ဖို့၊ နယ်မြေသစ်ရဲ့ထွင်သူ ဘုရင်ခံအဖြစ် တစ်သက်တာရာကို ခန့်အပ်ဖို့၊ နယ်မြေသစ်ကနေ

သိမ်းယူလာမယ့် ဥစ္စာပစ္စည်းတွေကို သူ့အတွက် ၁၀ ပုံပုံ ၁ ပုံခွဲဝေပေးဖို့ ပေါ်တူဂီတော်ဝင်မိသားစုက ဒီအတွက် ၄ နှစ်ကြာ စီမံတိုက်နှစ်းချ ဆုံးဖြတ်ပြီး နောက်ဆုံးမှာပြင်းဆန်ခဲ့တယ်။ ဒီ၄ နှစ်အတွင်းမှာ ကိုလမ်ဘတ်ရဲ့ဇနီး ကွယ်လွန်ခဲ့တယ်။ သားကြီးပြင်းခဲ့တယ်။ ကိုလမ်ဘတ်ဟာ သားကိုခေါ်ပြီး ရေကြောင်းပြမြေပုံနဲ့ တစ်ဦးတစ်ယောက်ရဲ့ ထောက်ခံပေးစာကို ယူပြီး စပိန်ဘုရင်ဆီ ရည်မှန်းချက်ကြီးကြီးနဲ့ ချဉ်းကပ်ခဲ့ပြန်တယ်။

ပူအာတိုဘာရော့ (Puerto Barros) ဆိပ်ကမ်းမှာ ကမ်းကပ်ချိန် ဒီသားအဖနှစ်ယောက်ဟာ အဝတ်အစား စုတ်ပြတ်ပြတ်၊ ဖုန်တပေပေနဲ့ သူတောင်းစားပုံ ပေါက်နေခဲ့တယ်။ တကယ်တမ်းလည်း သူတို့ရဲ့အခြေအနေက သူတောင်းစားသာသာပါပဲ။ တည်းခိုဖို့ ပိုက်ဆံတောင် သူတို့မှာ မရှိခဲ့ဘူး။ ဘုရားကျောင်းမှာပဲ သူတို့ ခိုကပ်ခဲ့ရတယ်။ ဘုရင်မင်းမြတ်ကို တွေ့ချိန်မှာ ကိုလမ်ဘတ်က သူ့စိတ်ကူးနဲ့ကိုက်ညီတဲ့ ကမ္ဘာ့မြေပုံကို ထုတ်ပြပြီး ဘုရင်ကြီး စိတ်ဝင်စားအောင် ပြောဆိုခဲ့တယ်။ ဘုရင်က ချက်ချင်းအဖြေမပေးခဲ့တာကြောင့် နန်းတော်တွင်းက ပေးကမ်းစွန့်ကြဲစာနဲ့ သတင်းစာရောင်းရငွေ အနည်းငယ်ကို မှီတွယ်ရင်း ဘုရင်ရဲ့အဖြေကို သူ ရင်တထိတ်ထိတ် စောင့်ခဲ့တယ်။ မိဖုရားက လူစေလွှတ်ပြီး သူ့အတွက် ငွေစငွေနတချို့ ပေးခဲ့တယ်။ အဲဒီငွေနဲ့ သူကို သပ်သပ်ရပ်ရပ် ပြင်ဆင်နိုင်းပြီး ဘုရင်ကြီးကို သွားတွေ့ခိုင်းတဲ့ အချိန်ဟာ အချိန် ၆ နှစ်ကျော် ကုန်လွန်သွားချိန် ဖြစ်တယ်။

စပိန်ဘုရင်က သူ့အတွက် သင်္ဘောသားအဖွဲ့တစ်ဖွဲ့ တည်ထောင်ပေးဖို့ သဘောတူခဲ့တယ်။ ဒါပေမဲ့ ကိုလမ်ဘတ် တောင်းဆိုတဲ့အချက်တွေက တော်ဝင်မိသားစုအတွက် ရယ်မောစရာ ဖြစ်ခဲ့တယ်။ ရှေ့ဆက်လျှောက်မယ့် လမ်း စမ်းတဝါးဝါးဖြစ်နေတဲ့ သူတောင်းစားတစ်ဦးက တော်ဝင်မိသားစု ဖြစ်

ရှင်တယ်၊ ဘုရင်ခံ ဖြစ်ချင်တယ်၊ ဘုရင်နဲ့အတူ နယ်ချဲ့မြေဆီက ရခဲ့တဲ့ ဥစ္စာပစ္စည်းတွေကို ခွဲဝေချင်သေးတယ်ဆိုပြီး သူ့ကို လှောင်ရယ်ခဲ့ကြတယ်။ လက်ဗလာနဲ့ စပိန်နန်းတော်တွင်းကနေ သူ ထွက်လာခဲ့ပြီး တခြားတိုင်းပြည်တစ်ပြည်ကို သွားဖို့ ပြင်ဆင်ခဲ့ပြန်တယ်။ "စိုးထိတ်စရာကောင်းတဲ့၊ ဆက်တိုက်ဖြစ်နေတဲ့၊ နာကျင်တဲ့ ရက်ရှည်တိုက်ပွဲ" ကို သူ စခဲ့ပြန်တယ်။ နှစ်ပေါင်းများစွာ စိတ်ကူးယဉ်ခဲ့တဲ့ စိတ်ကူးအိပ်မက်တစ်ခုကို ဖြစ်မြောက်အောင် သူ အကောင်အထည်ဖော်ဖို့ ဖြစ်တယ်။

စပိန်ကို ထွက်ခွာတဲ့လမ်းမှာ မိဖုရားရဲ့ အပါးတော်တစ်ဦးက သူ့နောက် အပြေးလိုက်လာပြီး သူ့ကို နန်းတော်ထဲ ပြန်စေားစေခဲ့တယ်။ အဲဒီနောက် ကမ္ဘာ့အရှေ့ရပ်ဆီသွားပြီး နယ်မြေသစ်ချဲ့ထွင်မယ့် သဘောတူညီချက်ကို သူတို့ လက်မှတ်ရေးထိုးခဲ့ကြတယ်။ စပိန်ရဲ့ ပြည်တွင်းစစ်နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထူးချွန်တဲ့စစ်သည်တော်၊ သူရဲကောင်းတွေကို မြေနေရာပေးပြီး ဆုချီးမြှင့်ဖို့ လိုတာကြောင့် ကိုလံဘတ်ရဲ့ ရှုးသွပ်တဲ့ စိတ်ကူးတွေက ဒီအခက်အခဲကို ဖြေရှင်းပေးနိုင်ခဲ့တယ်။ နောက်ဆုံးမှာ ကိုလံဘတ်ဟာ သူ့စိတ်ကူးအတိုင်း နယ်မြေသစ်ရှာဖို့ စတင်ရွက်လွှင့်ခဲ့တော့တယ်။

တခြားအရာတွေ ဆုံးရှုံးရင် ဆုံးရှုံးပါစေ . . . သတ္တိ၊ ဖွဲ၊ လုံ့လနဲ့ မိမိကိုယ်ကို လေးစားမှုကိုတော့ မဆုံးရှုံးပါစေနဲ့။ အဲဒါတွေက အဖိုးမဖြတ်နိုင်တဲ့အရာတွေပါ။ သင်ကြိုးစားအားထုတ်ပြီး ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ တကယ့်သန်မာကြံ့ခိုင်တဲ့လူက အရှုံးနဲ့ရင်ဆိုင်ရတာကို စကားထဲ ထည့်မပြောပါဘူး။ ဒါတွေက ဘဝကို အပျင်းပြေစေတဲ့အရာပါ။ အနှောင့်အယှက်ငယ်လေးတွေပါ။ ဘာပဲရှုံးရှုံး သတ္တိ၊ ဖွဲ၊ လုံ့လနဲ့ မိမိကိုယ်ကို လေးစားမှုကို မဆုံးရှုံးသရွေ့ အောင်မြင်မှုပန်းတိုင်ကို သင် တစ်နေ့ အရောက်လှမ်းနိုင်ပါလိမ့်မယ်။

* * *

# ဟင်နရီဖော့ခ်

*Henry Fok*

*(10 May 1923 – 28 October 2006)*

*ရှုံးနိမ့်ခြင်းထဲကနေ ခွန်အားတွေကို စုဆောင်းမယ်*

ဟောင်ကောင်၊ ထိုင်ဝမ်ရဲ့သန်းကြွယ်သူဌေးတွေထဲမှာ ဟင်နရီဖော့ခ် (Henry Fok) က နာမည်အတော်အတန်ရှိသူ ဖြစ်တယ်။ သူ ဒီလိုနာမည်ရှိရခြင်းက သူ့ရဲ့ကိုယ်ပိုင်ပစ္စည်းဥစ္စာ အမွေအနှစ်က ဟောင်ကောင်ဒေါ်လာ သန်း ၁၃၀၀ ရှိရုံတင် မဟုတ်ဘဲ သူဟာ သန်းကြွယ်သူဌေးတွေထဲမှာ အပင်ပန်းဆုံး၊ ဆင်းရဲဒုက္ခ အရောက်ခဲ့ဆုံးလူဖြစ်လို့ ဖြစ်တယ်။

## မွေးဖွားကြီးပြင်းပုံ

၁၉၂၃ ခုနှစ် မေလ ၁၀ ရက်နေ့မှာ လှေပေါ်နေ မိသားစုတစ်စုကနေ ဟင်နရီဖော့ခ်ကို မွေးဖွားခဲ့တာ ဖြစ်တယ်။ သူ (၇) နှစ်အရွယ်မှာ အသက် (၄၀) အရွယ် သူ့ဖခင်က ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်။ အစ်ကိုနှစ်ယောက်ကလည်း မုန်တိုင်းမိပြီး လှေမှောက်ပြီး သေဆုံးသွားခဲ့တယ်။ ဖခင်ရဲ့ရောဂါကို နှစ်ရှည်ကြာ ကုသခဲ့ရလို့ ဖခင်သေဆုံးပြီးချိန်မှာ စုဆောင်းထားသမျှငွေတွေလည်း ကုန်ခဲ့တယ်။ နဂိုဆင်းရဲတဲ့ ဟင်နရီဖော့ခ်တို့ရဲ့ဘဝက ပိုကျပ်တည်းခဲ့ရတယ်။ သူ့မှာ (၉) နှစ်အရွယ် အစ်မတစ်ယောက်နဲ့ (၅) နှစ်အရွယ် ညီမတစ်ယောက်တို့ ရှိသေးတယ်။ မိသားစုရဲ့တာဝန်အားလုံး မိခင်ရဲ့ပခုံးပေါ်မှာ ကျရောက်ခဲ့တော့တယ်။

ဟင်နရီဖော့ဒ်ဟာ ငယ်ရွယ်စဉ်ကတည်းက စာကြိုးစားသူဖြစ်တယ်။ ူအဆင့်က အမြဲရှေ့ဆုံးမှာ ရှိတယ်။ ဟောင်ကောင် Queen's College မှာ ကျောင်းတက်ခဲ့ရလို့ သူဟာ နည်းစနစ်မှန်တဲ့ ပညာရေးအခြေခံရှိခဲ့သူ ဖြစ် ယ်၊ ပညာသင်ယူရာဖွေနေစဉ်မှာ ဆင်းရဲဒုက္ခအမျိုးမျိုးကို သူ ရင်ဆိုင်ခဲ့ ယ်၊ ငွေကြေးချွေတာဖို့ သူ ရထားမစီး၊ ကားမစီးခဲ့ဘူး။ နာရီဝက်လောက် ချိန်ယူပြီး ခြေကျင်နဲ့ပဲ ကျောင်းတက်ခဲ့တယ်။

"အဲဒီလိုဘဝမျိုးက ကျွန်တော့်ကို ခြေကုန်လက်ပန်း ကျစေခဲ့တယ်။ ကို မူးနောက်စေခဲ့တယ်၊ ဒါပေမဲ့ ဒါတွေက ကျွန်တော့်အတွက် ကောင်းတဲ့ လေ့ကျင့်မှု၊ သင်ခန်းစာတွေဖြစ်ခဲ့တယ်။ နောက်ပိုင်း စီးပွားရေးနယ်ပယ်ထဲ ကျွန်တော်ရောက်တဲ့အချိန် ဘဝဟာ ဘယ်လောက်ခါးသီးလည်း၊ အလုပ်တွေ ဘယ်လောက်ပင်ပန်းလည်း ကျွန်တော် မကြောက်ခဲ့တော့ဘူး။ ကျွန်တော် ခံနိုင်ရည်ရှိခဲ့တယ်။ ရင်ဆိုင်ရဲခဲ့တယ်" လို့ ဟင်နရီဖော့ဒ်ဟာ အောင်မြင်လာ ချိန်မှာ ဒါတွေကို ပြန်ပြောင်းပြောခဲ့တယ်၊

ဂျပန်တွေက ဟောင်ကောင်ကို သိမ်းပိုက်ချိန်မှာ ဟင်နရီဖော့ဒ်က ကျောက်မီးသွေးသယ်တဲ့ အလုပ်သမားလုပ်ခဲ့တယ်။ ဒါဟာ သူ့အတွက် ပထမ ဆုံးဝင်ငွေရအလုပ်ဖြစ်ခဲ့တယ်၊ အဲဒီအချိန်မှာ သူ့အသက် (၁၈) နှစ်ဖြစ်တယ်၊ အလုပ်ကို သူ ကြိုးကြိုးစားစား၊ ပင်ပင်ပန်းပန်း လုပ်ခဲ့တယ်၊ ဒါပေမဲ့ ၉ လ လောက်သာ လုပ်ပြီး အလုပ်သမားလျှော့ချချိန်မှာ သူ ပါသွားခဲ့တယ်၊

အလုပ်လက်မဲ့ဖြစ်တဲ့နောက် နည်းပညာတစ်ခုခုကို သူ သင်လိုခဲ့ တယ်၊ တစ်ခုခုတတ်မြောက်ထားရင် ဒီလောက် အင်အားတွေစိုက်ထုတ်ပြီး ပင်ပင်ပန်းပန်း အလုပ်လုပ်စရာမလိုဘူးလို့လည်း သူ ထင်ခဲ့တယ်။ သိပ်မကြာ ဘူး၊ ဟင်နရီဖော့ဒ်ဟာ သင်္ဘောကြားစက်တစ်ခုရဲ့ ဓာတ်ခွဲခန်းမှာ အလုပ်ရခဲ့ပြန်

တယ်၊ အလုပ်ကြမ်းတွေ လုပ်ခဲ့ဖူးတဲ့သူဟာ ခေတ်ခွဲခန်းမှာ ကိုးရိုးကားရား နိုင်ခဲ့တယ်၊ မကြာခဏ ဖန်ပုလင်းကျကွဲတာမျိုး ကြုံခဲ့ရတယ်။ နည်းပညာ သင်ယူချင်တဲ့သူဟာ မကြာခဏ အမှားလုပ်ခဲ့မိတယ်၊ တစ်ခါက ဆရာတစ်ဦးနဲ့ လက်တွေ့စမ်းသပ်မှုပြုချိန် မတော်တဆပေါက်ကွဲခဲ့လို့ သူ အလုပ်ဖြုတ်ခံခဲ့ရတယ်။ အဲဒီက အလုပ်ပြုတ်တော့ ဂိုဒေါင်မှာ ဆန်ထမ်းသမားအဖြစ် သူ သွားလုပ်ခဲ့ပြန်တယ်။

၁၉၄၂ ခုနှစ်မှာ မိခင်က သူ့စုဆောင်းထားတဲ့ ငွေကြေးနဲ့ ကုန်စုံဆိုင်တစ်ဆိုင် ဖွင့်ခဲ့တယ်။ ဟင်နရီဖော့ဒ်ကို ကုန်စုံဆိုင်မှာ ကြီးကြပ်ခိုင်းစေခဲ့တယ်။ မနက် ၆ နာရီက ည ၁၀ နာရီအထိ သူ့ ဆိုင်ဖွင့်ခဲ့သလို ည ၁၂ နာရီအထိ ကုန်ပစ္စည်းတွေဖြည့်၊ ထုပ်ပိုးတာတွေ သူ လုပ်ခဲ့တယ်။ ဒီလိုနဲ့ တစ်နှစ် (၃၆၅ ရက်) လုံးလုံး မနိုမကပ်ဘဲ သူ ကြိုးစားခဲ့တယ်။

သူ့ရဲ့ ဂရုစိုက်ကြိုးစားမှုကြောင့် ဆိုင်ဟာ တစ်နေ့ထက် တစ်နေ့ ရောင်းအားတက်ခဲ့တယ်၊ ကုန်စုံဆိုင်လေးကနေတစ်ဆင့် အသေးစားရောင်းဝယ်ဖောက်ကားမှု၊ ထိန်းသိမ်းမှုကို သူ သင်ယူလေ့လာခဲ့တယ်။ ဖွဲ့၊ သတ္တိနဲ့ ဖော်ရွေမှုကို မွေးမြူနိုင်ခဲ့တယ်။

အစောပိုင်းက ကြုံတွေ့ခဲ့တဲ့ ဆင်းရဲပင်ပန်းမှုတွေက ဟင်နရီဖော့ဒ်ကို အလဲမပြိုနိုင်ခဲ့ဘူး။ ဆုံးရှုံးခြင်းထဲကနေ အတွေ့အကြုံ၊ သင်ခန်းစာတွေ သူ ယူခဲ့တယ်၊ အသစ်တစ်ဖန် ထရပ်တဲ့အင်အားကို ယူခဲ့တယ်။ အခွင့်အရေးကို စောင့်ခဲ့တယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အောင်မြင်မယ်လို့ ယုံကြည်ခဲ့တယ်၊ နောက်ဆုံးမှာ သူဟာ အောင်မြင်တဲ့ သန်းကြွယ်သူဌေး စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်လာခဲ့တော့တယ်။

"ရှုံးနိမ့်ခြင်းက အောင်မြင်ခြင်းရဲ့လမ်းစ" တဲ့။ ရှာဖွေသင်ယူဖို့ အားသန်သူတစ်ယောက်ဟာ အောင်မြင်ဖို့အတွက် အကောင်းမြင်စိတ်ဓာတ်တွေ မွေးမြူသင်ယူရသလို အရှုံးထဲကနေလည်း သင်ခန်းစာတွေ သင်ယူတတ်ရပါတယ်။ အတွေ့အကြုံကို သင်ယူတယ်ဆိုတာ တစ်ရက်၊ နှစ်ရက်နဲ့ သင်ယူလို့ ရနိုင်တာ မဟုတ်ပါဘူး။ တစ်ခါတလေမှာ ရှည်လျားတဲ့ အချိန်လည်း လိုပါသေးတယ်။

ရှာဖွေသင်ယူလေ့လာနေတဲ့ ဘဝလမ်းမှာ မှားယွင်းတဲ့ရွေးချယ်မှုပဲ ဖြစ်ဖြစ်၊ ရှုံးနိမ့်တဲ့ အတွေ့အကြုံပဲဖြစ်ဖြစ် ဒါတွေဟာ ကျွန်တော်တို့ ဘ၀မှာ နက်နက်နဲနဲ ထင်ကျန်စေနိုင်ပါတယ်။ နောက်ပိုင်းမှာ ဒါတွေနဲ့ နမူနာထားပြီး ကိုယ်လုပ်မယ့်အရာတွေနဲ့ နှိုင်းယှဉ်ချိန်ဆနိုင်ပါတယ်။ ဒီလိုအတွေ့အကြုံ၊ အဲဒီလိုသင်ခန်းစာတွေက ငွေရှိရင်တောင် ဝယ်ယူလို့ မရနိုင်တဲ့အရာတွေ ဖြစ်ပါတယ်။

* * *

# ထင်ရှားသူတို့၏ဘဝပုံပြင်

## အခန်း (၄)

အခါအခွင့်ကောင်းမကောင်း ကံနဲ့လည်းဆိုင်တယ်လို့ လူအများက ထင်ကြတယ်။ တကယ်တော့ အခါအခွင့်ကောင်းဆိုတာ လူတိုင်းအတွက် တန်းတူညီမျှပါတယ်။ အဓိကသော့ချက်က အဲဒီအခါအခွင့်ကောင်းကို မိမိရရ ဖမ်းဆုပ်လား၊ မဖမ်းဆုပ်လားဆိုတာနဲ့ ဆိုင်ပါတယ်။ အစဉ်တစိုက် အဆင်သင့် ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုပါတယ်။ အခါအခွင့်ကောင်းရောက်လာချိန် ကြိုတင်ပြင်ဆင်ထားသူအတွက် ကံကောင်းခြင်းတွေကလည်း အလိုလို ရောက်လာပြီး အောင်မြင်မှုကို မုချဆွတ်ခူးနိုင်မှာ ဖြစ်ပါတယ်။

အောင်မြင်လား၊ ကျရှုံးလား ဒါဟာလည်း အခါအခွင့်ကောင်းနဲ့ ဆိုင်တယ်လို့ လူအများ ယုံကြည်ကြတယ်။ တကယ်လို့ ကိုယ်လုပ်တဲ့ အလုပ် အပေါ် အာရုံစိုက်ပြီးလုပ်မယ်၊ စိတ်ထဲမှာလည်း ယုံကြည်မှု အပြည့်ရှိတယ် ဆိုရင်တော့ ထူးဆန်းအံ့သြမှုနဲ့ ကြုံရမှာပါပဲ။ တကယ်လို့ အခါအခွင့်ကောင်းနဲ့ ကြုံပါလျက်နဲ့ နေ့ရက်ကို မရေမရာ ဖြတ်သန်းနေဦးမယ်၊ စောင့်မျှော်နေဦးမယ်၊ ခွန်အားမစိုက်ထုတ်ဘဲ ရေလိုက်၊ ငါးလိုက် နေဦးမယ်ဆိုရင် အခါအခွင့်ကောင်း က အဝေးကို ထွက်ပြေးသွားပါလိမ့်မယ်။ လောကမှာ ချွေးနဲ့သွေး မထွက်ဘဲ နဲ့တော့ အောင်မြင်မှုကို မရနိုင်ပါဘူး။

# အလက်ဇန္ဒါဖလဲမင်း

*Alexander Fleming*

*(6 August 1881 – 11 March 1955)*

## မိုးပေါ်က ကျလာတဲ့ "မှန်"ကို ကောက်ကောက်ရမယ်

အလက်ဇန္ဒာဖလဲမင်း (Alexander Fleming) က အင်္ဂလန်နိုင်ငံက ဇက်တီးရီးယားဇေဒပညာရှင် ဖြစ်တယ်။ လန်ဒန်တက္ကသိုလ်က ဇက်တီးရီးယားဗေဒပါမောက္ခနဲ့ ဖလဲမင်း သုတေသနရုံးက ရုံးအုပ်ဖြစ်တယ်။ ၁၉၂၂ ခုနှစ်မှာ ဇက်တီးရီးယားကို သတ်နိုင်တဲ့ လိုင်စိုဇင်း(မ်) (Lysozyme)ကို သူ တွေ့ရှိခဲ့ပြီး ၁၉၂၈ ခုနှစ်မှာ ပင်နီဆီလင်ကို တွေ့ရှိခဲ့တယ်။ အင်္ဂလန် ရောဂါဗေဒပညာရှင် ဟိုးဝဒ်ဖလော်ရေး (Howard Florey) နဲ့ ဂျာမနီ ဇီဝဓာတုဗေဒပညာရှင် အန်း(စ်)ဘိုရစ်(စ်)ချိန်း (Ernst Boris Chain) တို့က ဖလဲမင်းရဲ့ ရောဂါကုထုံးကို ယုံကြည်ခဲ့ကြတယ်။ သူတို့ ၃ ဦးဟာ ၁၉၄၅ ခုနှစ်မှာ ဇီဝ သို့မဟုတ် ဆေးပညာနိုဘယ်လ်ဆုကို အတူရရှိခဲ့တယ်။ "ပင်နီဆီလင် တကယ့်လက်တွေ့အသုံးပြုမှု"ဆိုတဲ့ စာတမ်းကို သူ ပြုစုရေးသားခဲ့တယ်။

### မွေးဖွားကြီးပြင်းပုံ

၁၉၂၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ ပင်နီဆီလင်ကို ဖလဲမင်း ရှာဖွေတွေ့ရှိခဲ့တယ်။ အဲဒါဟာ သူ့ကို နာမည်ကောင်းဆုတံဆိပ်ပေါင်းများစွာကို လည်းပိုင်ဆိုင်စေခဲ့သလို နိုဘယ်လ်ဆု ချီးမြှင့်ခြင်းလည်း ခံခဲ့ရတယ်။ သူဟာ ဇက်တီးရီးယားမွေးမြူသောခွက် (Petri Dish) ထဲကနေ ပင်နီဆီလင်မှိုကို

သူ တွေ့ရှိခဲ့ကာ အဲဒီကာစပြီး အခက်အခဲအမျိုးမျိုး၊ လေ့လာဆန်းစစ်မှုအမျိုးမျိုးကို သူဖြတ်ကျော်ခဲ့တယ်။ သူ့အပေါ်သံသယရှိသူတွေနဲ့ ရင်ဆိုင်ခဲ့တယ်။ နောက်ဆုံးမှာ အောင်မြင်မှုကို သူ ဆွတ်ခူးနိုင်ခဲ့တယ်။ ပင်နီဆီလင်ရဲ့တွေ့ရှိချက်က ၂၀ ရာစု ဆေးလောကရဲ့ အကြီးအကျယ်၊ အမြင့်မြတ်ဆုံး တွေ့ရှိချက်ဖြစ်တယ်။ နှစ်ပေါင်း ၁၀ နှစ်ကျော်လွန်မြောက်တဲ့အထိ သမိုင်းပညာရှင်တွေဟာ ဖလဲမင်းရဲ့ ထူးဆန်းအံ့ဩမှုကို အသေးစိတ် စီစဉ်ရေးဆွဲနေခဲ့ပါသေးတယ်။

ပင်နီဆီလင်ကို ဖလဲမင်း စတင်တွေ့ခဲ့ပေမယ့် စစချင်းမှာ ဘာကို သူ ရှာဖွေတွေ့ရှိခဲ့မှန်း သူကိုယ်တိုင် သေချာမသိခဲ့သေးဘူး။ သိပ္ပံပညာရှင် ၂ ဦးဖြစ်တဲ့ ဟိုးဝပ်ဖလော်ရေးနဲ့ အန်း(စ်)ဘိုရစ်(စ်)ချိန်းတို့ ၂ ဦးက လူတွေမေ့နေပြီဖြစ်တဲ့ ဒီရှာဖွေတွေ့ရှိချက်ထဲကနေ အကျိုးရှိတဲ့ ဒီမှိုကို ကယ်တင်ခဲ့တာဖြစ်ပြီး ပင်နီဆီလင်ရဲ့ထိရောက်မှုကို သက်သေပြခဲ့တယ်။ ဒီသိပ္ပံပညာကို လူသားတွေအတွက် ပေးအပ်ခဲ့ပြီး ပဋိဇီဝဆေးလောကကို စတင်ခဲ့တယ်။

ဖလဲမင်းဟာ ဆင်းရဲသားလယ်သမားတစ်ဦးရဲ့သားကနေ ထင်ရှားကျော်ကြားတဲ့ ဇက်တီးရီးယားဇေဒပညာရှင်တစ်ဦး ဖြစ်လာခဲ့တယ်။ သူဟာ လန်ဒန်စိန့်မေရီဆေးရုံမှာ ဇက်တီးရီးယားဇေဒကို သုတေသနပြုခဲ့တယ်။

လက်တွေ့စမ်းသပ်ခန်းထဲကနေက ရှာဖွေတွေ့ရှိမှု နှစ်ရပ်ကို သူ မထင်မှတ်ဘဲ တွေ့ရှိခဲ့တဲ့သတင်းက လူတွေကြားမှာ ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့တယ်။ ပထမတစ်ကြိမ်က ၁၉၂၂ ခုနှစ်မှာဖြစ်တယ်။ အအေးမိဖျားနာနေတဲ့ ဖလဲမင်းဟာ မှိုတွေ မွေးမြူထားတဲ့ ခွက်ထဲ မတော်တဆ နှာချေခဲ့မိတယ်။ နောက်ပိုင်းမှာ သူ နှာချေလို့ ချွဲသလိပ်ကပ်နေတဲ့ နေရာမှာ မှိုတွေ မပေါက်ဘူးဆိုတာကို သူ သတိထားခဲ့မိတယ်။ ဒါကို ရှေ့ဆက်ပြီး သူ အမျိုးမျိုး

လေ့လာဆန်းစစ်ပြီးနောက် လိုင်စိုဇင်းမ်ကို သူ ရှာဖွေတွေ့ရှိခဲ့တယ်။ ခန္ဓာကိုယ် အရည်နဲ့ ခန္ဓာကိုယ်အဖွဲ့အစည်းထဲမှာ ဗက်တီးရီးယားတွေကို အရည်ပျော်စေနိုင်တဲ့ အရာကို သူ တွေ့ရှိခဲ့တယ်။ အဲဒါဟာ အကျိုးရှိတဲ့ သဘာဝ ဗက်တီးရီးယားကာကွယ်ဆေးကို ရရှိနိုင်မယ့် သော့ချက်ဖြစ်မယ်လို့ သူ တွေးထင်ခဲ့တယ်။ ဒါပေမဲ့ သိပ်မကြာပါဘူး၊ အဲဒီအပေါ် သူ စိတ်ဝင်စားမှု နည်းသွားခဲ့တယ်။ ဆန်းစစ်ချက်အရ အဲဒီလိုင်စိုဇင်းမ်က အန္တရာယ်မရှိနိုင်တဲ့ သေးငယ်တဲ့ ရောဂါပိုးမွှားအတွက်ပဲ အသုံးဝင်တာ ဖြစ်ပါတယ်။

၁၉၂၈ ခုနှစ်မှာ ကံကောင်းခြင်းက ဖလဲမင်းဆီ တစ်ဖန်ရောက်ခဲ့ပြန်တယ်။ ပြင်ပထွက်ပြီး သူ အနားယူခဲ့တဲ့ ရက်သတ္တပတ် ၂ ပတ်ထဲ မဆေးဘဲ ပစ်ထားတာကြာပြီဖြစ်တဲ့ ဗက်တီးရီးယားမွေးမြူသောခွက်ထဲမှာ ထူးဆန်းတဲ့ မှိုတစ်မျိုး ထွက်ခဲ့တယ်။ ဒီမှိုမျိုးရဲ့ ဗက်တီးရီးယားပိုး ခုခံကာကွယ်ပုံကို သူ စောင့်ကြည့်ခဲ့တယ်၊ မှိုမပေါက်တဲ့နေရာမှာ ဗက်တီးရီးယားတွေ ပျံ့နှံ့နေတာကို သူ တွေ့ရှိခဲ့တယ်။ အဲဒီဗက်တီးရီးယားက Staphylococcus ဖြစ်တယ်။ ဒါဟာ အန္တရာယ်ရှိတဲ့၊ တစ်ခါတလေမှာ အသက်ကို သေစေနိုင်တဲ့ ကူးစက်ရောဂါရင်းမြစ် ဖြစ်တယ်။ လေ့လာဆန်းစစ်မှု ပြုလုပ်ပြီးနောက် ဒီမှိုရည်တွေဟာ တခြားအဆိပ်ရှိတဲ့ ရောဂါပိုးမွှားတွေကို နှောင့်ယှက်တားဆီးနိုင်ကြောင်း သူ တွေ့ရှိခဲ့တယ်။

ပင်နီဆီလင် [ပင်နီဆီလီယမ် (Penicillium) မှိုက ရတဲ့အတွက် ပင်နီဆီလင်လို့ ဖလဲမင်းက အမည်ပေးခဲ့တာ ဖြစ်တယ်။] ဟာ သူ နှစ်ရှည်လကြာ ရှာဖွေစမ်းသပ်နေတဲ့ သဘာဝပိုးသတ်ဆေးမှ ဟုတ်ရဲ့လား။ ဒါက်ရာအနာပေါ် လိမ်းလိုက်တာနဲ့ ရောဂါပိုးမွှားတွေကို သတ်နိုင်လားဆိုပြီး ရှေ့တစ်ဆင့်တက် စမ်းသပ်ခဲ့ပြန်တယ်၊ ဒီပိုးသတ်ဆေးရဲ့အကျိုးရောက်မှုက နေး

ပြီး ထုတ်လုပ်မှုကလည်း နည်းတယ်။ ဒါကြောင့် အဲဒီအပေါ်ထားတဲ့ ဖလဲမင်းရဲ့ ဖြင်းပြတဲ့ဆန္ဒကလည်း တဖြည်းဖြည်းအေးလာခဲ့ပြီး တခြားဆန်းစစ်မှုဘက်ကို သူ အာရုံလွှဲခဲ့တော့တယ်။ ၁၉၂၉ ခုနှစ်မှာ သူ ရေးသားတဲ့စာတမ်းတစ်ခုထဲ သူ့ရဲ့ရှာဖွေတွေ့ရှိမှုတွေကို ရေးသားခဲ့သေးတယ်။ ဒါပေမဲ့ အဲဒီစာတမ်းက လူတွေရဲ့အာရုံကို မဖမ်းစားနိုင်ခဲ့ဘူး။

စာတမ်းထဲမှာ ဖလဲမင်းက ပင်နီဆီလင်ဟာ ပိုးသတ်ဆေးတစ်မျိုး ဖြစ်နိုင်တယ်လို့ပဲ ရေးထားတယ်။ ပင်နီဆီလင်ရဲ့ အကျိုးသက်ရောက်တဲ့ ကုသမှု၊ လက်တွေ့စမ်းသပ်မှုတွေကို သူ ကျယ်ကျယ်ပြန့်ပြန့် မဆန်းစစ်ခဲ့ဘူး။ ကျန်းမာတဲ့ ယုန်သူငယ်နဲ့ ကြွက်တွေကို ပင်နီဆီလင် ထိုးသွင်းစမ်းသပ်ခဲ့ဖူး ပေမယ့် တကယ့်ဗျားနာတဲ့ ရောဂါသည်တွေကိုတော့ မစမ်းသပ်ခဲ့ဖူးဘူး။ တကယ်လို့ သူသာ တကယ့်လက်တွေ့ပြုလုပ်ခဲ့မယ်ဆိုရင် ဒီ "နတ်ဆေး" တစ်ပါးက လူတွေကြားထဲ အချိန် ၁၀ နှစ်စောျာစောပြီး ရောက်လာခဲ့မှာ အမှန်ပါပဲ။

အင်္ဂလန် – အမေရိကန် နှစ်နိုင်ငံက ဓါတုဗေဒပညာရှင်တွေရဲ့ ကြိုးစားမှုကြောင့် ဆေးလောကအတွက် ထူးခြားအံ့ဩဖွယ် မှတ်တိုင်တစ်ခုကို ဖလဲမင်း စိုက်ထူ နိုင်ခဲ့ကြောင်းကို ပြည်သူလူထုကြားထဲ မြန်မြန်ဆန်ဆန် ပျံ့နှံ့ခဲ့တယ်။ ဖလဲမင်း ကိုလည်း ပင်နီဆီလင်ကို ရှာဖွေတွေ့ရှိခဲ့တဲ့ ပါရမီရှင်လို့ ကြေညာခဲ့တယ်။ ဒါပေမဲ့ ဖလဲမင်းက သူ့ဟောပြောပွဲမှာ ပင်နီဆီလင်ရဲ့ မွေးဖွားမှုက ဟိုဝပ် ဖလော်ရေးနဲ့ အန်း(စ်)ဘိုရစ်(စ်)ချိန်းတို့ကြောင့်၊ ပြီးတော့ သူနဲ့အတူ စမ်းသပ်မှု ပြုခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေကြောင့်လို့ ပြောခဲ့တယ်။

၁၉၄၅ ခုနှစ်မှာ ဖလဲမင်းဟာ ဆေးပညာနိုဘယ်လ်ဆုကို ချီးမြှင့် ခြင်းခံခဲ့ရသလို သူနဲ့အတူ ပူးပေါင်းပါဝင်ခဲ့တဲ့ ဟိုဝပ်ဖလော်ရေးနဲ့ အန်း(စ်)

ဘိုရစ်(စ်)ချိန်းတို့ကိုလည်း ဖေးဖေးပညာနဲ့တာယ်လ်ဆု ချီးမြှင့်ခဲ့ပါတယ်။

အောင်မြင်ခြင်းဆီသွားတဲ့လမ်းက ကွေ့ကောက်လွန်းတယ်။ တကယ်လို့ အလုပ်တစ်ခုကို လက်ဗလာနဲ့ သင်သတ္တိရှိရှိ စရဲခဲ့ရင် ဘယ်အခြေအနေရောက်ရောက် မိမိကိုယ်ကို ယုံကြည်မှုကို မပျောက်ပျက်စေပါနဲ့တော့။ ရှုံးနိမ့်မှုကို ကြောက်ပြီး ခြေတစ်လှမ်းမရွေ့ခဲ့ရင် နဂိုနေရာမှာပဲ သင် ရပ်တန့်ရစ်နေလိမ့်မယ်။ သတ္တိ၊ ယုံကြည်ချက်နဲ့ လုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့အရာကို ရဲရဲလုပ်ဆောင်ရင် ခွန်အားတွေက အလိုလိုပြည့်လာတတ်ပါတယ်။ အခွင့်ကောင်း အခါကောင်း ရောက်လာချိန် အသိဉာဏ်ဆိုတဲ့ အတောင်ပံရဲ့အကူကိုလည်းယူ ဖွဲ၊ လုံ့လနဲ့ ယုံကြည်မှုကိုလည်း ဆုပ်ကိုင်ထားရင် ကောင်းကင်အမြင့်ထက်ကို သင် ပျံသန်းနိုင်ပါတယ်။

အိုင်းစတိုင်းက ပြောတယ်။ "အခွင့်ကောင်း အခါကောင်းဆိုတာ အသင့်ပြင်ဆင်ထားသူကို ပိုနှစ်သက်တယ်" တဲ့။ ဘာတွေကို အသင့်ပြင်ထားရမလဲ။ (၁) အသိပညာတွေ စုဆောင်းထားရပါမယ်။ အသိပညာ၊ ဉာဏ်ပညာမပြည့်စုံပဲနဲ့တော့ အခွင့်ကောင်း အခါကောင်းကို ဖမ်းဆုပ်ဖို့၊ တွေ့မြင်ဖို့ဆိုတာ မလွယ်ကူပါဘူး။ (၂) တွေးတောနည်းကို ပြင်ဆင်ထားရမယ်။ အသိပညာ၊ ဉာဏ်ပညာပြည့်စုံပေမယ့် ခေတ်ရဲ့တွေးခေါ်မှု မရှိရင်လည်း အခွင့်ကောင်း အခါကောင်းကို တွေ့နိုင်မှာမဟုတ်ပါဘူး။ တခြားသူ အခွင့်အရေးကောင်းတွေ ရတာကို ကျွန်တော်တို့ သွားအားကျနေစရာ မလိုပါဘူး။ အခွင့်အရေးကောင်းတွေကို တွေ့မြင်နိုင်တဲ့၊ ဖမ်းဆုပ်နိုင်တဲ့ ဦးနှောက်ကိုပဲ ကျွန်တော်တို့ ကြိုးစားမွေးမြူဖို့ အသင့်ပြင်ထားရပါမယ်။ ဒါတွေနဲ့ပြည့်စုံရင် မိုးပေါ်က ကျလာတဲ့ "မုန့်" ကို သင် ကောက်စားသွားပါလိမ့်မယ်။

* * *

# ရစ်ချတ်ဂျိုရှုယာရေးနိုး
*Richard Joshua Reynolds*
*(July 20, 1850 - July 29, 1918)*

*အခွင့်အရေးကိုဖမ်းဆုပ်တာဟာ အောင်မြင်မှုကိုဖမ်းဆုပ်တာပဲ*

ရစ်ချတ်ရေးနိုး (Richard Reynolds) က "ကုလားအုတ်တံဆိပ် စီးကရက် (Camels Cigarette)" ကိုတည်ထောင်ခဲ့သူဖြစ်တယ်။ ကမ္ဘာကျော် ကုလားအုတ်တံဆိပ် စီးကရက်ဟာ အကောင်းဆုံးအရည်အသွေး၊ လှိုဝှက်ပြီး တစ်မူထူးခြားတဲ့ အရေ့တိုင်းစတိုင်လ် အမှတ်တံဆိပ်နဲ့ စီးကရက်လောကကို အောင်အောင်မြင်မြင် ထိုးဖောက်ဝင်ရောက်ခဲ့တယ်။ "ကုလားအုတ်တံဆိပ်" ဟာ နှစ်ပေါင်းများစွာကြာတဲ့အထိ ကမ္ဘာ့နာမည်ကြီး စီးကရက်တံဆိပ်ထဲက တံဆိပ်တစ်ခုအဖြစ် ရပ်တည်ခဲ့တယ်။

## မွေးဖွားကြီးပြင်းပုံ

၁၈၅၀ပြည့်နှစ်ဇူလိုင်လ ၂၀ရက်နေ့မှာရစ်ချတ်ရေးနိုးကိုအမေရိကန် နိုင်ငံ ဗာဂျီးနီးယားပြည်နယ်မှာ မွေးဖွားခဲ့တယ်။ သူဟာ ငယ်စဉ်ကတည်းက ထူးချွန်ထက်မြက်ပြီး ပညာလိုလားသူ ဖြစ်တယ်။ ပတ်ဝန်းကျင် လေ့လာ စူးစမ်းမှုရှိသူ ဖြစ်တယ်၊ သူ့အသက် (၂၄) နှစ်အရွယ်မှာ မထင်မှတ်တဲ့ အခွင့် အရေးတစ်ခုနဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို သူ တွေ့ရှိခဲ့တယ်။

အဲဒီခေတ်က လူတွေဟာ ကိုယ်တိုင်ဖက်လိပ်ပြီး ဆေးလိပ်သောက် ရတဲ့အချိန် ဖြစ်တယ်။ ရေးနိုးက လက်နဲ့လုပ်တဲ့ ဆေးလိပ်ရဲ့ ကြွန့်ကြာချိန်၊

ပင်ပန်းမှုတွေကို တွက်ချက်မိပြီး မြောက်ကရိုလိုင်းနားပြည်နယ် ဝင်းစတန်ဆာလင်မ် (Winston Salem) မှာ ကိုယ်ပိုင်စက်ရုံတစ်ရုံ တည်ထောင်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီစက်ရုံမှာ ပါးစပ်နဲ့ဝါးလို့ရတဲ့ စီးကရက်တစ်မျိုးကို ထုတ်လုပ်ရင်း သူ့ရဲ့ဆေးလိပ်စီးပွားရေးကို ခြေစလှမ်းခဲ့တာ ဖြစ်တယ်။

၁၈၈၄ ခုနှစ်မှာ အမေရိကန်နာမည်ကြီး ဆေးလိပ်လုပ်ငန်းရှင် ဂျိန်းဘူချနန်ဂျူ(မ်) (James Buchanan Duke) ဦးဆောင်တဲ့ ဆေးလိပ်ကုမ္ပဏီက ဆေးလိပ်တွေဟာ ဈေးကွက်ထဲ အရင်ဝင်ရောက်ခဲ့လို့ ရေးနိုးရဲ့ ဆေးလိပ်လုပ်ငန်းကို နာလန်မထနိုင်အောင် ဖြစ်စေခဲ့တယ်။

အပြိုင်အဆိုင် ဈေးလျှော့ခဲ့လို့ ရေးနိုးဟာ စီးပွားပျက်ပြီး သူ့ကုမ္ပဏီကိုတစ်ဖက်လူရဲ့လက်ထဲ ထိုးထည့်ခဲ့ရတယ်။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် ငယ်ရွယ်သေးလို့ လုံလောက်တဲ့အရင်းအနှီးနဲ့ ပြည့်ဝတဲ့ အတွေ့အကြုံမရှိမှန်း သူ သိတယ်။ ရခဲ့တဲ့သင်ခန်းစာနဲ့ အတွေ့အကြုံကို သူစုဆောင်းရင်း အခွင့်အခါကို သူ စောင့်ခဲ့နေခဲ့ပြီး နာလန်ပြန်ထနိုင်အောင် ကြိုးစားခဲ့တယ်။ ကိုယ့်ကိုယ်ကို ယ် "အရှုံး" နဲ့ပဲ ရင်ဆိုင်ရမယ်လို့ သူ မတွက်ခဲ့ဘူး။ အောင်မြင်မှုကို ဆွတ်ခူးနိုင်မယ်လို့ပဲ သူ ယုံကြည်ခဲ့တယ်။

ရေးနိုးရဲ့ပင်ပန်းမှုတွေက အလဟဿ မဖြစ်ခဲ့ပါဘူး။ သူ စောင့်မျှော်ခဲ့တဲ့ အခွင့်ကောင်းအခါကောင်း ရောက်ရှိလာခဲ့ပါပြီ။ အဲဒီအချိန်တုန်းက အမေရိကန် Trust Group က ဈေးကွက်စီးပွားရေး တော်တော်များများကို ထိတ်ထိတ်ပျာပျာဖြစ်အောင် တစ်ဦးတည်း ချုပ်ကိုင်ခဲ့လို့ လူထုအုံကြွမှုတွေ ဖြစ်ခဲ့တယ်။

တစ်နိုင်ငံလုံး ဆန့်ကျင်ဆန္ဒပြမှုတွေ ပြုလုပ်ခဲ့တယ်။ Trust Group ကို ဆန့်ကျင်တဲ့ညာသံက ပြင်းသထက် ပြင်းထန်ခဲ့လို့ အမေရိကန်သမ္မတ

ရှူးစဗဲ (Roosevelt) က မနရှင်လူတန်းစားရဲ့အကျိုးစီးပွားမှာ မပါမနေရ ပါဝင်ခဲ့ပြီး Trust Group ကို ဆန့်ကျင်တဲ့ မူဝါဒနဲ့ဥပဒေကို ထုတ်ပြန်ခဲ့တယ်။ Trust Group လက်ဝယ်ပိုင်ဆိုင်ထားတဲ့ စီးပွားရေးလုပ်ငန်းကြီးတချို့ကို ခွဲခြမ်းဖို့ တောင်းဆိုခဲ့တယ်။ အဲဒီအထဲမှာ အမေရိကန်ရဲ့ ဆေးလိပ်ကုမ္ပဏီလည်း ပါတယ်။

ဒါဟာ အခွင့်ကောင်းအခါကောင်းကို စောင့်နေတဲ့ ရေးနိုးအတွက် မိုးပေါ်ကကျလာတဲ့ အခွင့်အရေးပဲဖြစ်တယ်။ ၁၉၁၁ ခုနှစ်မှာ ရေးနိုးဟာ နာလန်ပြန်ထူပြီး ပြိုင်ဘက်အမေရိကန်ဆေးလိပ်ကုမ္ပဏီကြီးတွေကို စိန်ခေါ်ဖို့ ထရပ်ခဲ့တယ်။ ဆေးလိပ်လောကကို မောင်ပိုင်စီးပြောင်းလဲဖို့ ဆုံးဖြတ်ခဲ့တယ်။

ရေးနိုးဟာ ယုံကြည်မှုအပြည့်နဲ့ ကိုယ့်တွေးတောမှုအတိုင်း အဖန်တလဲလဲ စမ်းသပ်ပြုလုပ်ပြီး နောက်ဆုံးမှာ ကိုယ့်စိတ်ကူးနဲ့ ကိုက်ညီတဲ့ စီးကရက်ပုံစံသစ်ကို ဖော်စပ်နိုင်ခဲ့တယ်။ အဲဒီပုံစံအသစ်မှာ တာကီးနီးယားစီးကရက်ရဲ့စစ်မှန်မှု၊ သွက်လက်မှုတွေပါဝင်ပြီး တူရကီစီးကရက်ရဲ့အရသာပြင်းရှမှု၊ မွှေးကြိုင်မှုကိုလည်း ထည့်သွင်းထားတယ်။ စီးကရက် ၂ မျိုးရဲ့ ထူးခြားချက်နဲ့ ကောင်းမွန်မှုတွေကို ပေါင်းစပ်နိုင်ခဲ့တယ်။

ရေးနိုးဟာ သူ့ရဲ့ထုတ်ကုန်အသစ်ကို မျှော်လင့်ချက်ကြီးကြီးထားပြီး ဒီစီးကရက်တံဆိပ်ကို "ကုလားအုတ်" လို့အမည်ပေးခဲ့တယ်။ ဒါဟာ လောကကြီးအတွက် ထင်ရှားတဲ့အမှတ်တံဆိပ်တစ်ခု ထပ်ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်တယ်။

စီးကရက်ကို "ကုလားအုတ်" အမည် သတ်မှတ်ပြီး၊ ကုန်ပစ္စည်းအမှတ်တံဆိပ်ရေးဆွဲပြီးပေမယ့် လူတွေကြားထဲ သူ့ကုန်ပစ္စည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင်၊ လူသိများအောင် ဘယ်လိုဖြန့်မလဲဆိုတာကို ရေးနိုးစဉ်းစားခဲ့တယ်။ ၁၉၁၃ ခုနှစ်မှာ "Barnum and Billy" ဆိုတဲ့ ဆပ်ကပ်တစ်ခု

ရေးနိုးကုမ္ပဏီရှိတဲ့ ဝင်စတန်ဆာလင်မ် (Winston Salem) ကို လာရောက်ဖျော်ဖြေကပြခဲ့တယ်။ အဲဒီထဲမှာ ကုလားအုတ်ပြကွက်လည်း ပါတယ်။ ဒါကို ရေးနိုးက အကြံရပြီး သူ့ကုန်ပစ္စည်းကို စတင်ကြော်ငြာခဲ့တယ်။

ဝင်စတန်ဆာလင်မ်ရဲ့လမ်းအသွယ်သွယ်မှာ "ကုလားအုတ်လာပြီ" ဆိုတဲ့ စာတန်းပါတဲ့ ကုလားအုတ်ပုံ ကြော်ငြာတွေကို နေရာအနှံ့ သူ ကပ်ခဲ့တယ်။ အဲဒီအချိန်မှာ ပြည်သူလူထုကြားထဲ ကုလားအုတ်က ပြောစရာအကြောင်းအရာ တစ်ခုဖြစ်ခဲ့လို့ ကုလားအုတ်တံဆိပ် စီးကရက်လည်း ရောင်းအားတက်ခဲ့တော့တယ်။ ကုလားအုတ်ပြကွက်က စီးကရက်ဈေးကွက်ကို ပိုမြင့်စေခဲ့တယ်။ ရေးနိုးက ဒီအခွင့်ကောင်းအခါကောင်းကို ယူပြီး စိတ်ဝင်စားမှုပြင်းပြနေတဲ့ပရိသတ်တွေကို ကုလားအုတ်တံဆိပ်စီးကရက်တွေ အခမဲ့ဝေငှခဲ့တယ်။ လူတွေက ဒီအမှတ်တရပစ္စည်းတွေကို လုယူရင်း "ငါတို့ ကုလားအုတ်ယူမယ်၊ ကုလားအုတ်ယူမယ်" လို့ အော်ဟစ်ခဲ့ကြတယ်။ ဒီလိုနဲ့ ကုလားအုတ်တံဆိပ်စီးကရက်ဟာ လူသိများတဲ့အမှတ်တံဆိပ်တစ်ခုဖြစ်လာခဲ့ပြီး ဈေးကွက်စီးပွားရေးထဲ ရှောရှောရှူရှူ ဝင်ရောက်ခဲ့တော့တယ်။

နောက်ဆုံးမှာ ကုလားအုတ်တံဆိပ်ဟာ ယနေ့ခေတ်အထိ ထင်ရှားကျော်ကြားတဲ့ တံဆိပ်တစ်ခု ဖြစ်ခဲ့သလို ဒါဟာလည်း ရေးနိုးရဲ့ကြိုးပမ်းမှု၊ အောင်မြင်မှုတစ်ခုပဲ ဖြစ်ပါတယ်။

အခက်အခဲနဲ့ တွေ့ကြုံရချိန်၊ ဘေးအန္တရာယ်၊ မျှော်လင့်ချက်မဲ့ချိန်၊ ဝေဖန်ခံရချိန် ဒါတွေကို တောင့်ခံနိုင်ရတယ်။ အဲဒါတွေနဲ့ ကိုယ့်ကိုယ်ကိုယ်ပြောင်းလဲနိုင်ရတယ်။ ဒီလိုအခက်အခဲ ဆင်းရဲဒုက္ခတွေက ကိုယ့်အင်အားကို ကြီးထွားစေတဲ့ အခွင့်အရေးဖြစ်တယ်။ လူ့ဘဝသက်တမ်းတစ်လျှောက်မှာ လူအများက ကံတရားက မမျှတဘူးလို့ ပြစ်တင်ညည်းတွားတတ်ကြတယ်၊

အောင်မြင်ဖို့ မျက်နှာသာက ကိုယ့်ကိုအလှည့်မပေးဘူးလို့ ဆိုကြတယ်၊ တကယ်တော့အောင်မြင်ဖို့အခွင့်အခါကောင်းကိုလည်းဖမ်းဆုပ်တတ်ရတယ်။ အခွင့်အခါကောင်းဆိုတာ ကံတရားနဲ့ မဆိုင်ပါဘူး။ ရှာဖွေတတ်တဲ့သူ၊ တန်ဖိုးထားတတ်သူနဲ့ပဲ ဆိုင်ပါတယ်။ ပြီးတော့ ရှာဖွေတွေ့ရှိတဲ့ အခွင့်ကောင်း အခါကောင်းကိုတန်ဖိုးထားပြီးဖွဲ၊ လုံ့လနဲ့ကြိုးစားလုပ်ကိုင်မှသာအောင်မြင်တဲ့ လမ်းဆီ ရောက်မှာဖြစ်ပါတယ်။

* * *

# နီကိုလေအော့(စ်)ထရော့(ဗ်)စကီး

*Nikolai Ostrovsky*

*(29 September 1904 – 22 December 1936)*

*အခက်အခဲဟာလည်း အခွင့်အလမ်းတစ်ခုပါပဲ*

နီကိုလေအော့(စ်)ထရော့(ဗ်)စကီး (Nikolai Ostrovsky) က ရုရှားနာမည်ကြီးစာရေးဆရာတစ်ဦး ဖြစ်တယ်။ သူဟာ သူ ရေးသားခဲ့တဲ့ How the Steel Was Tempered (သံမဏိတွေ မာအောင် ဘယ်လိုမြှုလုပ်ခံခဲ့ရသလဲ) ဆိုတဲ့ စာအုပ်ထဲက ဇာတ်လိုက် ပါဗယ်(လ်)ကော်ချာဂင် (Pavel Korchagin) အတိုင်း ကမ္ဘာအရပ်ရပ်က စိတ်ဆန္ဒပြင်းပြသူနဲ့ ရည်မှန်းချက်ရှိသူတို့ရဲ့ မိတ်ဆွေကောင်း၊ စံပြပုဂ္ဂိုလ်ဖြစ်ခဲ့တယ်။

## မွေးဖွားကြီးပြင်းပုံ

ကံကြမ္မာက အော့(စ်)ထရော့စကီးအပေါ် ရက်စက်လွန်းခဲ့ပါတယ်။ သူဟာ မူလတန်းဒုနှစ်တက်ခဲ့ဖူးပြီး သူ့ရဲ့နုပျိုတဲ့အရွယ်ကို စစ်မြေပြင်ပေါ် ဒုန်းစိုင်းပြီး ကျည်ဆန်မိုးတွေကြားမှာ ဖြတ်သန်းကုန်လွန်ခဲ့တယ်။ (၁၆) နှစ်အရွယ်မှာ သူ့ရဲ့ဝမ်းဗိုက်ပိုင်းနဲ့ ခေါင်းပိုင်းမှာ ဒဏ်ရာအကြီးအကျယ် ရခဲ့တယ်။ ညာမျက်လုံး ကွယ်ခဲ့တယ်။ အသက် (၂၀) အရွယ်မှာ အဆစ်မာရောဂါနဲ့ အိပ်ရာက မထနိုင်ဖြစ်ခဲ့တယ်။

ကံကြမ္မာရဲ့စိန်ခေါ်မှုကို ရင်ဆိုင်ရင်း "ဘဝမှာ ဘယ်အရာကမှ နောက်ကောက်ကျကျန်ခဲ့တာလောက် ကြောက်စရာ မကောင်းဘူး" လို့ သူ နက်နက်

နဲ့နဲ့ ခံစားမိပြီး ကံကြမ္မာရဲ့စိန်ခေါ်မှု၊ ထိုးနက်ချက်တွေကို သူ သတ္တိရှိရှိ ပြန်ခုခံခဲ့တယ်။ တပ်က မသန်စွမ်းသူရဲ့ရှုတင်မှာ လဲလျောင်းပြီး တိုင်းပြည်နဲ့ ပြည်သူတွေဆီမှာ အသက်ဆက်ဖို့ ငွေကြေးတွေကို သူ လက်ဖြန့်မတောင်းချင်ခဲ့ဘူး။ ပြင်းပြတဲ့စိတ်ဆန္ဒနဲ့ စာပေးစာယူသင်တန်း တက်ရောက်ခဲ့တယ်။ စာလောင်ဖော်မွတ်သူတစ်ယောက်လို့ ရုရှားနဲ့ ကမ္ဘာ့နာမည်ကြီးစာအုပ်တွေကို သူ ဖတ်ခဲ့တယ်။ စာအုပ်တွေက သူ့ကို ရှေ့ဆက်လှမ်းဖို့ ညွှန်ပြခဲ့သလို အထီးကျန်တဲ့သူ့ဘဝကို အဖော်ပြုခဲ့တယ်။

အော့(စ်)ထရော့စကီးဟာ စာတွေကိုဖတ်ရင်း ယဉ်ကျေးမှုဆိုင်ရာ၊ စာပေဆိုင်ရာ သတ်မှတ်အဆင့်အတန်းတစ်ခုကို ရောက်တဲ့အခါ တပ်ထဲမှာ တွေ့ကြုံခဲ့တဲ့ သူ့ရဲဘောင်းစစ်သည်တို့ရဲ့အကြောင်းကို ဝတ္ထုလတ်တစ်ပုဒ်အဖြစ် ရေးသားပြီး မဂ္ဂဇင်းတိုက်တစ်တိုက်ကို ပို့ခဲ့တယ်။ ဒါပေမဲ့ အရွေးမခံခဲ့ရပါဘူး။ ဒီအတွက် သူ အားမငယ်ခဲ့ဘူး၊ စိတ်မလျှော့ခဲ့ဘူး။ ဘယ်နေရာမဆို အတားအဆီးတော့ ရှိစမြဲပဲဆိုတာကို သူ နားလည်ခဲ့တယ်။

လူတွေဟာ အောင်မြင်သူတို့ရဲ့ ဦးခေါင်းပေါက်နဲ့ လည်ပင်းထက်က သရဖူနဲ့ ဆုတံဆိပ်ဆွဲပြားကိုသာ မြင်ကြပြီး မအောင်မြင်ခင် သူတို့ ဘယ်လို အခက်အခဲမျိုးကို ကျော်ဖြတ်ခဲ့ရတယ်၊ ဆင်းရဲဒုက္ခခံခဲ့ရတယ်၊ ပစ်ပယ်ခံခဲ့ရတယ်၊ အဆိုးဆုံး အနှိမ်ခံခဲ့ရတယ်ဆိုတာကို မသိခဲ့ကြဘူး။

စိတ်ကူးအိပ်မက်ရဲ့ တောင်ထိပ်ကို ကြိုးစားတက်နေသူတချို့ဟာ အခက်အခဲနဲ့ ရင်ဆိုင်တွေ့ကြုံရချိန်မှာ တွန့်ဆုတ်သွားတတ်ကြတယ်။ ပစ်ပယ်တာကို ခံရတဲ့အခါ၊ အနှိမ်ခံရတဲ့အခါ ဘဝက ခါးသီးလိုက်တာလို့ အပြစ်ဖို့ရင်း လမ်းတစ်ဝက်မှာတင် ဆုတ်ခွာတတ်ခဲ့ကြတယ်။ အော့(စ်)ထရော့စကီးကတော့

ရောဂါဝေဒနာရဲ့ နာကျင်မှုဒဏ်ကို အံကြိတ်ခံရင်း ရည်မှန်းချက်ပန်းတိုင်ဆီ မဆုတ်မနစ် ကြိုးစားတတ်ခဲ့ပါတယ်။

၁၉၃၂ ခုနှစ်မှာ How the Steel Was Tempered ဆိုတဲ့ စာအုပ်ကို သူ ရေးသားနိုင်ခဲ့တယ်။ ဒီအတွက် "ဘဝရဲ့တံခါးက ငါ့အတွက် ဖွင့်လိုက်ပြီ"၊ "စာအုပ်ဆိုတာ ငါ့ရဲ့စစ်သည်ရဲမက်ပဲ" လို့ သူ ကြွေးကြော်ခဲ့တယ်။ ရပ်နိုင်ချိန်မှာ သေနတ်နဲ့ သူ တိုက်ပွဲဝင်ခဲ့သလို လဲလျောင်းနေချိန်မှာ ကလောင်သွားနဲ့ သူ တိုက်ပွဲဝင်ခဲ့တယ်။ သေဆုံးချိန်မှာ သူ ရေးသားခဲ့တဲ့ စာအုပ်တွေနဲ့ တိုက်ပွဲဝင်ခဲ့တယ်။ ဒါဟာ စစ်သားစာရေးဆရာတစ်ဦးဖြစ်တဲ့ အော့(စ်)ထရော့စကီး ဖြတ်သန်းခဲ့တဲ့ ဘဝတစ်သက်တာ ဖြစ်တယ်။

မော်စကိုမြို့ Tverskaya လမ်း နံပါတ် (၁၄) မှာ ရှိတဲ့ အော့(စ်)ထရော့စကီးရဲ့ပြတိုက်ဟာ အဲဒီတုန်းက ဆိုဗီယက်အစိုးရ ခွဲတမ်းချပေးခဲ့တဲ့ အော့(စ်)ထရော့စကီးရဲ့ နေအိမ်သစ် ဖြစ်တယ်။ အဲဒီတုန်းက အော့(စ်)ထရော့စကီးဟာ အသက် (၃၂) နှစ်အရွယ်ရှိပြီး မျက်လုံးနှစ်လုံးစလုံး ကွယ်ခဲ့ပြီဖြစ်သလို ခြေ၊ လက်တွေလည်း သွက်ချာပါဒ ဖြစ်နေခဲ့ပါပြီ။ တစ်ကိုယ်လုံး မလှုပ်ရှားနိုင်တော့သလို လက်နှစ်ဖက်ကလည်း စာရေးဖို့ အင်အားတောင် မရှိခဲ့တော့ပါဘူး။ ဦးခေါင်းလှည့်ဖို့တောင် သူ့အတွက် ခက်ခဲနေခဲ့ပါပြီ။

"ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်ရှားနိုင်ခဲ့တော့ပြီ။ ကျန်ရစ်ခဲ့တာက ကိုယ့်တပ်နဲ့ အလုပ်သမားလူတန်းစားကို တတ်နိုင်တဲ့ အင်အားလေးပေးချင်တဲ့ မျှော်လင့်ချက်ပါပဲ" သူ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိထဲ ရေးခဲ့တဲ့အတိုင်း အော့(စ်)ထရော့စကီးဟာ ဒီအတိုင်းငြိမ်ငြိမ်သက်သက်နဲ့ ဘဝကို အဆုံးသတ်မသွားချင်ခဲ့ဘူး။ သမိုင်းပေးဝတ္တရားတစ်ခုအတိုင်း လက်ထဲက တိုက်ပွဲဝင်မယ့် လက်နက်သစ် "ကလောင်တံ"ကို သူ လက်လွှတ်ဖို့ ခက်ခဲခဲ့တယ်။

ဆရာဝန်တွေက အော့(စ်)ထရော့စကီး နောက်ထပ် ၅ နှစ် အသက်ရှင်နိုင်သေးတယ်လို့ ခန့်မှန်းခဲ့ပေမယ့် သူ့ရောဂါဝေဒနာ ပြင်းထန်မှန်း သူကိုယ်တိုင်လည်း သိခဲ့တယ်။

"ကျွန်တော့်ရောဂါအခြေအနေ ပြင်းထန်မှန်း ကျွန်တော် သိတယ်၊ ဝမ်းနည်းစရာကောင်းတာက လုပ်စရာအလုပ်တွေ အများကြီး ကျန်နေသေးတယ်" လို့ နပ်စ်ကို သူ ပြောခဲ့တယ်။ သူ မကွယ်လွန်ခင် တစ်လအလိုမှာ ကတည်းက သေမင်းဟာ သူ့ကိုလက်ရပ်ခေါ်နေပြီဖြစ်ကြောင်း သူ သိခဲ့တယ်။ ဆရာဝန်ဆီ သူ မသွားခဲ့သလို လက်ထဲကကလောင်တံကိုလည်း သူ မချခဲ့ဘူး။ သေမင်းဆီက အချိန်တစ်စက္ကန့်၊ တစ်မိနစ်လုယူပြီး သူ စာတွေဆက်ရေးခဲ့တယ်။

သူ့ရဲ့အတွင်းရေးမှူးတွေကို "အလှည့်၃လှည့်"ပေးပြီး သူ့ပါးစပ်က ပြောသမျှစကားတွေကို လက်နှိပ်စက်နဲ့ လိုက်ရိုက်စေခဲ့တယ်။ သူကိုယ်တိုင်က အိပ်လည်း မအိပ်စက်ခဲ့သလို အနားလည်း မယူခဲ့ပါဘူး။

အော့(စ်)ထရော့စကီးရဲ့တွေးတောမှုတွေက ပြိုင်မြင်းတစ်ကောင်နဲ့ တူတယ်။ ယူခရိုင်းနဲ့ ပိုလန် နှစ်နိုင်ငံကြားက လွင်ပြင်မှာ ကဆုန်ပေါက်ပြေးလွှားခဲ့တယ်။ သူ့ပါးစပ်ကထွက်တဲ့ စကားလုံးတိုင်းဟာ အကြွင်းနာမဲ့တဲ့ ကျည်ဆန်တွေလို နယ်နိမိတ်ကျူးကျော်လာတဲ့ ဂျာမနီသူပုန်တွေကို ပစ်ခတ်ခဲ့တယ်။ သူ့ဇနီးက အော့(စ်)ထရော့စကီးရဲ့စကားလုံးတွေကို လိုက်လံမှတ်သားစဉ်ကအချိန်ကို "အဲဒီရက်တွေတုန်းကလက်နှိပ်စက်ရိုက်သံတွေကသေနတ်သံလိုပဲ တဖြောက်ဖြောက်နဲ့ ညံနေခဲ့တယ်" လို့ ပြန်ပြောင်းပြောပြခဲ့တယ်။ အော့(စ်)ထရော့စကီးက သူ့ရဲ့ နေအိမ်အသစ်မှာ ၇ လသာ နေထိုင်ပြီး ကွယ်လွန်သွားခဲ့ပါတယ်။ ဒါပေမဲ့ လူအများ အံ့ဩရလောက်တဲ့ ဇွဲ၊ လုံ့လနဲ့

သူရဲ့နောက်ထပ် ဝတ္ထုရှည်တစ်ပုဒ်ဖြစ်တဲ့ မုန်တိုင်းထဲမှ မွေးဖွားလာခြင်း (Born of the Storm) ကို အပြီးသတ် ရေးသားနိုင်ခဲ့တယ်။ ဆိုဗီယက်ခေါင်းဆောင် ဂျိုးဇက်စတာလင် (Joseph Stalin) ဆီ သူ ရေးခဲ့တဲ့ စာထဲမှာ "ကျွန်တော့်ရဲ့ဒီတစ်သက်ကို နိုင်ငံတော်အတွက် ပေးဆပ်ခဲ့ပါတယ်။ နောက်ဆုံးနလုံးခုန်တဲ့ အထိပါပဲ" လို့ ရေးသားခဲ့တယ်။

၁၉၃၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်နေ့၊ "Born of the Storm" ဆိုတဲ့ စာအုပ်ပြီးဆုံးပြီး ၆ ရက်အကြာမှာ မြင့်မြတ်တဲ့ စစ်သူရဲကောင်း အော့(စ်)ထရော့စကီးရဲ့ နလုံးခုန်သံဟာ ထာဝရ ရပ်တန့်သွားခဲ့ပါတော့တယ်။

လူ့ဘဝလမ်းခရီးပေါ်မှာ ဆင်းရဲဒုက္ခနဲ့ မလွဲမသွေ ရင်ဆိုင်တွေ့ကြုံရတယ်ဆိုတာကို လူတိုင်း နားလည်ထားကြတယ်။ ဒါပေမဲ့ ဆင်းရဲဒုက္ခနဲ့ တွေ့ကြုံရျိန် လူအများရဲ့ပထမဆုံး တုံ့ပြန်ချက်က "ဘာဖြစ်လို့ ငါကျမှ ကံမကောင်းရတာလဲ၊ ငါ ဘာဖြစ်လို့ ဒီလောက်ကံဆိုးရသလဲ" ဆိုတာဖြစ်တယ်။ ပြီးရင် စိတ်ဓာတ်ကျပြီး စိတ်ခံစားချက်တွေ ထွေပြားသွားတော့တယ်။ အခက်အခဲ၊ ဆင်းရဲဒုက္ခနဲ့ မကြုံသရွေ့ အောင်မြင်ခြင်းဆီ မရောက်နိုင်ပါဘူး။ ဒါကြောင့် ဆင်းရဲဒုက္ခနဲ့ကြုံရျိန် အကောင်းမြင်တဲ့၊ တည့်မတ်တဲ့ စိတ်နေသဘောထားမျိုး ရှိသင့်သလို နောက်ရှုထောင့်တစ်ခုကနေပြီး ဆင်းရဲဒုက္ခကို အောင်မြင်ခြင်းဆီ သွားမယ့် အခွင့်အလမ်းတစ်ခုလို့ မြင်တတ်ရပါတယ်။ ဆင်းရဲဒုက္ခရှေ့မှာ ကြောက်ရွံ့မနေသင့်ဘူး၊ တွန့်ဆုတ်မနေသင့်ပါဘူး။ အမှားလုပ်မိရင် အမှားထဲက သင်ခန်းစာယူပြီး သင်ယူတာဟာ တခြားနည်းနဲ့ သင်ယူတာထက် ပိုအတတ်မြန်ပါသတဲ့။ ဆင်းရဲဒုက္ခနဲ့ တွေ့ကြုံရလည်း ကိုယ့်ရည်မှန်းချက်ကို လက်မလွှတ်ဘဲ ခေါင်းမော့ ရင်ကော့ပြီး ရှေ့ကို ရဲရဲသာ ဆက်လျှောက်ပါ။ ရှေ့ကိုဆက်လှမ်းဝံ့သူအတွက် အောင်မြင်ခြင်းက ရှေ့မှာစောင့်ကြိုနေပါတယ်။

* * *

# လဝိုင်းစထရော့(စ်)

*Levi Strauss*

*(February 26, 1829 – September 26, 1902)*

*အခွင့်ကောင်းအခါကောင်းဆိုတာ အသင့်ပြင်ထားသူကိုမျက်နှာသာပေးတယ်*

လဝိုင်းစထရော့(စ်) (Levi Strauss) က ဂျင်းဘောင်းဘီကို စတင်ဖန်တီးခဲ့သူ၊ နာမည်ကြီး "Levi's" တံဆိပ်ကို တည်ထောင်ခဲ့သူ ဖြစ်တယ်။ ၁၉၇၉ ခုနှစ်မှာ အမေရိကန်နိုင်ငံမှာ လဝိုင်းရဲ့(Levi's) ကုမ္ပဏီရဲ့ရောင်းအားငွေက ဒေါ်လာသန်း ၁၃၃၉ ရှိခဲ့တယ်။ ပြည်ပရောင်းရငွေ အသားတင်အမြတ်ဒေါ်လာသန်း ၂၀၀၀ ရှိခဲ့တယ်။ ကမ္ဘာ့စီးပွားရေးလုပ်ငန်းကြီး (၁၀) ခုထဲမှာ တစ်ခုအပါအဝင်ဖြစ်ခဲ့လို့ အချမ်းသာဆုံး ဂျင်းဘောင်းဘီဘုရင် ဖြစ်ခဲ့တယ်။

## မွေးဖွားကြီးပြင်းပုံ

၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ရှန်ဟိုင်းမြို့ရဲ့လူသောင်းကျော်ဆံ့ အားကစားကွင်းရှေ့မှာ လူတွေ ယောက်ယက်ခတ် သွားလာနေကြတယ်။ လမ်းသွားလမ်းလာသူတွေရဲ့အကြည့်ကို တစ်စုံတစ်ရာက ညို့ယူဖမ်းစားထားပါတယ်။ အဲဒီတစ်စုံတစ်ရာက အရှည် ၂၈ . ၉ မီတာ၊ ခါးအကျယ် ၁၉ မီတာ၊ အလေးချိန် ၂၄၇ ကီလိုဂရမ်ရှိတဲ့ ဂျင်းဘောင်းဘီတစ်ထည်ပဲ ဖြစ်ပါတယ်။ အဲဒီဂျင်းဘောင်းဘီကို ချိတ်ဆွဲထားတာ တိုက် ၈ ထပ်အမြင့်လောက်ရှိပါတယ်။ လူတွေက ဒါဟာ နေ့စဉ်ဝတ်တဲ့ ဂျင်းဘောင်းဘီလားလို့ တီးတိုးဝေဖန်ကြပါတယ်။ သာမန်ဂျင်းဘောင်းဘီထက် အဆ ၁၀ ဆလောက်ကြီးတဲ့

ဒီဂျင်းဘောင်းဘီက ကမ္ဘာ့နာမည်ကြီး လဗိုင်းရဲ့ကုမ္ပဏီရဲ့ ထုတ်ကုန်တစ်ခု ဖြစ်တယ်။ ဒီဂျင်းဘောင်းဘီကို အင်္ဂလန် Guinness ကမ္ဘာ့မှတ်တမ်းစာအုပ်မှာ "ကမ္ဘာ့ပထမ" အကြီးဆုံး ဂျင်းဘောင်းဘီအဖြစ် မှတ်တမ်းတင်ခဲ့တယ်။ လဗိုင်းစထရော့(စ်)ကလည်း ကမ္ဘာ့ပထမ ဖြစ်ပါတယ်။ သူဟာ ကမ္ဘာပေါ်မှာ ဂျင်းဘောင်းဘီကို စတင်ဖန်တီးခဲ့တဲ့လူ ဖြစ်လို့ပါပဲ။

၁၈၂၉ ခုနှစ်မှာ လဗိုင်းစထရော့(စ်)ကို ဂျာမနီဝန်ထမ်းမိသားစုက မွေးဖွားခဲ့တယ်။ ဂျာမနီဖွား ဂျူးလူမျိုးဖြစ်တဲ့ လဗိုင်းဟာ ငယ်စဉ်ကတည်းက ထူးချွန်ထက်မြက်ခဲ့တယ်၊ အလယ်တန်း၊ အထက်တန်းကို ချောချောမွေ့မွေ့ အောင်မြင်ခဲ့ပြီး သူ့ဖခင်လိုပဲ သာမန်စာရေးတစ်ဦးဖြစ်ခဲ့တယ်။ ၁၈၅၀ ပြည့်နှစ်မှာလူတွေကိုအံ့သြဝမ်းသာစေတဲ့သတင်းတစ်ခုကပျံ့လွင့်ခဲ့တယ်။အဲဒီသတင်းက အမေရိကန်နိုင်ငံရဲ့ အနောက်အရပ်မှာ ရွှေထွက်တယ်ဆိုတဲ့ သတင်းဖြစ်တယ်။ အဲဒီသတင်းက လူတွေကို မျှော်လင့်ချက်နဲ့ စိတ်ကူးတွေဖြစ်စေပြီး လူတိုင်း ရွှေတူးမယ့် အိပ်မက်ကို မက်ခဲ့ကြတယ်။ တစ်ညတည်းနဲ့ သူဌေးဖြစ်ချင်တဲ့ လူတွေဟာ ခြောက်သွေ့ဝေးခေါင်တဲ့၊ လူသူကင်းမဲ့တဲ့ အမေရိကန် အနောက်ဘက်အရပ်ဆီ ဒီရေအလား တစ်ဟုန်ထိုး စုဝေးရောက်ရှိခဲ့ကြတယ်။

အဲဒီအချိန်မှာ လဗိုင်းက အသက် (၂၀) ကျော်အရွယ်ပါ။ သူ့ရင်ထဲမှာလည်း စွန့်စားလိုတဲ့ဆန္ဒတွေဟုန်းဟုန်းထနေခဲ့ပါတယ်။ သာမန်စာရေးဘဝနဲ့ပဲ သူမတင်းတိမ်နိုင်ခဲ့ဘူး။ စွန့်စားလိုစိတ်တွေပြင်းပြပြီး သူ့ခွန်အားနဲ့ ကံစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီလိုနဲ့ စာရေးဘဝကို သူ စွန့်လွှတ်ပြီး ရွှေတူးသွားမယ့် လူအုပ်စုနဲ့အတူ အမေရိကန်အနောက်အရပ်ဆီ စီးမျောလိုက်ပါခဲ့တော့တယ်။

ဝေးလံရှည်လျားတဲ့ ခရီးကိုဖြတ်သန်းပြီး အမေရိကန် ဆန်ဖရန်စစ္စကိုကို လဗိုင်း ရောက်လာခဲ့တယ်။ ခရီးအပြင်းနှင်ခဲ့တဲ့ သူဟာ ပထမဆုံးရောက်ရှိ

လာတဲ့ ရွှေတူးသူမဟုတ်မှန်း သူ သိလိုက်တယ်။ လူသူကင်းမဲ့ခဲ့တဲ့ အနောက် အရပ်ဟာ အခုတော့ ရွှေတူးမယ့်သူတွေရဲ့တဲအိမ်ငယ်တွေနဲ့ ပြည့်နက်နေခဲ့ ပါတယ်။ လက်ညှိုးထိုးမလွဲတဲ့ တဲအိမ်ငယ်ထဲကနေ ရွှေတူးမယ့်အိပ်မက်ကို အကောင်အထည်ဖော်နိုင်ပါ့မလား၊ ကျောကျောနပ်နပ်နဲ့ ရွှေထုပ်ပိုက်ပြီး အိမ်ပြန် နိုင်မလား၊ အလုပ်ကိုပစ်ပြီး ဒီကိုရောက်လာခဲ့တာဟာ မျှော်လင့်ချက်မဲ့တဲ့ နေ့ရက်တွေကိုစောင့်စားဖို့လား၊ ဒီလိုမေးခွန်းတွေက လပိုင်းကိုအတွေးနက်ထဲ တိုးဝင်စေခဲ့တယ်။

ရွှေတူး၊ ရွှေကျင်သူတွေဟာ နေရာတစ်ခုတည်းမှာ စုပြုံနေကြတယ်။ ဝေးလံခေါင်တဲ့နေရာ ဖြစ်တဲ့အတွက် လိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ဖို့ ခက်ခဲခဲ့ တယ်။ တစ်ခါက ရွှေတူးသူတွေဟာ နေ့စဉ်သုံးပစ္စည်းတွေဝယ်ဖို့ ခရီးဝေးကြီး သွားရတာကို လပိုင်းတွေ့တော့ ရွှေတူးမယ့်အိပ်မက်ကို သူ ဆက်မမက်တော့ဘဲ နေ့စဉ်သုံး ပစ္စည်းဆိုင်တစ်ဆိုင်ဖွင့်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်တာ ဖြစ်တယ်။ မြေကြီးထဲကနေ ရွှေမတူးတော့ဘဲ ရွှေတူးတဲ့ လူတွေဆီကနေ ကိုယ့်အိပ်မက်အသစ်ကို အကောင်အထည်ဖော်ဖို့ သူက ဆုံးဖြတ်လိုက်တယ်။

လပိုင်း ခန့်မှန်းထားတဲ့အတိုင်းပါပဲ၊ သူ့ဆိုင်က လက်မလည်အောင် ရောင်းရခဲ့တယ်။ သူ့ငွေရင်းတွေ မြန်မြန်ဆန်ဆန်ပြန်ရခဲ့သလို အမြတ်ငွေတွေ ပါရခဲ့တယ်။ တစ်နေ့မှာ လပိုင်းဟာ လော့စီးပြီး နေ့စဉ်သုံးပစ္စည်းတွေ၊ လူနေတဲ့ အိမ်၊ မြင်းအိမ်တွေမိုးဖို့ ရွက်ဖျင်စတွေ သွားဝယ်ခဲ့တယ်။ နေ့စဉ်သုံးပစ္စည်းတွေ ရောင်းလို့ ကောင်းပေမယ့် ရွက်ဖျင်စက ရောင်းမထွက်ခဲ့ဘူး။ လူတွေက နေဖို့ တဲအိမ်တွေရှိပြီးသားမို့ ဘယ်သူကမှ ရွက်ဖျင်စကို မလိုခဲ့တော့ဘူး။ ဒီအတိုင်း ဆိုရင် ရွက်ဖျင်စ ဝယ်ခဲ့တဲ့ငွေရင်းတွေ ဆုံးရှုံးရတော့မယ်လို့ သူ တွက်ထားခဲ့

တယ်။ ဒီအတွက် သူ စိတ်ညစ်နေတုန်း သူ့ဘက်ကို လျှောက်လာတဲ့ ရွှေတူး သမားတစ်ယောက်ကို သူ ရုတ်တရက် တွေ့လိုက်တယ်။ အဲဒီလူက ရှက်ဖျင် တွေကို ကြည့်ပြီး လျှောက်လာတာမို့ လဗိုင်းက ဝမ်းသာအားရနဲ့ "ရှက်ဖျင်တွေ ဝယ်ဖို့လား"လို့ မေးလိုက်တယ်။ အဲဒီလူက ခေါင်းခါပြီး "ကျွန်တော့်မှာ တဲ အိမ်ရှိနေပြီ၊ နောက်ထပ်တဲအိမ်တစ်လုံး လုပ်ဖို့မလိုတော့ဘူး။ ဒါပေမဲ့ အဲဒီ ရှက်ဖျင်စလို နိုင်တဲ့၊ အကြမ်းခံတဲ့ ဘောင်းဘီတော့ လိုချင်တယ်။ ခင်ဗျားမှာ ရှိလား"လို့ မေးလိုက်တယ်။

"ဘောင်းဘီ...ဘာဖြစ်လို့လဲ" လဗိုင်းတအံ့တသြပြန်မေးတယ်။

ရွှေတူးသူက "ရွှေတူးတာက အရမ်းပင်ပန်းတဲ့ အလုပ်ပါ။ အဝတ် အစားတွေက သဲ၊ ကျောက်ခဲတွေနဲ့ အမြဲပွတ်တိုက်နေရတယ်။ ချည်ထည် ဘောင်းဘီက အကြမ်းမခံဘူး။ ခဏလေးနဲ့ ပေါက်ပြဲကုန်တယ်၊ တကယ်လို့ ဒီလိုထူပြီး မာတဲ့ ရှက်ဖျင်စနဲ့ ဘောင်းဘီချုပ်ရင် အကြမ်းခံတာမို့ လူကြိုက်များ မှာပဲ" လို့ ပြန်ပြောတယ်။ အဲဒီလူရဲ့စကားက ရှက်ဖျင်စတွေ ရောင်းမရလို့ စိတ်ညစ်နေတဲ့ လဗိုင်းကို လှုပ်နှိုးလိုက်သလိုပါပဲ။ ရောင်းလို့မရမယ့်အတူတူ ရှက်ဖျင်စတွေကို ဘောင်းဘီချုပ်ပြီး စမ်းကြည့်ဖို့ သူ အကြံရလိုက်တယ်။ ဒီလိုနဲ့ ရှက်ဖျင်စနဲ့ ချုပ်လုပ်ထားတဲ့၊ ထူးခြားပြီး အကြမ်းခံတဲ့ အညိုရောင် အလုပ် ဘောင်းဘီတစ်ထည်က ရွှေတွင်းမှာ ထွက်ပေါ်လာခဲ့တယ်။

၁၈၅၃ ခုနှစ်မှာ "ဂျင်းဘောင်းဘီ"လို့ နောင်တစ်ချိန်မှာ အမည်တွင် မယ့် ရှက်ဖျင်စနဲ့ ချုပ်လုပ်ထားတဲ့ ပထမဆုံးဘောင်းဘီတစ်ထည်က လဗိုင်းရဲ့ လက်ထဲကနေ မွေးဖွားခဲ့တယ်။ အဲဒီဘောင်းဘီကို အဲဒီတုန်းက "လဗိုင်း အလုပ်ဘောင်းဘီ" လို့ လူတွေ ခေါ်ခဲ့ကြတယ်။

ဘောင်းဘီက အကြမ်းခံ၊ ခိုင်ခံ့တဲ့အပြင် ဝတ်ရတာ သက်သောင့်သက်သာရှိတာမို့ အမေရိကန် အနောက်ရပ်မှာနေတဲ့ နွားကျောင်းသားနဲ့ ရွှေတူးသူတွေက နှစ်သက်ခဲ့ကြတယ်။ ဘောင်းဘီအော်ဒါမှာသူတွေ များလာတာကြောင့် လဗိုင်းဟာ ရောင်းနေကျဆိုင်ကို ဆက်မရောင်းတော့ဘဲ ကိုယ်ပိုင်ဂျင်းဘောင်းဘီကုမ္ပဏီတစ်ခုကို ၁၈၅၃ ခုနှစ်မှာ တရားဝင်ဖွင့်လိုက်ပြီး နာမည်ကျော်တံဆိပ် လဗိုင်းရဲ့ရှည်လျားတဲ့လမ်းကို စတင် ဆွဲဖွင့်ခဲ့ပါတော့တယ်။

အခွင့်ကောင်း အခါကောင်းဆိုတာ ကြိုတင်ပြင်ဆင်ထားသူတွေအတွက် အောင်မြင်ခြင်းဆီသွားဖို့ ခေတ်ကူပစ္စည်း ဖြစ်တယ်။ လောကမှာ အနာကျင်ဆုံး စကားတစ်ခွန်းက "ကောင်းတဲ့အခွင့်အရေး ရှိပါလျက်နဲ့ ငါ မလုပ်လိုက်မိတာ နာတယ်ကွာ..." ဆိုတာပဲ ဖြစ်တယ်။ ဒီလိုစကားကို လူတော်တော်များများ ပြောခဲ့ဖူးကြမှာပါ။ တကယ်တော့ အခွင့်ကောင်း အခါကောင်းက လူတိုင်းအပေါ်မှာ မျှတမှုရှိခဲ့ပါတယ်။ လူတိုင်းလူတိုင်းအတွက် သူပေးခဲ့ပါတယ်။ အောင်မြင်သွားတဲ့သူတွေကတော့ သူ မရောက်လာခင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့သူတွေပဲ ဖြစ်တယ်။ "စင်ပေါ် တစ်မိနစ်အတွက် စင်အောက်မှာ ၁၀ နှစ် လေ့ကျင့်ရတယ်" တဲ့။ တခြားသူအောင်မြင်တာ၊ တခြားသူ အခွင့်အရေးကောင်းနဲ့ တွေ့ကြုံတာကို ကျွန်တော်တို့ အားကျကြတယ်။ ဒါပေမဲ့ လက်ခုပ်သံနဲ့ ပန်းစည်းမရခင် သူတို့ဘယ်လောက်ပေးဆပ် လေ့ကျင့်ခဲ့တယ်၊ အပင်ပန်းခံခဲ့တယ်ဆိုတာကိုတော့ ကျွန်တော်တို့ မမြင်ခဲ့ကြပါဘူး။

* * *

# ကင်းစီဂျလက်(တ်)

*King C. Gillette*

*(January 5, 1855 – July 9, 1932)*

***အမှတ်မထင်ရလိုက်တဲ့ အကြံဉာဏ်ကို အထင်မသေးနဲ့***

၂၀ ရာစုခေတ်မှာ လူတွေနဲ့ တရင်းတနှီးရှိလှတဲ့ မျက်နှာကို ပြပါဆိုရင် ကင်းစီဂျလက်(တ်) (King C. Gillette) ကိုပဲ ပြရမယ် ထင်ပါတယ်။ တစ်ကမ္ဘာလုံးဆီ အရေအတွက်ပေါင်းများစွာ တင်ပို့ရောင်းချတဲ့ မုတ်ဆိတ်ရိတ်ဓားမှာ သူ့ရုပ်ပုံ ပါနေလို့ပဲ ဖြစ်တယ်။ ဂျလက်(တ်)တံဆိပ် ဘလိတ်ဓားတွေက လူတွေကြား ပျံ့နှံ့ခဲ့ပြီး အမျိုးသားထုအပြင် မုတ်ဆိတ်မွေးမရိတ်တဲ့ အမျိုးသမီးထုတွေပါ ကင်းစီဂျလက်(တ်)ကို သိခဲ့ကြတယ်။ လူတွေကို ဂျလ်က်(တ်) ပေးခဲ့တာက ဥစ္စာဓနတွေအပြင် အဆင်ပြေခြင်း၊ မြန်ဆန်ခြင်း၊ အန္တရာယ်ကင်းရှင်းခြင်းတွေ ဖြစ်တယ်။

## မွေးဖွားကြီးပြင်းပုံ

၁၈၅၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာ ကင်းစီဂျလက်(တ်)ကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့က ကုန်သည်မိသားစုတစ်စုမှ မွေးဖွားခဲ့တယ်။ ဖခင်ဖြစ်သူက ကုန်သည်အသေးစားတစ်ဦး ဖြစ်တာမို့ စီးပွားရေးက အခြေမခိုင်ခဲ့တာကြောင့် ရှိတစ်လှည့်၊ မရှိတစ်လှည့်ဘဝကို သူတို့ ဖြတ်သန်းခဲ့ရတယ်။ ဂျလက်(တ်) (၁၆) နှစ်အရွယ်မှာ ဖခင်စီးပွားပျက်တာကြောင့် သူ့ကျောင်း

ရပ်နားလိုက်ရတယ်။ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက ကူညီနိုင်ဖို့ သူ အလုပ်ထွက်လုပ်ခဲ့ရတယ်။

ဘွဲ့မရ၊ အလုပ်အတွေ့အကြုံ မရှိသူအတွက် အလွယ်ဆုံးရနိုင်တာက အရောင်းဝန်ထမ်းပဲ ဖြစ်တယ်။ အရောင်းဝန်ထမ်းဘဝကို ဂျလက်(တ်) ရောက်သွားခဲ့တယ်။ အဲဒီအလုပ်ကို ၂၄ နှစ်တိုင်တိုင် သူ လုပ်ခဲ့တယ်။ ခက်ခဲပင်ပန်းတဲ့ အရောင်းဝန်ထမ်းဘဝက ဂျလက်(တ်)ရဲ့စိတ်ဆန္ဒနဲ့လုပ်နိုင်စွမ်းကို ကောင်းကောင်း လေ့ကျင့်ပေးခဲ့သလို အတွေ့အကြုံနဲ့ အသိပညာကိုလည်း အများကြီးစုဆောင်းပေးခဲ့တယ်။ ဒီလိုဘဝမျိုးကို သူ့တစ်သက် မဖြတ်သန်းချင်ခဲ့လို့ အခွင့်ကောင်းတွေကို သူ ရှာခဲ့တယ်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ဆောင်နိုင်ဖို့ သူ မျှော်လင့်ခဲ့တယ်။

ဂျလက်(တ်) စောင့်နေတဲ့ အခွင့်ကောင်းက မိုးပေါ်က ပြုတ်မကျခဲ့ပါဘူး။ တစ်နေ့မှာ ပုံမှန်ဖြတ်သန်းနေကျ နေ့ရက်အတိုင်း အမှတ်မထင် သူ စိတ်ကူးတစ်ခု ရလိုက်တယ်။ အရောင်းဝန်ထမ်းတစ်ဦးဖြစ်တဲ့သူဟာ ဝယ်ယူသူတွေနဲ့မတွေ့ခင် ကိုယ့်ကိုယ်ကိုယ် သပ်ရပ်အောင်ပြင်ဆင်ချိန်မှာ အဲဒီစိတ်ကူး ရခဲ့တာဖြစ်တယ်။

အဲဒီခေတ်မှာ မုတ်ဆိတ်ရိတ်ဓားက ကြီးပြီးပေါ့ပါးမှု မရှိသလို ထက်လည်း မထက်ပါဘူး။ မုတ်ဆိတ်ရိတ်ဖို့ အချိန်ကုန်၊ အားကုန်တဲ့အပြင် အခန့်မသင့်ရင် ဓားရှနိုင်သေးတယ်။ သူ မုတ်ဆိတ်ရိတ်ချိန်မှာလည်း မကြာခဏ ဓားရှမိတာကြောင့် တစ်ချိန်ချိန်မှာ အဆင်ပြေပေါ့ပါးပြီး ထက်လည်းထက်တဲ့၊ အန္တရာယ်လည်းကင်းတဲ့ မုတ်ဆိတ်ရိတ်ဓားနဲ့ အစားထိုးနိုင်ရင် ကောင်းမှာပဲလို့ အမြဲစဉ်းစားခဲ့မိတယ်။

တစ်ခါက တခြားတစ်နယ်မှာ ပစ္စည်းတွေကို သူ လိုက်ရောင်းခဲ့ရတယ်။ အဲဒီနေ့က ချိန်းထားတဲ့ အဝယ်သမားနဲ့တွေ့ဖို့ မုတ်ဆိတ်မွေးကို သူ အလျင်စလိုရိတ်လို့ မေးစေ့မှာ ဓားရှရာတွေ ရခဲ့တယ်။ ရာသီဥတုကလည်းပူ၊ ဓားကလည်း ရှတာမို့ စိတ်တိုပြီး မုတ်ဆိတ်ရိတ်ဓားကို သူ ပစ်ထုတ်လိုက်မိတယ်။ ပါးစပ်ကလည်း "အဆင်ပြေပြီး ထက်တဲ့ဓား မရှိတော့ဘူးလား၊ ယောကျ်ားတွေက မုတ်ဆိတ်ရိတ်တိုင်း ဒီလိုဒဏ်ကို ခံရတော့မှာလား" လို့ အော်ဟစ်ခဲ့မိတယ်။

သူ့ရဲ့ ဒီလို ဒေါသတကြီး အော်ဟစ်သံက "ငါလိုချင်တဲ့ မုတ်ဆိတ်ရိတ်ဓားမျိုးကို ငါ ဘာဖြစ်လို့ ကိုယ်တိုင် မထွင်နိုင်ရမှာလဲ" လို့ သူ့ကိုယ်သူ အသိပေးသလို ဖြစ်သွားခဲ့တယ်။

တစ်ခါက ရောင်းဝယ်တဲ့အတွေ့အကြုံတစ်ခုကလည်း သူ့ကို အရိပ်အမြွက်တစ်ခု ပေးခဲ့တယ်။ အဲဒီတုန်းက အလုပ်ရှင်တစ်ရှင်ကို ပုလင်းစို့ပုံစံသစ်တစ်မျိုး သူ သွားပြခဲ့တယ်။ ဒီသေးငယ်တဲ့ပုလင်းစို့က မဖြစ်စလောက်လေးပါ။ ဈေးလည်း ပေါတယ်ဆိုပေမယ့် ဝယ်သူသုံးစွဲသူတွေ များခဲ့တယ်။ ဈေးကွက်မှာ ရောင်းအားကောင်းခဲ့တယ်။ ဂျလက်(တ်)ကလည်း ဒီအလုပ်ကိုကြိုးစားလုပ်ကိုင်ခဲ့လို့ သူ့ဌေးနှစ်သက်တာကို ခံခဲ့ရတယ်။

ဂျလက်(တ်)က ရောင်းပန်းလှတဲ့ ဒီပုလင်းစို့အကြောင်း သူဌေးကို တအံ့တသြ မေးခဲ့ပါတယ်။

"ဒီဘာမှမဆိုစလောက် ပုလင်းစို့လေးက ဘာဖြစ်လို့ ဒီလောက်ရောင်းကောင်းနေတာလဲ"

"ဒီလို ပုလင်းစို့အသစ်က "သုံးပြီးတာနဲ့ လွှင့်ပစ်" တဲ့ တစ်ခါသုံးပစ္စည်းဖြစ်နေလို့ပေါ့။ သုံးတာမြန်ရင် ရောင်းအားက အလိုလိုတက်လာတာပဲ၊

ဈေးနှုန်းသက်သာတဲ့အတွက် ထပ်ထပ်ဝယ်ရလည်း တန်တယ်လို့ လူတွေ ထင်ကြလို့ပေါ့" လို့ သူဌေးက ခပ်ပြုံးပြုံးပြန်ပြောခဲ့တယ်။ သူဌေး အမှတ်မထင် ပြောလိုက်တဲ့ "စီးပွားရေးဗေဒ" က ဂျလက်(တ်)ရင်ကို ရိုက်ခတ်ခဲ့တယ်။ "သုံးပြီးတာနဲ့ လွှင့်ပစ်" တဲ့ပစ္စည်းကို ဝယ်ယူသုံးစွဲသူတွေ ဒီလောက်နှစ်သက် ရင် ဘာဖြစ်လို့ ဒီလိုကုန်ပစ္စည်းတစ်မျိုး ငါ ကိုယ်တိုင်မထွင်နိုင်ရမှာလဲ၊ ဒါဟာ ငါရဲ့လုပ်ငန်း တာထွက်မှတ် ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ သူ တွေးခဲ့မိတယ်။

ဂျလက်(တ်)က စိတ်ကူးသက်သက်ရှိသူ မဟုတ်ပါဘူး။ လုပ်ရဲ ကိုင်ရဲ တွေးရဲတဲ့သူ ဖြစ်တယ်။ သူဟာ ချက်ချင်းပဲ တံစဉ်း၊ ညှပ်၊ စတီးပြား စတဲ့ ကိရိယာနဲ့ပစ္စည်းတွေ ဝယ်လာပြီး စမ်းသပ်မှုတွေ၊ စိတ်ကူးပုံဖော်မှုတွေကို အသေးစိတ် ပြုလုပ်ခဲ့တော့တယ်။ ဓားနေရာမှာ ဘရိတ်ဓားကို အသုံးပြုရင် "သုံးပြီးတာနဲ့ လွှင့်ပစ်" လို့ ရနိုင်တယ်။ ဒါပေမဲ့ ဓားက ဓားရိုးနဲ့ ခွဲလို့ရတာ ဖြစ်ရမယ်လို့ သူ စဉ်းစားခဲ့တယ်။ ဓားတုံးသွားရင် လဲနိုင်တယ်။ ဒါပေမဲ့ ဓားရိုးကို ထပ်ပြီးအသုံးပြုလို့ ရတယ်။ ဓားရဲ့ဈေးနှုန်းကလည်း သိပ်မကြီးတော့ သုံးစွဲသူတွေလည်း ဝယ်ယူရာမှာ သိပ်တွက်ကပ်နေတော့မှာ မဟုတ်ဘူး။ ဒါဟာ ဖြစ်နိုင်တဲ့စိတ်ကူးတစ်ခုလို့ ဂျလက်(တ်) ထင်ခဲ့တယ်။

ဒီလိုနဲ့ ဓားရိုးကို အဝိုင်းသဏ္ဌာန် သူ ထွင်လိုက်တယ်။ ဓားရိုးထိပ်မှာ ချိမ့်ပုံစံထားပြီး ဓားရိုးနဲ့ဓားကို ဝက်အူနဲ့ ထိန်းထားစေခဲ့တယ်၊ ဓားကို ပါးလွှာတဲ့ စတီးပြားနဲ့လုပ်ပြီး သတ္တုနှစ်ခုကြားမှာ ညှပ်လိုက်တယ်။ ပြီးတော့ ဓားသွားကို အပြင်ဘက် အနည်းငယ်ထုတ်ထားလိုက်ပြီး အသုံးပြုချိန်မှာ ဓားသွားနဲ့ မျက်နှာ ပြင်ကို သမတ်ကျစေခဲ့တယ်။ ဒါမှ မျက်နှာပြင်နဲ့ မေးစေ့နေရာတွေက မုတ်ဆိတ် ကို ရိတ်ချိန်မှာ အလွယ်တကူ မထိမရှမှာဖြစ်တယ်။

စိတ်ကူးအတိုင်း ဒီဇိုင်းရေးဆွဲပြီးနောက် ဂျလက်(တ်)ဟာ တတ်ကျွမ်းသူကို ခေါ်ပြီး ဒီဇိုင်းကို ပုံဖော်စေခဲ့တယ်။ သူထွင်တဲ့ မုတ်ဆိတ်ရိတ်ဓားကို အသုံးပြုရတာ ထင်သလောက် ခရီးမပေါက်ပေမယ့် နဂိုမုတ်ဆိတ်ရိတ်ဓားနဲ့ နှိုင်းယှဉ်ရင်တော့ ဓားသွားပိုထက်သလို ပိုစိတ်ချလုံခြုံခဲ့ပါတယ်။ တိုးတက်ဖို့ အလားအလာရှိတာကြောင့် ဂျလက်(တ်)ဟာ တတ်ကျွမ်းနားလည်တဲ့ စက်မှုပညာရှင်နဲ့ စက်ကိရိယာပစ္စည်း နားလည်သူတို့ဆီမှာ မေးမြန်းစုံစမ်းမှုတွေ ပြုလုပ်ခဲ့တယ်။ သူတို့က ဂျလက်(တ်)ရဲ့ စက်ကိရိယာအသစ်က လက်တွေ့မကျတဲ့ စိတ်ကူးယဉ်မှုသက်သက်လို့ဆိုပြီး သူနဲ့ မပူးပေါင်းခဲ့ကြဘူး။

ဒါပေမဲ့ ကင်းစီဂျလက်(တ်)က သူ့ရဲ့ စိတ်ကူး အကြံအစည်ကို ကြံ့ကြံ့ခံ ဆုပ်ကိုင်ခဲ့တယ်။ ငွေကြေးရင်းနှီးစိုက်ထုတ်သူ လိုတာကြောင့် သူဟာ သူနဲ့ ပါဝင်ပူးပေါင်းမယ့်သူကို လိုက်ရှာခဲ့တယ်။ ကောင်းမွန်တဲ့ ဆန်းသစ်တီထွင်မှုက နောက်ဆုံးမှာ လူတွေရဲ့နှစ်သက်ကြိုဆိုမှုကို ခံခဲ့ရပါတယ်။ ၁၉၀၁ ခုနှစ်မှာ ဂျလက်(တ်)ရဲ့ မိတ်ဆွေတစ်ဦးက မန်ဆာချူးဆက်ပြည်နယ် စက်မှုတက္ကသိုလ်ကနေ ကျောင်းပြီးထားတဲ့ စက်မှုအင်ဂျင်နီယာတစ်ဦးကို အဲဒီအကြောင်း ပြောပြလိုက်တယ်။ အင်ဂျင်ယာက စိတ်ဝင်စားပြီး ဂျလက်(တ်)နဲ့ ပူးပေါင်းခဲ့တယ်။

ပထမဆုံးထုတ်တဲ့ ဘရိတ်ဓားအပို ၂၀ ပါတဲ့ မုတ်ဆိတ်ရိတ်စက်ကို ၁၉၀၃ ခုနှစ်မှာ ရောင်းချခဲ့တယ်။ အဲဒီနှစ်မှာ မုတ်ဆိတ်ရိတ်စက် ၅၁ ခု ရောင်းခဲ့တယ်။ ၁၉၁၃ ခုနှစ်မှာ ဓားပါး ၁၆၈ ခုနဲ့ ဓားရိုး ၅၁ ခု ရောင်းခဲ့တယ်။ ပထမစစ်ဖြစ်တော့ ဂျလက်(တ်)ရဲ့ မုတ်ဆိတ်ရိတ်စက်က စစ်တပ်က လိုအပ်တဲ့ပစ္စည်း ဖြစ်ခဲ့တယ်။ ၁၉၁၇ ခုနှစ်မှာ ဂျလက်(တ်)ရဲ့ ဘရိတ်ဓားပေါင်း ၁၂ သန်းကို

ရောင်းချနိုင်ခဲ့ပြီး ဈေးကွက်မှာ ၈၀% နေရာရခဲ့တယ်။ ပြည်ပကုမ္ပဏီခွဲပေါင်း ၄၄ ခုရှိခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာတော့ လူပေါင်းသန်း ၂၀ လောက်က ဂျီလက်(တ်) ရဲ့မုတ်ဆိတ်ရိတ်စက်နဲ့ ဓားပါးကို အသုံးပြုနေပြီဖြစ်တယ်။ ဒုတိယကမ္ဘာစစ်မှာလည်း ဂျီလက်(တ်)ရဲ့ကုမ္ပဏီက စစ်တပ်ကိုပံ့ပိုးတဲ့အနေနဲ့ မုတ်ဆိတ်ရိတ်စက် အများအပြား လှူဒါန်းခဲ့တယ်။ မုတ်ဆိတ်ရိတ်စက် ဈေးကွက်ထဲ အမျိုးသား သိန်းသန်းပေါင်းများစွာကို သူ ဆွဲခေါ်ခဲ့တယ်။

၁၉၃၉ ခုနှစ် ကမ္ဘာ့ဘေ့စ်ဘောပြိုင်ပွဲ ထုတ်လွှင့်တဲ့ စပွန်ဆာကို ဂျီလက်(တ်)တစ်ဦးတည်း ရခဲ့တယ်။ အဲဒီစပွန်ဆာကို ၁၉၅၀ ပြည့်နှစ်အထိ လုပ်ပိုင်ခွင့် ရခဲ့တယ်။ အဲဒီနောက်ပိုင်း ဂျီလက်(တ်)ရဲ့နာမည်က မြင်းပြိုင်ပွဲ၊ လက်ဝှေ့ပွဲ၊ အမေရိကန် ဘောလုံးပွဲတွေမှာ တွေ့မြင်ခဲ့ရတယ်။ ၁၉၆၂ ခုနှစ်မှာ (၄) ကြိမ်တိုင်တိုင် သတ်မှတ်ဖရောင်းရငွေထက် စံချိန်ချိုးရောင်းနိုင်ခဲ့တယ်။ "Happiness" မဂ္ဂဇင်းရဲ့လေ့လာဆန်းစစ်ချက်အရ အမေရိကန်ကုမ္ပဏီ ၅၀၀ ထဲက အသားတင်အမြတ်ငွေ ရောင်းရနှုန်းမှာ ဂျီလက်(တ်)ရဲ့ကုမ္ပဏီက နံပါတ် (၄)နေရာမှာ ရှိခဲ့တယ်။

နှစ်ပေါင်း ၁၀၀ ကျော်သမိုင်းမှာ ဂျီလက်(တ်)က ထုတ်ကုန်အမျိုးမျိုးကို တီထွင်ထုတ်လုပ်ခဲ့တယ်။ မုတ်ဆိတ်ရိတ်စက်အပါအဝင် ဘလိတ်ဓားစင်၊ ဓားနှစ်ထပ်မုတ်ဆိတ်ရိတ်စက်၊ ခေါင်းပိုင်းမုတ်ဆိတ်ရိတ်စက်၊ စပရင်မုတ်ဆိတ်ရိတ်စက်၊ မက်ချ်-၃ (Mach 3) မုတ်ဆိတ်ရိတ်စက်တွေ အပြင် ၂၀၀၄ ခုနှစ်မှာ အမျိုးသမီးသုံး ဗီးနပ်ဗိုင်ဘရန့်(စ်) (Venus Vibrancee) အမွေးရိတ်စက်ကိုပါ ထုတ်လုပ်နိုင်ခဲ့တယ်။

အခွင့်ကောင်းအခါကောင်းက မပျင်းမရိဘဲ တွေးတောချင့်ချိန်တတ်သူတွေအတွက် ဖြစ်တယ်။ မုတ်ဆိတ်ရိတ်စက်၊ ခဲတံအမျိုးမျိုး ရှိခဲ့ပါတယ်။

"မပြောပလောက်" တဲ့ အတွေးတွေကို မကြာခဏ တွေးကြည့်ပါ။ မပြောပလောက်တဲ့ အတွေး၊ ဒါမှမဟုတ် မထူးခြားတဲ့ အတွေးတွေကို တွေးတောနေချိန်မှာ သင့်ရဲ့ခေါင်းထဲ အကြည်ဓာတ်တွေဝင်သွားပြီး ဦးနှောက်က အရာဝတ္ထုကို တွေးတောတဲ့ လှုံ့ဆော်မှုကို ခံရတယ်။ အဲဒီလှုံ့ဆော်မှုက သွေးလည်ပတ်မှုကို ကောင်းမွန်စေတယ်။

ပြဿနာအခက်အခဲနဲ့ ကြုံတဲ့အခါ ဆုံးဖြတ်ချက်ကို အလျင်စလို မချဘဲ နည်းအမျိုးမျိုး တွေးတောကြည့်နိုင်ပါတယ်။ ဒီလိုတွေးနေချိန်မှာ အကြံတွေ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာတတ်ပါတယ်။ ပြဿနာ အရမ်းရှုပ်ထွေးခဲ့ရင် ဦးနှောက်ကို ခေတ္တအနားပေးပြီးမှ တွေးတောကြည့်နိုင်ပါတယ်။ နေ့စဉ်ဘဝမှာ ဖြစ်ပျက်နေတဲ့ မပြောပလောက်တဲ့ အရာတွေကိုလည်း သတိထား ဂရုစိုက်ကြည့်တတ်ခဲ့မယ်ဆိုရင် တခြားသူ သတိမမူမိတဲ့အရာ တော်တော်များများကို သင် သတိထားမိလာနိုင်ပါတယ်။ ဒီလိုဆိုရင် အရာဝတ္ထုသစ်တွေကို ရှာဖွေဖမ်းဆုပ်နိုင်တဲ့ အခွင့်အရေးကို သင် တွေ့လာနိုင်ပါလိမ့်မယ်။

* * *

# ခိုနိုဆူကဲမတ်ဆုရှီတာ

*Konosuke Matsushita*

*(November 27, 1894 – April 27, 1989)*

## *ကြံ့ခိုင်သန်စွမ်းသူက အခါကောင်းအခွင့်ကောင်းကို လက်ဦးမှုရယူတယ်*

ခိုနိုဆူကဲမတ်ဆုရှီတာ (Konosuke Matsushita) က ဂျပန်နိုင်ငံက ထင်ရှားကျော်ကြားတဲ့၊ ထူးကဲတဲ့ လုပ်ငန်းရှင်တစ်ဦး ဖြစ်တယ်။ သူဟာ ကမ္ဘာ့အဓိက အိမ်သုံးလျှပ်စစ်ပစ္စည်းကုမ္ပဏီကို တည်ထောင်ခဲ့သူ ဖြစ်တယ်။ မတ်ဆုရှီတာရဲ့ကုမ္ပဏီက ဂျပန်နာမည်ကြီးကုမ္ပဏီတွေထဲက တတိယနေရာမှာရှိပြီး ကမ္ဘာ့ဈေးကွက်မှာလည်း အောင်မြင်တဲ့ကုမ္ပဏီ ဖြစ်ပါတယ်။

### မွေးဖွားကြီးပြင်းပုံ

ကမ္ဘာ့လျှပ်စစ်ပစ္စည်းဘုရင် ခိုနိုဆူကဲမတ်ဆုရှီတာက ဂျပန်မတ်ဆုရှီတာ လျှပ်စစ်ပစ္စည်းကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူ ဖြစ်တယ်။ သူဟာ ထူးကဲသူတစ်ဦး ဖြစ်တယ်။ သူ့ဘဝတစ်သက်မှာ သူဟာ သူ့အားသူကိုးပြီး အခွင့်အရေးတွေကို ဖန်တီးခဲ့သူ ဖြစ်တယ်။

ခိုနိုဆူကဲမတ်ဆုရှီတာကို ဂျပန်နိုင်ငံ ဝါကာယာမ (Wakayama) ဒေသမှာ နေထိုင်တဲ့ လယ်သမားမိသားစုက မွေးဖွားခဲ့တာ ဖြစ်တယ်။ မတ်ဆုရှီတာ (၄) နှစ်အရွယ်မှာ နေအိမ်ရဲ့စီးပွားရေး ကျခဲ့တယ်။ အဲဒီနောက် အစ်ကိုကြီး၊ အစ်ကိုလတ်နဲ့ အစ်မကြီးတို့ဟာ ရောဂါကြောင့် ရှေ့ဆင့်၊ နောက်ဆင့် သေဆုံး

သွားခဲ့ကြတယ်။ သူဟာ (၄) တန်းအထိသာ ပညာသင်ကြားခွင့်ရခဲ့ပြီး ကျောင်းထွက်ခဲ့ရတယ်။ ကျောင်းထွက်ပြီးနောက် အိုဆာကာမြို့က မီးဖိုအရောင်းဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်ခဲ့တယ်။

၁၉၁၀ ပြည့်နှစ်မှာ အသက် (၁၇) နှစ်ရှိပြီဖြစ်တဲ့ မတ်ဇုရှိတာဟာ အိုဆာကာ လျှပ်စစ်ဓာတ်အား ကုမ္ပဏီမှာ ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။ လျှပ်စစ်ကြိုးတပ်ဆင်တဲ့ အလုပ်သင်အဖြစ် လုပ်ခဲ့တာဖြစ်တယ်။ အဲဒီနောက် စစ်ဆေးရေးဝန်ထမ်းအဖြစ် ရာထူးတိုးခံခဲ့ရတယ်။

ပထမကမ္ဘာစစ်အတွင်းမှာ ဥရောပတိုက်က စစ်မြေပြင်ဖြစ်ခဲ့တယ်။ စားနပ်ရိက္ခာ ကုန်ပစ္စည်းတွေ ပြတ်လပ်ခဲ့လို့ ဂျပန်ပစ္စည်းတွေက အရောင်းသွက်ခဲ့တယ်။ ဘာမဆိုရောင်းရတာကြောင့် ဂျပန်စက်မှုလုပ်ငန်းကို မြန်မြန်ဆန်ဆန် တိုးတက်ဖွံ့ဖြိုးစေခဲ့တယ်။ ပြည်တွင်းက အလုပ်ရုံ၊ စက်ရုံတွေဟာ မိုးရွာပြီးစ မှျစ်စို့တွေလို နေရာအနှံ့ ပေါက်ထွက်လာခဲ့ကြတယ်။

ဒီလိုအချိန်မျိုးမှာ မတ်ဇုရှိတာလည်း ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ဖို့ အစပျိုးခဲ့တယ်။ အဲဒီနောက် လက်ရှိအလုပ်ကနေ သူ ထွက်ခဲ့တယ်။ ဒါပေမဲ့ လုပ်ငန်းတစ်ခုထူထောင်ဖို့အတွက် သူ့မှာ ငွေကြေးမလုံလောက်ခဲ့ဘူး။ စုဆောင်းထားတာတွေကလည်း နည်းခဲ့လို့ သူ့မိတ်ဆွေနှစ်ဦးနဲ့အတူ ဇနီး၊ ယောက်ဖ စတဲ့ စုစုပေါင်း လူအင်အား (၅) ယောက်နဲ့ သူ့အလုပ်ရုံကို စတင်ခဲ့တယ်။ သူ့အလုပ်ရုံမှာ သူ့စိတ်ကူးအတိုင်း ပြင်ဆင်ထားတဲ့ မီးသီးခေါင်းတွေကို အဓိကထုတ်လုပ်ခဲ့တယ်။

မတ်ဇုရှိတာတို့အဖွဲ့ဟာ မီးသီးခေါင်းတချို့ကို ကြိုးစားပမ်းစား ထုတ်လုပ်ခဲ့ပေမယ့် ဝယ်ယူမယ့်သူ မရှိခဲ့ဘူး။ မီးသီးခေါင်းပုံစံကိုယူပြီး အိုဆာကာရဲ့ လမ်းကြို လမ်းကြားပါမကျန် မီးသီးအရောင်းဆိုင်တိုင်းကို သူတို့ လိုက်လံ

ရောင်းချခဲ့လည်း တစ်နေ့ကို ၁၀ ခုလောက်ပဲ ရောင်းခဲ့ရတယ်။ နောက်ဆုံးမှာ သူ့မိတ်ဆွေနှစ်ဦးက သူနဲ့အတူ မပူးပေါင်းခဲ့တော့လို့ ဇနီး၊ ယောက်ဖနဲ့ မတ်ဖုရှီတာတို့သာ အလုပ်ရုံ ဆက်လက်ရပ်တည်နိုင်ဖို့ ခက်ခက်ခဲခဲတောင့်ခံခဲ့ကြတယ်။ ဆင်းရဲဒုက္ခအမျိုးမျိုးကို သူတို့ ဖြတ်ကျော်ခဲ့ကြတယ်။ ၁၉၁၇ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၉၁၈ ခုနှစ် ဩဂုတ်လအထိ မတ်ဖုရှီတာဟာ သူ့ဇနီးရဲ့ အဝတ်အစား၊ လက်ဝတ်လက်စားတွေကိုအပေါင်ဆိုင်ပို့ခဲ့တာ ၁၀ ကြိမ်ထက် မကခဲ့ပါဘူး။ မျှော်လင့်ချက် မဲ့လုဆဲဆဲအချိန်မှာ သူနဲ့အတူ ပူးပေါင်းခဲ့တဲ့ မိတ်ဆွေတစ်ဦးက သူ့ဆီ သတင်းကောင်းတစ်ခု သယ်လာခဲ့ပါတယ်။ အဲဒီ သတင်းက လျှပ်စစ်ပစ္စည်းထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုက မတ်ဖုရှီတာ အလုပ်ရုံက ထွက်တဲ့ မီးသီးခေါင်းကို စိတ်ဝင်စားကြောင်း၊ ပစ္စည်းပုံစံကို ကြည့်ပြီး အခု ၁၀၀၀ မှာယူလိုကြောင်း ပြောတယ်။ မတ်ဖုရှီတာ ဇနီးမောင်နှံနဲ့ ယောက်ဖတို့ဟာ ပစ္စည်းအမှာရတာနဲ့ စိတ်လှုပ်ရှားပျော်ရွှင်ခဲ့ကြတယ်။ ၁၀ ရက်အတွင်း အဲဒီပစ္စည်းတွေကို သူတို့ ထုတ်လုပ်ခဲ့ကြတယ်။

သိပ်မကြာခင်မှာပဲ စက်ရုံဖွင့်စ အရင်းအနှီးတွေကို သူတို့ ပြန်လည်ရရှိခဲ့ကြတယ်။ နောက်တစ်နှစ်နှစ်စမှာပဲ ပစ္စည်း အခု ၂၀၀၀ မှာယူတဲ့ အမှာစာကို သူတို့ ရရှိခဲ့ပြန်တယ်။ အလုပ်ရုံကို တိုးချဲ့ဖို့ မတ်ဖုရှီတာ ဆုံးဖြတ်လိုက်တယ်။ နဂိုနေအိမ်မှာ ကျဉ်းကျဉ်းကျပ်ကျပ် လုပ်နေတဲ့ အလုပ်ကို ဒါအိကာအိချို (Daikai-cho) မှာ နှစ်ထပ်တိုက်တစ်တိုက်ငှားပြီး ပြောင်းလဲဖွင့်လှစ်လိုက်တယ်။ အဲဒီကာစ မတ်ဖုရှီတာ လျှပ်စစ်ပစ္စည်းကုမ္ပဏီဖြစ်လာမယ့် မတ်ဖုရှီတာ လျှပ်စစ်ပစ္စည်းအလုပ်ရုံတစ်ခု ဒါအိကာအိချိုအရပ်မှာ ပေါ်ပေါက်လာခဲ့တော့တယ်။

မတ်ဖုရှီတာက တီထွင်ဉာဏ်ရှိသူ၊ တိုးတက်မှုကို လိုလားသူ ဖြစ်တယ်။ လျှပ်စစ်မီးသီးကို အခြေခံပြီး တခြားဆက်စပ်လျှပ်စစ်ပစ္စည်း အမျိုးအမည်သစ်တွေကို သူ မပြတ်တီထွင်ဖန်တီးခဲ့ပါတယ်။ ဒါပေမဲ့ ဈေးကွက်မှာ အဓိကရောင်းရကုန်က "မီးပလက်ခေါင်း" ဖြစ်တယ်။ ဒီပစ္စည်းက တခြားစက်ရုံထုတ်နဲ့ နှိုင်းယှဉ်ရင် အရည်အသွေးကောင်းပြီး ဈေးနှုန်းလည်းချိုတာကြောင့် နှစ်စဉ်နှစ်တိုင်း ရောင်းအားတက်ခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးကို တိုကျိုနာဂိုယာ၊ ကျူးရှူး စတဲ့ ဂျပန်နိုင်ငံနေရာအနှံ့အပြားဆီ တိုးချဲ့ခဲ့တော့တယ်။

ဒီလိုအချိန်မှာ မတ်ဖုရှီတာလက်အောက်မှာ ဝန်ထမ်း ၅၀ လောက်ရှိနေပါပြီ။ လစဉ် အသားတင်အမြတ်ငွေတွေလည်း တိုးပွားခဲ့ပြီး အဲဒီခေတ်အချိန်အခါက လျှပ်စစ်ပစ္စည်း အလုပ်ရုံတွေကြားမှာ သူ့ရဲ့အလုပ်ရုံက ထုတ်လုပ်မှု အများဆုံး၊ ရောင်းအားအကောင်းဆုံး ဖြစ်ခဲ့ပါတယ်။ လုပ်ငန်းတူ စက်ရုံတွေကြားမှာ ထိုးဖောက်အောင်မြင်ချင်ရင် နည်းတစ်နည်းပဲရှိတယ်။ အဲဒီနည်းက ထုတ်ကုန်အသစ်တွေ ထုတ်လုပ်ဖို့ ဖြစ်တယ်ဆိုတာကို မတ်ဖုရှီတာ နားလည်ထားပါတယ်။

အဲဒီအချိန်တုန်းက ဂျပန်မှာ စက်ဘီးတွေဟာ နေ့စဉ်သုံး သယ်ယူပို့ဆောင်ရေးပစ္စည်းခဲ့တယ်။ မြို့ထဲမှာ လမ်းမတွေက မညီညာ မဖြောင့်ဖြူးခဲ့သလို လမ်းမီးကလည်း လုံလုံလောက်လောက် မရှိခဲ့တာကြောင့် ညအချိန် စက်ဘီးစီးတဲ့အခါ လူတွေ အလင်းရောင်ကို လိုအပ်ခဲ့တယ်။ အဲဒီတုန်းက ဓာတ်ခဲထည့် ဓာတ်မီးတွေ ရှိခဲ့ပြီဆိုပေမယ့် ဓာတ်ခဲက တာရှည်မခံတာကြောင့် သိပ်အသုံးမတည့်ခဲ့ဘူး။ လူတွေက ရေနံဆီမီးခွက်ကို စက်ဘီးရှေ့မှာ ချိတ်ဆွဲ အသုံးပြုခဲ့ကြတယ်။

ညအချိန် စက်ဘီးစီးရ အဆင်မပြေတဲ့ အစက်အခဲက လူတွေကို စိတ်ရှုပ်စေခဲ့ပါတယ်။ ဒါကို မတ်ဖုရှိတာက အချိန်နှစ်ဝက်လောက် အသုံးပြုပြီး ခေတ်ခဲထည့် စက်ဘီးမီးသီး တစ်မျိုးကို တီထွင်ခဲ့ပါတယ်။ ဒီမီးသီးဟာ ဒီဇိုင်းလှသလို ဈေးနှုန်းလည်း သက်သာပါတယ်။ ဈေးကွက်ထဲ ပစ္စည်းရောက်တာနဲ့ လူတွေရဲ့ကြိုက်နှစ်သက်တာကို ခံခဲ့ရတယ်။

ဒီအချိန်မှာ ယာမာမိုတိုတာကဲနိုဘူ (Yamamoto Takenobu) က မတ်ဖုရှိတာကို အိုဆာကာနယ်မြေရဲ့အရောင်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီး တစ်လအတွင်း အမြောက်ဆံပုံစံ စက်ဘီးမီးသီး အခု ၁၀၀၀၀၊ ၃ နှစ်အတွင်း အခု ၃ သိန်း ၆ သောင်း ရောင်းထွက်ဖို့ အာမခံစေခဲ့တယ်။ တကယ်လို့ သတ်မှတ်အရေအတွက်အတိုင်း ရောင်းမထွက်ခဲ့ရင် ယာမာမိုတို အရောင်းဆိုင်က ဆုံးရှုံးငွေအားလုံးကို အလျော်ပေးမယ်လို့ ဆိုခဲ့တယ်။

ဒီသတင်းကိုကြားတော့ မတ်ဖုရှိတာ အံ့သြဝမ်းသာခဲ့တယ်။ ယာမာမိုတိုက သုံးနှစ်အတွက် ပေးချေငွေကို တစ်ကြိမ်တည်း ပေးချေခဲ့ပါတယ်။ အဲဒီနောက် မတ်ဖုရှိတာရဲ့လုပ်ငန်းတွေ မြန်မြန်ဆန်ဆန် တိုးတက်လာခဲ့ပြီး ဈေးကွက်မှာ သူ ဖန်တီးတီထွင်တဲ့ ကုန်ပစ္စည်းအသစ်တွေကို မပြတ်တင်သွင်းနိုင်ခဲ့ပါတယ်။

မတ်ဖုရှိတာက သူ့အလုပ်ရုံကို အကြိမ်ကြိမ် တိုးချဲ့ခဲ့ပါတယ်။ စစချင်းမှာ အသေးစားပုဂ္ဂလိကစက်ရုံတွေကို သူ ဝယ်ယူခဲ့ပါတယ်။ နောက်မှ တဖြည်းဖြည်းစက်ရုံ (၈) ရုံကို ပိုင်ဆိုင်တဲ့ နာမည်ကြီးလုပ်ငန်းတစ်ခုဖြစ်လာခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ မတ်ဖုရှိတာ လျှပ်စစ်ပစ္စည်း ကုမ္ပဏီဟာ ဂျပန်လျှပ်စစ်ပစ္စည်းလုပ်ငန်းမှာ ဘုရင်တစ်ဆူ ဖြစ်လာခဲ့ပါတော့တယ်။

မတ်ဇုရှိတာ လျှပ်စစ်ပစ္စည်းကုမ္ပဏီက ထုတ်လုပ်တဲ့ ပစ္စည်းတံဆိပ်နဲ့ လက်အောက်ခံကုမ္ပဏီတွေက National တံဆိပ်၊ Panasonic တံဆိပ်၊ Quasar တံဆိပ်၊ Technics and Ramsa တံဆိပ်၊ Mတံဆိပ်၊ KDK တံဆိပ်၊ Rasonic တံဆိပ်၊ JVC ကုမ္ပဏီ၊ Sanyo ကုမ္ပဏီတွေပဲဖြစ်ပါတယ်။

အခွင့်ကောင်းအခါကောင်းဆိုတာ ဘာလဲ၊ အဲဒီအရာက ကျွန်တော်တို့ရဲ့ ကံကောင်းခြင်းတံခါးကို ဘယ်အချိန် လာခေါက်မလဲ။

တကယ်လို့ တစ်သက်တာအချိန်နဲ့ ကျွန်တော်တို့ စောင့်မျှော်ခဲ့လည်း အခွင့်ကောင်း အခါကောင်းက ကျွန်တော်တို့ရဲ့တံခါးကို လာခေါက်လိမ့်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကိုယ်တိုင်ကိုက အခွင့်အရေး ဖန်တီးသူဖြစ်နေလို့ပါပဲ။ ကျွန်တော်တို့ကိုယ်တိုင် ကျွန်တော်တို့ရဲ့ ကံကြမ္မာတံခါးကို ခေါက်ရမှာပါ၊ တွန်းဖွင့်ရမှာပါ။

ပြင်ဆင်ထားတာတွေ အဆင်သင့်ဖြစ်ပြီဆိုရင် အခွင့်အရေးကို လိုက်ရှာပါ၊ ဖမ်းဆုပ်ပါ၊ သတ္တိကို နှိုးဆွပါ၊ ကိုယ်ပိုင်အရည်အချင်းကို အကြီးချဲ့ပါ။ တက်ကြွတဲ့အင်အားနဲ့ မိမိကိုယ်ကို ယုံကြည်မှုနဲ့ လေးစားမှုကို မပြတ်တိုးချဲ့ပြီး ရှေ့ဆက်ပါ။ အခွင့်ကောင်းအခါကောင်းဆိုတာ ကိုယ့်အားကိုယ်ကိုးပြီး ဖန်တီးလုပ်ဆောင်ရမယ့်အရာ ဖြစ်ပါတယ်။

* * *

# ပေါလ်ဗွီဂယ်(လ်)ဗင်
*Paul V. Galvin*
*(June 27, 1895 – November 5, 1959)*

*အခွင့်ကောင်းအခါကောင်းကို သတ္တိရှိရှိဖမ်းဆုပ်ပါ*

ပေါလ်ဗွီဂယ်(လ်)ဗင် (Paul V. Galvin) က နာမည်ကြီး ထင်ရှားကျော်ကြားတဲ့ မိုတိုရိုလာ (Motorola) ကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူဖြစ်တယ်။ သူ့ရဲ့ခက်ခက်ခဲခဲ ကြိုးပမ်းမှုအောက်မှာ မိုတိုရိုလာရဲ့လုပ်ငန်းက ကြီးထွားဖွံ့ဖြိုးလာခဲ့ပြီး ဒီကနေ့လူတွေအတွက် အဆင်ပြေ၊ မြန်ဆန်ခြင်းကို သယ်ဆောင်ပေးလာနိုင်ခဲ့ပါတယ်။

## မွေးဖွားကြီးပြင်းပုံ

ပေါလ်ဗွီဂယ်(လ်)ဗင်ကို အမေရိကန်ပြည်ထောင်စု အီလီနွိုက် (Illinois) ပြည်နယ်က သာမန်လက်လုပ်လက်စား မိသားစုမှ မွေးဖွားခဲ့တယ်။ (၁၀) နှစ်အရွယ်မှာ ဟားဗဒ် (Harvard) လို့ ခေါ်တဲ့ မြို့ငယ်လေးတစ်မြို့မှာ သူကျောင်းတက်ခဲ့တယ်။ ဟားဗဒ်မြို့က ရထားလမ်းခွဲဆုံမှတ်နေရာ ဖြစ်တယ်။ ဒီဘူတာမှာ ရထားတွေက တခြားဘူတာမှာထက် ပိုကြာကြာရပ်ပြီး ကျောက်မီးသွေးဖြည့်တာ၊ ရေဖြည့်တာတွေ လုပ်ကြတယ်။ ဒီလိုအခြေအနေမျိုးကို အခွင့်ကောင်းယူပြီး အနီးအနားမှာ နေတဲ့ ကလေးတွေက ရထားပေါ်မှာ ပေါက်ပေါက် လိုက်ရောင်းခဲ့ကြတယ်။

ရထားပေါ်မှာ ပေါက်ပေါက်ရောင်းတဲ့အလုပ်က မဆိုးဘူးလို့ ဂယ်(လ်)ဗင် ထင်ခဲ့တယ်။ ဒါကြောင့် ကျောင်းအားရက်တွေမှာ ပေါက်ပေါက်ရောင်းတဲ့ အဖွဲ့ထဲ သူ ပါဝင်ခဲ့ပါတယ်။ ကလေးတွေဟာ ပေါက်ပေါက် ဝယ်လိုသူတွေကို သူ့ထက်ငါ လုရောင်းကြတာကြောင့် မကြာခဏဆိုသလို ရန်ပွဲတွေ ဖြစ်ခဲ့ပါတယ်။ ဒီလိုရန်ပွဲထဲမှာ ဂယ်(လ်)ဗင် မပါဝင်ခဲ့သလို ရန်လိုတဲ့ ကလေးတွေနဲ့လည်း သူ ပြေပြေလည်လည် ဖြေရှင်းနိုင်ခဲ့ပါတယ်။

"ဒီအတိုင်း ငါတို့ဆက်သွားနေရင် ဘယ်သူမှ ပေါက်ပေါက်ရောင်းရလိမ့်မယ်မဟုတ်ဘူး" လို့ ကလေးတွေကို သူ အမြဲသတိပေးခဲ့တယ်။ ရထားပေါ်မှာ အောင်ရောင်းတဲ့အပြင် တခြားနည်းနဲ့ပါ ပေါက်ပေါက်ပိုရောင်းရဖို့ကို ဂယ်(လ်)ဗင် အမြဲတွေးခဲ့တယ်။ ရထားပေါ် ရောင်းရုံတင်မက တွန်းလှည်းတစ်ခုလုပ်ပြီး ဘူတာတစ်ဝိုက်၊ လမ်းတစ်ဝိုက်မှာ သူရောင်းခဲ့တယ်။ ပိုအရသာရှိအောင် ပေါက်ပေါက်ထဲ ထောပတ်နဲ့ဆားတွေ သူ ထည့်ခဲ့တယ်။

၁၉၁၀ ပြည့်နှစ် ဟားဗဒ်မြို့မှာ နှင်းအကြီးအကျယ် ကျခဲ့ထယ်။ ခရီးသည် အပြည့်ပါတဲ့ ရထားတစ်စင်းက နှင်းကြောင့် ခရီးဆက်မရ ဖြစ်ခဲ့တယ်။ ဒါကိုတွေ့တော့ ဂယ်(လ်)ဗင်က ဆန်းဒ်ဝှစ်တွေလုပ်ပြီး သွားရောင်းခဲ့တယ်။ သူလုပ်တဲ့ ဆန်းဝှစ်က သိပ်စားမကောင်းဘူး ဆိုပေမယ့် ဆာလောင်နေတဲ့ ခရီးသည်တွေက လုယက်ပြီး ဝယ်ခဲ့ကြတယ်။ နွေရာသီရောက်ချိန်မှာ ဂယ်(လ်)ဗင်က ရေခဲမုန့်တွေလုပ်ပြီး ရောင်းခဲ့တယ်။ လူအများရဲ့ နှစ်သက်တာကို ခံခဲ့ရတယ်။

မီးရထားပေါ် ရောင်းဝယ်ဖောက်ကားမှုက တဖြည်းဖြည်း ခေတ်စားလာခဲ့တယ်။ အဲဒီရောင်းဝယ်မှုထဲမှာ ရွာကကလေးတွေ ပါဝင်လာရုံမက သံလမ်းတစ်လျှောက်မှာရှိတဲ့ တခြားရွာက ကလေးတွေပါ ပါဝင်လာခဲ့တော့

တယ်။ ဒီလိုရှုပ်ထွေးတဲ့ အခြေအနေက သိပ်ကြာကြာခံမှာ မဟုတ်ဘူးဆိုတာကို ဂယ်(လ်)ဗင် သိလိုက်တယ်။ ငွေနည်းနည်း ထပ်ရှာပြီးရင် ဒီရောင်းဝယ်မှုကနေ ထွက်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။ သူ ထင်ထားတဲ့အတိုင်းပါပဲ၊ သိပ်မကြာခင်မှာ ဘူတာတာဝန်ခံတွေကနေ ရထားပေါ်နဲ့ ဘူတာရုံမှာ ဈေးမရောင်းရဆိုတဲ့ တားမြစ်စာထွက်လာခဲ့ပါတယ်။

ရထားပေါ်ဈေးရောင်းတဲ့ အတွေ့အကြုံက ဂယ်(လ်)ဗင်ကို ဈေးကွက်အခြေအနေတွေ ဆုပ်ကိုင်နိုင်တဲ့ အရည်အချင်းကို မွေးမြူပေးခဲ့သလို လက်ဦးမှု ရယူတဲ့ အစွမ်းအစကိုလည်း မွေးမြူပေးခဲ့တယ်။ ဒါတွေဟာ နောင်တစ်ချိန်မှာ သူ့ဘဝ အောင်မြင်ရေးအတွက် အကျိုးရှိစေတဲ့ စရိုက်လက္ခဏာတွေဖြစ်ခဲ့တယ်။ နောက်ပိုင်း နှစ်တွေမှာ ကုန်ပစ္စည်းတစ်ခုခု၊ ဒါမှမဟုတ် ရောင်းဝယ်ဖောက်ကားမှုတစ်ခုခု အဆင်မပြေတဲ့အခါ သူက သူ့လုပ်ဖော်ကိုင်ဖက်တွေကို ဒီ "ပေါက်ပေါက်ရောင်းတဲ့ပုံပြင်" အကြောင်းကို ပြောပြတတ်ခဲ့တယ်။

ဂယ်(လ်)ဗင်ဟာ အသက် (၁၈) နှစ်မှာ တက္ကသိုလ် တက်ခဲ့တယ်။ ဒါပေမဲ့ မိသားစုစားဝတ်နေရေးကျပ်တည်းမှုကြောင့် ဒုတိယနှစ်နဲ့ ကျောင်းထွက်ခဲ့ရတယ်။ ဒီအချိန်မှာ ပထမကမ္ဘာစစ် စတင်ခဲ့လို့ စစ်တပ်ထဲ သူ ဝင်ရောက် အမှုထမ်းခဲ့တယ်။ ၃ နှစ်ကြာ အမှုထမ်းပြီးနောက် စစ်တပ်က ထွက်ခဲ့တယ်။ စစ်သားဘဝရဲ့ ခက်ခဲပင်ပန်းမှုတွေက ဂယ်(လ်)ဗင်ရဲ့ ကာယဉာဏ်စွမ်းရည်တွေကို လေ့ကျင့်ပေးခဲ့တယ်။ ဒါတွေဟာ နောက်ပိုင်းမှာ စီးပွားရေးလုပ်ငန်းကို သူ ထူထောင်ရာမှာ သူ့အတွက် ခိုင်ခံ့တဲ့အခြေခံတွေ ဖြစ်ပါတယ်။

ပထမကမ္ဘာစစ်ပြီးနောက် အမေရိကန်ရဲ့ စီးပွားရေးက မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးလာခဲ့တယ်။ စီးပွားရေးလုပ်ငန်းသစ်တွေ တစ်ဟုန်ထိုး တိုးတက်လာခဲ့တယ်။ ရောက်လာတဲ့အခွင့်ကောင်း အခါကောင်းကို ဂယ်(လ်)ဗင် အမိအရ

ဖမ်းဆုပ်ခဲ့ပါတယ်။ ၁၉၂၁ ခုနှစ်မှာ မိတ်ဆွေတစ်ဦးဖြစ်တဲ့ စတီးဝပ် (Stewart) က ဂယ်(လ်)ဗင်ကို မားရှ်ဖီး (Marshfield) မြို့မှာ ဘက်ထရီစက်ရုံတစ်ရုံ တည်ထောင်ဖို့ အကြံပေးခဲ့တယ်။ အရင်းအနှီးကို မိတ်ဆွေဘက်က ထုတ်မှာ ဖြစ်တယ်။ ရေဒီယိုခေတ်က အလားအလာကောင်းမယ်ဆိုတာ ဂယ်(လ်)ဗင် လေ့လာမိလို့ အဲဒီအလုပ်လုပ်ကို လုပ်ဖို့ သဘောတူခဲ့တယ်။ ၁၉၂၁ ခုနှစ် ဇူလိုင်လမှာ စတီးဝပ်ဘက်ထရီကုမ္ပဏီတစ်ခု ပေါ်ပေါက်လာခဲ့တော့တယ်။

ကုမ္ပဏီတည်ထောင်စမှာ သူတို့ရဲ့ကြိုးပမ်းမှုကြောင့် အကျိုးအမြတ် တွေ အလုံးအရင်း ရရှိခဲ့တယ်။ သူတို့ရဲ့စက်ရုံက အဲဒီနယ်မြေက အကြီးဆုံး စက်ရုံ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ရုတ်တရက်ကျရောက်လာတဲ့ စီးပွားရေးကပ်ဆိုး ကြောင့် သူတို့ရဲ့ကုမ္ပဏီလည်း အကျပ်အတည်းနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကုမ္ပဏီ ကိုကယ်တင်ဖို့ သူတို့ နည်းလမ်းအမျိုးမျိုးရှာခဲ့လည်း နောက်ပိုင်းမှာ တံခါးပိတ် လိုက်ရတယ်။ ကိုယ့်ဇာတိဆီ ဂယ်(လ်)ဗင် ပြန်ရောက်လာခဲ့ပါတယ်။ ဒီလို အချိန်မျိုးမှာ ထမင်းစားဖို့တောင် သူ့ဆီမှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မရှိခဲ့ပါ ဘူး။ အမေရိကန်သမ္မတကလည်း ရုတ်တရက်ကွယ်လွန်သွားခဲ့လို့ လောက ကြီးတစ်ခုလုံး ပျက်သုဉ်းသွားပြီလို့ သူ ခံစားခဲ့မိတယ်။

ရှုံးနိမ့်တာကို ပထမဆုံးအကြိမ်ခံရတဲ့ ဂယ်(လ်)ဗင်မှာ မခံချင်စိတ် တွေ ဖြစ်ခဲ့တယ်။ ဒီဇာတိမြေမှာပဲ တစ်သက်လုံး ဒီအတိုင်း နေသွားရတော့ မလား၊ ဒီအတိုင်းပဲ အရာရာကို လက်လွှတ်လိုက်ရတော့မလားလို့ သူ တွေးမိ တယ်။ ကိုယ့်ရည်မှန်းချက်ကို ဒီအတိုင်း လက်မလွှတ်နိုင်လို့ နောက်ဆုံးမှာ ဖခင်ဆီ ဒေါ်လာ ၄၀ ချေးပြီး ချီကာဂိုမြို့မှာ အလုပ်လုပ်ဖို့ သူ ထွက်လာခဲ့တယ်။ ဒီအချိန်မှာ မိတ်ဆွေ စတီးဝပ်က သူ့ဆီ ရောက်လာခဲ့ပြန်တယ်။ ချီကာဂိုမြို့မှာပဲ ကုမ္ပဏီတစ်ခုဖွင့်ဖို့ ပြောဆိုတာကြောင့် နှစ်ယောက်သား ဒုတိယအကြိမ်

ပေါင်းမိသွားခဲ့ပြန်တယ်။ ၁၉၂၈ ခုနှစ် စက်တင်ဘာလမှာ ဂယ်(လ်)ဗင်တို့ရဲ့ ကုမ္ပဏီ မွေးဖွားလာခဲ့ပြန်တယ်။ ဒေါ်လာငွေ ၅၀၀ ကျော်၊ ဝန်ထမ်း ၅ ဦးနဲ့ စခဲ့တဲ့ကုမ္ပဏီနဲ့ လောကကြီးတစ်ခုလုံးကို သိမ်းပိုက်ဖို့ ရည်မှန်းခဲ့တယ်။

၁၉၂၀ ပြည့်နှစ်တွေမှာ မော်တော်ကားတွေ ပေါ်ပြူလာဖြစ်ခဲ့တယ်။ ရေဒီယိုရဲ့အခန်းကဏ္ဍကလည်း အရေးပါခဲ့ပြန်တယ်။ ဒီပစ္စည်းသစ်နှစ်မျိုးရဲ့ ဆက်စပ်လိုက်ဖက်မှုက အလိုလိုနေရင်း ဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်စေခဲ့တယ်။ ဒါပေမဲ့ တပ်ဆင်ရ ရှုပ်ထွေးတာကတစ်ကြောင်း၊ ရေဒီယိုအသံလိုင်း မကြည်လင်တာက တစ်ကြောင်း၊ ဈေးနှုန်းကြီးမားတာက တစ်ကြောင်းနဲ့ တကယ်လို့ ကားထဲက ရေဒီယိုကို နားထောင်ချင်ရင် စက်အင်ဂျင်ကို ရပ်နားထားရတာက တစ်ကြောင်းတို့ကြောင့် ၁၉၃၀ ပြည့်နှစ်အထိ ကားထဲမှာ ရေဒီယို တပ်ဆင်ဖို့ကို လူတော်တော်များများ ငြင်းဆန်ခဲ့ကြတယ်။

ဒီလိုအခြေအနေမျိုးဟာ သူ့အတွက် အခွင့်ကောင်းလို့ ဂယ်(လ်)ဗင် မှတ်ယူခဲ့တယ်။ ဈေးနှုန်းချိုပြီး ကားထဲမှာ အလွယ်တကူတပ်ဆင်လို့ ရနိုင်တဲ့ ရေဒီယိုတစ်လုံးတီထွင်ဖို့ သူ့ဝန်ထမ်းတွေကို သူ စိန်ခေါ်ခဲ့တယ်။ အဲဒါဟာ ကုမ္ပဏီရှေ့ဆက် ရပ်တည်ရေး၊ ပြုတ်ရေးနဲ့ ဆိုင်ပါတယ်။ ဂယ်(လ်)ဗင်ဟာ ဒီအလုပ်အတွက် သူ့မှာရှိရှိသမျှ ခွန်အား၊ ငွေကြေးတွေနဲ့ လောင်းကြေးထပ်ခဲ့တော့တယ်။ ဒီအချိန်မှာ အမေရိကန်သမိုင်းမှာ အဆိုးဝါးဆုံး စီးပွားရေး ကပ်ဆိုက်ခဲ့ပြန်တယ်။ ဂယ်(လ်)ဗင်ရဲ့ကုမ္ပဏီအခြေယိုင်လာရုံမက သူ့မိဘ နှစ်ဦးလည်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ပါတယ်။

ရှုံးနိမ့်မှု၊ ကြေကွဲမှုတွေက ဂယ်(လ်)ဗင် အပါးမခွာခဲ့ပါဘူး။ ဘဝရဲ့ ဆိုးဝါးတဲ့ ထိုးနက်ချက်တွေကို ဒီအတိုင်း သူ လွယ်လွယ်နဲ့ အရှုံးမပေးချင်ခဲ့ဘူး။

ရှိသမျှ ခွန်အားနဲ့ ရှေ့ဆက်ပြီး တိုးခဲ့တယ်။ ဂယ်(လ်)ဗင်နဲ့ ဝန်ထမ်းတွေဟာ အချင်းချင်း အားပေးဖေးမရင်း ကုမ္ပဏီရဲ့ အခက်ခဲဆုံးအချိန်ကို အတူတကွ ဖြတ်ကျော်ခဲ့ကြတယ်။ ၁၉၃၀ ပြည့်နှစ် ဇွန်လမှာ နမူနာရေဒီယိုတစ်လုံးကို သူတို့ တီထွင်နိုင်ခဲ့တယ်။ နမူနာရေဒီယိုကို ယူပြီး ရေဒီယိုထုတ်လုပ်ရေး အသင်း အဖွဲ့မှာ ပြသဖို့ သူ သွားရောက်ခဲ့ပေမယ့်လည်း ငွေကြေးအခက်အခဲကြောင့် ခင်းကျင်းပြသမယ့် နေရာတစ်နေရာကို သူ မငှားနိုင်ခဲ့ဘူး။ ဒါပေမဲ့ ဖြတ်ထိုး ဉာဏ်ကောင်းတဲ့ ဂယ်(လ်)ဗင်ဟာ အဲဒီအဆောက်အအုံရှေ့မှာပဲ ကားတစ်စီး ရပ်ပြီး နမူနာရေဒီယိုကို တပ်ဆင်ပြသခဲ့တယ်။ လာရောက်ကြည့်ရှုသူတွေက အဆောက်အအုံထဲ မဝင်ခင် သူ့ရေဒီယိုကို အရင်ဆုံး ကြည့်သွားနိုင်ခဲ့ကြတယ်။ ဒီအောင်မြင်မှုတစ်ရပ်က သူ့ကုမ္ပဏီကို ဆက်လက်ရပ်တည်စေခဲ့တယ်။ အနယ် နယ်အရပ်ရပ်က ရေဒီယိုအော်ဒါ အမှာစာတွေ သူ ရခဲ့တယ်။ သူ့ကုမ္ပဏီက ထုတ်တဲ့ ကားသုံးရေဒီယိုရဲ့ အနာဂတ်ကို သူ ပြည့်ပြည့်ဝဝ ယုံကြည်ခဲ့ပါတယ်။

သူ့ကို နာမည်ကောင်းရစေတဲ့ အဲဒီရေဒီယိုကို ဂယ်(လ်)ဗင်က "မိုတိုရိုလာ"လို့ အမည်ပေးလိုက်တယ်။ "Moto"ဆိုတာ ကားအင်ဂျင်၊ "rola" ဆိုတာက ရေဒီယိုထဲက ထွက်လာတဲ့ နားဝင်ချိုတဲ့ အသံကို ကိုယ်စား ပြုတာ ဖြစ်တယ်။ အဲဒီနာမည်ဟာ ဆန်းသစ်တာကြောင့် လူတွေရဲ့ နှစ်သက် လက်ခံမှုကို ရရှိခဲ့ပါတယ်။ ပထမဆုံးမျိုးဆက်ဖြစ်တဲ့ စီးပွားဖြစ် ကားရေဒီယို မိုတိုရိုလာက ဒီလိုနဲ့ မွေးဖွားလာခဲ့ပါတော့တယ်။

ဒါပေမဲ့ ကားရေဒီယို တပ်ဆင်ရာမှာ အခက်အခဲတချို့ ရှိခဲ့လို့ ဝယ်ယူသူတွေ မကျေမနပ် ဖြစ်ခဲ့ကြတယ်။ ဒါကို ဂယ်(လ်)ဗင်က အစည်း အဝေးတစ်ခု အမြန်ပြုလုပ်ပြီး "မိုတိုရိုလာ တပ်ဆင်ရေးလက်ခံရာဌာန"တစ်ခု ကို ထူထောင်ပြီး ဒီအခက်အခဲကို ဖြေရှင်းခဲ့ပါတယ်။

နှစ်ပေါင်းအနည်းငယ် ကြာတဲ့အခါ အမေရိကန်ပြည်ထောင်စု တစ်ဝန်းမှာ ကျွမ်းကျင်တဲ့ တပ်ဆင်ရေးဝန်ထမ်းတွေ ပေါ်ပေါက်လာခဲ့ပြီး မိုတို ရိုလာကုမ္ပဏီကို စီးပွားရေးဈေးကွက်ရဲ့အမြင့်ဆုံးအထိ ဆွဲခေါ်သွားခဲ့တော့ တယ်။ အဲဒီကစပြီး အောင်မြင်တဲ့ စီးပွားရေးလမ်းမပေါ်ဆီ မိုတိုရိုလာလျှောက် လှမ်းခဲ့တာ ယနေ့ထိတိုင်ဖြစ်ပါတော့တယ်။

သင့်မျက်စိရှေ့ရောက်နေတဲ့ အခွင့်အရေးကို သင် ဖမ်းဆုပ်နိုင်သလို သင် လက်လွှတ်လို့လည်း ရပါတယ်။ ဖမ်းဆုပ်တိုင်း အောင်မြင်ချင်မှအောင်မြင် မှာ ဖြစ်ပေမယ့် လက်လွှတ်ရင်တော့ အောင်မြင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ ပါဘူး။ ဂယ်(လ်)ဗင်ကတော့ အမိအရဖမ်းဆုပ်ခဲ့လို့ နောက်ဆုံးမှာ အောင်မြင် ခဲ့ပါတယ်။

အခွင့်ကောင်းအခါကောင်းက သင် စောင့်မျှော်ချိန် သင့်ရှေ့မှောက် ရောက်လာနိုင်မှာ မဟုတ်ပါဘူး။ သင် မျှော်လင့်မထားတဲ့အချိန်၊ မထင်မှတ်တဲ့ အချိန်မှာ သင့်အနား သူ ရောက်လာတတ်ပါတယ်။ သင့်အနားရောက်လာချိန် သင် သတိထားမိချင်မှ ထားမိမှာမို့ ဖမ်းဆုပ်မိဖို့ဆိုတာလည်း လွယ်ကူမှာ မဟုတ်ပါဘူး။ ဒါကြောင့်အခွင့်ကောင်းအခါကောင်းကိုကိုယ်တိုင်ဖန်တီးတတ်ရ ပါတယ်။ တကယ်လို့သင့်မှာထက်မြက်တဲ့အသိဉာဏ်ရှိတဲ့မျက်လုံးတစ်စုံရှိရင် အခွင့်ကောင်းအခါကောင်းကို နေရာအနှံ့မှာ သင် တွေ့နိုင်ပါလိမ့်မယ်။ အခွင့်ကောင်းအခါကောင်းနဲ့ကြုံပြီထားဦး၊ လုပ်ရှားမှုလုပ်ဆောင်မှုမရှိရင်လည်း အောင်မြင်တဲ့အခွင့်အရေးမရှိနိုင်ပါဘူး။ အခွင့်ကောင်းအခါကောင်းက အသင့်ကြိုပြင်ထားပြီး လုပ်ဆောင်ရဲတဲ့သတ္တိရှိသူတွေအတွက်ပဲ ဖြစ်လို့ပါပဲ။

* * *

# အဆာဂရစ်(ဒ်)ကန်ဒလာ

*Asa Griggs Candler*

*(December 30, 1851 – March 12, 1929)*

***တစ်သောင်းပုံတစ်ပုံအခွင့်အရေးကိုတောင်လက်လွှတ်မခံဘူး***

အဆာကန်ဒလာ (Asa Candler) က ကိုကာကိုလာကုမ္ပဏီကြီးရဲ့ ဖခင်ဖြစ်တယ်။ ၁၈၈၈ ခုနှစ်မှာ စီးပွားရေးသမားတို့ရဲ့ဖြတ်ထိုးဉာဏ်နဲ့ လုပ်ရဲတဲ့ သတ္တိကို အခြေခံပြီး ငွေ ၂၃၀၀ ဒေါ်လာနဲ့ ကိုကာကိုလာရဲ့ မူပိုင်ခွင့်နဲ့ ရှယ်ယာတန်ဖိုးအားလုံးကို သူ ဝယ်ယူခဲ့တယ်။ ကြော်ငြာအားကို အသုံးပြုပြီး ကိုကာကိုလာကုမ္ပဏီကို အမေရိကန်ပြည်ထောင်စုရဲ့ အကြီးဆုံးအချိုရည်ကုမ္ပဏီအဖြစ် မြန်မြန်ဆန်ဆန် တိုးတက်စေခဲ့ပါတယ်။

## မွေးဖွားကြီးပြင်းပုံ

အဆာကန်ဒလာကိုအမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်က ချမ်းသာတဲ့မိသားစုမှ မွေးဖွားခဲ့တာ ဖြစ်တယ်။ မောင်နှမတွေထဲမှာ သူက (၈) ယောက်မြောက်သားဖြစ်တယ်။ သူ့ကိုအဆာလို့နာမည်ပေးရခြင်းက အဲဒီခေတ်က သူတို့နယ်မြေမှာ အဆာလို့ခေါ်တဲ့ နာမည်ကြီးဆရာဝန်တစ်ဦးရှိခဲ့တယ်။ မိဘတွေက အဆာကို ဆရာဝန်တစ်ဦး ဖြစ်စေချင်ခဲ့တယ်။ ဒါပေမဲ့ အဆာဟာ မိဘတွေဖြစ်စေချင်တဲ့ ဆရာဝန်၊ ဒါမှမဟုတ် ဆေးကျောင်းက ပါမောက္ခ မဖြစ်ခဲ့ဘဲ ထင်ရှားကျော်ကြားတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ခဲ့ပါတယ်။

အဆာ ကျောင်းနေစဉ်အရွယ်မှာ အမေရိကန်ပြည်တွင်းစစ် ဖြစ်ပွားခဲ့တယ်။ ပြည်တွင်းစစ်ပြီးနောက် ဖခင် အသည်းအသန် ဖျားနာခဲ့တယ်။ အိမ်ရဲ့ စီးပွားရေးအခြေအနေက တစ်ဟုန်ထိုး ကျဆင်းခဲ့တော့တယ်။ (၁၉) နှစ်အရွယ်မှာ မိဘတွေကို တစ်ဖက်တစ်လမ်းက ကူညီဖို့ အဆာ ကျောင်းထွက်ခဲ့တယ်။

တခြားကလေးတွေ ငယ်ရွယ်စဉ်ကလိုပဲ အဆာလည်း ကပျက်ကချော်၊ စနောက်တတ်တာတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲ စနောက်ကျီစယ်ပါစေ တခြားသူကို ထိခိုက်နာကျင်စေမယ့်၊ နစ်နာစေမယ့် ကျီစယ်မှုမျိုးကို မလုပ်မိဖို့ အဆာ ဂရုစိုက်ခဲ့ပါတယ်။ "အပေါင်းအသင်းတွေကို မထိခိုက်မနစ်နာစေ" တဲ့ခေါင်းစဉ်အောက်ကနေ ထက်မြက်ထူးချွန်တဲ့လူတွေကိုအဆာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီလူတွေနဲ့ တူညီတဲ့ ရည်မှန်းချက်၊ ဦးတည်ချက်တစ်ခုအတွက် အားလုံးပိုင်းဝန်းကြိုးပမ်းပြီး စီးပွားရေးလုပ်ငန်းတွေအတွက် အောင်မြင်တဲ့ အခြေခံအုတ်မြစ်ကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ငယ်ရွယ်စဉ်မှာရှိခဲ့တဲ့ သူ့ရဲ့နောက်ပြောင်ကျီစယ်မှုတွေက "သူတစ်ပါးကို အမြင်မကပ်စေတဲ့ ကောင်ဆိုးလေး၊ ကပျက်ကချော် နောင်ပြောင်တတ်ပေမယ့် သူတစ်ပါးကို မထိခိုက်၊ မနစ်နာစေတဲ့ သူတစ်ပါးကို ပျော်ရွှင်မှုပေးတဲ့ ကောင်လေး" အဖြစ် လူတွေကြားမှာ ပြောစမှတ်တွင်ခဲ့ပါတယ်။

၁၈၇၀ ပြည့်နှစ်မှာ ကာတာစဗီး(လ်) (Cartersville) မြို့လေးက ဆေးဆိုင်မှာ သူ တပည့်ဝင်ခံခဲ့တယ်။ အလုပ်လုပ်နေရင်းက ဆေးစပ်ဆရာတစ်ဦးဖြစ်ဖို့ သူ ရည်ရွယ်ခဲ့တယ်။ ဆေးဆိုင်မှာ ၂ နှစ်ကြာလုပ်ပြီးနောက် ဒီအလုပ်နဲ့ပဲ သူ မတင်းတိမ်နိုင်ခဲ့ဘူး။ ဒီထက် ဘဝကို ပိုတိုးတက်အောင်ဆိုပြီး ဂျော်ဂျီယာရဲ့ မြို့တော် အတ္တလန္တာ (Atlanta) မြို့ဆီသွားဖို့ သူ ဆုံးဖြတ်လိုက်တယ်။ အဲဒီအချိန်မှာ သူ့အိတ်ကပ်ထဲမှာ ၁ ဒေါ်လာနဲ့ ၇၅ ပြားသာ ရှိခဲ့တယ်။ မနက်က

ညအထိ မြို့ထဲက လမ်းကြိုလမ်းကြားမကျန် သူ လျှောက်ပြီး အလုပ်ရှာခဲ့ပေမယ့် ငြင်းဆန်တာတွေနဲ့ပဲ ကြုံခဲ့ရတယ်။ နောက်ဆုံး ဆေးဆိုင်တစ်ဆိုင်က သူ့ကို သနားသောအားဖြင့် လက်ခံခဲ့ပါတယ်။ အဲဒီဆေးဆိုင်မှာနေပြီး အတွေ့အကြုံတွေ သူ စုဆောင်းခဲ့တယ်။ ဆေးကုန်သည်တွေနဲ့ သိကျွမ်းခဲ့တယ်။ ၁၈၇၇ ခုနှစ်မှာ သူနဲ့ သူငယ်ချင်းတစ်ဦးပူးပေါင်းပြီး ဆေးဝါးလက်လီဖြန့်ချိရေး ဆိုင်တစ်ဆိုင်ကို တည်ထောင်ခဲ့တယ်။ ဒီဆိုင်လေးနဲ့ အကျိုးအမြတ်များများ မရနိုင်မှန်း အဆာ သိတယ်။ ဒါကြောင့် တန်ဖိုးရှိပြီး ဈေးကွက်မှာဝင်ဆံ့မယ့် ဆေးတွေကို ရှာဖို့ အဆာ တွေးတောခဲ့တယ်။

၁၈၈၆ ခုနှစ် မေလမှာ ပင်ဘာတန် (Pemberton) လို့ ခေါ်တဲ့ ဆေးဆရာတစ်ဦးက အချိုရည်တစ်မျိုးကို စမ်းသပ်ခဲ့တယ်။ ဒီအချိုရည်ကို ကိုကာကိုလာ (Coca•cola) လို့ အမည်ပေးလိုက်တယ်။ ကိုကာကိုလာကို တောင်အမေရိကတိုက်နဲ့ အာဖရိကတိုက်က ရတဲ့ အပင်နှစ်မျိုးနဲ့ ဖော်စပ်ခဲ့တာဖြစ်တယ်။ ကိုကာကိုလာဆိုတဲ့ နာမည်ကို အထွေအထူးမစဉ်းစားဘဲ ခေါ်လို့ကောင်းရုံ နားထောင်ကောင်းရုံ မှည့်ခဲ့တာ ဖြစ်တယ်။ စစချင်းမှာ ကိုကာကိုလာကို အချိုရည်တစ်မျိုးအဖြစ် ဆေးဆိုင်ကနေ ရောင်းချခဲ့တယ်။ တစ်ခါက ပင်ဘာတန်ဟာ မထင်မှတ်ဘဲ ကိုကာကိုလာထဲ ဆိုဒါနဲ့ ရေခဲရောစပ်ပြီး စမ်းသောက်ကြည့်ခဲ့တယ်။ အရသာမဆိုးတာကြောင့် "ကိုကာကိုလာ ခန္ဓာကိုယ်လန်းဆန်းတက်ကြွစေသောအချိုရည်" ဆိုပြီး ဆေးဆိုင်မှာ ကြော်ငြာကပ်ပြီး ရောင်းခဲ့တယ်။ ဒီလိုနဲ့ ကိုကာကိုလာဟာ ပင်ဘာတန်တီထွင်ခဲ့တဲ့ ခေါင်းကိုက်ပျောက်ဆေးရည်နဲ့ အချိုရည်နာမည် ဖြစ်ခဲ့တယ်။

၁၈၈၈ ခုနှစ်မှာ ငယ်စဉ်က ဒဏ်ရာရခဲ့ဖူးလို့ ခေါင်းအမြဲကိုက်တတ်တဲ့ အဆာဟာ သူငယ်ချင်းရဲ့အကြံပေးမှုနဲ့ ကိုကာကိုလာကို သောက်ခဲ့မိတယ်။

ကိုလာကိုလာကြောင့် ခေါင်းကိုက်ဝေဒနာပျောက်သွားတဲ့ အဆာက ကိုကာကိုလာကို အမြဲသောက်ခဲ့တယ်။ သောက်နေရင်းက ဆေးဆရာတစ်ဦးဖြစ်တဲ့ သူဟာ ကိုကာကိုလာအချိုရည်ကို စိတ်ဝင်စားသွားမိတယ်။ လေ့လာမှုတွေပြုလုပ်ပြီးနောက် ပင်ဘာတန်ဟာ ဒီအချိုရည်ပြန့်ပွားဖို့ စီးပွားမလုပ်တတ်ဘူးဆိုတာကို သူ သိခဲ့လို့ ရောင်းဝယ်မှုမှာ ရှယ်ယာပါဝင်ဖို့ သူ ဆုံးဖြတ်ခဲ့တယ်။ ရှယ်ယာပါဝင်ပြီးနောက် ပင်ဘာတန်နဲ့ ပါဝင်တဲ့ထုတ်လုပ်သူ၊ ရောင်းဝယ်သူတွေက အလုပ်ကို သေချာစိစစ်လုပ်ကိုင်တာကို အဆာ မတွေ့ခဲ့ရသလို မသေသပ်တဲ့ အလုပ်တစ်ပိုင်းတစကို သူကိုယ်တိုင်လည်း မထိန်းသိမ်း၊ မအုပ်ချုပ်ချင်တာကြောင့် လက်လွှတ်ရမလား၊ ဒါမှမဟုတ် ရှယ်ယာအားလုံးကို ကိုယ်တစ်ဦးတည်းပိုင်အဖြစ် လုပ်မလားလို့ သူ စဉ်းစားခဲ့တယ်။ သူ လက်ရှိလုပ်ကိုင်နေတဲ့ ဆေးဝါးဖြန့်ဖြူးရေးဆိုင်ကလည်း စီးပွားကောင်းတာကြောင့် သူ့ဆေးဆိုင်က နေဖြန့်ရင် ကိုကာကိုလာကို ဒီ့ထက် လူပိုသိလာမယ်၊ ပိုဖွံ့ဖြိုးလာမယ်ဆိုတာကို အဆာ သိတယ်။

၁၈၈၈ ခုနှစ် ဩဂုတ်လ ၃၀ မှာ နောက်ဆုံးပေးချေငွေဖြစ်တဲ့ ဒေါ်လာ ၁၀၀၀ ကို အဆာပေးချေပြီးနောက် ကိုကာကိုလာရဲ့ရှယ်ယာတန်ဖိုးအားလုံး သူတစ်ဦးတည်းပိုင် ဖြစ်ခဲ့တယ်။ အဆာဟာ အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ချက်ချင်းဖမ်းဆုပ်ခဲ့တယ်။ ကိုကာကိုလာဟာ နောင်တစ်ချိန် အလားအလာကောင်းမယ့် ပစ္စည်းတစ်ခုဖြစ်နိုင်တယ်လို့ သူ ထင်တာနဲ့ ဒီပစ္စည်းရဲ့အခွင့်အားလုံးကို သူ ထိန်းချုပ်ချင်ခဲ့တယ်။ နောက်ဆုံးမှာ သူ့ဆန္ဒအတိုင်း သူ လုပ်နိုင်ခဲ့ပါတယ်။ ကိုကာကိုလာရဲ့လုပ်ပိုင်ခွင့်ကို သူ တစ်ဦးတည်းပိုင်ဆိုင်ပြီးနောက် ကိုကာကိုလာရဲ့အစွမ်းကို သူ အပြည့်အဝ ထုတ်ဖော်ခဲ့တော့တယ်။

၁၈၉၀ ပြည့်နှစ်မှာ အဆာဟာ တခြားစီးပွားရေးလုပ်ငန်းတွေကို ရပ်နားပြီး ကိုကာကိုလာမှာပဲ အာရုံစိုက်ခဲ့တယ်။ ဒါဟာ သူ့ရဲ့စွန့်စားမှုတစ်ရပ်လို့ ဆိုနိုင်တယ်။ သူ့ရဲ့ဆေးဝါးဖြန့်ဖြူးရေးလုပ်ငန်းကလည်း အောင်မြင်နေချိန်၊ ဘဝကို သူ သက်သောင့်သက်သာ ဖြတ်သန်းလို့ရတယ်ဆိုပေမယ့် လူသိမများသေးတဲ့၊ ရှေ့ရေးမရေရာသေးတဲ့ ကိုကာကိုလာအချိုရည်ပေါ်မှာပဲ သူ အာရုံစိုက်ခဲ့တယ်။ တစ်ဖက်က ဆေးကုမ္ပဏီကို ဆက်လုပ်ကိုင်ရင်း ကိုကာကိုလာ နာမည်ရ တည်ငြိမ်လာတဲ့အထိ သူ လုပ်ဆောင်နိုင်ပေမယ့် အဆာဟာ သူ့အတွက် လွတ်လမ်းတစ်ခုတောင် မချန်ခဲ့ပါဘူး။ ဒါဟာလည်း တခြားသူတွေနဲ့ မတူတဲ့ သူ့ရဲ့ သံမဏိစိတ်ဓာတ်ပဲ ဖြစ်တယ်။

အဆာရဲ့ကြိုးပမ်းမှု၊ ဖွဲ့လုံ့လတို့ကြောင့် နောက်ဆုံးမှာ ကိုကာကိုလာဟာ အခက်အခဲပေါင်းစုံကို ကျော်ဖြတ်ပြီး လူအများရဲ့လက်ထဲဆီ ပေးပို့ပေးနိုင်ခဲ့တာ နှစ်ပေါင်း ၁၀၀ ကျော် ရှိခဲ့ပါပြီ။ အခုဆိုရင် ကိုကာကိုလာဟာ အမေရိကန်နိုင်ငံရဲ့ နာမည်ကြီးတံဆိပ်၊ ကမ္ဘာ့နာမည်ကြီးတံဆိပ်၊ အမေရိကန်နိုင်ငံရဲ့ ယဉ်ကျေးမှုတစ်ခုအဖြစ် ရပ်တည်နေခဲ့ပါပြီ။

အခွင့်အရေးက တစ်ခါတလေမှာ သင့်ကို ဖျတ်ခနဲ အကြည့်တစ်ချက်ပဲ ပေးတတ်တယ်။ အဲဒါကို သင်က သင့်အသိဉာဏ်နဲ့ သတိပြုရပါတယ်၊ လုပ်ဆောင်မှုနဲ့ ဖမ်းဆုပ်ရပါတယ်။ အဓိကအချက်က လုံလောက်တဲ့ သည်းခံစိတ်နဲ့ ကြိုးစားလုပ်ဆောင်ရပါတယ်။

အခွင့်ကောင်းအခါကောင်းက နတ်ဆိုးတစ်ပါးလိုပဲ သင့်ရှေ့ကို သူ ရုတ်တရက်ကျရောက်လာတယ်။ တကယ်လို့ သူရောက်လာချိန် သင့်မှာ အဆင်သင့်ဖြစ်မနေဘူးဆိုရင် သူက ရုတ်တရက်ပျောက်သွားပြန်တယ်။

အဲဒီအချိန်ကျရင် သင်ဘယ်လိုပဲ သက်ပြင်းချချ၊ အခွင့်ကောင်းအခါကောင်းက သင့်ဆီ နှစ်ခါလာလိမ့်မှာ မဟုတ်ပါဘူး။

တစ်သောင်းပုံတစ်ပုံ အခွင့်အရေးကိုတောင် လက်လွှတ်မခံဘူး ဆိုတာက ပိုမလွယ်ကူတဲ့ ကိစ္စပါ။ ဒါကို ဖမ်းဆုပ်နိုင်ဖို့ သင့်မှာ အကောင်းမြင်တဲ့၊ အပြုဆောင်တဲ့ စိတ်နေသဘောထားတွေလည်းရှိဖို့ လိုအပ်ပါတယ်။ ဘာကိစ္စ မဆို အကောင်းဘက်က တွေးတောတဲ့သူကမှ အခက်အခဲကြားကနေ အခွင့် အရေး၊ မျှော်လင့်ခြင်းတွေကို တွေ့မြင်မှာဖြစ်ပါတယ်။ တကယ်လို့ အခက်အခဲ လေးတစ်ခုနဲ့ ကြုံတာနဲ့ လက်လွှတ်ဖို့တွေးတောရင်၊ အမုန်းစိတ်ပွားရင် ဘယ် လောက်ပဲ ကောင်းတဲ့ အခွင့်အရေးဖြစ်ဖြစ် သင့်အနားကနေ လွတ်ထွက် သွားမှာပါပဲ။

ဒါကြောင့် လူ့ဘဝလမ်းမှာ တစ်သောင်းပုံတစ်ပုံ အခွင့်အရေးလေး ကိုပဲဖြစ်ဖြစ် ဖမ်းဆုပ်တတ်ရပါတယ်။ ပြီးရင် တကယ်လက်တွေ့ အကောင် အထည်ဖော် လုပ်ဆောင်ရပါတယ်။ ဒါမှ လူ့ဘဝစိတ်ကူးအိပ်မက်တွေတကယ့် အကောင်အထည်ဖော် ဖြစ်မြောက်အောင်မြင်မှာဖြစ်ပါတယ်။

* * *

# ချုန်ဂျူယန်

*Chung Ju-yung*

*(November 25, 1915 - March 21, 2001)*

***အခွင့်အရေးဆိုတာ အမြဲရှိနေတာပါ***

တောင်ကိုးရီးယားနိုင်ငံသား ချုန်ဂျူယန်ဟာ ဟွန်ဒိုင်း (Hyundai) ကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူ ဖြစ်တယ်။ ဟွန်ဒိုင်းကုမ္ပဏီက ကားထုတ်လုပ်မှုအပြင် တည်ဆောက်ရေးလုပ်ငန်း၊ သင်္ဘောဆောက်လုပ်ရေး၊ အကြီးစား လျှပ်စစ်စက်ယန္တရား၊ အီလက်ထရွန်နစ်ဆိုင်ရာ လုပ်ငန်းများပါ လုပ်ကိုင်ပါတယ်။ အစုစပ်ရှယ်ယာတွေ လုပ်ကိုင်နေကြတဲ့ ကမ္ဘာ့စီးပွားရေးလောကမှာ သူဟာ တစ်ဦးတည်းလုပ်ကိုင်သူအဖြစ် ကျော်ကြားခဲ့ပါတယ်။

## မွေးဖွားကြီးပြင်းပုံ

၁၉၁၅ ခုနှစ် နိုဝင်ဘာလမှာ ချုန်ဂျူယန်ကို ကန်ဝန် (Kangwon) ဒေသ (ယခုအခါ မြောက်ကိုးရီးယားအပိုင်) က ဆင်းရဲသား လယ်သမားမိသားစုမှ မွေးဖွားခဲ့တယ်။ မွေးချင်း ၈ ယောက်ရှိတဲ့အနက် သူဟာ အကြီးဆုံးသားဖြစ်တယ်။

သူဟာ (၁၀) နှစ်အရွယ်ကတည်းကစ မနက် ၄ နာရီမှာအိပ်ရာထပြီး ဖခင်နဲ့အတူ လယ်ထဲဆင်းခဲ့ရတယ်။ ဖခင်က သူ့ကို မောင်နှမတွေကြားမှာ စံပြသားတစ်ဦးဖြစ်အောင်၊ အလုပ်ကြိုးစားတဲ့ လယ်သမားတစ်ဦးဖြစ်အောင် မွေ့ာ်လင့်ခဲ့တယ်။ တစ်ရက်ပြီး တစ်ရက် လယ်သမားအဖြစ်နဲ့ ဘဝကို သူ

ဖြတ်သန်းခဲ့ပေမယ့် လယ်ယာမြေတောထဲကနေ အပြင်ကို လျှောက်လှမ်းထွက်နိုင်ဖို့ သူ ဆန္ဒပြင်းပြခဲ့တယ်။ ဒီထက်ပိုကောင်းတဲ့လမ်းကို လျှောက်လှမ်းဖို့ သူ မျှော်လင့်ခဲ့တယ်။ အဲဒီတုန်းက ရွာသူကြီးအိမ်မှာ သတင်းစာတွေရှိတော့ ချန်ဂျူယန်က နေ့တိုင်း သူကြီးအိမ်သွားပြီး အပြင်လောကနဲ့ မပြတ်အောင် သတင်းစာ သွားဖတ်ခဲ့တယ်။ သတင်းစာဖတ်ရင်း အပြင်လောကဆီ သူ ပိုပြီး သွားချင်ခဲ့တယ်။

၁၉၃၁ ခုနှစ် မူလတန်းပညာကို သူ အောင်မြင်ပြီးကတည်းက အိမ်ကနေ ၄ ကြိမ်တိုင်တိုင် သူ ထွက်ပြေးခဲ့တယ်။ အပြင်ထွက် အလုပ်လုပ်မယ်ဆိုတိုင်း ဖခင်ပြန်ခေါ်တာနဲ့ပဲ ကြုံခဲ့ရတယ်။ တစ်ခါက ခရီးစရိတ်ရဖို့ အိမ်မှာ တန်ဖိုးအရှိဆုံးဖြစ်တဲ့ နွားနှစ်ကောင်ကို ရောင်းပစ်လိုက်လို့ ဖခင်ရဲ့အဆူအဆဲကို ခံခဲ့ရသေးတယ်။

၁၉၃၅ ခုနှစ်မှာ အိမ်ကနေ သူ ထွက်ခွာခဲ့ပြန်တယ်။ Incheon ဆိပ်ကမ်းမှာ ကုန်တင်ကုန်ချအလုပ်သမားအဖြစ် သူ လုပ်ခဲ့တယ်။ ဆိုးလ်မြို့မှာလည်း အလုပ်သမားအဖြစ် ၁ နှစ်ခန့် အလုပ်လုပ်ခဲ့တယ်။ နောက်ပိုင်းမှာ ဆက်ဆံရေးကောင်းတဲ့ ဆန်ဆိုင်တစ်ဆိုင်မှာ သူ အလုပ်လုပ်ဝင်လုပ်ခဲ့တယ်။ အဲဒီအချိန်က သူ့အသက် (၂၀) မပြည့်သေးပါဘူး။

ဆန်ဆိုင်သူဌေးက အလုပ်ကြိုးစားတဲ့ ချန်ဂျူယန်ကို သဘောကျနှစ်သက်ခဲ့တယ်။ ဆန်ရောင်းဝယ်သူတချို့နဲ့ သူ့ရဲ့ခင်မင်ရင်းနှီးဆက်ဆံမှုတွေက နောက်ပိုင်းမှာလုပ်ကိုင်မယ့် စီးပွားရေးလုပ်ငန်းအတွက် အခြေခံကောင်းပဲဖြစ်တယ်။

၁၉၃၈ ခုနှစ်မှာ ဆန်ဆိုင်သူဌေး အပြင်းဖျားနာခဲ့တယ်။ တစ်ဦးတည်းသော သားကလည်း လက်ကြောမတင်းတာကြောင့် ချန်ဂျူယန်ကို ဦးစီး

လုပ်ကိုင်စေခဲ့တယ်။ ဒါဟာ သူ့အတွက် အခွင့်အရေးဖြစ်တယ်။ ချန်ဂျူယန် ဟာရလာတဲ့ငွေတချို့ကိုအိမ်ပြန်ပို့ခဲ့တယ်။ သူ့အသက် (၂၂) အရွယ်မှာအိမ်က သဘောတူသူနဲ့ လက်ထပ်ပြီး ဘဝကို ဇနီးနဲ့အတူ ရုန်းကန်ခဲ့ကြတယ်။ ဇနီး ဖြစ်သူဟာ လမ်းဘေးမှာ တိုဟူးရောင်းပြီး အိမ်စီးပွားကို ကူညီဖြည့်ခဲ့တယ်။ ဒါပေမဲ့ သိပ်မကြာပါဘူး။ ဂျပန်တွေဟာ တရုတ်ပြည်ကို ဝင်ရောက်ကျူး ကျော်ခဲ့သလို ကိုရီးယားနိုင်ငံက စားနပ်ရိက္ခာကိုလည်း ထိန်းချုပ်ခဲ့တာကြောင့် ချန်ဂျူယန်ရဲ့ဆန်ဆိုင်လည်း အပိတ်ခံလိုက်ရတယ်။

ဆန်ဆိုင်အပိတ်ခံရတာဟာ ချန်ဂျူယန်ကို အကြီးအကျယ် တုန် လှုပ်သွားစေခဲ့တယ်။ ဒါပေမဲ့ သူ စိတ်မလျှော့ခဲ့ဘူး။ မိတ်ဆွေတွေဆီမှာ ပိုက်ဆံချေးပြီး အဲဒီခေတ်အခါတုန်းက အကျိုးအမြတ်ရနိုင်တဲ့ ကားပြုပြင်ရေး လုပ်ငန်းကို လုပ်ကိုင်ခဲ့တယ်။ ဒါပေမဲ့ ဆိုင်ဖွင့်ပြီး ငါးရက်အကြာမှာ အလုပ်ရုံ မီးလောင်ခဲ့ပါတယ်။ ဘုရားသခင်က ချန်ဂျူယန်ရဲ့သည်းခံစိတ်ကို အမျိုးမျိုး စမ်းသပ်နေခဲ့သလိုပါပဲ။ ဒါတောင် ချန်ဂျူယန် စိတ်မပျက်ခဲ့ပါဘူး။ သူ့မှာလည်း စိတ်ပျက်နိုင်လောက်တဲ့ အစွမ်းအစနဲ့ အချိန်မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိသားစုအယောက် ၂၀ လောက်က သူ့ကို မှီခိုနေရလို့ပဲဖြစ်တယ်။ မိတ်ဆွေ တွေ၊ ဖောက်သည်တွေဆီမှာ သူ ပိုက်ဆံချေးပြန်တယ်။ သူ့မိတ်ဆွေတွေက လည်း သူဟာ ယုံကြည်ရသူဆိုတာကို သိထားလို့ ပိုက်ဆံတွေကို ယုံယုံကြည် ကြည်နဲ့ ချေးခဲ့ကြတယ်။ ဒီအဖြစ်နဲ့ကြုံပြီးနောက် ချန်ဂျူယန် အသိတရား တစ်ခု ရသွားခဲ့တယ်။ အဲဒီအသိတရားက “ယုံကြည်မှု၊ နာမည်ကောင်းဆိုတာ အရာအားလုံး” ဆိုတာပဲ ဖြစ်တယ်။

ခြေလှမ်းတစ်လှမ်းတိုင်းကို ကြိုးကြိုးစားစား လက်တွေ့ကျကျ လှမ်း ရင် အခွင့်အရေးဆိုတာ ရှိစမြဲဖြစ်တယ်။ ယုံကြည်မှုကို လက်ကိုင်ထားရင်

ကူညီမယ့်သူက ပေါ်လာတတ်ပါတယ်။ သင် စိတ်ဓာတ်မကျသရွေ့ အခွင့်ကောင်းအခါကောင်းက ရောက်ကိုရောက်လာမှာ ဖြစ်တယ်။

၁၉၄၀ပြည့်နှစ်ဖေဖော်ဝါရီလ၁ရက်နေ့မှာကားပြုပြင်ရေးလုပ်ငန်းကို ချန်ဂျူယန် အသစ်တစ်ဖန် ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ပြုပြင်ရေးလုပ်ငန်းကို လုပ်ကိုင်နေစဉ်အတွင်းမှာ ကားအကြောင်း၊ အင်ဂျင်ရဲ့ဖွဲ့စည်းပုံ၊ လုပ်ဆောင်ပုံတွေကို သူ ဗဟုသုတရခဲ့တယ်။ လုပ်ငန်းမှာ ဝန်ထမ်း ၁၆၀ လောက်ရှိနေပြီဆိုပေမယ့် ချန်ဂျူယန်ရဲ့ မနက်ပိုင်း အစားအစာက ဆန်ပြုတ်နဲ့ ကင်မ်ချီပဲဖြစ်တယ်။ သူ့ရဲ့မိခင်နဲ့ဇနီးက ဝန်ထမ်းတွေအတွက်အချက်အပြုတ်တာဝန်ကို ယူခဲ့တယ်။ လုပ်စရာတွေ များလွန်းလို့ ခေါင်းမော့ချိန်တောင် မရခဲ့ကြဘူး။ ဒီလိုနဲ့ မိသားတစ်စုလုံး ဝိုင်းဝန်းကြိုးပမ်း အားထုတ်မှုအောက်မှာ ကားပြုပြင်ရေးလုပ်ငန်းဟာ တစ်နေ့ထက်တစ်နေ့ ကြီးထွားလာခဲ့တော့တယ်။

၁၉၄၅ ခုနှစ်မှာ ဂျပန်တွေ စစ်ရှုံးပြီး လက်နက်ချခဲ့လို့ တစ်နိုင်ငံလုံး ပျော်ရွှင်ခဲ့ကြတယ်။ အမေရိကန်တပ်တွေက အိမ်ရာမြေကွက်တွေကို လေလံတင် ရောင်းချခဲ့တယ်။ ချန်ဂျူယန်နဲ့ မိတ်ဆွေတချို့က အသိမ်းခံထားရတဲ့ မြေကွက်တစ်ကွက်ကို ဝယ်ပြီး ကားအလုပ်ရုံ ဖွင့်ခဲ့တယ်။ အဲဒီအလုပ်ရုံမှာ "ဟွန်ဒိုင်း မော်တော်ကား စက်မှုလုပ်ငန်း" ဆိုတဲ့ ဆိုင်းဘုတ်ကို ပထမဆုံး ချိတ်ဆွဲခဲ့ပါတယ်။

အဲဒီတုန်းက ကိုးရီးယားတောင်ပိုင်းဘက် အမေရိကန်စစ်ကားတွေ အဝင်များခဲ့တယ်။ ချန်ဂျူယန်က အတွေ့အကြုံ ပြည့်ဝပြီး ကျွမ်းကျင်မှု၊ ယုံကြည်မှုလည်းရှိတာကြောင့် အချိန်တိုတို တစ်နှစ်အတွင်းမှာ သူ့ရဲ့စက်ရုံဟာ စက်ရုံကြီးတစ်ရုံအသွင် ပြောင်းခဲ့တော့တယ်။

စစ်ပြီးနောက် ကိုရီးယားနိုင်ငံဟာ အဘက်ဘက်မှာ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ဒါကို အကွက်မြင်တဲ့ ချန်ဂျူယန်က ကားပြုပြင်ရေးလုပ်ငန်းက အမြတ်အစွန်းနည်းတယ်၊ ဆောက်လုပ်ရေးလုပ်ငန်းက တစ်ခေတ်ထနိုင်တယ်လို့ တွေးခဲ့တယ်။

၁၉၄၇ ခုနှစ် မေလ ၂၅ ရက်နေ့မှာ "ဟွန်ဒိုင်းမော်တော်ကား စက်မှုလုပ်ငန်း" ဆိုတဲ့ ဆိုင်းဘုတ်ရဲ့ဘေးမှာ "ဟွန်ဒိုင်း ဆောက်လုပ်ရေးလုပ်ငန်း" ဆိုတဲ့ ဆိုင်းဘုတ်တစ်ခု ထပ်ချိတ်ဆွဲခဲ့ပါတယ်။ မိတ်ဆွေတချို့က ကိုယ်နဲ့ စိမ်းတဲ့လုပ်ငန်းကို မလုပ်ကိုင်ဖို့ တားမြစ်ခဲ့ပေမယ့် ချန်ဂျူယန်က "ဆိပ်ကမ်းမှာ ကျွန်တော် ကူလီထမ်းခဲ့ဖူးတယ်၊ လူတိုင်းထက် အတွေ့အကြုံပြည့်ဝတယ်" လို့ ဆိုခဲ့ပါတယ်။ အဲဒီမေလ ၂၅ ရက်နေ့က နောင်တစ်ချိန်မှာ "ဟွန်ဒိုင်း" ကုမ္ပဏီရဲ့ မွေးရက်ဖြစ်ခဲ့ပါတော့တယ်။

အခွင့်အရေးဆိုတာ နေရာတကာမှာ ရှိကို ရှိနေပါတယ်။ အခွင့်အရေးရောက်လာချိန်မှာ အချိန်မီဖမ်းဆုပ်ရမှာဖြစ်သလို အလွယ်တကူလည်း လက်မလွှတ်ရပါဘူး။ အခွင့်အရေးဟာ နေရာတိုင်းမှာ အမြဲရှိနေသလို သူနဲ့ တွေ့ကြုံသူတွေကိုလည်း အမျိုးမျိုး စမ်းသပ်တတ်ပါတယ်။ ဒါကို တချို့က သဘောမပေါက်ကြဘဲ စမ်းသပ်ခံရတာနဲ့ လက်လွှတ်တာမျိုး၊ အလျှော့ပေးတာမျိုး လုပ်တတ်ကြတယ်။ အဲဒီအခါ အောင်မြင်ခြင်းနဲ့ အလှမ်းဝေးသွားရပါတော့တယ်။

* * *

## ထင်ရှားသူတို့၏ဘဝပုံပြင်

### အခန်း (၅)

လူတိုင်းက သိပ်အားမစိုက်ထုတ်ရဘဲ တောင်ပေါ်အထိတက်လှမ်းနိုင်မယ့်လမ်းကို ရှာဖွေချင်ကြတယ်။ တောင်ထိပ်ရောက်ဖူးသူကို ဘယ်လမ်းက ပိုချောမွေ့သလဲလို့လည်း မေးတတ်ကြတယ်။ တောင်ထိပ်ရောက်ဖူးသူတွေက "တောင်ပေါ်ကိုရောက်ဖို့ ဖြတ်လမ်းမရှိဘူး။ လမ်းတိုင်းက ကွေးကွေးကောက်ကောက်၊ မတ်စောက်တာချည်းပဲ။ တောင်ထိပ်ကိုရောက်ချင်ရင် တစ်ခါတလေမှာ ချောက်ကမ်းပါးကိုလည်း ဖြတ်ကျော်ရတယ်" လို့ ဆိုပါတယ်။

အောင်မြင်ခြင်းဆီသွားတဲ့လမ်းဟာလည်း ချောမွေ့နေမှာ မဟုတ်ပါဘူး။ တွေ့ကြုံရင်ဆိုင်မှ သင်ခန်းစာကို ရတယ်။ ကျရှုံးခြင်းကို မခံစားဖူးရင် အောင်မြင်ခြင်းကိုလည်း တန်ဖိုးထားတတ်မှာ မဟုတ်ပါဘူး။ ကျရှုံးခြင်းကို မခံစားဖူးရင် မကျရှုံးဖို့ ကိုယ့်ကိုယ်ကိုယ် အားပေးတတ်မှာ မဟုတ်ပါဘူး။ အောင်မြင်ခြင်းဆီသွားဖို့ ဖြတ်လမ်းမရှိပါဘူး။ ဒါပေမဲ့ နည်းလမ်းရှိပါတယ်။ အဲဒီနည်းလမ်းက ကြိုတင်ပြင်ဆင်တာ၊ လက်တွေ့ကျကျ အကောင်အထည်ဖော် လုပ်ဆောင်တာပဲ ဖြစ်ပါတယ်။

# ဝေါ်လ်တာအီလိယပ်ဒစ္စနေ

*Walter Elias Disney*

*(December 5, 1901 – December 15, 1966)*

*ကိုယ်ထက်သန်ရာကို ထုတ်ဖော်အသုံးပြုပါ*

ကာတွန်းမစ်ကီမောက်စ်နဲ့ ဒိုနယ်ဒပ်(ခ်) (Donald Duck) တို့ရဲ့ ရုပ်ပုံလွှာဟာ ၁၉၃၀ ခေတ်ကာစ ယနေ့ထိတိုင် သက်ဝင်လှုပ်ရှားနေဆဲ ဖြစ်တယ်။ လူကြီး၊ လူငယ် နှစ်သက်တဲ့၊ အခွန့်ရှည်တည်တံ့တဲ့ ကာတွန်းဇာတ်ကောင်တွေ ဖြစ်ခဲ့တယ်။ ဝေါ့ဒစ္စနေ (Walt Disney) ကိုတော့ မစ်ကီမောက်စ်ရဲ့ဖခင်လို့ လူတွေ တင်စားခဲ့ပါတယ်။ နောက်ပိုင်းမှာ ချစ်စရာကောင်းတဲ့ ကာတွန်းဇာတ်ကောင်တွေကို အခြေခံပြီး ဒစ်စနီအပန်းဖြေဥယျာဉ်ကို သူ ဖန်တီးခဲ့ပြန်တယ်။ ဒစ်စနီဥယျာဉ်ဟာ ကမ္ဘာ့ထူးခြားဆန်းကြယ်မှုတွေထဲက နံပါတ် ၉ နေရာမှာ ရှိပါတယ်။

## မွေးဖွားကြီးပြင်းပုံ

ဝေါ့ဒစ္စနေကို ၁၉၀၁ ခုနှစ် အမေရိကန် ချီကာဂိုမြို့မှာ မွေးဖွားခဲ့တယ်။ သူ့မှာ အစ်ကို ၃ ယောက်နဲ့ နှမတစ်ယောက် ရှိပါတယ်။ အစ်ကိုတွေက သူနဲ့ အသက်တော်တော် ကွာပါတယ်။ သူ့ဖခင်က သားတွေအပေါ် စည်းကမ်းတော်တော်ကြီးခဲ့တယ်။ သားအကြီး ၃ ယောက်စလုံးက ဖခင်ရဲ့လယ်ယာမြေမှာ အလုပ်သမား ဖြစ်ခဲ့တယ်။ တခြားအလုပ်သမားတွေလို သူတို့ဟာ မနက်

စောစော ယာတောထဲဆင်းပြီး နေဝင်မိုးချုပ်ထိ အလုပ်လုပ်ခဲ့ရတယ်။ ဒစ္စနေရဲ့ အဖော်တွေဆိုလို့ ခြံထဲက ကြက်၊ ဘဲ၊ ဝက်၊ ခွေးတွေပဲ ရှိခဲ့ပါတယ်။

ဒစ္စနေဟာ ကစားစရာအဖော် မရှိခဲ့လို့ စာရွက်ပေါ်မှာ အဲဒီတိရစ္ဆာန်ပုံတွေပဲ ဆွဲခဲ့တယ်။ သားမှာ ပုံဆွဲပါရမီရှိတာကို မိခင်က သတိပြုမိခဲ့ပြီး သူ့အတွက် ပုံဆွဲစာအုပ်တွေ ဝယ်ပေးခဲ့တယ်။ ပုံဆွဲစာအုပ်ရတော့ ဒစ္စနေ နေ့တိုင်း ပုံတွေကို ဆွဲခဲ့တယ်။ ဆွဲလေ လက်ရာကောင်းလေ ဖြစ်ခဲ့တယ်။ တစ်ခါက ဆရာဝန်တစ်ဦးက သူဆွဲတဲ့ပုံကို ကြိုက်လို့ ပိုက်ဆံ ၅ ဆင့်ပေးပြီး ဝယ်ခဲ့တယ်။ ဒါဟာ ပထမဆုံးအကြိမ် ပန်းချီဆွဲပြီး ဝင်ငွေရတာမို့ ဒစ္စနေ အပျော်ကြီးပျော်ခဲ့တယ်။

အသက် (၁၅) နှစ်အရွယ်မှာ ဒစ္စနေဟာ သူ့ဘဝလမ်းကြောင်းကို သတ်မှတ်ထားပြီး ဖြစ်တယ်။ နောင်တစ်ချိန်မှာ နာမည်ရ ပန်းချီဆရာတစ်ဦး ဖြစ်ဖို့ သူ မျှော်မှန်းခဲ့တယ်။ ဒါကြောင့် အားလပ်ချိန်တွေမှာ သူ ပန်းချီတွေ ပိုဆွဲဖြစ်ခဲ့တယ်။ နေ့ပိုင်းမှာကျောင်းတက်ပြီးညပိုင်းမှာ ချီကာဂိုအနုပညာသင်တန်းကျောင်းမှာ သူ ပန်းချီဆွဲသင်ခဲ့တယ်။ အဲဒီသင်တန်းကျောင်းက ပုဂ္ဂလိကကျောင်းဖြစ်ပြီး ဆရာရဲ့သွန်သင်မှုအောက်မှာ သူ့လက်ရာဟာ ပိုတိုးတက်လာခဲ့တော့တယ်။

နောက်ပိုင်းမှာ "ချီကာဂိုသံတော်ဆင့်" သတင်းစာမှာ ကာတွန်းရေးဆရာတစ်ဦးနဲ့ ဒစ္စနေတို့ တွေ့ဆုံခဲ့ကြတယ်။ အဲဒီဆရာက ဒစ္စနေရဲ့ဘဝကို များစွာအကျိုးသက်ရောက်မှု ရှိခဲ့တယ်။ ဆရာရဲ့သွန်သင်လမ်းညွှန်မှု အောက်မှာ ဒစ္စနေရဲ့ ပန်းချီစွမ်းရည်က မြင့်သထက် မြင့်လာခဲ့ပါတယ်။

၁၉၁၈ ခုနှစ်မှာ အမေရိကန်နိုင်ငံလည်း ပထမကမ္ဘာစစ်ထဲ ပါဝင်ခဲ့တယ်။ ဒစ္စနေက ကြက်ခြေနီအသင်းထဲ ဝင်ရောက်ခဲ့ပြီး လူနာတင်ကား

မောင်းသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ စစ်ပွဲပြီးဆုံးတဲ့နောက် ချီကာဂို မြို့ဆီ သူ ပြန်ရောက်ခဲ့ပြီး ပန်းချီကို ဆက်လက်ရေးဆွဲခဲ့တယ်။ သတင်းစာ တစ်နေရာရာမှာ ကာတွန်းတည်းဖြတ်သူအဖြစ် သူ လုပ်ချင်ခဲ့ပေမယ့် စိတ် ကြိုက်အလုပ်တစ်ခုကို ရှာဖို့ မလွယ်ကူခဲ့ပါဘူး။ အကြိမ်ကြိမ် ကြိုးစားပြီးရှာခဲ့ ပေမယ့် အရှုံးနဲ့ပဲ သူ ရင်ဆိုင်ခဲ့ရတယ်။ နောက်ပိုင်းမှာ ကြော်ငြာကုမ္ပဏီတစ်ခု မှာ သူ အလုပ်ဝင်လုပ်ခဲ့ပါတယ်။

အလုပ်ကိုတစ်ဖက်ကလုပ်ရင်း တစ်ဖက်မှာလည်း သင်ယူလေ့လာ မှုတွေ သူ မပြတ်လုပ်ဆောင်ခဲ့တယ်။ အားလပ်ချိန်တွေမှာ ရုပ်ရှင်ရုံဘက် သူ ခြေဦးလှည့်ခဲ့ပြီး ပော်လီဝုဒ်ဟာသသရုပ်ဆောင်တို့ရဲ့ အမာခံပရိသတ်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ ဟာသကားတွေက အပိုကားအဖြစ် ကြားညှပ်ထည့်ပေးတဲ့ ကားတိုတွေဖြစ်တဲ့အပြင် တချို့လှုပ်ရှားမှု ရုပ်ပုံတွေက လက်ရာကြမ်းပြီး ကလေးဆန်တယ်လို့ သူ ထင်ခဲ့တယ်။ ဒီဇာတ်ကားတွေကို သူ ကြိုက်ပေမယ့် အားမလိုအားမရလည်း ဖြစ်ခဲ့ပါတယ်။ ကိုယ်ကိုယ်တိုင် ဒီထက်ပိုပြောင်မြောက် တဲ့ အရာတချို့ဖန်တီးနိုင်လိမ့်မယ်လို့လည်း သူ့ကိုယ်သူ ယုံကြည်ခဲ့တယ်။ ဒီလိုအတွေးမျိုး ဝင်ပြီးတဲ့နောက် ဒစ္စနေဟာ စာကြည့်တိုက်သွားပြီး ရုပ်ရှင် လှုပ်ရှားသက်ဝင်ပုံများ ဖန်တီးမှု (animation) ပန်းချီစာအုပ်တွေကို သွားဖတ် ခဲ့တယ်။

၁၉၂၂ ခုနှစ်မှာ ငွေကြေးတချို့သူ စုဆောင်းရမိတာနဲ့ ကြော်ငြာ ကုမ္ပဏီကနေ သူ အလုပ်ထွက်ခဲ့ပါတယ်။ စုထားတဲ့ ငွေကြေးဒေါ်လာ ၁၅၀၀ နဲ့ ကိုယ်ပိုင်လှုပ်ရှားသက်ဝင်ပုံများ ဖန်တီးမှုကုမ္ပဏီတစ်ခုကို သူ တည်ထောင် လိုက်တယ်။ ဒါဟာ သူ့ကိုယ်ပိုင်လုပ်ငန်းအတွက် သူ့ရဲ့ပထမဆုံးခြေလှမ်း ဖြစ်ခဲ့ပါတယ်။

ကုမ္ပဏီကနေ ပထမဆုံး ၇ မိနစ်ခန့်ကြာတဲ့ ဇာတ်ကားတို နှစ်ကား ထွက်ခဲ့တယ်။ ဒက္ကာရီပုံပြင်ကနေ ကောက်နုတ်ရိုက်ကူးထားတဲ့ ဇာတ်လမ်းတိုတွေ ဖြစ်တယ်။ ရုံတင်ပြသချိန်မှာ ပရိသတ်တွေရဲ့ကြိုက်နှစ်သက်တာကို ခံခဲ့ရလို့ ဝန်ထမ်းနှစ်ဦးငှားပြီး တစ်နိုင်ငံလုံးဆီ ဈေးကွက်ဆင်းစေခဲ့တယ်။ ဒါပေမဲ့ မထင်မှတ်ဘဲ ဝန်ထမ်းနှစ်ဦးဟာ ကုမ္ပဏီရဲ့ငွေတွေကို ယူပြီး ထွက်ပြေးသွားခဲ့ပါတယ်။ ဒီအဖြစ်အပျက်ကြောင့် ဒစ္စနေဟာ ငွေရေးကြေးရေးအခက်အခဲ ကြုံခဲ့ပြီး ကုမ္ပဏီကို ဖျက်သိမ်းခဲ့ရတယ်။ အဲဒီနောက် ဒစ္စနေဟာ ယူနီဗာဆယ် (Universal) သတင်းဌာနမှာ သတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။

၁၉၂၃ ခုနှစ် နွေရာသီမှာ ဒစ္စနေဟာ လော့(စ်)အန်ဂျလိ(စ်) (Los Angeles) မှာရှိတဲ့ ဦးလေးဆီမှာ သွားနေခဲ့ပြီး တစ်ကနေ ပြန်စဖို့ သူ ဆုံးဖြတ်ခဲ့တယ်။ ဦးလေးဖြစ်သူက သူ့ကို ကားဂိုဒေါင်တစ်လုံး ငှားပေးခဲ့တယ်။ အစ်ကိုငယ်ဆီက ချေးငှားလို့ရတဲ့ ၁၀ ဒေါ်လာနဲ့ ကားဂိုဒေါင်ကို ဝေါ့ဒစ္စအန်နီမေးရှင်း ကုမ္ပဏီ ("Walt Disney Animation Company") လို့ နာမည်ပေးပြီး သူ့ရဲ့ အသက်မွေးဝမ်းကျောင်းလမ်းမပေါ် အသစ်တစ်ဖန် ခြေလှမ်းစချခဲ့ပါတယ်။

၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်မှာ ဝေါ့ဒစ္စနေ ကွယ်လွန်သွားခဲ့ပါတယ်။ ကိုလံဘီယာအသံလွှင့်ကုမ္ပဏီက ညနေခင်းသတင်းမှာ "ဒစ္စနေဟာ ဆန်းသစ်တီထွင်ဉာဏ်ပြည့်ဝတဲ့ ပါရမီရှင်တစ်ဦးပါ၊ သူက ကမ္ဘာ့တစ်ခွင်က လူတွေအတွက် ပျော်ရွှင်ကြည်နူးခြင်းတွေ သယ်လာခဲ့သူ ဖြစ်တယ်။ ဒါလေးနဲ့တင် သူ ပေးဆပ်ခဲ့တာတွေကို ကျွန်တော်တို့ ဆုံးဖြတ်ဝေဖန်ရင် မလုံလောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒစ္စနေဟာ လူတွေရဲ့စိတ်ဓာတ်ကို ကုသ၊ နှစ်သိမ့်

မှုတွေလည်း ပေးဆပ်ခဲ့လို့ပါပဲ။ သူ့ပေးဆပ်မှုက ကမ္ဘာပေါ်က စိတ်ရောဂါကု ဆရာဝန်တွေထက် ပိုများခဲ့ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

လူတိုင်းမှာ မွေးရာပါအရည်အချင်းတွေ ရှိကြတယ်။ ဘယ်လောက်ပဲ တုံးအတဲ့သူဖြစ်ဖြစ် သူ့ဆီမှာလည်း အသုံးဝင်တဲ့ အရည်အချင်းရှိပါတယ်။ ကျွန်တော်တို့က တခြားသူရဲ့အရည်အချင်းနဲ့ ထူးချွန်မှုကို အားကျတတ်ပြီး ကိုယ်ပိုင်အရည်အချင်းနဲ့ လုပ်နိုင်စွမ်းကိုတော့ လျစ်လျူရှုမိတတ်ကြတယ်။ ကိုယ့်လုပ်နိုင်စွမ်းကို ဖော်ထုတ်တာဟာ ယနေ့ခေတ်လူတွေမှာ ရှိသင့်တဲ့ အရာတွေထဲက တစ်ခုအပါအဝင် ဖြစ်တယ်။ စကားပုံတစ်ခုက "ဘဝဆိုတာ ပြဇာတ်တစ်ပုဒ်ပါ။ အဓိကက ပြဇာတ်အတို၊ အရှည်နဲ့ မဆိုင်ဘူး။ ပြဇာတ်ရဲ့ ကောင်းမွန်မှု၊ ထိရောက်မှုနဲ့ ဆိုင်ပါတယ်" လို့ ဆိုပါတယ်။

ကိုယ့်ရဲ့ထက်သန်ရာကို ရှာဖွေပြီး ကြိုးစားအားထုတ် လုပ်ဆောင်ခဲ့ရင် ကိုယ့်ကံကြမ္မာကို ကိုယ်ပြောင်းလဲနိုင်ပါတယ်။ အောင်မြင်ခြင်းသော့ကို ရှာဖွေနိုင်ပါတယ်။ ကိုယ့်ရဲ့ထက်သန်ရာ၊ ကောင်းစွာတတ်မြောက်တဲ့အရာကို အကျိုးရှိရှိ အသုံးချတတ်တာဟာ ကိုယ့်ဘဝတန်ဖိုးကို မြှင့်တင်ပေးပါတယ်။ လူတိုင်းမှာ အရည်အချင်းကိုယ်စီရှိပေမယ့် အဖိုးတန်ကျောက်မျက်ရတနာလို နေရာအထားမှားရင် အသုံးမဝင် ဖြစ်သွားတတ်ပါတယ်။

* * *

# အကီယိုမိုရီတာ

*Akio Morita*

*(January 26, 1921 - October 3, 1999)*

*မျက်စိရှေ့က အရာတွေနဲ့ အမြဲကျေနပ်မနေပါနဲ့*

ဆိုနီ (Sony) တံဆိပ်ဟာ လျှပ်စစ်ပစ္စည်းတွေနဲ့ ကမ္ဘာတစ်ခုလုံးကို ခေတ်ဆန်စေခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ အောင်မြင်ကျော်ကြားတဲ့ လမ်းဆီကို ဆိုနီ လျှောက်လှမ်းနိုင်ဖို့ အကီယိုမိုရီတာဟာ သုညဘဝကနေစခဲ့ပြီး လမ်းဘေးလုပ်ငန်းဆိုင်လေးတစ်ခုကနေ နိုင်ငံတကာကုမ္ပဏီကြီးတစ်ခုဖြစ်အောင် ကြိုးစားခဲ့ပါတယ်။

## မွေးဖွားကြီးပြင်းပုံ

၁၉၂၁ ခုနှစ်မှာ အကီယိုမိုရီတာကို ဂျပန်နိုင်ငံ ကိုဆူဂါယာ (Kosugaya) မြို့က စီးပွားရေးသမားမိသားစုမှ မွေးဖွားခဲ့တာ ဖြစ်တယ်။ သူ့မိဘလက်ထက်က လုပ်ကိုင်ခဲ့တဲ့ ဂျပန်အရက်ဟာ နာဂိုယာ (Nagoya) မြို့မှာ နာမည်ရပြီးသား ဖြစ်တယ်။ ဖခင်တို့ရဲ့လုပ်ငန်းကို မြင်ရဖန်၊ ကြားရဖန်များခဲ့တာမို့ အကီယိုမိုရီတာဟာ ၃ တန်းနှစ်ကတည်းက စီးပွားရေးလုပ်နိုင်တဲ့ အရည်အချင်းကို ထုတ်ပြနိုင်ခဲ့ပါတယ်။ အတန်းဖော်တွေအတွက် သူ ပြုလုပ်ခဲ့တဲ့ ကပ်ခွာစက္ကူလေးက တစ်ကျောင်းလုံးမှာ ခေတ်စားခဲ့ဖူးပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းမှာ စစ်ထဲမဝင်ချင်ခဲ့လို့ ဂျပန်စစ်တပ်တစ်ခုရဲ့ဌာနတစ်ခုမှာ သူ အလုပ်ဝင်လုပ်ခဲ့ပါတယ်။ အဲဒီမှာပဲ နောင်တစ်ချိန်

မှာ ဆိုနီကုမ္ပဏီကို တည်ထောင်မယ့် တည်ထောင်သူ နောက်တစ်ယောက်နဲ့ သူ သိကျွမ်းခင်မင်ပြီး သူငယ်ချင်းကောင်းတွေ ဖြစ်ခဲ့ကြပါတယ်။ အကီယို မိုရီတာဟာ မိဘတွေ အဆင်သင့် ခင်းပြီးသားလမ်းပေါ် မလျှောက်လှမ်းခဲ့ သလို သက်သောင့်သက်သာနေရတဲ့ ဘဝကိုလည်း မမက်မောခဲ့ပါဘူး။

(၂၅) နှစ်အရွယ်မှာ သူနဲ့ မာဆာရူအီဘူကာ (Masaru Ibuka) လို့ ခေါ်တဲ့ မိတ်ဆွေတစ်ဦးဟာ ကုန်တိုက်တစ်ခုရဲ့ အပျက်အစီးနေရာမှာ ကုမ္ပဏီ တစ်ခုကို အတူတည်ထောင်ခဲ့ပါတယ်။ သူတို့ကုမ္ပဏီမှာ ဝန်ထမ်း ၂၀ ခန့်ရှိပြီး မတူတဲ့ပစ္စည်းတွေကို ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီပစ္စည်းတွေထဲမှာ ရေဒီယို ကိရိယာတန်ဆာပလာတွေ ပါပါတယ်။

၁၉၄၉ ခုနှစ်မှာ ကုမ္ပဏီဝန်ထမ်းတို့ရဲ့ကြိုးစားအားထုတ်မှုနဲ့ ကက်ဆက် ခွေကို တီထွင်နိုင်ခဲ့သလို နောက်ပိုင်းမှာလည်း ကမ္ဘာ့ပထမဆုံး ကက်ဆက် တစ်လုံးကိုလည်း တီထွင်နိုင်ခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်မှာ ဈေးကွက်ဆီ တရား ဝင် တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။

စစချင်းမှာ အကီယိုမိုရီတာဟာ ဈေးကွက်ကျယ်ပြန့်ဖွံ့ဖြိုးဖို့ ချိန် ရွယ်ခဲ့သူပါ။ တရားရုံးက လက်ရေးတိုစာရေးတွေဟာ ဝန်ထမ်းမလုံလောက် လို့ အချိန်ပို အလုပ်ဆင်းရတယ်ဆိုတာကို ကြားတော့ အကီယိုမိုရီတာဟာ ချက်ချင်းပဲ သူတို့တီထွင်ထားတဲ့ ကက်ဆက်ကို နမူနာပြခဲ့ပါတယ်။ သိပ် မကြာခင်မှာပဲ တရားရုံးက ကက်ဆက်တွေကို ဝယ်ယူခဲ့တော့တယ်။

အဲဒီနောက် အကီယိုမိုရီတာရဲ့ ဈေးကွက်က စာသင်ကျောင်းဘက် ဆီ ဦးတည်ခဲ့ပါတယ်။ အဲဒီတုန်းက ဂျပန်ဟာ အမေရိကန်စစ်တပ်ရဲ့ ထိန်းချုပ်မှု ကို ခံနေရချိန် အင်္ဂလိပ်စာပညာရေးကို စတင်ချိန်ဖြစ်ပါတယ်။ အင်္ဂလိပ်စာ ဆရာ မလုံလောက်ခဲ့လို့ အထူးသဖြင့် စကားပြော၊ နားထောင်မှုမှာ အားနည်းခဲ့

တာကြောင့် အသံသွင်းလို့ရတဲ့ ကက်ဆက်ဟာ အသုံးဝင်တဲ့ ပစ္စည်းဖြစ်ခဲ့တယ်။ အကီယိုမိုရီတာနဲ့ မာဆာရူအီဘူကာဟာ ဈေးနှုန်းပိုချိုပြီး ပိုသေးငယ်တဲ့ စာသင်ကျောင်းနဲ့ ပိုသင့်တော်မယ့် ကက်ဆက်တစ်မျိုးကို တီထွင်လိုက်ကြပြန်တယ်။ ဒီလိုကက်ဆက်ဟာ အချိန်တိုတိုအတွင်းမှာပဲ တစ်နိုင်ငံလုံးက စာသင်ကျောင်းတွေဆီ ပျံ့နှံ့သွားခဲ့ပါတယ်။ အကီယိုမိုရီတာရဲ့လုပ်ငန်းက သူ့အတွက် ပိုခိုင်ခံ့တဲ့အခြေခံအုတ်မြစ်တစ်ခုကို တည်ဆောက်ပေးခဲ့ပါတယ်။ အကီယိုမိုရီတာဟာ ရှေ့ဆက်တိုးမယ့် ခြေလှမ်းတွေကို မရပ်တန့်ခဲ့ပါဘူး။ လက်ရှိပိုင်ဆိုင်နေတဲ့ အောင်မြင်မှုနဲ့ သူ မကျေနပ်ခဲ့သေးဘဲ ဒီထက် အသစ်အဆန်းတွေ တီထွင်ဖန်ဆင်းနိုင်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ကို မပြတ်ကြိုးစားခဲ့ပါတယ်။

၁၉၅၇ ခုနှစ်မှာ ဆန်းသစ်မှုတစ်မျိုးကို အကီယိုမိုရီတာ ပြုလုပ်နိုင်ခဲ့ပြန်တယ်။ အဲဒီဆန်းသစ်မှုက အိတ်ကပ်ထဲ ထည့်ထားနိုင်လောက်တဲ့ Semiconductor ရေဒီယိုပဲ ဖြစ်တယ်။ တကယ်တော့ ဒီရေဒီယိုဟာ ရိုးရိုးအိတ်ကပ် အတိုင်းအတာထက် ကြီးနေပါသေးတယ်။ ဒါပေမဲ့ ဒီလိုအခက်အခဲက မွေးရာပါ ပါရမီရှိတဲ့ အကီယိုမိုရီတာကို အလဲမထိုးနိုင်ခဲ့ပါဘူး။ သူဟာ ဂျပန်နဲ့အမေရိကန် ဈေးကွက်ထဲ ကုန်ပစ္စည်းတင်ပို့ ရောင်းချသူတွေဆီ အိတ်ကပ်ပိုကြီးတဲ့ အဝတ်အစားတွေကို မှာယူခဲ့ပါတယ်။ ဒီလိုနဲ့ အခက်အခဲတစ်ခုကို လွယ်လွယ်ကူကူ သူ ဖြေရှင်းနိုင်ခဲ့ပါတယ်။ အဲဒီရေဒီယိုကို အမေရိကန်ဈေးကွက်မှာ အခုတစ်သန်းခွဲ ရောင်းချနိုင်ခဲ့ပါတယ်။

ဒါဟာ အကီယိုမိုရီတာအတွက် အပြည်ပြည်ဆိုင်ရာဈေးကွက်ထဲ လုပ်ငန်းကိုတိုးချဲ့စေနိုင်မယ့် အခွင့်အရေးပဲဖြစ်တယ်။ ကမ္ဘာ့အကွာအဝေးတွေ နီးသထက်နီးလာတာကို သူ သတိပြုခဲ့မိပြီး ကမ္ဘာ့ဈေးကွက်ထဲ ဖွံ့ဖြိုးတိုးတက်

ဖို့ သူရည်မှန်းခဲ့သလို တစ်ကမ္ဘာလုံးမှာရှိတဲ့ သုံးစွဲသူတွေ သူ့တို့ရဲ့တံဆိပ်ကို ပိုသိလာဖို့ သူ မျှော်လင့်ခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ ကုမ္ပဏီကနေ ကမ္ဘာ့ပထမဆုံး Semiconductor တယ်လီဗေးရှင်းနဲ့ တခြားကုန်ပစ္စည်းသစ်တွေကို ထုတ်လုပ်ခဲ့ပြန်တယ်။ အမေရိကန်က ပိုလာရွိုက် (Polaroid) ကုမ္ပဏီကို တည်ထောင်ခဲ့တဲ့ နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင် အက်ဒွင်အိတ်(ချ်)လန်း (Edwin H.Land) လိုပဲ အကီယိုမိုရီတာဟာ နဂိုပြည့်ကျပ်နေတဲ့ ဈေးကွက်ထဲ မတိုးဝင်ချင်ခဲ့ဘဲ ကိုယ်ပိုင်ဈေးကွက်အသစ်တစ်ခုကို ထူထောင်နိုင်ဖို့ မျှော်လင့်ခဲ့သူဖြစ်တယ်။ သူဟာ ဈေးကွက်ကြီးထွား ကျယ်ပြန့်ရာမှာ လိုအပ်တဲ့အရာတွေကို ကြိုမြင်နိုင်စွမ်းရှိသူဖြစ်တယ်။ တစ်ခါတလေ သုံးစွဲသူတွေကတောင် ဒီလိုလိုအပ်ချက်တွေ ကိုယ်ကိုယ်တိုင်မှာ ရှိမှန်းတောင် မသိခဲ့ကြဘူး။ အဲဒီလိုမြင်နိုင်စွမ်းကပဲ အကီယိုမိုရီတာကို ထူးခြားဆန်းကြယ်မှုတွေ ဖြစ်စေခဲ့ပါတယ်။ ကုမ္ပဏီထုတ်ပစ္စည်းတွေက သုံးစွဲသူကို ဦးဆောင်ဆွဲခေါ်သူ ဖြစ်ရမယ်၊ သုံးစွဲသူနောက် နောက်ကောက်ကျနေရမှာ မဟုတ်ဘူးလို့ သူ ယုံကြည်ခဲ့တယ်။ ဥပမာ - နားကြပ်ကက်ဆက်လိုမျိုး၊ သုံးစွဲသူတွေက သူတို့ကိုယ်တိုင် ဘာလိုအပ်မှန်းတောင် မသိသေးခင် အကီယိုမိုရီတာက အရင်တီထွင်ပြီး ဖြည့်ဆည်းပေးလိုက်ပြီဖြစ်တယ်။

၁၉၆၀ ပြည့်နှစ်မှာ ဆိုနီဟာ အမေရိကန်ဆိုနီကုမ္ပဏီကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အကီယိုမိုရီတာက အမေရိကန်ကို ပြောင်းဖို့ဆုံးဖြတ်ခဲ့တယ်။ ဒါဟာ ဂျပန်စီးပွားရေးလောကမှာ မရှိခဲ့ဖူးတဲ့ လုပ်ငန်းတိုးချဲ့မှု ဖြစ်တယ်။ နောက်ပိုင်း ဂျပန်နိုင်ငံကို သူပြန်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာ သင်ယူလာခဲ့တဲ့ထိန်းသိမ်း အုပ်ချုပ်မှုစနစ်ကို ဆိုနီလုပ်ဆောင်ရေးမှာ သူ အသုံးပြုခဲ့တယ်။ ဒီလိုအသုံး

မပြုခင် ၁၉၄၆ ခုနှစ်ကတည်းက ဆိုနီကို ကမ္ဘာ့တံဆိပ်အဖြစ် ရပ်တည်ဖို့ သူ ဆုံးဖြတ်ခဲ့ပါသေးတယ်။

ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အုပ်ချုပ်မှုကို အကီယိုမိုရီတာ သဘောကျခဲ့ပါတယ်။ အထူးသဖြင့် ဝန်ထမ်းတွေကို ဂရုစိုက်စောင့်ရှောက်ရာမှာ ဖြစ်တယ်။ အနောက်နိုင်ငံက အုပ်ချုပ်မှုတွေက ပစ္စည်းဥစ္စာ၊ ငွေကြေးတွေကို ပိုအလေးထားတယ်လို့ သူ ထင်တယ်။ ဂျပန်မှာက ဆိုင်ခွဲတွေ၊ ထုတ်လုပ်မှုတွေကို အလေးထားပြီး ထာဝရတည်တံ့တဲ့တန်ဖိုးကို ပိုအလေးထားတယ်လို့ သူ မြင်တယ်။ ဂျပန်ရှေးရိုးစဉ်လာကရှိခဲ့တဲ့ အုပ်ချုပ်မှုအတိုင်း သူ့ကုမ္ပဏီတွေက ဝန်ထမ်းတွေကို ဂရုစိုက်စောင့်ရှောက်ခဲ့သလို အနောက်တိုင်းအုပ်ချုပ်မှုအတိုင်း ဝန်ထမ်းတွေရဲ့ အလုပ်အပေါ်ထားတဲ့ စိတ်ဓာတ်ကို လှုံ့ဆော်ပေးခဲ့တယ်။ ဆုချီးမြှင့်မှုတွေပြုလုပ်ပြီး ဝန်ထမ်းတွေရဲ့ နေထိုင်စားသောက်မှုဘဝကို မြှင့်တင်ပေးခဲ့ပါတယ်။

အကီယိုမိုရီတာကို ဝန်ထမ်းတွေ ချစ်ခင်ခဲ့ကြတယ်။ ကုမ္ပဏီအပေါ် သစ္စာရှိခဲ့ကြတယ်။ အကီယိုမိုရီတာမှာ မွေးရာပါ နူးညံ့သိမ်မွေ့မှုတွေရှိတယ်။ ဆွဲဆောင်မှုတွေ ရှိတယ်။ သူဟာ ပျော်ပျော်နေတတ်သူ ဖြစ်သလို အသစ်အဆန်းကို လုပ်ကိုင်ဆောက်ရွက်ဖို့ စိတ်ဓာတ်ပြင်းသူလည်း ဖြစ်တယ်။ သူ နင်းလျှောစီးသင်ချိန်မှာ သူ့အသက်က (၅၀) ကျော်နေပြီ ဖြစ်တယ်။ အသက် (၇၀) ကျော်အထိ သူဟာ တင်းနစ်ကစားတဲ့ အကျင့်ကို ထိန်းသိမ်းထားဆဲ ဖြစ်ပါတယ်။

အချိန်တော်တော်များများမှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ကိုယ်တိုင်သတ်မှတ်ထားတဲ့ ကျဉ်းမြောင်းတဲ့နေရာတစ်ခုမှာပဲ နေထိုင်တတ်ကြတယ်။ ကိုယ်တိုင်သတ်မှတ် တွေးတောထားတဲ့ အတွေးအမြင်တွေနဲ့ နေရ

တာကို ကျင့်သားကျခဲ့တယ်။ ကိုယ့်လက်ရှိအခြေအနေကို ပြည့်စုံပြီ၊ တော်လောက်ပြီလို့ ကျေနပ်နေချိန်ဟာ ကိုယ်အတုံးအ,ဆုံးအချိန်ပဲ ဖြစ်ပါတယ်။

လူ့ဘဝလမ်းခရီးမှာ ဒီကနေ့ရဲ့အောင်မြင်မှုက ကျွန်တော်တို့ဘဝရဲ့ အတောက်ပဆုံးအချိန် ဟုတ်မဟုတ်ကို ကျွန်တော်တို့ မသိနိုင်ပါဘူး။ လူတော်တော်များများက နည်းနည်းလေး အောင်မြင်တာနဲ့ ဂုဏ်ယူဝင့်ကြွားမှုတွေပိုတတ်ကြတယ်။ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးစိတ်တွေဝင်တတ်ကြတယ်။ ဒီလိုအောင်မြင်မှုလေးက ကိုယ့်ရဲ့လုပ်နိုင်အား အရည်အချင်း အဆုံးစွန်ပဲလား ဆိုတာကို သူတို့ သတိမထားမိကြဘဲ လက်ရှိအခြေအနေမှာပဲ ကျေနပ်နေတတ်ကြတယ်။ လောကမှာ အကောင်းဆုံးဆိုတာ မရှိပါဘူး။ ဒါပေမဲ့ ပိုကောင်းတာတွေ ရှိပါတယ်။ ပိုကောင်းတဲ့ ရည်မှန်းချက်နဲ့ ကိုယ့်ကိုယ်ကိုယ် အားပေးရတယ်၊ ကိုယ့်လက်ရှိ အခြေအနေထက် ပိုကောင်းအောင် ကြိုးစားရတယ်။ လက်ရှိအခြေအနေကြောင့် ကျေနပ်နေစရာမလိုသလို လက်ရှိအခြေအနေကြောင့်လည်း မျှော်လင့်ချက်မဲ့စရာ မလိုပါဘူး။ မနေ့ကရဲ့ ကိုယ့်ကို ဒီကနေ့ရဲ့ကိုယ်က ကျော်လွှန်နိုင်ရင် ပိုတောက်ပတဲ့မနက်ဖြန်ကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

* * *

# ရန်ရန်ရှော
*Run Run Shaw*
*(23 November 1907- )*

***လက်တွေ့ကျကျလုပ်ဆောင်ပါ၊ စိတ်ကူးယဉ်မှုထဲမှာပဲ သာယာမနေပါနဲ့***

ရန်ရန်ရှော (Run Run Shaw) က ဟောင်ကောင်ရုပ်မြင်သံကြား အသံလွှင့်ဌာန (TVB) ဥက္ကဋ္ဌဖြစ်သလို ရှောဘရားသား (Shaw Brothers (SB)) ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ခဲ့သူလည်း ဖြစ်တယ်။ ဟောင်ကောင် နာမည်ကြီး ရုပ်ရှင်ထုတ်လုပ်သူလည်း ဖြစ်ပါတယ်။

## မွေးဖွားကြီးပြင်းပုံ

ရန်ရန်ရှောကို ၁၉၀၇ ခုနှစ် ရှန်ဟိုင်းမြို့က ချမ်းသာကြွယ်ဝတဲ့ ကုန်သည်မိသားစုမှ မွေးဖွားခဲ့တယ်။ (၇) နှစ်အရွယ်မှာ ဖခင်က သူ့ကို ရှန်ဟိုင်း မြို့က အမေရိကန်လူမျိုးတွေဖွင့်လှစ်တဲ့ကျောင်းမှာ အင်္ဂလိပ်စာကို သင်ယူစေ ခဲ့တယ်။ အလယ်တန်းရောက်တော့လည်း အမေရိကန်လူမျိုးဖွင့်တဲ့ကျောင်း မှာပဲ ပညာသင်ကြားခဲ့တယ်။ ဒါဟာ သူ့ကို အင်္ဂလိပ်လို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်စေရုံတင်မက အရှေ့အနောက်တိုင်း ရောစပ်တဲ့ ပညာရေး၊ ယဉ်ကျေး မှုကိုပါ သင်ယူစေနိုင်ခဲ့ပါတယ်။

၁၉၂၅ ခုနှစ်မှာ တတိယအစ်ကိုဖြစ်တဲ့ ရန်မီရှော (Runme Shaw) က တီအန်ယီ (Tian Yi) ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ခဲ့ပြီး စင်ကာပူ နိုင်ငံကိုဈေးကွက်ဖြန့်ခဲ့တယ်။ ရန်ရန်ရှောကတော့ ၁၉၂၆ ခုနှစ်မှ ရုပ်ရှင်လောက

ထဲ ဝင်ခဲ့တာဖြစ်တယ်။ အဲဒီနှစ်က တက္ကသိုလ်တက်ဖို့ သူ ပြင်ဆင်နေချိန်ဖြစ်တယ်။ အစ်ကိုရန်မီရှောက သူ့ကို စင်ကာပူလာပြီး အတူတကွလုပ်ကိုင်ဖို့ ဆက်သွယ်ခဲ့လို့ ပညာရေးကို သူ စွန့်လွှတ်ပြီး စင်ကာပူကို ရောက်ခဲ့တယ်၊ အဲဒီကစပြီး ရုပ်ရှင်လောကထဲ သူ ခြေတစ်လှမ်းချင်း စဝင်ခဲ့တယ်။ ဒါဟာ သူ့ဘဝမှာ အရေးပါတဲ့ အလှည့်အပြောင်းတစ်ခု ဖြစ်ခဲ့တယ်။

ရှောညီအစ်ကိုဟာ နန်ယန် (Nanyang) မှာ အလုပ်စထူထောင်တုန်းက အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့ခဲ့ရတယ်။ စင်ကာပူရောက်စမှာလည်း အိမ်အိုအိမ်ဟောင်းတစ်လုံးငှားပြီး ရုပ်ရှင်ကားတွေကို သူတို့ တည်းဖြတ်ခဲ့တယ်။ ပိုစတာတွေ လုပ်ခဲ့တယ်။ ၁၉၂၀ ခေတ်က အရှေ့တောင်အာရှမှာ မြို့ပြကြီးတွေမှာသာ ရုပ်ရှင်ရုံရှိခဲ့သလို လမ်းပန်းဆက်သွယ်ရေးလည်း မကောင်းခဲ့ဘူး။ လူနည်းစုလောက်သာ မြို့ပေါ်တက် ရုပ်ရှင်ကြည့်နိုင်ခဲ့တယ်။ အဲဒီခေတ်ရဲ့ ရုပ်ရှင်ဖြန့်ချိရေးဟာ ဘယ်လောက်ခက်ခဲကြောင်း တွေးကြည့်နိုင်ပါတယ်။

ရှောညီအစ်ကိုဟာ နေ့လယ်ပိုင်းမှာ ရုပ်ရှင်ပြစက်၊ ဓာတ်ကားနဲ့ ရုပ်ရှင်ပြသရာမှာလိုအပ်တဲ့ ပစ္စည်းတွေကို ငှားလာတဲ့ကားပေါ်တင်ပြီး မြို့အနှံ့၊ ရွာအနှံ့ပို့ဆောင်ခဲ့ပြီး ညပိုင်းမှာ မြို့တွေကြားက ကွင်းပြင်ကျယ်မှာ ရုပ်ရှင်တွေ ပြသခဲ့တယ်။

ချမ်းသာကြွယ်ဝတဲ့မိသားစုက မွေးဖွားလာခဲ့ပြီး မြို့ပြမှာကြီးပြင်းခဲ့တဲ့ ရှောညီအစ်ကိုဟာ အခက်အခဲ ပင်ပန်းမှုကြောင့် ဒီအလုပ်ကို လက်လွှတ်ဖို့ အကြိမ်ကြိမ် တွေးခဲ့ဖူးပေမယ့် နောက်ဆုံးမှာ အခက်အခဲကို သူတို့ ကျော်ဖြတ်နိုင်ခဲ့ကြတယ်၊ အောင်နိုင်ခဲ့ကြတယ်၊ တောင့်ခံနိုင်ခဲ့ကြတယ်။ နှစ်ပေါင်း ဆယ်စုနှစ်ကြာတဲ့အခါ ရန်ရန်ရှောက "အဲဒီလိုဘဝမျိုးမှာ ကျွန်တော် အများကြီး သင်ယူလေ့လာနိုင်ခဲ့တယ်။ သင်ခန်းစာ ရခဲ့တယ်။ တချို့အရာတွေက

ကျွန်တော့်ဘဝ တစ်သက်တာကို အကျိုးအမြတ် ဖြစ်ခဲ့တယ်။ တကယ်လို့ အဲဒီ ဘဝအတွေ့အကြုံသာ မရှိခဲ့ရင် ကျွန်တော်လည်း ဒီကနေ့ဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး။ အစုစေတ် လူငယ်လူရွယ်တွေက ရည်မှန်းချက် ကြီးကြတယ်၊ ပညာလည်းတတ်ကြတယ်။ ဒါပေမဲ့ ပင်ပန်းတဲ့ဒဏ်ကို သူတို့ မခံနိုင်ကြဘူး၊ ဒါဟာ သူတို့အတွက် ကြီးမားတဲ့ချို့ယွင်းချက်ပဲ" လို့ ပြောခဲ့တယ်။

အစက်အခဲ မုန်တိုင်းကြားမှာ ရှောညီအစ်ကိုတို့ရဲ့ ရုပ်ရှင်လုပ်ငန်း တဖြည်းဖြည်း လူသိလာခဲ့တယ်။ ၁၉၃၉ ခုနှစ်မှာ ရန်ရန်ရှော ရှန်ဟိုင်းပြန်ပြီး သူ့အကြီးဆုံးအစ်ကိုကို သွားတွေ့ချိန် သူတို့မှာ ရုပ်ရှင်ရုံပေါင်း ၁၃၀ ကျော်ရှိနေခဲ့ပြီ၊ အဲဒီရုပ်ရှင်ရုံတွေက မလေးရှား၊ ထိုင်း၊ စင်ကာပူနဲ့ အင်ဒိုနီးရှားတွေမှာ ဖြစ်တယ်။

ရှောညီအစ်ကိုတို့ရဲ့ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့က ရှောရှော ရှုရှုဖြစ်ခဲ့တာ မဟုတ်ပါဘူး။ တည်ထောင်စကနေ ရုပ်ရှင်ရုံများစွာပိုင်ဆိုင်တဲ့ အထိ ဆင်းရဲဒုက္ခအမျိုးမျိုးကို သူတို့ ရင်ဆိုင်ခဲ့ရပါတယ်။ ရုပ်ရှင်လုပ်ငန်းကို ပြိုပျက်စေတဲ့ ဒုက္ခကို ရင်ဆိုင်ခဲ့ရတာလည်း အကြိမ်မနည်းခဲ့ပါဘူး။

ပထမအကြိမ်က ၁၉၃၁ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာဖြစ်ခဲ့ပါတယ်။ ဟောင်ကောင်မှာ အခြေတည်ထားတဲ့ တီအန်ယီ (Tian Yi) ကုမ္ပဏီ မီးလောင်ခဲ့ပါတယ်။ မီးဘေးဒဏ်ကြောင့် အဆောက်အအုံတစ်ခုလုံး ပြာကျခဲ့ပြီး ရုပ်ရှင် သုံးပစ္စည်း၊ ရုပ်ရှင်ကားတွေအားလုံး မီးလောင်တိုက်သွင်းခံခဲ့ရတယ်။

ဒုတိယအကြိမ်က ၁၉၄၁ ခုနှစ် ဒီဇင်ဘာမှာ ဖြစ်တယ်။ ဂျပန်တွေ ဟောင်ကောင်နဲ့စင်ကာပူကို ဝင်ရောက်ကျူးကျော်ချိန် သူတို့ရဲ့ရုပ်ရှင်လုပ်ငန်း ထိခိုက်နစ်နာမှုများစွာ ရှိခဲ့တယ်။ စစ်ပွဲအတွင်းမှာ သူတို့ဖွင့်ထားတဲ့ ရုပ်ရှင်ရုံ တော်တော်များများ ပျက်စီးခဲ့တယ်။ ရန်ရန်ရှောကိုယ်တိုင်လည်း ဂျပန်

တော်လှန်ရေးကားတွေ ရိုက်ကူးတယ်ဆိုတဲ့ ပုဒ်မနဲ့ ဂျပန်တွေရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရတယ်။ ၁၀ ရက်ကြာ အချုပ်ခံခဲ့ရတယ်။ နောက်ပိုင်းမှာ ဒီအကြောင်းကို လူတွေမေးဖြစ်တော့ ရန်ရန်ရှောက "ပြီးခဲ့တာတွေ ပြီးသွားပါပြီ။ အစပြန်မဖော်ချင်ဘူး" လို့သာ ဆိုခဲ့ပါတယ်။

တတိယအကြိမ်က ၁၉၇၀ ပြည့်နှစ် သူတို့ရဲ့ရုပ်ရှင်လုပ်ငန်း အောင်မြင်ချိန်မှာ ဖြစ်ခဲ့တယ်။ ဒါဟာ ကုမ္ပဏီအတွင်းရေးပြဿနာ ဖြစ်တယ်။ သူတို့ဆီမှာ ၁၂ နှစ်ကြာ အလုပ်လုပ်ခဲ့တဲ့ "ဖြန့်ချိရေးဝိဇ္ဇာ" လို့ တင်စားခံရသူနဲ့ ရန်ရန်ရှောတို့ အမြင်မတူ၊ သဘောထားကွဲလွဲမှုကြောင့် ဖြန့်ချိသူဟာ ဝန်ထမ်းကောင်းတွေကို ခေါ်ထုတ်ပြီး ကုမ္ပဏီက ခွာခဲ့တယ်။ သူကိုယ်တိုင် ရုပ်ရှင်ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့တယ်။ ရှောတို့ရဲ့ကုမ္ပဏီက တစ်ခဏတွင်းချင်းမှာ "လူသူမဲ့တဲ့ အရပ်" ဖြစ်သွားခဲ့တယ်။

ရုပ်ရှင်လုပ်ငန်းကို ပြိုကွဲပျက်စီးစေတဲ့ ဒုက္ခတွေ၊ အခက်အခဲတွေ များစွာ ကြုံတွေ့ခဲ့ရပေမယ့် ရန်ရန်ရှော မတုန်လှုပ်ခဲ့ဘူး။ ဒီကုမ္ပဏီကို အောင်မြင်အောင် ထူထောင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုပဲ သူ ရဲရဲချခဲ့တယ်။ အခက်အခဲ ပြဿနာတွေကို အံကြိတ်တောင့်ခံပြီး ရင်ဆိုင်ခဲ့တယ်။ ကျော်ဖြတ်ခဲ့တယ်။ အောင်မြင်မှုဆီ တစ်လှမ်းချင်း လှမ်းခဲ့တယ်။

၁၉၅၅ ခုနှစ် ဟောင်ကောင်မြို့ရဲ့ ကလီးယားဝါတာဘေး (Clear Water Bay) ဆိုတဲ့ အရပ်မှာ "ရှောရုပ်ရှင်မြို့" ကို တည်ထောင်ခဲ့တယ်။ ၁၉၅၈ ခုနှစ်မှာ ဟောင်ကောင်အခြေစိုက် "ရှောဘရားသားစ်" ဆိုတဲ့ ရုပ်ရှင်ကုမ္ပဏီကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့တယ်။

နောက်ပိုင်းမှာ ခေတ်တွေ တဖြည်းဖြည်း ပြောင်းလဲတိုးတက်လာတာနဲ့အမျှ ရုပ်ရှင်လုပ်ငန်းကလည်း တဖြည်းဖြည်း ကျဆင်းလာခဲ့တယ်။

အောင်မြင်မှုသရုပ်ဆောင်းခဲ့တဲ့ ရုပ်ရှင်ရုံတွေ ပျောက်ပျက်ကုန်ကြတယ်။ ရှောဘရားသားစ်ကုမ္ပဏီလည်း အရင်ကမကြုံခဲ့ဖူးတဲ့ ခေတ်ရဲ့စိန်ခေါ်မှုတွေကို ခံခဲ့ရတယ်။ လုပ်ငန်းအတွေ့အကြုံအရ ဒီရုပ်ရှင်လုပ်ငန်းကို ခေတ်နဲ့အညီ ပြောင်းလဲမှုတွေ မဖြစ်မနေလုပ်ရမယ်ဆိုတာကို ရန်ရန်ရှော နားလည်လိုက်တယ်။ အဲဒီလို ပြောင်းလဲတိုးတက်မှုတွေ ရှိခဲ့တာကြောင့် ဒီကနေ့မှာ ဟောင်ကောင်ရုပ်မြင်သံကြားအသံလွှင့်ဌာန (TVB) က သူ့အတွက် အကျိုးအမြတ်များစွာကို သယ်ဆောင်ပေးလာခဲ့ပါတယ်။ သူ့ရဲ့အတွေ့အကြုံ၊ စဉ်းစားတွေးခေါ်မှု၊ အမြင်ကျယ်မှုတွေဟာ လူတွေ အားကျအတုယူဖွယ် ဖြစ်ခဲ့ပါတယ်။

တကယ့်လက်တွေ့လုပ်ဆောင်ခြင်းက အောင်မြင်ဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်တယ်။ ဒါဟာ အသိဉာဏ်တစ်မျိုး၊ နည်းလမ်းတစ်မျိုး၊ အဝေးမြင်ခြင်း တစ်မျိုးဖြစ်တယ်။ လက်တွေ့လုပ်ဆောင်ခြင်းက ဖြတ်လမ်းမလိုက်ဘူး။ ခရုငယ်တွေဟာ အသွားနှေးပေမယ့် ဇွဲ၊ လုံ့လနဲ့တည်ငြိမ်ခြင်းကို အသုံးပြုပြီး အမြင့်ဆုံးအထိရောက်အောင် တွားတက်နိုင်တယ်။ ရေတစ်စက်ဆိုပေမယ့် ယုံကြည်မှုကို လက်ကိုင်ထားရင် ဘယ်အရာကပဲ တားဆီးဆီး ပင်လယ်ဆီအရောက် စီးဆင်းနိုင်ပါတယ်။ အောင်မြင်မှုကို လိုလားသူကလည်း ဘယ်လိုအခက်အခဲ အတားအဆီးနဲ့ကြုံကြုံဇွဲ၊ လုံ့လနဲ့တောင့်ခံနိုင်ရင်၊ ဆင်းရဲပင်ပန်းမှုတွေကို အင်အားအဖြစ်ပြောင်းလဲပြီး ကြိုးစားနိုင်ရင် အောင်မြင်မှုကို ဧကန်မုချရပါတယ်။

* * *

## ဂျိုးဇက်ပူလစ်ဇာ

*Joseph Pulitzer*

*(April 10, 1847 – October 29, 1911)*

*ဘာလုပ်လုပ် အစွမ်းကုန်ကြိုးစားပါ*

ဂျိုးဇက်ပူလစ်ဇာ (Joseph Pulitzer) ဟာ ကမ္ဘာက အသိအမှတ်ပြုတဲ့ သတင်းစာလုပ်ငန်းရှင်ကြီး ဖြစ်သလို အမေရိကန်သတင်းလောကရဲ့ ဂုဏ်ကျော်စောမှုဖြစ်တဲ့ Pulitzer ဆုကို တည်ထောင်ခဲ့သူလည်း ဖြစ်တယ်။

### မွေးဖွားကြီးပြင်းပုံ

ဂျိုးဇက်ပူလစ်ဇာကို ၁၈၄၇ ခုနှစ် ဟန်ဂေရီအလယ်အလတ်တန်းစားမိသားစုမှ မွေးဖွားခဲ့တဲ့ အမေရိကန်နိုင်ငံသား ဖြစ်တယ်။ အောင်မြင်မှုကြီးကြီးမားမား ရသူတိုင်းဟာ သာမန်လူတွေနဲ့မတူတဲ့ ကြိုးစားမှုတွေ ရှိခဲ့သလို ကိုယ့်ရှုယ်တူတွေနဲ့မတူတဲ့ တွေးတောမှုတွေလည်း ရှိခဲ့ရတယ်။ ဟန်ဂေရီမှာ မွေးဖွားခဲ့တဲ့ ဂျိုးဇက်ပူလစ်ဇာဟာ အဲဒီလိုလူမျိုးပဲ ဖြစ်တယ်။

အသက်ငယ်ရွယ်ချိန်မှာ ပူလစ်ဇာဟာ ဂျူးလူမျိုးတို့ရဲ့ထူးချွန်ထက်မြက်မှုကို အမွေခံခဲ့သလို ပုန်ကန်လိုစိတ်၊ ခေါင်းမာစိတ်ကိုလည်း မွေးမြူခဲ့တယ်။ ကျည်ဆန်၊ အမြောက်ဆန်ကြားက စစ်မြေပြင်မှာ နိုင်ငံ့တာဝန်ကို သူထမ်းဆောင်ချင်ခဲ့တယ်။ ဒီလိုနဲ့ (၁၇) နှစ်အရွယ်မှာနေအိမ်ကနေ သူထွက်သွားခဲ့တယ်။

ဒါပေမဲ့ ပိန်လှီတဲ့ ခန္ဓာကိုယ်နဲ့ မျက်စိမှုန်တာကြောင့် ဟန်ဂေရီစစ်တပ်ကလည်း သူ့ကို လက်မခံခဲ့သလို ပြင်သစ်စစ်တပ်လည်း သူ့ကို လက်မခံခဲ့ဘူး။ အင်္ဂလိပ်စစ်တပ်ကပါ သူ့ရဲ့စစ်သားအိပ်မက်ကို ငြင်းဆန်ခဲ့တယ်။ စိတ်ဓာတ်ကျအားငယ်မှုတွေ ကြုံခဲ့ပေမယ့် စိတ်ကူးအိပ်မက်ကို သူ လက်မလွှတ်ခဲ့ဘူး။ ၁၈၆၄ ခုနှစ်မှာ ကံကောင်းခြင်းက သူ့ဆီ ကျရောက်လာခဲ့တယ်။ ပြင်သစ်နိုင်ငံမှာ အမေရိကန်စစ်တပ် စစ်သားစုဆောင်းတော့ သူ အရွေးခံခဲ့တယ်။ နောက်ပိုင်းမှာ လင်ကွန်းမြင်းစီးတပ်ရဲ့ စစ်သားတစ်ဦးဖြစ်လာခဲ့ပြီး အမေရိကန်ပြည်တွင်းစစ်ထဲ သူ ပါဝင်ခဲ့တယ်။

စစ်ပွဲပြီးဆုံးတာနဲ့ ပူလစ်ဇာရဲ့ အိပ်မက်လည်း နိဂုံးချုပ်သွားခဲ့တယ်။ သူ့စိမ်းမြို့မှာ ပြင်သစ်စကားနဲ့ ဂျာမန်စကားသာတတ်တဲ့ သူ့အတွက် အင်္ဂလိပ်ဘာသာစကားမှာ အခက်အခဲ ဖြစ်ခဲ့တယ်။ စစ်တပ်က ရတဲ့ အငြိမ်းစားငွေနဲ့ပဲ ဘဝကို ခက်ခက်ခဲခဲ သူ ဖြတ်သန်းခဲ့တယ်။

ဒီလိုအချိန်မျိုးမှာ သာမန်အောက်ကျနောက်ကျတဲ့ဘဝမှာပဲ မတင်းတိမ်တတ်တဲ့ ဆန္ဒက သူ့ကို တစ်ဖန်လှုပ်နှိုးခဲ့ပြန်တယ်။ စိန့်လူးဝစ် (St. Louis) မြို့ဆီ သူပြောင်းရွှေ့လာခဲ့ပြီး ဝမ်းရေးအတွက် မြင်းထိန်းသမားလုပ်ခဲ့တယ်။ သင်္ဘောနောက်လိုက် လုပ်ခဲ့တယ်။ လက်သမား လုပ်ခဲ့တယ်။ စားသောက်ဆိုင်မှာ လုပ်ခဲ့သလို ထောင်မှူးအလုပ်ကိုလည်း သူ လုပ်ခဲ့တယ်။

ဒီလို အိုးအိမ်မဲ့၊ အခြေအနေမဲ့တဲ့ဘဝမှာ ပူလစ်ဇာဟာ သူ့ကိုယ်သူ ပျောက်ဆုံးမသွားစေခဲ့ပါဘူး။ ပြီးပြီးရောဆိုပြီး ဘဝကို ရေလိုက်၊ ငါးလိုက် မနေခဲ့ဘူး။ အလုပ်တစ်ခုတိုင်းကို သူ ကြိုးကြိုးစားစားလုပ်ဆောင်ခဲ့သလို ဒီအလုပ်တွေထဲကနေ အတွေ့အကြုံယူခဲ့တယ်။ သင်ခန်းစာ ယူခဲ့တယ်။ အားလပ်ချိန်မှာ အင်္ဂလိပ်စာနဲ့ ဥပဒေပညာကို သူ ကြိုးစားသင်ယူခဲ့သေးတယ်။

ဖွဲ၊ လုံ့လနဲ့ ကြိုးစားမှုက တန်ပြန်အကျိုးသက်ရောက်မှုတွေကို ပြန်ပေးတတ်ပါတယ်။ အချိန်ပဲ လိုပါတယ်။ ၁၈၆၈ ခုနှစ်နှောင်းပိုင်းမှာ ဝက်(စ်)တစ်(ချ်)ပို့(စ်) (Westiche Post) ဆိုတဲ့ သတင်းစာတစ်စောင်က သတင်းထောက်အလိုရှိကြောင်း ကြော်ငြာခဲ့တယ်။ အသက် (၂၁) နှစ်အရွယ် ဂျူးလူမျိုး လူပျိုလူရွယ်ဖြစ်တဲ့ ပူလစ်ဇာ အရွေးခံခဲ့တယ်။ ဒါဟာ သူ့ရဲ့ဘဝနဲ့ ကံကြမ္မာကို ပြောင်းလဲစေတဲ့ အပြောင်းအလဲကြီးတစ်ရပ် ဖြစ်ခဲ့တယ်။ "ကျွန်တော်ဟာ သာမန်လူမသိသူမသိတဲ့ လူတစ်ယောက်ပါ။ ကံမကောင်းသူတစ်ယောက်ပါ။ အခြေအနေမဲ့ အိုးအိမ်မဲ့သူတစ်ယောက် ဒီလိုအလုပ်မျိုး တာဝန်မျိုးရခဲ့တာဟာ အိပ်မက်တစ်ခုလိုပါပဲ"လို့ နောက်ပိုင်းမှာ သူ ပြောခဲ့ပါတယ်။ ဒီအပြောင်းအလဲကြီးက သူ့ကို အောင်မြင်မှုဆီ အရောက်လှမ်းစေမယ့် အစပဲဖြစ်ပါတယ်။

အဲဒီတုန်းက ဝက်(စ်)တစ်(ချ်)ပို့(စ်) သတင်းစာဟာ အင်အားကြီးတဲ့ ရီပတ်ပလင်ကန်ပါတီဝင် ကားလ်ရှပ်ဇ် (Carl Schurz) နဲ့ အယ်ဒီတာတို့ရဲ့ ဦးဆောင်မှုအောက်မှာ အောင်မြင်မှုတလူလူ လွင့်နေတဲ့ ဂျာမန်သတင်းစာတစ်စောင်ဖြစ်တယ်။ သတင်းစာတိုက်ထဲ ပူလစ်ဇာ ဝင်ရောက်တဲ့နောက် အာရုံစိုက် အင်အားစိုက်ပြီး အလုပ်ကို သူကြိုးစားလုပ်ခဲ့တယ်။ မနက် ၁၀ နာရီက နောက်တစ်ရက်မနက် ၂ နာရီထိ တစ်နေ့ကို ၁၆ နာရီခန့် သူ အလုပ်လုပ်ခဲ့တယ်။ သူ့ရဲ့လက်စွဲစကားက "အလုပ် ... အလုပ် ... အလုပ် ... စဉ်းစား ... တွေးတော ... စိတ်ကူး" ဖြစ်တယ်။

စစချင်းမှာ သူဟာ စိန့်လူးဝီစ်မြို့က တခြားသတင်းစာတိုက်သားတို့ရဲ့ လှောင်ပြောင်ကဲ့ရဲ့ခံရသူ ဖြစ်ခဲ့ရတယ်။ သေးငယ်ရှည်လျားတဲ့ သူ့လည်ပင်း၊ အနီရောင်မုတ်ဆိတ်နဲ့ ချွန်ကောက်ကောက် သူ့နှာခေါင်း၊ ထူထဲထဲ မျက်မှန်၊ ထင်းချောင်းလို ပိန်လှီတဲ့သူ့ခန္ဓာ၊ ထစ်အအ အင်္ဂလိပ်စကား၊ ဟောင်း

နွမ်းပေါက်ပြဲတဲ့ အဝတ်အစားနဲ့ အလွယ်တကူ ဒေါသထွက်တတ်တဲ့ အကျင့်စရိုက်တို့ကြောင့် လူတွေ သူ့ကို ပြက်ရယ်ပြုခဲ့ကြတာ ဖြစ်တယ်။ သူ့ကို "အရုပ်ဆိုးတဲ့ ဂျူးမျိုး"လို့ ခေါ်ဝေါ်ခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့မဆုတ်မနစ်တဲ့ ဇွဲ၊ လုံ့လ၊ သတင်းမေးမြန်းတဲ့ အရည်အချင်းကိုတော့ လူအများ အားကျတာကို ခံခဲ့ရတယ်။ သိပ်မကြာခင်မှာပဲ အထက်လူကြီးတို့ရဲ့ ချီးကျူးမှုတွေကို သူ ရခဲ့တယ်။

အလုပ်ဝင်ပြီး တစ်နှစ်အကြာ ၁၈၆၉ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့ စိန့်လူးဝစ်မြို့၁၀ လမ်းမှာ ပြုလုပ်တဲ့ ရီပတ်ပလင်ကန်ပါတီရဲ့အစည်းအဝေးမှာ ပူလစ်ဇာက ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရတယ်။ အဲဒီတုန်းက သူဟာ အသက်(၂၂)အရွယ်ရွေးကောက်ပွဲထဲပါဝင်ဖို့အသက်(၃)နှစ်လိုသေးတယ်ဆိုပေမယ့် အဲဒီပါတီရဲ့ခေါင်းဆောင်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရတယ်။ နောက်ပိုင်းမှာ ပူလစ်ဇာဟာ ဟောပြောပွဲတွေပြုလုပ်ပြီး သူကိုယ်တိုင်မဲဆွယ်လှုပ်ရှားမှုမှာ ပါဝင်ခဲ့တယ်။ နောက်ဆုံးမှာ ပြိုင်ဘက်ပါတီကို အနိုင်ရခဲ့ပါတယ်။

ဇွဲ၊ လုံ့လနဲ့ ကြိုးစားမှုက ပူလစ်ဇာကို ထိပ်ဆုံးရောက်အောင် တွန်းပို့ခဲ့တယ်။ ပြင်းပြတဲ့ဆန္ဒ၊ ပြည့်ဝတဲ့ခွန်အားနဲ့ သူ့ကို သတင်းလောကမှာ မငြီးငွေ့စေခဲ့ဘူး။

၁၈၇၈ ခုနှစ်မှာ အင်္ဂလိပ်စကားကို သူ ပိုင်ပိုင်နိုင်နိုင် ပြောဆိုလာခဲ့ပြီး ပိုထူးချွန်တဲ့ သတင်းသမားဖြစ်အောင် မွေးမြူခဲ့တယ်။ အဲဒီနောက် နှစ်ပေါင်းအနည်းငယ်ကြာတဲ့အခါ စိန့်လူးဝစ်က တယ်လီဂရပ် (Telegraph) သတင်းစာတိုက်ကို သူ ဝယ်ယူခဲ့ပြီး အဲဒီနယ်ခံက Post နဲ့ ပေါင်းစပ်ကာ စိန့်လူဝစ်ပို့(စ်) ဒစ်စပက်(ချ်) ("St. Louis Post-Dispatch") ဆိုပြီး ထုတ်ဝေခဲ့တယ်။ ၁၈၈၃ ခုနှစ်မှာ စီးပွားရေးယိုင်နဲ့နေပြီဖြစ်တဲ့ နယူးယောက်ဝါးလ်

(New York World) သတင်းစာတိုက်ကို ဈေးကြီးပေးပြီး သူဝယ်ယူခဲ့ပြန်တယ်။ ဒီသတင်းစာနစ်စောင်ရဲ့အောင်မြင်မှုကို လူတိုင်း သိကြပါတယ်။ လက်ဗလာနဲ့ အမေရိကန်နိုင်ငံကို ရောက်လာခဲ့တဲ့ ပူလစ်ဇာဟာ ၁၉၁၁ ခုနှစ် သူ သေဆုံးချိန်မှာ ပိုင်ဆိုင်မှု အားလုံးကို ချန်ထားရစ်ခဲ့တယ်။ သူ့သေတမ်းစာမှာ နယူးယောက်ဝါးလ်ကို လုံးဝမရောင်းရဆိုတာ ပါရှိတယ်။ ဒါပေမဲ့ ၁၉၃၁ ခုနှစ်မှာ သားဖြစ်သူက စီးပွားရေးကပ်ဆိုက်ချိန် နယူးယောက်ဝါးလ် သတင်းစာကို ရောင်းပစ်ခဲ့တယ်။ အဖေ့သေတမ်းစာကို ပြုပြင်ပြီး နယူးယောက်ဝါးလ်သတင်းစာရဲ့သမိုင်းကို ပြောင်းလဲရေးသားခဲ့တော့တယ်။

၁၉၁၇ ခုနှစ်မှာ ပူလစ်ဇာရဲ့ဆန္ဒအတိုင်း ပူလစ်ဇာဆုကို တည်ထောင်ခဲ့ပြီး တစ်နှစ်တစ်ကြိမ် အမေရိကန်သတင်းလောကနဲ့ စာပေလောကမှာ ထူးချွန်ထက်မြက်သူတွေကို ဆုအဖြစ် ချီးမြှင့်ခဲ့တယ်။ ဒီကနေ့အထိ စိန့်လူးဝစ်ပို့(စ်)ဒစ်စပက်(ချ်) သတင်းစာက ပူလစ်ဇာရဲ့မျိုးဆက်လက်ထဲမှာ ရှိနေပါသေးတယ်။ ဒီသတင်းစာက အမေရိကန်နိုင်ငံမှာ လွှမ်းမိုးမှုအရှိဆုံး သတင်းစာတွေထဲက တစ်စောင်အပါအဝင် ဖြစ်တယ်။ ဒါဟာလည်း ပူလစ်ဇာရဲ့ပင်ကိုအရည်အချင်းကို ပြန်လည်ပေးဆပ်တဲ့ အကောင်းဆုံးပေးဆပ်မှုပဲ ဖြစ်ပါတယ်။

ကိုယ့်ကြိုးစားအားထုတ်မှုနဲ့ ရလာတဲ့ အသီးအပွင့်တွေက ပိုချိုမြိန်ပါတယ်။ လောကကြီး တိုးတက်ပြောင်းလဲနေတာဟာ သူရဲကောင်းတို့ရဲ့ လုပ်ရပ်ကြောင့်မဟုတ်ဘဲ အလုပ်ကို ကြိုးစားလုပ်ကိုင်သူတိုင်းရဲ့ပေးဆပ်မှုအားတွေကြောင့်လည်း ပါပါတယ်။ ဘာအလုပ်မဆို အာရုံစိုက်ပြီး စိတ်ပါလက်ပါ ဖွဲ့ရှိရှိလုပ်ဆောင်ဖို့ လိုပါတယ်။ ရေတွင်းတစ်တွင်းတူးတဲ့အခါ ရေကို မတွေ့မချင်း တူးသလိုပါပဲ။ တကယ်လို့ တူးနေရင်းက ရေကိုမတွေ့လို့ လက်

လွှတ်လိုက်တယ်၊ ဒါမှမဟုတ် အစွမ်းကုန်ကြိုးစားပြီး ဆက်မတူးတော့ရင် အဲဒီ ရေတွင်းဟာ တွင်းပျက်တစ်ခုပဲ ဖြစ်သွားပါတယ်။

အောင်မြင်ဖို့ရာလည်း လွယ်ကူပါတယ်။ အောင်မြင်ချင်ရင် တစ်နေ့ တိုးတက်မှုနည်းနည်းစီနဲ့ အလုပ်တစ်ခုတိုင်းကို အစွမ်းကုန် ကြိုးကြိုးစားစား လုပ်ဆောင်နိုင်ဖို့ပဲ လိုပါတယ်။

* * *

# ဂျက်(ခ်)ဝဲ(လ်ချ်)

*Jack Welch*

*(November 19, 1935)*

### *ဘယ်အရွယ်ဖြစ်ဖြစ် မိမိကိုယ်ကိုယုံကြည်မှုကို မပျောက်စေနဲ့*

အမေရိကန်နိုင်ငံရဲ့ အထွေထွေ လျှပ်စစ်ဓာတ်အားပေး ကုမ္ပဏီ (GC - General Electric) ဥက္ကဋ္ဌဖြစ်ခဲ့တဲ့ ဂျက်(ခ်)ဝဲ(လ်ချ်)ဟာ သူတာဝန်ထမ်းဆောင်ခဲ့တဲ့ကာလ (၁၉၈၁ - ၂၀၀၁ခုနှစ်) အတွင်းမှာ အဲဒီကုမ္ပဏီရဲ့ တန်ဖိုးကို ၄၀၀၀% တိုးပွားအောင် လုပ်ဆောင်ပေးနိုင်ခဲ့လို့ နျူထရွန်ဂျက်လို့ တင်စားခံခဲ့ရတယ်။

## မွေးဖွားကြီးပြင်းပုံ

ဂျက်(ခ်)ဝဲ(လ်ချ်)ကို မန်ဆာချူးဆက်ပြည်နယ် Peabody မြို့က အိုင်းရစ်မိသားစုမှ မွေးဖွားခဲ့တယ်။ ဖခင်က ရထားသံလမ်းဝန်ထမ်းဖြစ်တယ်။ ဂျက်(ခ်)ဝဲ(လ်ချ်)က သူ့မိခင်ဟာ သူ့အပေါ် ဘယ်လောက်ချစ်ခဲ့မှန်း၊ ဘယ်လောက် ယုံကြည်မှုရှိခဲ့မှန်း နှစ်တော်တော်ကြာကြာမှ သိခဲ့ကြောင်း ပြောပါတယ်။ နှစ်များစွာကျော်လွန်ပြီးမှ ကျောင်းတုန်းက အားကစားဓာတ်ပုံတွေကို လှန်လှောကြည့်မိချိန်ကျမှ အဲဒီဓာတ်ပုံထဲက ဘောလုံးအသင်းထဲမှာ သူ အသေးဆုံး၊ အညက်ဆုံးဖြစ်နေတာကို တွေ့ခဲ့ရတယ်။ မူလတန်းတက်တုန်းက ဘတ်စကက်ဘောအသင်းရဲ့ နောက်တန်းမှာနေပြီး သူ ကစားခဲ့တယ်။ အဲဒီ

တုန်းက သူဟာ အသင်းထဲက တခြားကစားသမားထက် အသေးဆုံး၊ အပုဆုံး ဖြစ်ခဲ့တယ်။

ဒီအဖြစ်ကို သူတစ်ခါမှ သတိမထားခဲ့မိဘူး။ နောက်မှ ဓာတ်ပုံဟောင်းတွေကို ပြန်လှန်ကြည့်ရင်း သူ့ကိုယ်သူ ရယ်ခဲ့မိတယ်။ ပိုရယ်စရာ ကောင်းတာက သူ့ကိုယ်သူ သေးညက်မှန်း သူ မသိခဲ့ဘူး။ ဒါဟာ မိခင်ဖြစ်သူက သူ့အပေါ် ဘယ်လောက်အကျိုးသက်ရောက်မှု ရှိခဲ့ကြောင်းကို သက်သေပြနေခဲ့ပါတယ်။ ဒါဟာ သားအပေါ် ယုံကြည်တဲ့ မိခင်တစ်ဦးရဲ့ သွန်သင် လမ်းညွှန်မှုပဲဖြစ်တယ်။

မိခင်ဖြစ်သူက ဂျက်(ခ်)ဝဲ(လ်ချ်)ကို "သား ဘာလုပ်လုပ် အောင်မြင်နိုင်တယ်၊ လုပ်ချင်တာကို စိတ်ချလက်ချ လုပ်နိုင်တယ်" လို့ ပြောခဲ့တယ်။ ဒီစကားက ဂျက်(ခ်)ဝဲ(လ်ချ်)ရဲ့ နားထဲမှာ သံမှို စွဲသလို စွဲနေခဲ့တယ်။

ဂျက်(ခ်)ဝဲ(လ်ချ်)အတွက် မိခင်ပေးတဲ့ အကောင်းဆုံးလက်ဆောင်က မိမိကိုယ်ကို ယုံကြည်မှုပဲဖြစ်တယ်။ မိမိကိုယ်ကို ယုံကြည်မှုက သတ္တိကို ဖြစ်စေတယ်။ အင်အားကို ပြည့်ပြည့်ဝဝ ထုတ်ဖော်ပြသခွင့်ပေးတယ်။ ကြီးမားတဲ့စွန့်စားမှုကို ခံနိုင်ရည်ရှိစေတယ်။ သင် ထင်မှတ်ထားတာထက် ပိုတောက်ပတဲ့ အောင်မြင်မှုကို ရစေတယ်။

ဂျက်(ခ်)ဝဲ(လ်ချ်)ဟာ ငယ်ငယ်ကတည်းက စကားထစ်တယ်။ တစ်ခါတလေမှာ သူ စကားထစ်တာဟာ လူတွေအတွက် ရယ်စရာဖြစ်ခဲ့တယ်။ မိခင်က သား စကားထစ်တာနဲ့ပတ်သက်ပြီး လှပတဲ့အကြောင်းပြချက် အမျိုးမျိုးပေးခဲ့တယ်။

"သားက ထူးချွန်ထက်မြက်လွန်းတယ်။ ဘယ်လျှာကမှ သားလို ဉာဏ်ထက်တဲ့ဦးနှောက်ကို အမီမလိုက်နိုင်ဘူး" လို့ မိခင်က ပြောတတ်တယ်။

တကယ်လည်း ဝဲ(လ်ရှ်)ဟာ စကားထစ်လို့ဆိုပြီး ပူပင်သောက မရောက်ခဲ့ဖူးဘူး။ မိခင်ပြောတဲ့ "သားဦးနှောက်က သားပါးစပ်ထက် သွက်လို့" ဆိုတဲ့ စကားကို သူ လေးလေးနက်နက် ယုံကြည်ခဲ့တယ်။

ဒါကြောင့် စကားထစ်တဲ့ အကျင့်က ဝဲ(လ်ရှ်)ရဲ့ မိမိကိုယ်ကို ယုံကြည်မှုကို ဘာအတားအဆီး အနှောင့်အယှက်မှ မဖြစ်စေခဲ့ဘူး။ သူ့ရဲ့ စကားထစ်တဲ့ ချို့ယွင်းချက်ကို သတိပြုမိသူတွေတိုင်းဟာ သူ့ကို ပိုလေးစားကြည်ညိုစိတ်တွေ ဖြစ်ခဲ့ကြတယ်။ ဒီလိုချို့ယွင်းချက်ရှိသူ တစ်ယောက်က စီးပွားရေးလောကမှာ ထူးခြားတောက်ပတဲ့ အောင်မြင်မှုကို ရခဲ့လို့ဖြစ်တယ်။ အမေရိကန်နိုင်ငံ NBC သတင်းဌာနက စီမံခန့်ခွဲရေးအရာရှိဖြစ်ခဲ့တဲ့ မိုက်ခယ် (Michael) က "ဂျက်(ခ်)ဝဲ(လ်ရှ်) အရမ်းတော်တယ်၊ ကျွန်တော်လည်း သူ့လို စကားထစ်လိုက်ချင်တယ်" လို့ တစ်ချိန်က စနောက်ခဲ့ဖူးပါတယ်။

ကျောင်းနေစဉ်မှာ ဝဲ(လ်ရှ်)ရဲ့ အဆင့်က အမေရိကန်နာမည်ကြီး တက္ကသိုလ်ကို တက်ရောက်နိုင်တဲ့ အခြေအနေရှိခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးမှာ မန်ဆာချူးဆက်တက္ကသိုလ်သာ သူ ဝင်ခွင့်ရခဲ့တယ်။ စစချင်းမှာ ကျောင်းမတက်ချင်လောက်အောင် သူ စိတ်ညစ်ခဲ့တယ်။ နောက်တစ်နှစ်ပြန်ဖြေဖို့ သူ စဉ်းစားခဲ့ပေမယ့် မိခင်က သူ့ကို တက္ကသိုလ်ဆက်တက်ဖို့ အားပေးစကားပြောခဲ့တယ်။

တက္ကသိုလ်တက်ပြီး သိပ်မကြာခင်မှာ သူ စိတ်ညစ်ခဲ့တဲ့အရာက သူ့အတွက် ကံကောင်းခြင်းတွေ ဖြစ်လာခဲ့တယ်။ "တကယ်လို့ မန်ဆာချူးဆက် စက်မှုတက္ကသိုလ်ကို ကျွန်တော်ရွေးဖြစ်ခဲ့ရင် ကျွန်တော့်ဝင်ခွင့်အမှတ်နည်းလို့ဆိုပြီး အတန်းဖော်တွေရဲ့ အနိုင်ကျင့်မိုလ်ကျတာကို ခံရပြီး ဘယ်တော့မှ လူကြားထဲ တိုးထွက်နိုင်သူ ဖြစ်ခဲ့မှာမဟုတ်ဘူး။ အခု ဒီတက္ကသိုလ်ကို

တက်တော့ ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်မှုတွေ အများကြီးရခဲ့တယ်။ ကျွန်တော့်မေမေ ကျွန်တော်ကို မန်ဆာချူးဆက်တက္ကသိုလ်တက်ခိုင်းလိုက်တာ မှန်သွားတယ်" လို့ သူ ပြောခဲ့တယ်။ နောက်တော့ တကယ်တမ်းလည်း ဝဲ(လ်ရှ်)ဟာ အဲဒီတက္ကသိုလ်မှာ အထူးချွန်ဆုံးကျောင်းသား ဖြစ်ခဲ့ပါတယ်။

သူ့ရဲ့အတန်းပိုင်ဆရာဖြစ်ခဲ့တဲ့ ဝီလီယမ် (William)က ဝဲ(လ်ရှ်) ရဲ့အောင်မြင်မှုအရိပ်အယောင်ကို အဲဒီကတည်းက သူ သတိထားခဲ့မိတယ်လို့ ဆိုတယ်။ "သူ့ရဲ့မျက်လုံးတစ်စုံပေါ့။ သူဟာ အမြဲ မိမိကိုယ်ကို ယုံကြည်မှုရှိတယ်။ ရှုံးနိမ့်တာကို သူ မုန်းတယ်။ ဘောလုံးပြိုင်ပွဲမှာတောင် သူက အဲဒီလိုပဲ"

"မိမိကိုယ်ကို ယုံကြည်မှု"က နောက်ပိုင်းမှာ အထွေထွေလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီရဲ့ အမိကတန်ဖိုးထဲက တစ်ခုဖြစ်ခဲ့တယ်။ "စီမံအုပ်ချုပ်မှု အားလုံးက "မိမိကိုယ်ကို ယုံကြည်မှု" ကနေ တိုးချဲ့သွားတယ်" လို့ ဝဲ(လ်ရှ်)က ပြောခဲ့ပါတယ်။

လူ့ဘဝတစ်လျှောက် အချိန်တော်တော်များများမှာ မိမိကိုယ်ကို ယုံကြည်စိတ်ကို အားကိုးရတယ်။ မိမိကိုယ်ကို ယုံကြည်စိတ်ကို ဘယ်လို တည်ဆောက်မလဲ။

ပထမဦးဆုံး ရည်မှန်းချက်တစ်ခုထားရတယ်။ ရည်မှန်းချက်ဆိုတာ အောင်မြင်ခြင်းရဲ့ လမ်းစပါ။ ရည်မှန်းချက်ကို အသေးစား၊ အကြီးစား ၂ ခု ခွဲလိုက်ပြီး အသေးစားကနေ သင် စတင်အကောင်အထည်ဖော် လုပ်ဆောင်နိုင်ပါတယ်။ ဒုတိယအနေနဲ့ ယုံကြည်မှုကို တည်ဆောက်ရပါတယ်။ ယုံကြည်မှုဆိုတာ လူ့ဘဝအတွက် အဖိုးမဖြတ်နိုင်တဲ့အရာပါ။ ပြင်းပြတဲ့ယုံကြည်မှုက အခက်အခဲ၊ ဆင်းရဲဒုက္ခတွေကို ကျော်လွှားဖို့ အင်အားဖြစ်စေပါတယ်။ ပြီးရင်

စိတ်ဓာတ်ခွန်အားရစေမယ့် စာမျိုး၊ အောင်မြင်သူတို့ရဲ့အတ္ထုပ္ပတ္တိတွေ ရှာဖွေဖတ်ရှုပြီး သူတို့ဆီကနေ သင့်မှာမရှိတဲ့ အတွေးအကြံ၊ သင်ခန်းစာနဲ့ လှုပ်ရှားရုန်းကန်တဲ့စိတ်ဓာတ်ကို သင်ယူနိုင်ပါတယ်။ ဒါတွေဟာ သင့်ကို စိတ်ခွန်အားတွေဖြစ်စေပြီး မိမိကိုယ်ကို ယုံကြည်စိတ်ကို တိုးစေပါတယ်။

* * *

# ဆမ်ဝေါ်လ်တန်

*Sam Walton*

*(March 29, 1918 – April 5, 1992)*

## *ကြိုးစားခြင်းက အောင်မြင်ခြင်းရဲ့ အခြေခံဖြစ်တယ်*

ဆမ်ဝေါ်လ်တန် ဦးစီးတည်ထောင်ခဲ့တဲ့ ဝေါ(လ်)မတ် (Walmart) ရဲ့ စုစုပေါင်းရောင်းရငွေစာရင်းချုပ်က အမေရိကန် ဂျင်နရယ်မော်တော်ပိုရေးရှင်း (General Motors Corporation - GM)) ထက် အရောင်းစံချိန်တင်ခဲ့တယ်။ ExxonMobil စက်သုံးဆီကုမ္ပဏီထက် အဆင့်တစ်ဆင့်နိမ့်ပြီး ကမ္ဘာ့ဒုတိယနေရာကို ရခဲ့တာဖြစ်တယ်။ ဝေါ(လ်)မတ်မိသားစုဟာ ကမ္ဘာ့ချမ်းသာကြွယ်ဝတဲ့ မိသားစုတွေထဲက တစ်ဦးအပါအဝင် ဖြစ်တယ်။

## မွေးဖွားကြီးပြင်းပုံ

၁၉၁၈ ခုနှစ်မှာ ဆမ်ဝေါ်လ်တန်ကို အမေရိကန်နိုင်ငံ ဥက္ကလာဟိုမာ (Oklahoma) ပြည်နယ်က ကင်းဖစ်ရှား (Kingfisher) မြို့မှာ မွေးဖွားခဲ့တယ်။ မိရိုးဖလာ လယ်သမားသားသမီးတစ်ဦး ဖြစ်တယ်။ ငယ်ငယ်ကတည်းက နေအိမ်စီးပွားရေး မချောင်လည်ခဲ့လို့ ဖခင်ဖြစ်သူက ဘဏ်မှာ အလုပ်လုပ်ခဲ့ဖူးသလို အာမခံအလုပ်၊ ပွဲစားအလုပ်တွေကိုလည်း လုပ်ခဲ့ဖူးတယ်။

ဆမ်အပေါ် အလွှမ်းမိုးဆုံးသူက မိခင်ဖြစ်တယ်။ မိခင်ဟာ သာမန်အိမ်ရှင်မတစ်ဦး ဖြစ်ပေမယ့် ကောင်းမွန်တဲ့ ဘဝနေထိုင်မှုကို မွေးမြူခဲ့တယ်။

မိခင်ဟာ စာဖတ်ဝါသနာပါသူ ဖြစ်ပြီး လူတွေအပေါ် ဖော်ရွေတယ်။ အလုပ်လုပ်ရမှာလည်း မပျင်းရိသူဖြစ်တယ်။ အိမ်က မိသားစုဝင်တွေကို သေချာဂရုစိုက်ပျိုးထောင်ခဲ့တယ်။ စားဝတ်နေရေး မချောင်လည်တာကြောင့် မိခင်ဟာ အရာရာမှာ ချွေတာခဲ့တယ်။ မိခင်ရဲ့ကောင်းတဲ့အကျင့်စရိုက်တွေကို ဆမ်က အမွေဆက်ခံခဲ့တယ်။ ဒါဟာလည်း နောက်ပိုင်းမှာ သူ့အောင်မြင်မှုကို ခိုင်မြဲစေတဲ့ အခြေခံအုတ်မြစ် ဖြစ်တယ်။

(၇) နှစ်အရွယ်ကတည်းက ဆမ်ဟာ အလုပ်တွေ လုပ်နေခဲ့ပြီ ဖြစ်တယ်။ သတင်းစာပို့၊ နွားနို့ပို့နဲ့ ကိုယ့်မုန့်ဖိုးကိုယ်ရှာခဲ့တယ်။ ခိုစာ၊ ယုန်စာတွေကိုလည်း ရောင်းခဲ့သေးတယ်။ (၁၈) နှစ်အရွယ်မှာ ဆမ်ဟာ မစ်ဆိုရီ(Missouri) တက္ကသိုလ်မှာ ဘောဂဗေဒနဲ့ ကျောင်းတက်ခဲ့တယ်။ ကျောင်းနေစဉ်မှာ ကျောင်းသားခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သေးတယ်။ သူ ကျောင်းပြီးချိန်ဟာ ဒုတိယကမ္ဘာစစ် စတင်ချိန်ဖြစ်လို့ စစ်ထဲ သူ ဝင်ခဲ့တယ်။ ကြည်းတပ်သတင်းပေးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ပြီးချိန် နေရပ်ကို ဆမ်ပြန်ခဲ့တယ်။ ယောက္ခမဆီမှာ ဒေါ်လာနှစ်သောင်းချေးပြီး ဇနီးနဲ့အတူ ဆိုင်တစ်ဆိုင်ဖွင့်ခဲ့တယ်။ အဲဒီဆိုင်ကနေတစ်ဆင့် ရောင်းဝယ်ဖောက်ကားတာ၊ တန်ဖိုးသတ်မှတ်တာတွေကို သူ သင်ယူနိုင်ခဲ့တယ်။ ဝယ်သူအပေါ် ဖော်ဖော်ရွေရွေဆက်ဆံတတ်တဲ့ သူ့ကြောင့် အနီးပတ်ဝန်းကျင်က လူတွေဟာ သူ့ဆိုင်မှာပဲ တကူးတက လာဝယ်ခဲ့ကြတယ်။ ဒါပေမဲ့ ဆိုင်ရှင်ရဲ့မနာလိုမှုကြောင့် နောက်ပိုင်းမှာ ဆိုင်ပြန်အပ်ခဲ့ရတယ်။ အဲဒီနောက် အလက်စကားကို သူ ရောက်ခဲ့ပြီးတော့ ဘင်တန်ဗီးလ်(Bentonville) မြို့မှာပဲ ဆိုင်ထပ်ဖွင့်ခဲ့ပြန်တယ်။

တစ်ခါက အခွင့်အရေးတစ်ခုကြောင့် လက်လီ၊ လက်ကားရောင်းဝယ်မှုရဲ့ ကောင်းကျိုးနဲ့ အကျိုးအမြတ်ကို ဆမ် သင်ယူနိုင်ခဲ့တယ်။ "တကယ်လို့ ဒေါ်လာပြား ၈၀ နဲ့ ဝယ်ထားတဲ့ ပစ္စည်းတစ်ခုကို ၁ ဒေါ်လာနဲ့ရောင်းရင် ၁.၂ ဒေါ်လာနဲ့ရောင်းတဲ့ ပစ္စည်းအရေအတွက်ထက် ၃ ဆပိုမယ်။ ပစ္စည်းတစ်ခုတည်း ရောင်းရငွေနဲ့ကြည့်ရင် ကျွန်တော် အမြတ်တစ်ဝက်လောက် လျော့နေပြီ။ ဒါပေမဲ့ ၃ဆအရေအတွက်နဲ့ကြည့်ရင် စုစုပေါင်း အကျိုးအမြတ်က ၁.၂ ဒေါ်လာရောင်းတာထက် ပိုနေခဲ့ပြီ" လို့ ဆမ်က ပြောခဲ့တယ်။ ဒီကနေ့အထိ ဒီတန်ဖိုးဖြတ်ဒဿနကို သူတို့ သုံးစွဲနေဆဲဖြစ်တယ်။

ဆမ်တာကုမ္ပဏီတည်ထောင်ခါစလက်လီအရောင်းဈေးကွက်မှာ ကေမတ်(Kmart), ဂစ်(ဘ်)ဆန် (Gibson) စတဲ့ ကုမ္ပဏီကြီးတွေ ရှိနှင့်နေပြီဖြစ်တယ်။ ဒီကုမ္ပဏီကြီးတွေရဲ့ပစ်မှတ်က မြို့ကြီးပြကြီးတွေဖြစ်တယ်။ မြို့ငယ်၊ ရွာငယ်တွေက အမြတ်နည်းလို့ဆိုပြီး မြို့ငယ်၊ ရွာငယ်တွေမှာ သူတို့ မရင်းနှီးမမြှုပ်နှံချင်ခဲ့ကြဘူး။

ဒါကို ဆမ်က ဒီအခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားလိုက်တယ်။ အမေရိကန်မြို့ငယ်၊ ရွာငယ် တချို့မှာလည်း စီးပွားရေးလုပ်နိုင်တဲ့ အခွင့်အလမ်းများစွာ ရှိတယ်လို့ သူ တွက်ချက်ထားတယ်။ မြို့ပြတွေ တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှလူတွေပြွတ်သိပ်လာခဲ့တယ်၊ တချို့က ကျေးလက်တောရွာတွေဆီ ပြောင်းရွှေ့ခဲ့ကြတယ်။ ဒါဟာ ကျေးလက်တောရွာမှာ လက်လီအရောင်းဖြန့်ချိဖို့ အခွင့်ကောင်းပဲ ဖြစ်တယ်၊ တစ်ပြိုင်နက်တည်း သာမန်မိသားစုတိုင်း မော်တော်ကား ပိုင်ဆိုင်လာတာကြောင့် ရောင်းဝယ်ဖောက်ကားမှုကို ပိုဖြစ်ထွန်းစေခဲ့တယ်။

"တကယ်လို့ သုံးစွဲသူတွေဟာ ပစ္စည်းတစ်ခုကို ဝယ်ချင်တယ်ဆိုပါစို့၊ အဲဒီပစ္စည်းက ဒေါ်လာ ၁၀၀ လောက် ဈေးသက်သာမယ်ဆိုရင် သူတို့ဟာ အဲဒီဆိုင်ဆီ မိုင် ၅၀ လောက် ဝေးလည်း မတွေဝေ၊ မတုံ့ဆိုင်းဘဲ သွားကြမှာပဲ"

မြို့ရွာငယ်တွေမှာ ရောင်းလိုအားကောင်းဖို့ ဆမ်ဟာ "တန်ဖိုးနည်းပြီး စိတ်ကြိုက်ဖြစ်ဖို့ အာမခံတယ်" ဆိုတဲ့ ဆောင်ပုဒ်ကို ဝေါ(လ်)မတ်ရဲ့ ဆိုင်းဘုတ်ပေါ်မှာ ရေးခဲ့တယ်။ သူတို့ဆိုင်မှာတင်တဲ့ ကုန်ပစ္စည်းတစ်ခုတိုင်းဟာ တခြားဆိုင်တွေကထက် ဈေးနှုန်းသက်သာစေခဲ့တယ်။ ဒီရည်ရွယ်ချက် ဖြစ်မြောက်ဖို့ ဆမ်ဟာ အရင်းနည်း၊ ကုန်ကျစရိတ်နည်း၊ တန်ဖိုးနည်းအဖြစ် အကျိုးအမြတ်ကို ဝယ်ယူသုံးစွဲသူလက်ထဲထည့်နိုင်ဖို့ တွေးတောခဲ့တယ်။

ဒီရည်ရွယ်ချက် အကောင်အထည်ဖော် ဖြစ်မြောက်အောင် ဆမ်ခက်ခဲပင်ပန်းစွာ ကြိုးစားခဲ့တယ်။ ကုမ္ပဏီတည်ထောင်စမှာ ရင်းနှီးငွေနည်းခဲ့တဲ့အတွက် ဆမ်ဟာ အဖွဲ့သားတွေကိုခေါ်ပြီး ငှားထားတဲ့ဂိုဒေါင်ပျက်တစ်ခုကို ကိုယ်တိုင်ပြင်ဆင်ခဲ့ကြတယ်။ အရင်းအနှီးနည်းမယ့် ကုန်လှောင်နည်းတွေကို ဝိုင်းဖွဲ့စဉ်းစားခဲ့ကြတယ်။ ကုန်ကျစရိတ် နည်းနိုင်သမျှနည်းအောင် ကြိုးစားခဲ့တယ်။

စစချင်းအချိန်မှာ ကုမ္ပဏီရဲ့အမြတ်ကို ၃၀% လို့ သတ်မှတ်ခဲ့တယ်၊ နောက်ပိုင်းမှာ ၂၂% အထိ လျှော့ချခဲ့တယ်၊ တခြားပြိုင်ဘက် ကုမ္ပဏီတွေရဲ့ သတ်မှတ်အမြတ်က ၄၅% ဖြစ်တယ်။ ဒီလိုအခြေအနေမျိုးမှာ သူ့ရဲ့ကုမ္ပဏီဟာ ဝယ်သူသုံးစွဲသူတွေကို ဆွဲခေါ်နိုင်ခဲ့တယ်။ အရင်က သူ ခန့်မှန်းခဲ့သလိုပဲ မြို့ပြမှာနေတဲ့ လူတွေတောင် သူ့ကုမ္ပဏီအရောက် လာရောက်ဝယ်ယူခဲ့တယ်။

ဆမ်ဟာ သူ့လုပ်အားနဲ့ ရေရှည်ကို ကြိုတင်တွေးမြင်တဲ့ အကြည့်၊ ဦးနှောက်တို့ကြောင့် အောင်မြင်ခဲ့တယ်။ သူ့တစ်သက်လုံး အလုပ်ကို ကြိုးစား

ပမ်းစား လုပ်ဆောင်ခဲ့တယ်။ သူ့အသက် (၆၀) နှစ်အရွယ်မှာတောင် မနက် ၄ နာရီခွဲကနေ ညအထိ အလုပ်လုပ်နေဆဲဖြစ်တယ်။

သူဟာ လေယာဉ်တစ်စင်းနဲ့ သူ့ဆိုင်ခွဲတွေဆီ တစ်ဆိုင်ဝင်တစ်ဆိုင် ထွက်နဲ့ သွားရောက်ကြည့်ရှုတတ်သေးတယ်။ တစ်ပတ်မှာ အနည်းဆုံး ၄ရက် လောက် သူ့ကုမ္ပဏီခွဲလိုအပ်တာတွေကို သွားရောက်မေးမြန်းခဲ့တယ်။

၁၉၆၄ ခုနှစ်မှာ ဆမ်ဟာ ဝေါ(လ်)မတ် လက်လီအရောင်းဆိုင် ၅ ဆိုင် ပိုင်ဆိုင်နေခဲ့ပြီ ဖြစ်တယ်။ ၁၉၆၉ ခုနှစ်မှာ ၁၈ ဆိုင်အဖြစ် နောက်ပိုင်း ၁၉၉၀ ပြည့်နှစ်မှာ ဝေါ(လ်)မတ်ဟာ အမေရိကန်ရဲ့အကြီးဆုံး လက်လီဆိုင် ဖြစ်နေခဲ့ပြီ ဖြစ်တယ်။

ကိုယ်စိုက်ပျိုးတဲ့အတိုင်း ကိုယ်ပြန်ရိတ်သိမ်းပါတယ်။ ဒီလိုရာဇဝင် ပုံပြင်တစ်ပုဒ်ရှိခဲ့တယ်။ ဘုရားသခင်က ပေါင်မုန့်သစ်ပင်တွေကို မဖန်ဆင်းခဲ့ ဘဲ ဂျုံပင်တွေကို ဖန်ဆင်းခဲ့တယ်။ လူတွေကို ဂျုံတွေစိုက်ပျိုး၊ ရိတ်သိမ်း၊ အမှုန့် ကြိတ်၊ ကင်ဖုတ်ပြီးမှ ပေါင်မုန့်ဖြစ်လာစေခဲ့တယ်။ လူတွေဟာ ကိုယ့်ခွန်အားကို ပေးဆပ်စိုက်ထုတ်ပြီးမှ ကောင်းကျိုးရလဒ်ကို ခံစားရတာဖြစ်တယ်။ ခက်ခဲ ပင်ပန်းမှုတွေကို ဖြတ်ကျော်ပြီးမှ အောင်မြင်ခြင်းဆီ ရောက်တာဖြစ်တယ်။

* * *

# ယိုရှီဒါတာဒါယို
*Yoshida Tadao*
*(September 19, 1908 – July 3, 1993)*

## *သေးငယ်မှုတွေပေါင်းစုပြီး ကြီးထွားအောင်မြင်မှုကို ရယူမယ်*

အခုအချိန်မှာ ယိုရှီဒါတာဒါယို တည်ထောင်ခဲ့တဲ့ "YKK"တံဆိပ်က ကမ္ဘာပေါ်မှာ အကြီးဆုံး ဇစ်လုပ်ငန်းဖြစ်နေခဲ့ပါပြီ။ ဒီကုန်ပစ္စည်းဟာ ဂျပန်ဇစ်ဈေးကွက်မှာ ၉၀%၊ အမေရိကန်ဈေးကွက်မှာ ၄၅% နဲ့ ကမ္ဘာ့ဈေးကွက်မှာ ၄၅% နေရာယူထားပါတယ်။ ယိုရှီဒါတာဒါယိုဟာ ပြိုင်ဘက်မရှိတဲ့ ကမ္ဘာ့ဇစ်ဘုရင်ဖြစ်ခဲ့ပါတယ်။

## မွေးဖွားကြီးပြင်းပုံ

၁၉၀၈ ခုနှစ်မှာ ယိုရှီဒါတာဒါယိုကို ဂျပန်နိုင်ငံ တိုယာမာ (Toyama) မြို့နယ်က ကူရိုဘီ (Kurobe) မြို့မှာ မွေးဖွားခဲ့တယ်။ ငယ်ငယ်က ဆင်းရဲကျပ်တည်းတာကြောင့် ယိုရှီဒါတာဒါယိုဟာ မူလတန်းတောင်မပြီးခင် ကျောင်းရပ်နားခဲ့ရတယ်။ အသက် (၁၅) နှစ်အရွယ်မှာ ကြွေထည်မြေထည်လုပ်ငန်းတစ်ခုမှာ တပည့်ခံ ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။

၁၉၃၄ ခုနှစ် ဇန်နဝါရီလမှာ ယိုရှီဒါတာဒါယိုဟာ ဇစ်တွေကိုသာ ဖြန့်ဖြူးရောင်းချတဲ့ 3S ကုမ္ပဏီကို တည်ထောင်ခဲ့တယ်။ ဝန်ထမ်းနှစ်ဦးသာရှိတဲ့ သူ့ကုမ္ပဏီဖွင့်ချိန်မှာ သူ တတ်နိုင်သမျှ ချေးတာခဲ့တဲ့ ငွေ ၃၅၀ ယန်းသာရှိခဲ့ပြီး အကြွေးက ယန်း ၂၀၀၀ ကျော်ရှိခဲ့တယ်။

အဲဒီခေတ်တုန်းက ထုတ်လုပ်ခဲ့တဲ့ ဖစ်ရဲ့အရည်အသွေးဟာ အရမ်းညံ့ခဲ့တယ်။ ယိုရှီဒါက အရည်အသွေးက ပထမဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားသူဖြစ်တယ်။ စစချင်းမှာ သူရဲ့ဖစ်တွေဟာ ခိုင်မာမှုမရှိတာကြောင့် ကုန်ပစ္စည်းမှာထားတဲ့သူတွေ ပစ္စည်းပြန်အပ်တာကို မကြာခဏ ခံခဲ့ရတယ်။ ပြန်အပ်ခံရတဲ့ ဖစ်တွေကို ယိုရှီဒါ အကျိုးအကြောင်းရှာပြီး အသေးစိတ်ပြုပြင်ခဲ့တယ်။ တူနဲ့ဖစ်ကို ထုကြည့်ပြီး ဖစ်ရဲ့ခိုင်မာမှုကို သူ စမ်းသပ်ခဲ့တယ်။ မကောင်းတဲ့အပိုင်းကို ဖြတ်ညှပ်ထုတ်ပစ်ခဲ့တယ်။ ဒါကြောင့် သူ ထုတ်လုပ်တဲ့ဖစ်ဟာ အရင်းအနှီးရဲ့ ၃ပုံ ၁ပုံသာ ရောင်းရခဲ့တယ်။ ဈေးနှုန်းကလည်း တခြားကုမ္ပဏီထက်မြင့်တာကြောင့် ဝယ်လိုအားနည်းခဲ့တယ်။ ဒါပေမဲ့ အရည်အသွေးကောင်းတဲ့အတွက် ဝယ်လိုအားနည်းခဲ့ပေမယ့် "အထုခံတဲ့ ရွှေဖစ်" ဆိုတဲ့ ဂုဏ်ကို ရခဲ့တယ်။ တဖြည်းဖြည်း အနောက်တိုင်းဝတ်စုံတွေခေတ်စားလာတာနဲ့အမျှ ဖစ်ရဲ့လိုအပ်မှုကလည်း တိုးလာခဲ့တယ်။ ဝန်ထမ်း၂ ယောက်ကနေ စခဲ့တဲ့ ကုမ္ပဏီဟာလည်း ဝန်ထမ်းအယောက် ၅၀ အထိ တိုးလာခဲ့တယ်။

ယိုရှီဒါဟာ အဲဒီလို တပည့်ခံဘဝကနေ သူဌေးဖြစ်လာခဲ့တယ်။ ဘာမှမဟုတ်တဲ့ "ကိစ္စအသေးအမွှား" ကနေ ဈေးကွက်မှာ နေရာရဖို့ သူ ကြိုးစားခဲ့တယ်။ ၁၉၃၈ ခုနှစ်မှာ မြေကွက်တစ်ကွက်ကို ဝယ်ယူပြီး ကုမ္ပဏီအသစ်ကို သူ ဆောက်ခဲ့တယ်။ နဂို 3S လို့ အမည်ပေးထားတဲ့ ကုမ္ပဏီကို ယိုရှီဒါစက်မှုလက်မှုလုပ်ငန်းလို့ အမည်ပေးခဲ့တယ်။

အဲဒီတုန်းက ဂျပန်တွေဟာ စစ်ဆင်နွှဲနေရှိန်ဖြစ်တယ်။ စစ်အတွင်းလိုအပ်တဲ့ ကျည်ဆန်၊ အမြောက်တွေ ပြုလုပ်ဖို့ ပြည်တွင်းစက်မှုလုပ်ငန်းမှာ "ကြေးသတ္တု" ကို အသုံးမပြုရလို့ တားမြစ်ခဲ့တယ်။ ကြေးဟာ ဖစ်လုပ်ရာမှာ အဓိက ကုန်ကြမ်းဖြစ်တယ်။ ကြေးမသုံးရတားမြစ်တော့ ဖွံ့ဖြိုးစစက်မှုလုပ်ငန်း

တွေ ရပ်နားရတော့မယ်၊ ယိုရှီဒါက မရပ်ချင်ခဲ့ဘူး။ ဒီအခက်အခဲကို နောက်ရှုထောင့်တစ်မျိုးနဲ့ သူ ပြောင်းကြည့်ခဲ့တယ်။ ကြေးကို အသုံးမပြုရတော့ဘူးဆိုတော့ ဇစ်လုပ်ရာမှာ ကြေးအစား တခြားသတ္တုတစ်ခုခုနဲ့ အစားထိုးလုပ်လို့ရနိုင်မယ်လို့ သူ တွေးတောခဲ့တယ်။ ဒီလိုဆိုရင် လုပ်ငန်းရပ်နားဖို့လည်း မလိုဘူး။ အစိုးရတားမြစ်ချက်ကိုလည်း ဆန့်ကျင်စရာမလိုဘူးလို့ သူ တွေးခဲ့တယ်။

အကြိမ်ကြိမ်စမ်းသပ်ပြီးနောက် ကြေးအစားဒန်သတ္တု(အလူမီနီယံ)နဲ့ ပြုလုပ်ဖို့ သူဆုံးဖြတ်လိုက်တယ်။ ဒါဟာ ယိုရှီဒါကို ကမ္ဘာ့ပထမဆုံး အလူမီနီယံနဲ့ ဇစ်လုပ်သူအဖြစ် ထင်ရှားစေခဲ့တာဖြစ်တယ်။ အဲဒီနောက် အမျိုးမျိုးစမ်းသပ်ပြီး ပိုခိုင်မာတောင့်တင်းတဲ့ အလူမီနီယံ ရွှေရောင်ဇစ်တွေကို သူ ဖန်တီးခဲ့တယ်။ လူတွေရဲ့ ကြိုက်နှစ်သက်ခြင်းကို ခံခဲ့ရတယ်။

ယိုရှီဒါဟာ ပြည်တွင်းဈေးကွက်မှာပဲ မတင်းတိမ်နေခဲ့ဘူး။ ပြည်ပအထိ ဈေးကွက်ဖြန့်ဖို့ သူ နည်းလမ်းရှာခဲ့တယ်။ လစဉ်လတိုင်း ဇစ်အမျိုးမျိုးကို ဒါဇင်လေးသောင်းခန့် အမေရိကန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံနဲ့ တောင်အမေရိကန်နိုင်ငံတွေကို ပို့ဆောင်ဖြန့်ဖြူးခဲ့ပါတယ်။

၁၉၄၇ ခုနှစ်မှာ အမေရိကန်ကုန်သည်တစ်ဦးက ယိုရှီဒါမှာ ဇစ်တွေကို မှာယူခဲ့တယ်။ နမူနာပုံစံတချို့အရင်ပို့ဖို့ကိုလည်း တောင်းဆိုခဲ့တယ်။ နမူနာဇစ်ကို ကြည့်ပြီး ကုန်သည်က မကျေမနပ်ဖြစ်ခဲ့တယ်။ ယိုရှီဒါပြတဲ့ နမူနာအရည်အသွေးက အမေရိကန်က သူကိုယ်တိုင်ယူလာတဲ့ ဇစ်နမူနာရဲ့အရည်အသွေးထက် ပိုညံ့နေခဲ့တဲ့အပြင် ဈေးနှုန်းလည်း ပိုများတဲ့အတွက်ကြောင့်ဖြစ်တယ်။ အဲဒီအခေါက်မှာ အရောင်းအဝယ် မဖြစ်ခဲ့ပေမယ့် ယိုရှီဒါ သင်ခန်းစာအသစ်တစ်ခု ရလိုက်ပါတယ်။ ပိုကောင်းတဲ့ ကျွမ်းကျင်မှုနဲ့ စက်ပစ္စည်းတွေ

ရှိရမယ်။ အဲဒါမှ ပိုကောင်းတဲ့ အရည်အသွေးကို ရမယ်။ နိုင်ငံတကာကို ထိုးဖောက်နိုင်မယ်ဆိုတဲ့ သင်ခန်းစာကို သူ ရလိုက်တယ်။

၁၉၄၈ ခုနှစ်မှာ ယိုရှီဒါက အမေရိကန်နိုင်ငံကနေ ဇစ်လုပ်တဲ့ စက်ဟောင်း ၄ လုံးကို ဝယ်ယူခဲ့တယ်။ သိပ်မကြာခင်မှာပဲ ပိုအရည်အသွေးကောင်းတဲ့ ဇစ်တွေကို သူ ထုတ်လုပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ ဒီမှာတင် သူ ရပ်မနေခဲ့သေးဘူး။ တခြားသတ္တုတွေနဲ့ ဇစ်ကို ပြုလုပ်စမ်းသပ်ခဲ့တယ်။ သူ့ရဲ့ကြိုးစားမှုကြောင့် အရည်အသွေးကောင်းပြီး တန်ဖိုးနည်းတဲ့ ဇစ်အမျိုးအစားအမျိုးမျိုးဟာ သူ့ကုမ္ပဏီကနေ အဆက်မပြတ် ထွက်ရှိလာခဲ့တော့တယ်။ အရည်အသွေးကောင်းတဲ့ ဇစ်တွေကြောင့် သူ့ရဲ့လုပ်ငန်းဟာလည်း ခိုင်မာတောင့်တင်းခဲ့တယ်။ ဂျပန်ဈေးကွက်မှာ ပြိုင်စံရှားအဖြစ် ရပ်တည်နိုင်ခဲ့တယ်။

နှစ်နှစ်အကြာမှာ ကုမ္ပဏီကို ယိုရှီဒါကိုဂျိုကာဘူရှိကီဂေရှား (Yoshida Kogyo Kabushikigaisha) လို့ အမည်ပြောင်းပြီး အတိုကောက်အဖြစ် "YKK" လို့ ခေါ်ဝေါ်ခဲ့တယ်။ ဒါဟာ နောင်တစ်ချိန်မှာ ကမ္ဘာ့ဇစ်ဘုရင်လို့ နာမည်ကြီးမယ့် YKK တံဆိပ်ရဲ့ မွေးဖွားခြင်းအစ ဖြစ်ပါတယ်။

အတွေးအခေါ်ရှိသူတစ်ယောက်က ဆင်းရဲပင်ပန်းမှုဒဏ်ကို သူ့ခြေထောက်အောက်က ခြေနင်းခုံအဖြစ် ပြောင်းလဲနိုင်ခဲ့ရင် သူ မျှော်လင့်တောင့်တတဲ့ လှပတဲ့ရှုခင်းကို အဲဒီခြေနင်းခုံကနေတစ်ဆင့် ကြည့်မြင်နိုင်ပါတယ်။ ဒါမှမဟုတ် သူလိုချင်တဲ့ ပင်မြင့်ထက်က အသီးကို ခူးဆွတ်နိုင်ပါတယ်။ ကိစ္စအသေးအမွှားကို ပြီးမြောက်အောင်လုပ်ဆောင်နိုင်တာဟာ ကိစ္စကြီးကြီးမားမားကို လုပ်ဆောင်မယ့် ပထမခြေလှမ်း ဖြစ်တယ်။ ကြီးမားတဲ့အောင်မြင်မှုက သေးငယ်တဲ့အောင်မြင်မှုတွေ ပေါင်းစုထားတာဖြစ်တယ်။

လူ့ဘဝတစ်လျှောက်မှာ မပြောပလောက်တဲ့ ကိစ္စသေးသေးမွှား မွှားတွေ အများကြီးလုပ်ဆောင်ရတယ်။ ဒါဟာ ကိုယ့်တန်ဖိုး၊ ကိုယ့်လုပ်နိုင်အားကို ကိုယ်သက်သေပြတာပဲ ဖြစ်တယ်။ ဘယ်အရာမဆို၊ ဘယ်ရည်မှန်းချက်မဆို ခြေတစ်လှမ်းချင်းနဲ့ အရောက်လှမ်းနိုင်ပါတယ်။ ကိစ္စအသေးအမွှားကိုတောင် ကောင်းအောင်မလုပ်နိုင်ရင် ကိစ္စကြီးကြီးမားမားအတွက် မျှော်လင့်ချက်မရှိနိုင်ပါဘူး။ အောင်မြင်မှုဆိုတာ ကြီးကျယ်ခမ်းနားတဲ့ ကိစ္စကြီး၊ အလုပ်အကိုင်ကြီးတွေပဲ လုပ်ဆောင်တာ မဟုတ်ပါဘူး။ ကိစ္စအသေးအမွှားကို အကောင်းဆုံးဖြစ်အောင် ပြီးမြောက်အောင် လုပ်ဆောင်တာကလည်း အောင်မြင်မှုပါပဲ။ ဒါကို လက်ကိုင်ထားပြီး ဇွဲရှိရှိလုပ်ဆောင်တာဟာ ကြီးမားတဲ့ အောင်မြင်မှုဆီသွားတဲ့ လှေကားထစ်ပဲဖြစ်ပါတယ်။

* * *

# ရေမွန်ကရော့
*Raymond Kroc*
*(October 5, 1902 – January 14, 1984)*

*ဆုံးဖြတ်ချက်ချပြီးတာနဲ့ စလုပ်ရှားတော့*

မက်ဒိုနယ်(လ်စ်) (McDonald's) ဟာ ၁၉၅၅ နှစ်ဦးပိုင်းမှာ ဟမ်ဘာဂါတွေကို ရောင်းတဲ့ ဆိုင်သေးလေးတစ်ဆိုင်သာ ဖြစ်တယ်။ ၁၉၈၅ ခုနှစ်အရောက်မှာတော့ အမေရိကန်နိုင်ငံမှာရှိတဲ့ ပြည်နယ် ၅၀ နဲ့ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ တို့မှာ ဆိုင်ခွဲပေါင်း မြောက်မြားစွာ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်တယ်။ နှစ်စဉ်အသားတင်ရောင်းရငွေအမြတ် သန်းတစ်သောင်းကျော်ခဲ့လို့ "မက်ဒိုနယ်(လ်စ်) အင်ပါယာ" အဖြစ် တင်စားခေါ်ဝေါ်ခံခဲ့ရပါတယ်။

## မွေးဖွားကြီးပြင်းပုံ

၁၉၅၄ ခုနှစ် တစ်နေ့မှာ ရေမွန်ကရော့ဟာ ကားမောင်းပြီး ကယ်လီဖိုးနီးယားပြည်နယ်က ဆန်ဘာနာဒီနို (San Bernardino) မြို့ဆီ သွားရောက်ခဲ့တယ်။ ကားရပ်နားစခန်းက စားသောက်ဆိုင်ငယ်လေးတစ်ခုမှာ လူအများတန်းစီ ရပ်စောင့်နေတာကို သူတွေ့လိုက်တယ်။ သူလည်း လူတွေရဲ့နောက်မှာ တန်းစီ ရပ်စောင့်ခဲ့တယ်။ လူတွေက ဟမ်ဘာဂါအပြည့်ထည့်ထားတဲ့ အိတ်ကို ဆွဲပြီး မိမိတို့ရဲ့ကားဆီ ပြုံးပြုံးရွှင်ရွှင်ထွက်သွားတာကိုတွေ့တော့ ရေမွန်ကရော့ အံ့သြခဲ့မိတယ်။ လူကို ပျော်ရွှင်စေတာ ဘာတွေလဲလို့ ရှေ့တက်ပြီး သူ သွားကြည့်တော့ ဟမ်ဘာဂါနဲ့ အာလူးချောင်းကြော်ရောင်းတဲ့ဆိုင်ဖြစ်တာကို သွား

တွေ့တယ်။ အဲဒီဆိုင်က လူတိုးလို့မရအောင် ရောင်းကောင်းတာကို သူ တွေ့မြင်ခဲ့တယ်။

ရေမွန်ကရော့ဟာ အသက် (၅၂) နှစ်ရှိပြီ ဖြစ်ပေမယ့် ကိုယ်ပိုင်လုပ်ငန်း မရှိခဲ့သေးဘူး။ ကိုယ်ပိုင်လုပ်ငန်း တစ်ခုကို သူ အောင်အောင်မြင်မြင် ထူထောင်ချင်ခဲ့တယ်။ ဒီလို အမြန်ပြင်အစားအစာ (Fast Food) ခေတ်ကလူတွေကြားထဲ မြန်မြန်ဆန်ဆန် ထိုးဖောက်တော့မယ်ဆိုတာကို သူ သိတယ်။ ခေတ်ရေစီးကြောင်းနောက်လိုက်ပြီး ဒီလိုစားသောက်ဆိုင်တွေ ဖွံ့ဖြိုးလာတော့မယ်ဆိုတာကို သူ သိတယ်။ ဒါကြောင့် အမြန်ပြင်အစားအစာ အရောင်းဆိုင်ဖွင့်ဖို့သူ ဆုံးဖြတ်ချက်ချခဲ့ပြီး ဟမ်ဘာဂါ၊ အာလူးချောင်းကြော်တွေရောင်းတဲ့ ဒီစားသောက်ဆိုင်ပိုင်ရှင် မက်ဒိုနယ်ညီအစ်ကိုဆီကနေ ဆိုင်နဲ့မူပိုင်ခွင့်အားလုံးကို သူ ဝယ်ယူလိုက်တယ်။

ဝယ်ယူပြီးချင်း ဒုတိယဆိုင်ခွဲတစ်ဆိုင်ဖွင့်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။ နောက်တစ်နေ့မှာပဲ မက်ဒိုနယ်ညီအစ်ကိုနဲ့ တိုင်ပင်ခဲ့ပါတယ်။ မက်ဒိုနယ်ညီအစ်ကိုကလည်း သူ့ကို တစ်နိုင်ငံလုံးမှာ ဆိုင်ခွဲတွေဖွင့်ခွင့် မူပိုင်ကို ပေးလိုက်ပြန်တယ်။ ဒါပေမဲ့ တောင်းဆိုမှု တင်းကျပ်ခဲ့တယ်။ ဆိုင်ခွဲတွေဆီက ရောင်းရငွေ ၁.၉% က ဝန်ဆောင်ခအဖြစ် သတ်မှတ်မယ်။ အဲဒီထဲက ၁.၄% ကသာ ရေမွန်ကရော့အတွက်ဖြစ်ပြီး ၀.၅% က မက်ဒိုနယ် ညီအစ်ကိုအတွက်လို့ ဆိုခဲ့တယ်။ လုပ်လိုစိတ်ပြင်းပြနေတဲ့ ရေမွန်ကရော့က ဒီတောင်းဆိုချက်ကို လက်ခံလိုက်တယ်။

၁၉၅၅ ခုနှစ် မတ်လမှာ ရေမွန်ကရော့ ဦးစီးတဲ့ မက်ဒိုနယ်ကုမ္ပဏီ တရားဝင် ပေါ်ထွက်လာခဲ့ပြီး အဲဒီနှစ် ဧပြီလမှာပဲ ပထမဆုံး ဆိုင်ခွဲကို ဒက်(စ်)ပလိန်း(စ်)အီလီနွိုက် (Des Plaines, Illinois) မှာ ဖွင့်လှစ်ခဲ့တယ်။

စက်တင်ဘာလမှာ ဒုတိယဆိုင်ခွဲကို ကယ်လီဖိုးနီးယားပြည်နယ် ဖရက်(စ်)နို (Fresno) မြို့မှာ ဖွင့်လှစ်နိုင်ခဲ့တယ်။ အဲဒီမှတစ်ဆင့် နောက် ၃ လအကြာမှာ တတိယဆိုင်ခွဲကို ဖွင့်လှစ်နိုင်ခဲ့ပြန်တယ်။ အရောင်းဝန်ထမ်းဘဝကလာတဲ့ ရေမွန်ကရော့ဟာ သူ့ရဲ့အရောင်းပါရမီနဲ့ ဆိုင်ခွဲတွေ တစ်ဆိုင်ပြီးတစ်ဆိုင် ဖွင့်လှစ်ခဲ့တယ်။ ၁၉၆၀ပြည့်နှစ်မှာမက်ဒိုနယ်ဆိုင်ခွဲပေါင်း ၂၂၈ရှိနေခဲ့ပြီးရောင်းရ ငွေပေါင်း ဒေါ်လာ ၃၇ သန်း ကျော်ခဲ့တယ်။ ဆိုင်ခွဲပေါင်းများလေ မက်ဒိုနယ် ညီအစ်ကို ခွဲဝေရတဲ့ငွေက များလေဖြစ်တာကြောင့် ရေမွန်ကရော့ဟာ နဂို ရေးဆွဲထားတဲ့ စည်းကမ်းချက်တချို့ကို မပြင်မရပြင်ဆင်ဖို့ တောင်းဆိုခဲ့တယ်။ ဒီကြားထဲမှာလည်း စည်းကမ်းချက်အသေးစားတွေကို မကြာခဏပြင်ဆင်ခဲ့ ပြီး ဖြစ်တယ်။ မက်ဒိုနယ်ညီအစ်ကိုရဲ့တင်းကျပ်တဲ့ စည်းကမ်းချက်တချို့က မက်ဒိုနယ်ရဲ့ ဖွံ့ဖြိုးစခြေလှမ်းကို တားဆီးနှောင့်ယှက်သလို ဖြစ်နေခဲ့တယ်။

"မက်ဒိုနယ်ကို အပြတ်ဝယ်ရမယ်" လို့ ရေမွန်ကရော့ စိတ်ထဲ သန္နိဋ္ဌာန်ချခဲ့တယ်။ ၁၉၆၁ ခုနှစ်မှာ တိုင်ပင်ဆွေးနွေးမှုတွေ ပြုလုပ်ပြီးနောက် မက်ဒိုနယ်ညီအစ်ကိုက မက်ဒိုနယ်ပိုင်ဆိုင်ခွင့်ကို လွှဲအပ်မယ်လို့ သဘောတူ ခဲ့တယ်။ ဒါပေမဲ့ သူတို့ပြောတဲ့ဈေးနှုန်းက အဆမတန်ပါပဲ။ ဒေါ်လာ၂၇သိန်း နဲ့သူတို့ဈေးခေါ်ခဲ့ပါတယ်။ အဲဒီငွေတွေကို မက်ဒိုနယ်ညီအစ်ကိုက တစ်ယောက် ၁၀ သိန်းစီခွဲဝေပြီး အခွန်ငွေ ၇သိန်းဖြစ်တာကြောင့် ငွေသားပဲပေးဖို့ ပြောခဲ့ပါ တယ်။ သူတို့ရဲ့တောင်းဆိုမှုကို ရေမွန်ကရော့ ဒေါသဖြစ်ခဲ့ပေမယ့် ဖုန်းချပြီး စိတ်ကိုတည်ငြိမ်အောင် သူ အရင်ကြိုးစားခဲ့တယ်။ ဒီလောက်များတဲ့ငွေကြေး သူ့ဆီမှာမရှိမှန်း သူတို့သိတယ်။ ဈေးကို အဆမတန်ခေါ်တာကြောင့် ရေမွန် ကရော့ကို ပိုင်ဆိုင်ခွင့်မပေးချင်မှန်း သိသာနေခဲ့ပါတယ်။

ဒါပေမဲ့ ရေမွန်ကရော့က ဒါကို အဖန်တလဲလဲ စဉ်းစား တွေးတော

ပြီး မက်ဒိုနယ်ညီအစ်ကိုတို့ရဲ့တောင်းဆိုချက်ကို လိုက်လျောခဲ့တယ်။ ရေမွန်ကရော့က သူ့အတွင်းရေးမှူးနဲ့ အကြံအမျိုးမျိုးထုတ်ပြီး နောက်ဆုံးမှာ ဈေးယူငွေနဲ့ မက်ဒိုနယ်ကုမ္ပဏီရဲ့ ဆိုင်းဘုတ်နာမည်၊ အမှတ်တံဆိပ်၊ မူပိုင်ခွင့်နဲ့ အစားချက်နည်းလုပ်နည်းအားလုံးကို ဝယ်ယူခဲ့တယ်။ ဒီကနေ့မှာ အမေရိကန်နိုင်ငံရှိ မက်ဒိုနယ်ဆိုင်အားလုံးက ရေမွန်ကရော့ နာမည်အောက်မှာ ရှိနေခဲ့တယ်။ ကုမ္ပဏီနာမည်ကသာ မက်ဒိုနယ်ဖြစ်နေပေမယ့် မက်ဒိုနယ်ညီအစ်ကိုနဲ့ ဘာမှ မဆိုင်ခဲ့တော့ပါဘူး။

ဒီအမြန်ပြင်အစားလုပ်ငန်းကို ရေမွန်ကရော့ စလုပ်ကိုင်ချိန်မှာ မိသားစုနဲ့ အပေါင်းအသင်း မိတ်ဆွေတွေရဲ့ကန့်ကွက်တားမြစ်တာကို ခံခဲ့ရတယ်။ အသက် (၅၀) ကျော်နေပြီဖြစ်တဲ့ သူ့ကိုစိတ်ကူးမလွဲဖို့အမျိုးမျိုးတားမြစ်ခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီတားမြစ်ကန့်ကွက်မှုအောက်မှာ ရေမွန်ကရော့က မတွန့်ဆုတ်ခဲ့ဘူး။ ဆုံးဖြတ်ချက်ချခဲ့တဲ့အတိုင်း မဖြစ်မနေ သူ လုပ်ကိုင်ခဲ့တယ်။ ဆုံးဖြတ်ချက်ချပြီး မလုပ်ဘဲနေရင်လည်း ဘာမှဖြစ်လာမှာမဟုတ်ဘူးဆိုတာ သူ သိတယ်။ ဆုံးဖြတ်ချက်အတိုင်း အရင်ဆုံးလုပ်မယ်။ ဖြစ်မဖြစ်၊ အောင်မြင်၊ မအောင်မြင်တာက နောက်မှ၊ အဓိကက လုပ်ဆောင်မှု၊ လှုပ်ရှားမှုလိုတယ်လို့ သူ ထင်တယ်။

ဒါကြောင့် မက်ဒိုနယ်ဆိုင်တစ်ဆိုင်ကို သူ အရင်းစတည်ပြီး လုပ်ခဲ့တယ်။ ၁၀နှစ်အကြာမှာဆိုင်ခွဲပေါင်းများစွာနဲ့သူအောင်မြင်ခဲ့တယ်။ အခုအချိန်မှာ မက်ဒိုနယ်ဟာ တစ်ကမ္ဘာလုံးမှာ ဆိုင်ခွဲပေါင်းများစွာနဲ့ ဖြန့်ကျက် အောင်မြင်နေခဲ့ပြီဖြစ်ပါတယ်။

ဆုံးဖြတ်ချက်ချပြီးတာနဲ့ စတင်လုပ်ဆောင်ဖို့ လိုပါတယ်။ အချိန်ဆွဲနေရင် ပျင်းရိတာ၊ သံသယဝင်တာ၊ သိမ်ငယ်တာ၊ ကြောက်ရွံ့တာ စတဲ့

အပျက်ဆောင်စိတ်တွေ ဝင်လာတတ်လို့ပါပဲ။ လက်တွေ့လုပ်ဆောင်ရင် သတ္တိရှိတာ၊ မိမိကိုယ်ကို ယုံကြည်စိတ်တိုးတာ၊ တွေးတောဖန်တီးတာ စတဲ့ အပြုဆောင်စိတ်တွေ ဝင်လာတတ်ပါတယ်။

လူအများက အချိန်ဆွဲတတ်ကြပါတယ်။ ဒီလိုအချိန်ဆွဲသူတွေက ဘာလုပ်လုပ် ကောင်းအောင် မလုပ်တတ်တာ မဟုတ်ဘဲ ကောင်းကောင်း မလုပ်တာပဲဖြစ်တယ်။ ဒါဟာ ကျရှုံးဖို့ အကျင့်ဆိုးဖြစ်တယ်။ ဆုံးဖြတ်ချက်ချပြီး လက်တွေ့မလုပ်ဆောင်ရင်လည်း ဘာအကျိုးရလဒ်မှ ရမှာမဟုတ်ပါဘူး။ ချက်ချင်းထလုပ်တာက အကျင့်တစ်ခုပါ။ စိတ်နေသဘောထား တစ်ခုပါ။ အောင်မြင်သူတို့ လက်ကိုင်ထားတဲ့ အရည်အချင်းတစ်ခုပါ။

အလုပ်တစ်ခုကို အချိန်ဆွဲရင် မနက်ဖြန်ပေါင်းများစွာကို သင် အချိန်ဆွဲမိပါလိမ့်မယ်။ စတင်လုပ်ဆောင်ပြီဆိုရင်တော့ အဆုံးထိ သင်လုပ်ဆောင်ချင်စိတ်ဖြစ်ပါတယ်။ ဒါကြောင့် စလုပ်ဆောင်ပြီဆိုတာနဲ့ အောင်မြင်ဖို့ သင် တစ်ပိုင်းသေချာသွားပါပြီ။ စစချင်း ခြေတစ်လှမ်းကို သင် စလှမ်းလိုက်ပြီဆိုတာက နောက်ကခြေလှမ်းတွေက အလိုလိုလိုက်ပါလာပါတယ်။ သတ္တိရှိတဲ့ ပထမခြေလှမ်းကို သင် စလှမ်းရဲဖို့ပဲ လိုပါတယ်။

* * *


ထိုင်ဝမ် foreverbooks စာအုပ်တိုက်မှ ထုတ်ဝေပြီး စာရေးဆရာ Lee Ming Yi ရေးသားတည်းဖြတ်သော Their Stories စာအုပ်ကို ဘာသာပြန်ပါသည်။


လေးစားစွာဖြင့်
နိုင်းနိုင်းစနေ


## နိုင်းနိုင်းစနေ ရေးသားထုတ်ဝေပြီးသော စာအုပ်များ


၁။ အမေ့လက်ရေးစာစုများ
၂။ ပျော်ရွှင်ခြင်းရဲ့လျှို့ဝှက်အမှတ် အောင်မြင်သူရဲ့လမ်း
၃။ လင်းလက်တဲ့ချစ်မီးအိမ်
၄။ ဟိုတုန်းက အမှတ်တရနှင့် အခြားဝတ္ထုတိုများ
၅။ စမ်းချောင်းလေးရဲ့ခရီးစဉ် (စိတ်ခွန်အားဖြည့်စာစုများ)
၆။ ဥယျာဉ်ထဲက ပန်းတစ်ပွင့် (ဝတ္ထုတိုများ)
၇။ မေတ္တာတို့ပေါင်းစုရာ
၈။ ရတနာများနှင့် ဆက်သွယ်ခြင်း
၉။ သတ္တိရှိတဲ့ ပထမခြေလှမ်း
၁၀။ ကျွန်မဖတ်ဖို့
၁၁။ နှလုံးသားဝန်ဆောင်မှု
၁၂။ ၉၀ - ၁၀ နိယာမ
၁၃။ ကျွန်မဖတ်ဖို့ (၂)
၁၄။ လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး
၁၅။ ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ
၁၆။ နေရာ
၁၇။ ကျွန်မဖတ်ဖို့ (၃)
၁၈။ ထင်ရှားသူတို့ဘဝပုံပြင်

၁၉။ မျောလွင့်သွားတဲ့ရိုးသားဖြောင့်မတ်ခြင်းနှင့်အရှုံးကိုဝန်ခံတဲ့အရည်အချင်း
၂၀။ ကိုယ်ဟန်အမူအရာပြောင်းလဲခြင်းမှသည် အောင်မြင်ခြင်းဆီသို့
၂၁။ ရှင်ဘုရင်တစ်ပါးရဲ့ချစ်ပုံပြင်
၂၂။ ကျွန်မဖတ်ဖို့ (၄)
၂၃။ အကျီဆယ်ထည်သာ လိုသည်နှင့် မေမေနဲ့ သမီးရဲ့ကစားပွဲ
၂၄။ နှင်းဆီမြစ်နှင့် အခြားဝတ္ထုတိုများ
၂၅။ ကံကောင်းခြင်းတံခါးလာခေါက်တဲ့အခါ
၂၆။ ကျွန်မဖတ်ဖို့ (၅)
၂၇။ နေကြာပန်းလေးတစ်ပွင့်လိုပြုံးပါ
၂၈။ အမှတ်တရရက်စွဲလေးများ
၂၉။ ဒေါက်တာလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန်မှုခင်းများ
၃၀။ မူရာကာမိ ရေဒီယို
၃၁။ ကျွန်မဖတ်ဖို့ (၆)
၃၂။ ဆာဟာရရဲ့ပုံပြင်
၃၃။ အချစ်နှင့် စိတ်
၃၄။ ကျွန်မဖတ်ဖို့ (၇)


SYNERGY
Publications
DR HENRY C.LEE
Cracking Cases
နိုင်းနိုင်းစနေ
ဒေါက်တာဟင်နရီလီ
ဖော်ထုတ်ခဲ့သော
ပြစ်ရပ်မှန်မှုခင်းများ


နေကြာပန်းလေး
တစ်ပွင့်လို ပြုံးပါ
နိုင်နိုင်းစနေ
apk 2016


SYNERGY
နေရာ


SYNERGY
Publications

# မူရာကာမိ ရေဒီယို

ခုန်ခါနီး အရင်ကြည့်စေချင်

**နိုင်းနိုင်းစနေ**

Murakami Radio
by Haruki Murakami




# နိုင်းနိုင်းစနေ

အင်္ကျီဆယ်ထည်သာလိုသည်နှင့်

မေမေနဲ့ သမီးရဲ့ကစားပွဲ





# ထင်ရှားသူတို့၏ ဘဝပုံပြင်

နိုင်းနိုင်းစနေ

NNSN44-3000MMK
ISBN 990-4-400-12022-5

graphic
Zay Yar Win Htet